
www.burmeseclassic.com
အောင်မြင့်
စာပေ
မြပုလဲခင်
ချစ်လျှင်ချစ်ကြောင်း
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် ၅၀၀၈၀၁၂၀၁၁။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၈၁၀၂၁၁။

**ဖြန့်ချိရေး** အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေ၊ ကျောက်မြောင်း။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်** ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ** ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

ပထမအကြိမ်၊ မတ်လ၊ ၂၀၁၁၊ တန်ဖိုး(၁၅၀)



၈၉၅.၈၃

မြပုလဲခင်


ချစ်လျှင်ချစ်ကြောင်း/မြပုလဲခင်။ - ရန်ကုန်။

အောင်မြင်စာပေ၊ ၂၀၁၁။

၂၇၀ - စာ၊ ၁၂.၅ X ၁၈.၂ စင်တီ။

(၁) မြပုလဲခင်





ဒီမိုးဝေဟင်အားမှေး ကဗ္ဗတစ်ခုတည်းနဲ့
လူသားတဝန်ထမ်းဆောင်ခြင်းဆိုတာ
မိုဒီသူ့အံ့ဖွယ် ရှိမတည်နေတဲ့
မိန်းမသားတွေ ပြောတဲ့စကားမှန်း
ဖြစ်ပါလိမ့်မယ်...

# အခန်း(၁)

"ကြာမရှိတဲ့ရေကန် မတင့်တယ်ဘူးဆိုတဲ့စကားလည်း ရှိသားပဲ မဟုတ်လား၊

ဒီလောက်လှ၊ ဒီလောက်ပညာတတ်တဲ့ မိန်းကလေးတစ်ဦး အပျိုကြီး လုပ်နေတာတော့ နှမြောစရာကြီးဟယ်၊ လုပ်စမ်းပါ ညီမလေး၊ ငါ့ညီမလေး ဝဲလ်ဒင်သာဆိုရင်လေ. . . မမစိုးတို့တစ်တော့ တစ်လစာ ပွဲခ တစ်ပြားမှ မသုံးဘဲကို လက်ဖွဲ့ပစ်လိုက်မှာ၊

အပြောမဟုတ်ဘူးနော်. . လက်တွေ့. . လက်တွေ့၊ မယုံ ရင် ယူကြည့်လိုက်လေ"

စိန်ရွှေပွဲစားကြီး ဒေါ်တင်တင်စိုး၏စကားကို ချင်ဝတီက



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပါပါ ပခုံးလေး တွန့်ကာ ချေပလိုက်၏။

"ကြာမရှိတဲ့ရေကန်၊ တံခွန်မရှိတဲ့ဘုရား၊ အလံမရှိတဲ့ ရထား၊ ထိုးကွင်းမရှိတဲ့ယောကျ်ား ဘာညာဘာညာ ဆိုရိုးစကားတွေ ဘယ်လောက်ပဲရှိရှိ ဝတီ မမှုပါဘူး မမစိုး၊

အဲ့ဒါ ရှေးရှေးက လူကြီးသူမတွေဟာ သူတို့ခေတ်အခြေအနေပေါ် မူတည်ပြီး ပြောခဲ့ဆိုခဲ့တာ ဖြစ်ပါလိမ့်မယ်၊ ဝတီတို့ခေတ်မှာတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်ပြီး ကိုယ်ပိုင် စွမ်းပထားနဲ့ ယောကျ်ားတွေကို ရင်ဘောင်တန်းနိုင်ရုံ မကဘူး၊ ကျော်ဖြတ်ပြီး ရပ်တည်နေတဲ့မိန်းမတွေ ဒုနဲ့ဒေးပါ၊

ဒါကြောင့် ဝတီ့ဝဲလ်ဒင်ကို စောင့်လက်ဖွဲ့မယ့်အစား လျှိုသာ လျှပ်စစ်လိုက်တော့ မမစိုး၊ ကုသိုလ်ပိုရတယ်. . အဟင်း. . ဟင်း"

အဖျားခတ် ရယ်သံကလေး စွက်ကာ ခင်ဝတီ ပြောလိုက်သည်။

"ဒါပေမယ့်ကွယ်. . . သစ်ပင်မှန်ရင် အမြစ်ရှိရမယ်၊ လူမှန်ရင်တော့ အချစ်ရှိရမယ်၊ ဒါမှ လူ့လောကကြီးမှာ လူဖြစ်ရကျိုးနပ်တယ်၊ ပြည့်စုံတယ်လို့ ဆိုရမယ်"

"အချစ်ရှိမှ ပြည့်စုံတယ်လို့ မမစိုး ဆိုလိုတာလား"

ခင်ဝတီက တွေးတွေးဆဆလေး မေးလိုက်သည်။

ဒေါ်တင်တင်စိုးက ခေါင်းညိတ်လိုက်ရင်း. . .

"ဟုတ်တယ်. . . လူမှန်ရင် အိမ်ထောင်သားမွေး ဆိုတဲ့ လူသားဆန်တဲ့ ဝတ္တရားတစ်ခုကို မလွှဲမကင်းသာ တာဝန်တစ်ရပ်အနေနဲ့ ထမ်းဆောင်ရမှာပဲ၊ ဒါမှ လူသားတာဝန် ကျေပွန်တယ် ပြည့်စုံတယ်လို့ ဆိုရမယ်"





ပွဲစားပီပီ ဒေါ်တင်တင်စိုးကလည်း အပြောကောင်းသည်။

ခင်ဝတီကတော့ ဒူပေဒဏ်ပေ ရနေသော ဦးနှောက်ရှိသူပီပီ. . .

"အိမ်ထောင်သားမွေး ကိစ္စတစ်ခုတည်းနဲ့ လူသားတာဝန်ထမ်းဆောင်ခြင်းဆိုတာ မှီခိုသူအဖြစ် ရပ်တည်နေတဲ့ အားနွဲ့တဲ့ အိမ်ရှင်မဆိုတဲ့ မိန်းမသားတွေသာ ပြောတဲ့စကားမျိုး ဖြစ်ပါလိမ့်မယ်"

ဒေါ်တင်တင်စိုးမျက်နှာ ပန်းဆီရောင် ပြေးသွားသည်။ ဒေါသထွက်သွားတာတောင် လှလှပပလေး လူမသိအောင် ဖုံးဖိနိုင်စွမ်း ရှိလေသည်။ ဂုဏ်သရေရှိ ဟန်ဆောင်လောက၏အတတ်ပညာရပ် ထင်ပါသည်။

ခင်ဝတီက ရှစ်တန်းပင် မအောင်ဘဲ အရာရှိကြီးနှင့် ညားကာ အရာရှိကတော်ဖြစ်လာသော၊ ထိုမှတဆင့် ဂုဏ်သရေရှိသော အသိုင်းအဝိုင်း၊ ငွေရှိသောအသိုင်းအဝိုင်းသို့ ဝင်ဆံ့လာသော၊ ထိုမှတဆင့် စိန်ရွှေမြ တိုက် ကား အစရှိသည်တို့ကို ကိုင်တွယ်ကာ ပွဲစားဖြစ်လာသော ဒေါ်တင်တင်စိုးကို သာသာနာနာ နှက်လိုက်ခြင်းဖြစ်သည်။

အနာပေါ် တုတ်ကျသွားဟန်တူသော်လည်း ဒေါ်တင်တင်စိုး အမျက်မထွက်ပါဘဲ. . .

"ဒါက ကံတရားနဲ့လည်း ဆိုင်တယ် ဝတီ၊ ရေမြင့်မှ ကြာတင့်သလိုပေါ့၊ ဘုရင်မ ဖြစ်ပါစေ၊ သူတောင်းစားနဲ့ ညားရင်တော့ သူတောင်းစားမယားပဲဖြစ်ရမယ်၊

သူတောင်းစားမ ဖြစ်ပါစေ. . . ရှင်ဘုရင်နဲ့ ညားရင် မိဖုရား ဖြစ်ရတယ်၊ ဒီတော့ မိန်းမသားတွေဟာ ကျွာဦးအစ

www.burmeseclassic.com



တသည်းဟာ မှီခိုသူအဖြစ် ရပ်တည်နေခဲ့ရတာ ကမ္ဘာကွယ်ပျောက်မှ ပျောက်ကွယ်သွားလိမ့်မယ် ထင်တယ်၊

ဒါကြောင့် ဘယ်လောက်ပညာတတ်တဲ့ မိန်းမ၊ စီးပွားအရှာကောင်းတဲ့မိန်းမဖြစ်ဖြစ် ကံကောင်းတဲ့သူသာ ယောက်ျားရဲ့အရိပ်၊ ယောက်ျားတို့ မှီပြီး ဂုဏ်ပုဒ်တိုးခြင်း၊ လုံခြုံခြင်းဆိုတဲ့ ပြည့်စုံမှုတွေ ခံစားရတယ်လေ၊ မိန်းမသားအချင်းချင်း စီးပွားဉစ္စာ ဘယ်လောက်တူညီညီ ကံတရားကိုတော့ ယှဉ်ပြိုင်လို့မရဘူး”

“ကံဆိုတာ အလုပ်လို့ ခင်ဝတီ ယုံကြည်တယ်”

ခင်ဝတီသည် ဇွတ်ပင် ငြင်းလိုက်သည်။

“ဒီလိုဆို ဝတီဟာ အစွန်းတစ်ဖက် ရောက်နေပြီထင်တယ်၊ ဘုရားဟော တရားတော်တွေမှာလည်း ပါသားပဲ၊ ကံတရားဟာ မိမိပြုခဲ့တဲ့ကုသိုလ် အကုသိုလ်ပေါ်မှာ မှီပြီး ဖြစ်ပေါ်လာတယ်လို့ ပါတယ်၊ မိန်းမသားတစ်ယောက်ရဲ့ဘဝကံအကြောင်းဟာ ယောက်ျားပေါ်မှာ မှီတယ်၊

ယောက်ျားကောင်းကောင်း ရတဲ့မိန်းမဟာ ကံကောင်းတယ်လို့ သတ်မှတ်ပြီး ယောက်ျားဆိုးဆိုး ရတဲ့မိန်းမဟာ ကံဆိုးတယ်လို့ ဆိုကြတယ်လေ”

အလွန်အေးသော အရာရှိကြီးကို ရထားသူ ဒေါ်တင်တင်စိုးတော့ သူလိုရာ ဆွဲဖွေးကာ အသံကောင်း ဟစ်နေလေပြီ။

ခင်ဝတီက ပြုံးလျက်. .

“အဲဒီလို ကံကောင်းပုံမျိုးတော့ ဝတီ မမက်ပါဘူး၊ ကိုယ့်ခြေထောက်ပေါ်ကိုယ် မရပ်တည်နိုင်တဲ့ မိန်းမတွေကသာ ယောက်ျားတွေအပေါ် မှီခိုခြင်းနဲ့ ကံကောင်းခြင်းဆိုတဲ့ဝါဒကို လက်ကိုင်ထားတာ ဖြစ်ပါလိမ့်မယ်၊





ဝတီတို့ကတော့ ဘယ်သူ့စိမ်းယောက်ျားကိုမှ အထင်မကြီးဘူး၊ ယူဖို့လည်း မစဉ်းစားဘူး မမစိုးရေ”

“တီတီ. . တီတီ. .”

“ဟော. . . သားတော်မောင်တောင် လာကြိုပြီ၊ စကားကောင်းနေပေမယ့် သွားရဦးမယ်၊ အပြန် ဘိုးတော်ကို ဝင်ကြိုရဦးမှာမို့လို့ကွယ်၊ သွားပြီ ဘက်ကီရေ. . . ပြန်ပြီနော်”

အိမ်ရှင်ဘက်ကီက ခင်ပွန်းဖြစ်သူ ပြန်လာရင် အဆင်သင့် စားသောက်နိုင်ရေးအတွက် အိမ်ဖော်များ အကူအညီနှင့် ချက်ပြုတ်နေရာမှ ကမန်းကတန်း ထွက်လာသည်။

ခင်ဝတီ ဘက်ကီ့ကို ကြည့်ကာ နှာခေါင်းရှုံ့လိုက်သည်။

“ပြန်တော့မလား မမစိုး၊ အဖြူကောင်းကောင်းလေး ရရင်သာ ယူလာခဲ့ဖို့ မမေ့နဲ့နော်”

“အေး. . အေး. . သွားမယ် ဝတီရေ၊ ဘာနဲ့ ပြန်မလဲ၊ မမစိုးနဲ့ လိုက်ခဲ့မလား၊ မမစိုးမှာတော့ ရတနာတွေ ပေါ်တယ်၊ သားသမီး ရတနာတွေဟာ ဘယ်လောက်အဖိုးတန်သလဲလို့ တွေ့လားဒီအချိန် လာကြိုဆို တစ်မိနစ်တောင် မလွဲစေရဘူး၊ ဒါလည်း ကံကောင်းခြင်းတစ်မျိုးပဲပေါ့ ဝတီ”

သားသမီးလိမ္မာများ ရှိနေခြင်းအတွက်လည်း ဒေါ်တင်တင်စိုးက ခင်ဝတီအား ကပ်ကာ အမှတ်ယူသွားပြန်သည်။

“ရပါတယ်. . . ခင်ဝတီက ကိုယ့်ကားကိုယ်မောင်းရမှ တော်နှပ်တယ်”

“သူ့ကံဇာတာနဲ့သူကိုးကွယ့်. . . မမစိုးတို့ကတော့ သူမောင်းတဲ့ကားပေါ်မှာ စီးကရက်သောက်ရင်း မိန့်မိန့်ကြီး ထိုင်ရတဲ့အတာမျိုး ပါတယ်ထင်တယ်၊ ကိုယ်တိုင်မောင်းဖို့ တစ်ခါမှ မစဉ်း



www.burmeseclassic.com

www.burmeseclassic.com



စားဘူး"

ခင်ဝတီ အပြုံးဖြင့်သာ သည်းခံလိုက်သည်။ ခင်ဝတီက ကျွန်ဇာတာ ပါသည်ပေါ့။ ကားကို ကိုယ်တိုင်အာရုံသုံးကာ စီးရခြင်း ကပင်လျှင် ကျွန်ဇာတာ ပါသည်ဟု ဆိုလိုသွားခြင်းဖြစ်မည်။

"သွားမယ်. . ဝတီ. . ဘက်ကီ"

"ဟုတ်ကဲ့ မမစိုး"

ခင်ဝတီနှင့် ဘက်ကီ သံပြိုင်အသံထွက်သွားသည်။ စိတ်ထဲမှာ မကျေမချမ်းဖြစ်မိသော်လည်း အပေါ်ယံ နှုတ်ခမ်းမှာတော့ သကာရည် ဆမ်းထားသည့်အလား ပြုံးပြုံးရွှင်ရွှင်နှင့် နှုတ်ဆက်လိုက်ရသည်။

ပညာရှိအမျက် အပြင်မထွက်စေနှင့်ဟူသောစကားလည်း ရှိသည်ပင်။

"ခံသွားရပြီ မဟုတ်လား ဝတီ"

ဘက်ကီကတော့ ခင်ဝတီ၏သူငယ်ချင်းအရင်းအချာဖြစ်သဖြင့် ခင်ဝတီကို အကြောင်းသိ အစင်းသိ ဖြစ်နေသဖြင့် ဒေါ်တင်တင်စိုးကားလေး ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်နေမိသော ခင်ဝတီအား မေးလိုက်သည်။

"အေးလေကွာ. . ပညာက ရှစ်တန်းအောင်ပေလို့ပဲ၊ ပြောလိုက်တဲ့စကားတွေက ပါးစပ်နဲ့ မဆံ့လိုက်တာ"

"ဒါပေါ့. . . လူ့လောက ဘဝဇာတ်ကွက်သိုလ်ကြီးမှာ သူက ကိုယ်တို့ထက် ပိုစောရောက်တဲ့လူဆိုတော့ အတွေ့အကြုံက စကားပြောသွားတာပေါ့။ အတတ်ပညာ မသာပေမယ့် အသိပညာကတော့ သာနေပြီလေ၊ ကိုယ်တော့ သူ့ဆီက သားသမီး ပြုစုနည်းပညာတွေ ယူနေရသေးတယ်"





"ဩော်. . . ကလေးပြုစုတာများ ခက်သလား၊ မင်း မပြုစုတတ်ရင် နာနီငှားလိုက်ပေါ့"

"လောကကြီးမှာ ငွေနဲ့ ဝယ်ယူလို့မရနိုင်တဲ့အရာတွေ အများကြီး ရှိတယ် ဝတီ၊ ရင်သွေးအတွက် အကောင်းဆုံးနဲ့ လုံခြုံစိတ်အချရဆုံးကတော့ မိခင်ရင်ခွင် ရင်ငွေ့ကလွဲပြီး တခြားမရှိနိုင်ဘူး၊ ဒါတွေ မင်းသိမှာမဟုတ်ပါဘူး"

"ပြောကြ. . . ပြောကြ. . . ခင်ဝတီကတော့ ဒီနေ့ ကံမကောင်းပါလားပဲဆိုရမလို ဖြစ်နေပြီ"

"မင်းလည်း ကံကောင်းချင်ရင် ကိုယ်ပြောသလို မောင့်သူငယ်ချင်းကို စိတ်ကူးယဉ်ကြည့်လိုက်ပါလား"

"တော်စမ်းပါ. . . ယောကျ်ားဘာလုပ်ရမှာလဲ၊ ကိုယ်တော့ မင်းတို့ကို ကြည့်ပြီး စိတ်ကုန်ပါတယ်၊ ယောကျ်ားကိုများ ဘုရားလိုကိုးကွယ်ရတယ်လို့၊ လွတ်လပ်မှု ဆုံးရှုံးလိုက်တာ၊

ဝတီတော့ ဘုရားမှတပါး. . အဲ. . အနန္တောအနန္တဂိုဏ်းဝင်မှတပါး ဘယ်သူမှ မကိုးကွယ်နိုင်ဘူး"

"အဟုတ်. . ဟုတ်. . ဖူးစာရှင် မတွေ့သေးတော့ ပြောထားဦးပေါ့ ဝတီ၊ လာ. . လာ. . မီးဖိုထဲ လိုက်ခဲ့၊ ကိုယ် မောင့်အတွက် ဆိတ်သားခါးပတ် ကြော်မလို့. . . စားသွားဦး"

"အိမ်ဖော်တွေ ကြော်ခိုင်းရင် ရရဲ့သားနဲ့ မင်းကိုယ်တိုင်ကြော်နေရသလား"

"ကြော်ရတယ် အပျိုကြီးရေ၊ မောင်က ကိုယ်ကိုချက်တာမှ ကြိုက်တယ်ဆိုလို့ ကိုယ်တိုင်ပဲ ချက်ပြီး မောင့်လျှာရင်းကို စွဲမက်စေ"

"တော်စမ်းပါ. . . နားကြားပြင်းကပ်လိုက်တာ၊ တော်ပြီ နောက် အိမ်ထောင်သည် သူငယ်ချင်းတွေနဲ့ မတွဲတော့ဘူး၊ လင်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း သားအကြောင်းချည်းပဲ၊

ပြန်တော့မယ် . . . နင့်ယောကျ်ားပြန်လာတော့လည်း မောင် . . မောင်နဲ့ သူများ နားရှက်အောင် ချွဲနေဦးမယ်”

“မနောလိုမရှိနဲ့ . . . သူ့ကသိုလ်နဲ့သူပဲဟာ၊ နင့်မှာ ချွဲစရာ ရှိလို့လား”

“အမယ် . . . မလိုချင်လို့ပါနော်၊ လိုချင်ရင် ခုယူ ခုရတယ်၊ ခေါင်းခေါက်ရွေးယူလို့ ရတယ်”

“လိုချင်ရင်ပြောနော် . . ခေါင်းခေါက်ခံမယ့်အထဲ ကိုယ့်လူ တွေ ပေးထည့်ချင်လို့ပါနော်”

“ကောင်မစုတ်”

ခင်ဝတီ ပြောပြောဆိုဆိုနှင့် အိမ်ပေါ်မှ ဆင်းခဲ့သည်။ အားလျှင် သည်အပျိုကြီးကိုပဲ ခလုတ်တိုက်နေတတ်ကြသည်။ သူတို့ဆီ လာလျှင် ဤကဲ့သို့ပင်။

မလာဘဲလည်း မနေနိုင်။

ခင်ဝတီမှာ အကျင့်တစ်ရပ်က ဖျောက်၍မရ။ လက်ဝတ်ရတနာများကို ပွဲထိုင်တစ်ခုတစ်မျိုး မရိုးတမ်း ဝတ်ဆင်ချင်သည်။

ထို့ကြောင့် သူငယ်ချင်း ဘက်ကီမှတဆင့် ပွဲစားများထံမှ ပစ္စည်းများကို ကြည့်ရင်း ကြိုက်လျှင်ဝယ်၊ မကြိုက်လျှင် ပြန်ရောင်းနှင့် အမြဲအဆက်အသွယ် ရှိတတ်သည်။ တစ်ခါတစ်ရံ ခင်ဝတီကိုယ်တိုင် ပွဲစားတစ်ပိုင်း ဖြစ်နေတတ်သည့်။

ပွဲစားဆိုသည်မှာလည်း စကားကို လည်လည်ပတ်ပတ် ပြောဆိုနိုင်ခြင်းဟူသောအရည်အချင်းသည် အဓိကဖြစ်နေသဖြင့် ခင်ဝတီ ပွဲစားဒေါ်တင်တင်စိုးကို နိုင်အောင်မပြောနိုင်သကဲ့သို့ မိမိထက် ဝါကြီးသော သူငယ်ချင်းဘက်ကီကိုလည်း နိုင်အောင် မပြော





နိုင်ခဲ့ပါ။

ကားကိုသာ မဲ၍မောင်းနေမိသည်။

ဘယ်သွားရကောင်းမလဲ။

ဘက်ကီတို့အိမ် ရှိရာ ဖိုးစိန်လမ်းမှ ထွက်လာပြီးသည့်တိုင် ရည်ရွယ်ချက် မရှိသေး။

“တီတီ . . တီတီ”

နောက်မှ ကားဟွန်းသံပေးကာ လမ်းတောင်းတော့မှ မဖယ်ချင်သဖြင့် ကားကို မိုင်နှုန်း ထပ်တင်ကာ ဦးတည်ချက်မဲ့ ကန်တော်ကြီးလမ်းအတိုင်း မောင်းခဲ့လိုက်သည်။

စိတ်ထဲ၌ မကျေမနပ်စိတ်များ တဖွားဖွားဖြစ်ပေါ်နေသည်။

မိန်းမသားထုတော်တော်များများက ယောကျ်ားတွေကို ဦးစားပေးလွန်းအားကြီးသည်။ ဒါကြောင့်လည်း ယောကျ်ားတွေ ကန်းတက်နေကြတာပဲ ဖြစ်ပါမည်။

‘မိမိကိုယ်သာ ကိုးကွယ်ရာ’ ဟူသောစကားကိုတော့ မေ့ပျောက်ထားကြသည်လား။

“တီတီ . . တီတီ . . တီတီ”

ကားဟွန်းသံကြောင့် နောက်ကြည့်မှန်မှ ကြည့်လိုက်သည်။

ကြည့်စမ်း . . . စောစောက ကား။

ကားပေါ်မှ ပုံမလာ ပန်းမလာ အနီယောကျ်ားသားတို့ မျက်နှာက ကျောက်ကျောကို ခွေးသေးပန်းထားသည့်ရုပ်နှယ် ပြောင်ချော်ချော်။

ခင်ဝတီ မျက်နှာကို တင်းပစ်လိုက်သည်။

ရွှေဂုံတိုင်လမ်းဘက်သို့ ချိုးဝင်ကာ ဥဒယို သွားလာနေ



www.burmeseclassic.com

www.burmeseclassic.com



သော ကားများအကြား ဝင်ရောက်နေရာယူလိုက်သည်။

သိန်းထောင်ကျော်တန်သောကားနှင့် ယောကျ်ားဖြစ်ပါစေ ခင်ဝတီ မမှုပါ။ အထင်လည်း မကြီး။

အရောလည်း မခံ။ မိမိကို နှာခေါင်းမီးတောက်သော မျက်လုံးဝင်းဝင်းများနှင့် ကြည့်ခြင်းကိုပင် စက်ဆုပ်ရွံရှာတတ်သည်မှာ ခင်ဝတီ၏မွေးရာပါအကျင့်ပေလား၊ အပျိုကြီးဘွားလေးနှင့် တီတီတို့ မှုံ့ပွက်လာသော ရောဂါပေလားဟော့ ခင်ဝတီ ခွဲခြား၍ မသိနိုင်။

"တီတီ. . တီတီ"

သည်တစ်ခါ ဟွန်းတီးရသည်က ခင်ဝတီဖြစ်သည်။

ခြံစောင့် ဘယ်နေရာ၌ ငိုက်မြည်းနေသည်မသိ။ ချက်ချင်းလာမဖွင့်ပေးသေးချေ။

"တီတီ. . တီတီ"

"ဂျလောက်"

သံတံခါးကို ယခုမှပင် ဖွင့်တော်မူတော့သည်။

"ဩော်. . ဦးလေးစံ၊ ဟွန်း. . . မိုးတောင်မချုပ်သေးဘူး၊ ရေချိန်ကိုက်နေပြီလား"

ခင်ဝတီ တံခါးဖွင့်ပေးနေသော ခြံစောင့်ကို ကြည့်ရင်း နှာခေါင်းရှုံ့လိုက်သည်။ ယမကာနံ့က မွှန်နေသည်။ ဦးလေးစံသည် အချိန်ပြည့် မူးနေတတ်သော ဇိုးသမားကြီးဖြစ်သည်။

"မကိုက်သေးပါဘူး. . . ဒါ မိုင်နာပဲ ရှိသေးတယ်"

"မြတ်စွာဘုရား. . . ဦးလေးတော့ ဒီအတိုင်းသာဆိုရင် ဘယ်တော့ အနံ့ဖတ်ဆို့သေမလဲ မသိဘူး"

ခင်ဝတီ စိတ်ပေါက်ပေါက်နှင့် အတုံးလိုက် အတစ်လိုက် ပြောပြီး ကားကို ခြံထဲ မောင်းဝင်ခဲ့သည်။





ပေါ်တီကိုအောက် ကားရပ်ထားလိုက်သည်။

ဒရိုင်ဘာက ပြေးလာကာ. . .

"ဘယ်သွားစရာ ရှိသေးလဲ မမလေး၊ သိမ်းလိုက်ရတော့မလား"

"အေး. . . သိမ်းလိုက်"

ဒါပဲပြောပြီး အိမ်ထဲ တန်းဝင်ခဲ့သည်။ မကျေနပ်စိတ်ကများနေသဖြင့် ခင်ဝတီ လေဒီရှူး ဒေါက်ဖိနပ်သံက တီတ်ဆိတ်နေသော တော်ဝင်ဂေဟာကို လှုပ်နှိုးလိုက်သကဲ့သို့ ရှိချေသည်။

"ဒေါက်. . ဒေါက်. . ဒေါက်. . ဒေါက်"






www.burmeseclassic.com

www.burmeseclassic.com





သဝေါ့ရတယ်၊ တမ်းတတယ်၊ လွမ်းတယ်ဆိုတာ
အလကား...
အလုပ်မရှိသူတွေအတွက်
အပိုအလုပ် တစ်ခုလို့ ယူဆတယ်...

# အခန်း(၂)

"ဟဲ့. . . ခင်ဝတီရယ်၊ ညစောင့်ဆိုတာ ယုံကြည်စိတ်ချရမှ ဖြစ်မှာပေါ့၊ မောင်စံဟာ ညည်းအဖေရဲ့တပည့်လက်သားဆိုတော့ သူကိုယ်တိုင် စိတ်ချလို့ တမင်ခန့်ထားတဲ့ကိစ္စကို ကျုပ်တို့တော့ မလုပ်ရဲပေါင်အေ"

"ဘွားဘွားက ပြောလိုက်ရင် ဒီလိုချည်းပဲ၊ ဒီဖိုးသမားကြီးက အရေးရယ် အကြောင်းရယ်ဆိုရင် သူ့ဟာသူ သိုင်းကွက်နင်းနေတာနဲ့ အိမ်ရှိ ပစ္စည်းတွေ ကုန်မယ့်ပုံကြီး"

"အံမယ်. . အံမယ်. . ဒါတော့ ညည်းမပြောနဲ့ ခင်ဝတီ၊





မောင်စံတို့ဆီ ရောက်လာတာ ခြောက်နှစ်ကျော်ပြီ၊ သူရှိတဲ့အခါ အိမ်က အပ်တိုတစ်ချောင်း ပျောက်ဖူးသလား၊ စိတ်ချလက်ချလည်း အိပ်စက်ရတယ်၊ အရင်လူတုန်းက ကံကောင်းလို့ အနုကြမ်း စီးမခံရတာ မဟုတ်လား၊

ဒါတွေ ပြန်စဉ်းစားကြည့်ပါဦး"

အဘွားပြောတော့လည်း ခင်ဝတီ အတိတ်ကို ပြန်သတိရသည်။ မျက်နှာစိမ်းခြံစောင့်နှင့် ပေါင်းကာ အနုကြမ်းစီးရန် ကြံစည်သောနေ့ ညဦးပင် ခင်ဝတီတို့ဖခင် ရောက်လာ၍ လက်မတင်လေး လွတ်သွားခဲ့ရသည်။

ထိုအချိန်မှစ၍ ခင်ဝတီဖခင်က ဦးမောင်စံကို ခြံစောင့်အဖြစ် ခေါ်ယူခန့်ထားပေးခဲ့သည်။

"ကိုမောင်စံက မူးတာကလွဲလို့ အကျင့်စာရိတ္တပိုင်းမှာ စိတ်ချရတယ်"

အန့်တီကပါ ဝင်ပြောလာသဖြင့် ခင်ဝတီက. . .

"ဟင်. . . မူးပါတယ်ဆို သေရည်သေရက်သောက်ပါတယ်ဆိုမှ အကျင့်စာရိတ္တ ကောင်းသလားလို့"

"မခိုးမဝှက်တာ အကျင့်စာရိတ္တကောင်းတာပေါ့၊ မူးတာအယ်သူ့ထိခိုက်သလဲ၊ ခွေးဟောင်သံကြားလို့ ထကြည့်လိုက်ရင် သူ ရှောင်းလှည့်နေတတ်တယ်၊ သိုင်းလည်း တတ်တယ်လို့ မောင်မောင်ပြောတာပဲ၊ မာမူနဲ့မောင်စိုးကိုတောင် သူ ညည သိုင်းသင်ပေးထားလို့ အတော်တတ်နေပြီဆိုပဲ"

"ဒါဖြင့်လည်း မာမူနဲ့မောင်စိုးကိုပဲ ညစောင့်တာဝန် အလှည့်ကျ ပေးပြီး လခပါ ထပ်ပေးလိုက်ပေါ့၊ ဦးမောင်စံကို ဖြုတ်ပစ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . မဟုတ်တာ ခင်ဝတီရယ်၊ တစ်ဖက်သားထမင်းအိုး ရိုက်ခွဲသလို ဖြစ်သွားမှာပေါ့၊ သူ့ခမျာများ မိသားစု စားဝတ်နေရေး တသီသွားရှာပါ့မယ်. . . ကုသိုလ်ရပါတယ်ကွယ်"

"သူ့မိသားစုလား သူ့ကို မှီခိုနေမှာ၊ သူရတဲ့လစာနဲ့တောင် သူ့အရက်ဖိုး လောက်ငှရဲ့လား မသိဘူး၊ ဒီမှာ အလုပ်ရှိနေသရွေ့ အဆိပ်ပင် ရေလောင်းသလို သူ့အရက်ဖိုး ရအောင် ဖန်တီးပေးသလို ဖြစ်မနေဘူးလား"

"ခင်ဝတီ ဘယ်လိုဖြစ်တာလဲ၊ မောင်စံ အလုပ်လုပ်လာတာ ခြောက်နှစ်ကျော်ပြီ၊ အခုမှ အလုပ်ထုတ်ဖို့စကားတွေ ဘာလို့ပြောလာတာလဲ၊ နောက်ခံစရာ တွေ့ထားလို့လား"

အန်တီက ထူးထူးဆန်းဆန်းသဖွယ် ခင်ဝတီအား ကြည့်ကာ မေးလိုက်သည်။

အမှန်တကယ်လည်း ခင်ဝတီကို အံ့အားသင့်ရသည်။ သူ့တူမလေးသည် မာနကြီးသည် မှန်သော်လည်း ခုလို သူများထမင်းအိုးကို ရိုက်ခွဲသည့်စကားမျိုး ပြောလာသောအခါ မယုံကြည်နိုင်အောင်ဖြစ်၍ ထင်မိထင်ရာကို မေးရသည်။

ခင်ဝတီကတော့ အလိုမကျသကဲ့သို့ ခပ်မှုန်မှုန်နှင့်ပင်. .

"မဟုတ်ပါဘူး"

"ဒါဖြင့် မူးမူးနဲ့များ သမီးကို ဘာပြောလိုက်လို့လဲ"

"သူလား ပြောရဲမှာ"

ဦးမောင်စံသည် မူးလာလျှင် ပို၍တောင် ယဉ်ကျေးသိမ်မွေ့နေတတ်သေးသည်။

ခင်ဝတီ သက်ပြင်းချလိုက်သည်။

"ဒါဖြင့်လည်း ယောကျ်ားတစ်ယောက် အရက်မူးခြင်းဟာ





သိပ်ကြီးကျယ်တဲ့အပြစ် မဟုတ်ဘူးလို့ ဘွားဘွားတော့ ယူဆတာယ်လေ"

"ဘွားဘွားတို့ အန်တီတို့ ယူဆထားရင်လည်း ပြီးတာပါပဲ၊ ခင်ဝတီတော့ အရက်သမား ဖဲသမားဆိုရင် လုံးဝပဲ၊ လက်မခံချင်ဘူးနော်၊ အင်းလေ. . . ခင်ဝတီကိုယ်ပိုင်အိမ်မှ မဟုတ်ဘဲ"

အဘိုးအဘွားပိုင်အိမ်ဖြစ်သဖြင့် ခင်ဝတီဟာ ခပ်ငေါ့ငေါ့လေး ပြောလိုက်ခြင်းဖြစ်သည်။

"အို. . . အဘွားပိုင်အိမ်ဟာ သားသမီးမြေးအားလုံး ပိုင်တာပဲပေါ့ ခင်ဝတီရယ်၊ ဒါပေမယ့် ခင်ဝတီ တောင်းဆိုချက်ဟာ မှန်ကန်ရင် ဘွားဘွားလုပ်ဆောင်ပေးမှာပါ၊ ခုဟာကတော့. . ."

"အင်းပါ. . . ပြီးတာပါပဲ၊ နောက် တစ်ခုခုဖြစ်လာမှတော့ မျက်လုံးမျက်ဆန်ပြူးမနေကြနဲ့"

"ဘာဖြစ်စရာအကြောင်းရှိလဲ ဝတီရယ်၊ သမီးကလည်း မိုးပြိုမှာကို စိုးကြောက်တဲ့ တစ်တီတူးငှက်ငယ်လို ဖြစ်ပြီ၊ ကိုင်း. . . အန်တီ ဆိုင်တွေဘက် သွားဦးမယ်. . . လိုက်မလား"

"ဟင့်အင်း"

အန်တီသည် မြို့ထဲ အနော်ရထာလမ်းမပေါ်နှင့် လှည်းတန်း၌ မီနီမားကက်ဆိုင်များ ဖွင့်ထားပြီး ကြီးပွားနေသူဖြစ်သည်။ သို့မှုမကသေး။ စကော့ဈေးထဲ၌လည်း စတိုးဆိုင်တစ်ခု ရှိသေးသည်။

ခင်ဝတီက အန်တီ့ကို ကူညီရုံလောက်သာရှိသည်။ သီးသန့်ဆိုင်ဖွင့်ရန်လည်း စိတ်မကူးသေး။ ပျင်းသည်။ ငြီးငွေ့သည်။

အန်တီက သူမအတွက် သီးသန့်ထားသော အကာစ်အီးဗားငွေမှင်ရောင်လေးနှင့် ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာမောင်စိုးက အန်တီနှင့်အဘွားအတွက် ဒရိုင်ဘာ ပင်ဖြစ်သည်။ ခင်ဝတီကတော့ ဘယ်တော့မှ သူများမောင်းသော ကားကို မစီးပေ။

ကားမောင်းတတ်ကာ လိုင်စင်ရကတည်းက မိမိဘာသာ မောင်းလေ့ရှိသည်။ ဘယ်သူ့ကိုမှ အားမကိုးတတ်။ ဒေါ်တင်တင်စိုး သာသာနှင့်နာနာ နှက်သွားသလို မိန့်မိန့်ကြီး စီးဖို့ ဇာတာမပါဘူး ထင်ပါသည်။

"ကူးကူး. . . ကူးကူ"

တယ်လီဖုန်းခေါ်သံ မြည်လာသဖြင့် ခင်ဝတီ ပျင်းရိစွာ ကောက်ကိုင်လိုက်သည်။

"ဟဲလို. . အမိန့်ရှိပါ"

"ခင်ဝတီလား. . ကိုယ်ပါ. . မြင့်ဇော်အောင်"

"ဆို. . ဘာကိစ္စလဲ"

ဒေါက်တာမြင့်ဇော်အောင်သည် ခင်ဝတီအား တစ်ဖက်သတ် ကြိုက်နေသူဖြစ်သည်။ အောင်သွယ်တော်နှင့်တဆင့် နားဖောက်ရန် ကြိုးစားနေသူဖြစ်သည်။

"ကိစ္စရှိမှ ဆက်ရမလား ခင်ဝတီ၊ သတိရရင်ကော ဆက်လို့ မရဘူးလား"

"သတိရတယ်. . တမ်းတတယ်. . လွမ်းတယ်ဆိုတာ အလကား အလုပ်မရှိသူတွေအတွက် အပိုအလုပ်လို့ ခင်ဝတီ ယူဆတယ်၊ ခင်ဝတီ မအားဘူး ကိုမြင့်ဇော်အောင်"

"ဂျလောက်"

ဒေါသမပါသောအပြောလေးနှင့် ပြောပြီး တယ်လီဖုန်းကို ချလိုက်သည်။





ရိုင်းတယ်ပြောပြော ဘာပြောပြော ယောကျ်ားများ၏ မြစ်တင် ဝေဖန်ရှုံ့ချမှုကို ခင်ဝတီ မမှုတတ်။

"ဘယ်သူလဲ ခင်ဝတီ"

"ဘွားဘွားအချစ်တော်ကြီးပေါ့"

"ကျုပ်အချစ်တော် ဟုတ်လား"

"ဟုတ်တယ်. . . ဘွားဘွားအချစ်တော် ဒေါက်တာမြင့်ဇော်အောင်"

"ဪ. . . ခမျာများ သနားစရာကွယ်၊ သူ့ဂုဏ်သူ့စည်းနဲ့ဆိုရင် ကြိုက်ရာရွေးယူနိုင်ပါလျက်နဲ့များ ကံဆိုးစွာနဲ့မှ ငါ့မြေး ခင်ဝတီကို မျက်စိလာကျရတယ်လို့"

ဘွားဘွားက ခင်ဝတီအား မြေးဦးပီပီ အချစ်ပိုကာ ခင်ဝတီ လုပ်သမျှကို ကျေနပ်နေတတ်သည်။

"သူ့ဟာသူ ဘယ်လောက်ချမ်းသာသာ၊ အမ်ဘီဘီအက်စ် မကလို့ ပီအိပ်ချ်ဒီပဲရရ ဘာပဲရရ ဒီလောက် ပုံမလာပန်းမလာ ရှုပ်ကြီးကို ဆောရီးပဲ ဘွားဘွားရေ"

"ဒါဖြင့် ဟိုသနားကမားရုပ်ရည်လေးနဲ့ ဝတီကလေး မောင်ကျော်စွာကကောကွယ်"

"အဟင်း. . ဟင်း. . သူက ချောတော့ ချောပါရဲ့၊ ဒါပေမယ့် ပုံစံက ငါးကျော်နေပြီ"

"ဘာလဲ. . . ငါးကျော်နေပြီဆိုတာ"

"ငါးပြီးတော့ ဘာဂဏန်းလာမလဲ"

"ခြောက်ပေါ့ဟဲ့"

"အင်းလေ. . . ဒါကြောင့် ငါးကျော်တော့ ခြောက်လေ၊ အခြောက်လို့ ပြောတာ ဘွားဘွားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . ဟား. . ဟား. . ငါ့မြေးကတော့ စံပါပဲ"

ဘွားဘွားက သဘောကျစွာ ရယ်မောလေသည်။

ခင်ဝတီကတော့ အပျင်းပြေ ဘွားဘွားအတွက် ရှောစောင်ကလေးကို စီလွှန်ချည်နှင့် ထိုးလက်စတန်းလန်းဖြစ်သဖြင့် ကောက်ထိုးလိုက်သည်။

"မောင်ကျော်စွာလည်း မဆိုးပါဘူး မြေးရယ်၊ ဆရာဆိုတော့ ယဉ်ကျေးလွန်းအားကြီးတော့ နူးညံ့သိမ်မွေ့သွားတဲ့ပုံစံမျိုးဝင်သွားလို့ပါ. . . မခြောက်ပါဘူး"

"ဘွားဘွားက ဘာလို့ ရှေ့နေလိုက်နေရတာလဲ၊ မြေးသမက် လိုချင်ပြီလား၊ ခင်ဝတီကို ကျွေးမထားချင်တော့ဘူးလား"

"မဟုတ်ပါဘူးအေ. . . တော်ကြာ လင်စံရွေး လင်ခွေးရမှာစိုးလို့ ပြောတာပါ အေရယ်"

"ဟွန်း. . . ခင်ဝတီက ရွေးနေတာ မဟုတ်ဘူး ဘွားဘွားရဲ့ စဉ်းကို မစဉ်းစားတာ၊ အန်တီ့လိုပဲ အပျိုကြီးလုပ်မယ်"

"သာဓု"

ဟု အဘွား ရယ်ကျဲကျဲ လုပ်ကာ ဆက်၍. . .

"တစ်လုံးပဲ ခေါ်ဦးမယ်နော်၊ ကျုပ် မသေခင်အထိတော့ စောင့်ကြည့်လိုက်ဦးမယ်ဟေ့"

"ကြည့်ပါ. . . တမလွန်ဘဝအထိ စောင့်ကြည့်၊ ခင်ဝတီက တစ်သက်မဟုတ်ဘူး၊ ဘဝဆက်ပေါင်းများစွာ အပျိုကြီးပဲ လုပ်မှာ"

"ကောင်းပါတယ်. . . ဖူးစာရှင် မတွေ့သေးခင်တော့ ပြောထားဦးပေါ့"

"ဖူးစာရှင်ဆိုတာ လူတွေရဲ့ဖန်တီးချက်တစ်မျိုးပါ ဘွားဘွားရာ"





ခင်ဝတီနှင့်ဘွားဘွားသည် စကားနိုင်လုနေကြသဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အလျှော့မပေးတမ်း စကားစစ်ထိုးနေကြစဉ် တယောသံသဲ့သဲ့ ထွက်ပေါ်လာသည်။

ဦးမောင်စံတစ်ယောက်၏ လွမ်းဆွတ်အံ့မောဖွယ်ရာ မယ်ဒလင်သံကြောင့် ခင်ဝတီ နှာခေါင်းရှုံ့လိုက်ပြန်သည်။

"လုပ်ပြီ. . . ဦးမောင်စံကတော့ မူးရင် အေးအေးဆေးဆေး မနေဘူး၊ တယောသံနဲ့ ချွဲနေပြန်ပြီ"

"ဂီတအနုပညာဆိုတာ ခံစားလို့ကောင်းတဲ့အရာတစ်ခုပဲ၊ ခံစားပါစေကွယ်. . . သူ့ခမျာလည်း ပျင်းရှာမှာပေါ့"

"ဟောဒီဘွားဘွားကတော့လေ ဦးမောင်စံဘက်ကချည်းပဲ၊ တော်ပြီ. . . ဗီဒီယိုတစ်ခွေကြည့်ပြီး အိပ်တော့မယ်"

ခင်ဝတီသည် သိုးမွေးအပ်ကို ပြန်ချလိုက်သည်။

"ကျုပ်ရှောစောင်တော့ ပြီးတော့မှာပဲ"

"ဖြည်းဖြည်းပေါ့. . . ဘွားဘွား မသေခင် ဝတ်ရရင် ပြီးတာပဲ"

"ပြိတ္တာမ"

ဘွားဘွားက သူ့ထုံးစံအတိုင်း ဆဲပြီးကျန်ရစ်ခဲ့သည်။ ဘွားဘွားက တော်ရုံနှင့် အိပ်ဦးမည်မဟုတ်။ သူ့သမီးအငယ်ဆုံး အပျိုကြီး အန်တီခင်ခင်လေး မလာသေးသရွေ့စောင့်ဦးမည်။

မိဘဝတ္တရား ထင်ပါသည်။

မိဘများ၏ဝတ္တရားသည် အိုကြီးအိုမ ရောက်သည့်တိုင်အောင် ရှိနေဆဲဆိုလျှင် သေသည်အထိ ထမ်းဆောင်သွားမည် ထင်ပါသည်။

ခင်ဝတီ စိတ်ပျက်မိပါသည်။ မိမိသည် ဘယ်သောအခါမှ



www.burmeseclassic.com

www.burmeseclassic.com



မိဘနေရာကို ယူရလိမ့်မည်မဟုတ်ဟု ဆုံးဖြတ်ချက် ချထားလိုက်သည်။

မှောင်ရိပျိုးနေသောညချမ်းကို ဦးမောင်စံ 'ချစ်မိုးကြီး' သီချင်း၏တေးသွား မယ်ဒလင်သံသည် ဆွတ်ပျံ့လျက်ရှိလေသည်။

ခင်ဝတီစိတ်ထဲ ထိုသီချင်းသံမျိုးကို ဘဝင်မကျသကဲ့သို့ ခံစားရသည်။

ရင်ထဲ တစ်မျိုးကြီး ခံစားရသည်။

မြူးမြူးကြွကြွ တေးသံမျိုးကိုသာ နှစ်သက်သည်။ စိတ်ရွှင်လန်းစေသည်ဟု ထင်သည်။

ယခုတော့. . .

ဦးမောင်စံကို ဒီသီချင်းမထိုးနဲ့ ဟိုသီချင်းမထိုးနဲ့ဟု ကန့်ကွက်ပြန်လျှင်လည်း ဦးမောင်စံရှေ့မှ ရှေ့နေများက ကန့်လန့်ကန့်လန့် ပါပေဦးမည်ဖြစ်သဖြင့် ခင်ဝတီ မယ်ဒလင်တေးသံနှင့် ပတ်သက်၍ ဘာမှ ဝေဖန်သမှု မပြုခဲ့ပါချေ။


စိတ်ထဲမှာတော့ မကျေမချမ်းနှင့် ဖြစ်ပေါ်နေသောခံစားမှုကို ဗီဒီယိုကြည့်ခြင်းအားဖြင့် ပတ်ဝန်းကျင်မှ အသံများ ပျောက်ကွယ်အောင် ဖန်တီးလိုက်သည်။

ဦးမောင်စံ၏မယ်ဒလင်သံသည် ပျောက်ကွယ်သွားလေပြီ။









ငယ်စဉ်က လောကကြီးကို အဓိပ္ပါယ်မြင်စါနဲ့ ကြည့်
တော့ အဓိပ်ပဲ မြင်တယ်၊ ကြီးလာတော့
အရွယ်အားမြင်ကော အတွေ့အကြုံအား
မြင်ကော၊ ဘာသာရေးအရုပ် ခင်ခြင်းပြီး
အကောင်းမြင် ပါအရ သည်းခံစိတ်နဲ့ ကြည့်
မယ်ဆိုရင် လောကကြီးမှာ ချမ်းမြေ့စွာ
နေထိုင်သွားလာနိုင်လိမ့်မယ်။

# အခန်း(၃)

"အတော်ပဲ သမီးရေ၊ အန်တီတောင် ဘာကိုကိုတို့အိမ်ပဲ ဖုန်းဆက်ရမလား၊ ဝေမာတို့အိမ်ပဲ ဖုန်းဆက်ရကောင်းမလား စဉ်းစားနေတာ"

ဗိုလ်ချုပ်ဈေး၌ ဘာအစများ အသစ်အဆန်းပေါ်သလဲဟု ခြေညောင်းခံကာ လှည့်ပတ်ပြီး ပြန်အလာ၌ ခရီးရောက်မဆိုက်ပင် အန်တီက လှမ်းပြောလိုက်သဖြင့် ခင်ဝတီ မျက်ခုံးလှုပ်သွားသည်။

အန်တီလေးက သမီးခေါ်လျှင် အကြောင်းတစ်ခုခုရှိနေလေပြီ။ အမိကတော့ ခိုင်းရန် ရှိနေသဖြင့် အချိုသတ်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တိုယ့်အပေါ် အကြောင်း ကိုယ်သာ အသိဆုံးဖြစ်နေ၏။

"ဘာကိစ္စရှိလို့လဲ အန်တီ"

"ရှိဆိုဟယ်. . . နင် နိမိတ်ဖတ်သလိုပဲ ဖြစ်သွားပြီလေ၊ ငါဖြင့် စိတ်မကောင်းလိုက်တာ"

ခင်ဝတီ နားဝေတိမ်တောင် ဖြစ်သွားသည်။ အန်တီက စကားဆိုနေသေးသဖြင့် စိတ်မရှည်စွာ. . .

"ဘာနိမိတ်ဖတ်မိလို့လဲ"

"ကိုမောင်စံပေါ့"

"ဦးမောင်စံ ဘာဖြစ်လို့လဲ"

အန်တီသည် အပျိုကြီးပီပီ စကားက ဝေ့လည်လည်နိုင်လွန်းသည်။ လိုရင်းကို တော်တော်နှင့် မရောက်။

"ကိုမောင်စံ သေသွားပြီတဲ့ဟယ်"

"ဟင်. . . မနေ့ကပဲအကောင်း"

"ဟုတ်တယ်. . . ပြန်သွားပြီး ရေချိုးလိုက်တယ်၊ ပြီးတာနဲ့ သူ့မိန်းမ ရောင်းတဲ့ အုန်းနို့ခေါက်ဆွဲ နှစ်ပွဲလောက် တီးပြီး အိပ်လိုက်တော့ မနိုးမနိုးနဲ့ နေ့ခင်းထမင်းစားချိန် အတော်လွန်နေတာ ဝင်နှိုးလိုက်တာ လုံးဝမနိုးဘဲ အသက်ကုန်နေတာ တွေ့ရတယ်တဲ့လေ"

"ဟင်. . . ဟုတ်လား၊ တော်ပါသေးရဲ့၊ အန်ဖတ်ဆို့သေတာ မဟုတ်လို့ တော်ကြာ ခင်ဝတီပါးစပ်ကပဲ ကျိန်သလို ဖြစ်နေရင် ယူကျုံးမရ ဖြစ်နေရဦးမယ်"

အလုပ်ထုတ်ပါဟု ပြောခဲ့မိ။ အရက်သောက်တာကို မနှစ်မြို့သဖြင့် ပွစိပွစိ ပြောခဲ့ဖူးပါသော်လည်း တကယ်တမ်း ဦးမောင်စံ ဆုံးပြီဆိုသောအခါ၌ ခင်ဝတီ စိတ်မကောင်းနိုင်ပါ။

ခြောက်နှစ်ကျော် မိမိတို့ညရေးညတာ စိတ်ချလက်ချ





လုံလုံခြုံခြုံ အိပ်စက်နိုင်ရန် တာဝန်ယူပေးခဲ့သောသူတစ်ဦးဖြစ်သဖြင့် စိတ်ထိခိုက်ရသည်တော့ အမှန်ပင်။

အရက်ကို အလွန်အကျွံ သောက်တတ်သည်မှတပါး စိတ်ရင်းဖြောင့်ကာ သဘောကောင်းသောသူဖြစ်သည်။ သေလွန်သောအခါမှ ဦးမောင်စံ၏ဂုဏ်ပုဒ်များ တရေးရေး ပေါ်လာသည်။

"အဲဒါဟယ်. . . သူ့သား အကြောင်းလာကြားကတည်းက မောင်စိုးနဲ့ ပတ်ဘလစ်ကား ကားတစ်စီး သုံးဖို့ ငါပေးလိုက်တယ်၊ အမေကလည်း ဥပုသ်စောင့် သွားနေတာဆိုတော့ သူလည်း စောင့်ရင်း နင့်ကိုလည်း မျှော်ရင်းနဲ့ အချိန်တောင် တော်တော်လင့်သွားပြီ၊ ငါ့ကို လိုက်ပို့ပေးပါဦး၊ ငွေလေးဘာလေး ကူရအောင်၊ ခမျာမျာ အသုံးလိုနေရှာမှာပေါ့"

"သွားလေ"

နာရေးဆိုတော့ ကူညီရမည်ပင်။ မဆိုင်းမတွပင် ခင်ဝတီ ပေါ်တီကိုအောက် ရပ်ထားသောကားဆီသို့ ဆင်းခဲ့သည်။

ဒေါ်လေးကတော့ ထုံးစံအတိုင်း အိမ်ရှိ အဖော်ကလေးများကို မှာကြား၍မဆုံးချေ။

"ဘွားဘွားကိုကော"

"ဟိုဘက်ခြံက ကားနဲ့ ပြန်ခဲ့လိမ့်မယ်၊ ငါပြောထားပြီးပြီ"

"ဩော်. . . အဘွားသိရင်တော့ ဥပုသ်ကြီးနဲ့ စိတ်မကောင်းဖြစ်မှာပဲ၊ ဒါထက် ဘယ်ကိုမောင်းရမလဲ"

"သာကေတ"

"ဟင်း. . ."

ခင်ဝတီ နှာခေါင်းရှုံ့လိုက်သည်။ သာကေတ လမ်းကြမ်းနှင့် သူ့ကားတာယာ မိတ်ဆက်ခွင့် ကြုံရပြီပေါ့။ သည်လိုမှန်းသိရင်



www.burmeseclassic.com

www.burmeseclassic.com



အန့်တီတားနှင့်ပဲ သွားလိုက်ပါသည်။

လမ်းထွက်သွားပြီးမှတော့ ပြန်လဲနေ၍လည်း အချိန်ကုန်မည်။

"အစ်ကိုကြီးကိုတောင် ဖုန်းဆက်အကြောင်းကြားလိုက်သေးတယ်"

"ဖေဖေနဲ့ တွေ့သလား"

"တွေ့တယ်. . . ငွေငါးသောင်း ကူခိုင်းလိုက်တယ်၊ ပြီးတော့ လိုအပ်တဲ့အကူအညီတွေ ပေးလိုက်ပါတဲ့လေ၊ တော်တော်တပည့်လက်သားအပေါ် သံယောဇဉ်ကြီးတဲ့ အစ်ကိုကြီးပဲ"

"ဖေဖေကတော့ ဒီလိုပဲ"

ဌာနဆိုင်ရာရုံးတစ်ရုံး၏ညွှန်ကြားရေးမှူးဖြစ်သော ဖေဖေ့၌ တပည့်တပန်းများ ပေါ်များသည်။ ထိုတပည့်တပန်းများ၏ သာရေးနာရေး၌ ဖေဖေသည် ဘယ်သောအခါမှ လက်မတွန့်တတ်ချေ။

"ကိုမောင်စံကို ငါတော့ မြင်ယောင်ပြီး ညတောင် အိပ်ရဲပ့ါမလား မသိဘူး၊ နင်နဲ့ လာအိပ်မှတူတယ်"

"အမယ်. . . မရပါဘူးနော်၊ ကိုယ့်အခန်းကိုယ်အိပ်၊ တစ်ယောက်တည်းပဲ အိပ်တတ်တယ်"

"ပြီးရော. . . ညရောက်မှ ငါ့ကို လာအိပ်ပါလို့ မခေါ်နဲ့၊ ညည်းပဲ ကိုမောင်စံကို အန်ဖတ်ဆို့သေမှာလို့ နိမိတ်ဖတ်နေတော့ ခြောက်စရာရှိရင် နင့်ပဲ လာခြောက်မှာ"

"ဘွားဘွားနဲ့ သွားအိပ်မှာပေ့ါ"

အန်တီက ပြန်ခြောက်တော့မှ ခင်ဝတီ ကျောချမ်းသွားသည်။ ညည ဦးမောင်စံ ဆိုနေကျ ချစ်မိုးကြီးသီချင်းကိုပင် ကြားယောင်လာသလိုလို။





'ရေချိန်ကိုက်နေပြီလား' ဟု မေးလျှင် 'မကိုက်သေးပါဘူး၊ ဒါ မိုင်နာ့ပဲ ရှိသေးတယ်' ဟု ပြောနေကျ သူ့လက်သုံးစကားကိုပဲ ကြားယောင်လာသလိုလို ခံစားရကာ ကြက်သီးထသွားသဖြင့် ပခုံးတွန့်လိုက်မိသည်။

"ဘယ်လမ်းအတိုင်း မောင်းရမလဲ"

"မသိဘူးလေ. . . သုံးဆယ့်ငါး ဂိတ်ဆုံးလို့ ပြောတာပဲ၊ လိပ်စာအတိုင်း မေးသွားတာပေ့ါ"

လမ်းက ကျဉ်းကျဉ်း၊ လိုင်းကားတွေကလည်း တစ်စီးနှင့်တစ်စီး သူ့ထက်ငါ အပြိုင်အဆိုင် မောင်းနေကြရာ အန်တီကတော့ မျက်လုံးစုံမှိတ်ကာ ဘုရားစာရွတ်ရင်း လိုက်ပါသည်။

တော်တော်အသည်းကြောင်သည့် အဒေါ်။ ဒါကြောင့်လည်း အပျိုကြီးဖြစ်တာ။ ခင်ဝတီတို့ကလည်း အပျိုကြီးလုပ်မည်မှန်သော်လည်း အသည်းတော့ မငယ်၊ ခပ်မာမာပဲဟု ခင်ဝတီ စိတ်တွင်း၌ တွေးနေလေသည်။

ပါးစပ်ပါ ရွာရောက်သည်ဟူသောစကားအရ ဟိုကွမ်းယာဆိုင်မေး၊ သည်ကွမ်းယာဆိုင်မေးနှင့် နောက်ဆုံး ကနားဖျင်း ထိုးထားပြီး လူရှုတ်ရှုတ်သဲသဲ ရှိသော အိမ်ရှေ့သို့ ရောက်သွားသည်။

"အမယ်လေး. . . ကိုစံရဲ့၊ ရှင့်ကျေးဇူးရှင်ကြီးတွေ လာပြီလေ၊ ထကြည့်ပါဦး. . ရှင်ရဲ့"

ပြောပြောဆိုဆို ဆီးကြိုငိုသော ဦးမောင်စံ ဇနီးကြောင့် ခင်ဝတီ စိတ်ပျက်သွားသည်။

အသုဘရှင်များ အမျိုးအစားအမျိုးမျိုးတွင် ပြောပြောငိုတတ်သောသူများသည် အသုဘ သတင်းမေးများအား အခက်ခဲဆုံးသော စိတ်ဒုက္ခကို ပေးတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသုဘရှင်အား ကြည့်ပြီး ငို၍ရယ်၍မရသောမျက်နှာနှင့် ခေါင်းညိတ်ရသော ဝဋ်ဒုက္ခသည် ကြီးလေးစွတကားဟု ခင်ဝတီ ထင်မိသည်။

ထို့ကြောင့် အသုဘနှင့်လည်း ဝေးရာ၊ နေပူလည်း မထိုးနိုင်သော ကနားဖျင်းအောက်၌ ထိုင်နေလိုက်သည်။

"လာလေ. . . အိမ်ထဲ ဝင်ပါ သမီးရဲ့"

"ရပါတယ် အဒေါ်၊ ခင်ဝတီ ခေါင်းထဲ ငြီးစီစီနဲ့မို့လို့ ဒီနားပဲ ထိုင်တော့မယ်"

အမှန်တော့ ဦးမောင်စံ ရုပ်အလောင်းကို ခင်ဝတီ မကြည့်ရဲပါ။

"ဒါ မိုင်နာပဲ ရှိသေးတယ်"

ဟု ထပြောမှာကို စိုးရိမ်သယောင်ယောင် ခံစားရသည်။

ချပေးသော ကွာစေ့လှော်ပန်းကန်ကို ယောင်၍မျှပင် မထိ။

အလုပ်ရှင်ဟု တရိုတသေ လာချပေးသော ပက်စီကိုလည်း

"လည်ချောင်းနာနေလို့ပါ. . . ပြန်ယူသွားနော်၊ ယင်ကောင်တွေ နားကုန်မယ်"

ဟု မကောင်းတတ်မှာစိုးသဖြင့် ခပ်ပြုံးပြုံးလေး ဆင်ခြေပေးကာ ငြင်းပယ်လိုက်သည်။

အသုဘအိမ် စားရသောက်ရတာ မသတီတတ်။ အသုဘကိုင်ထားသောလက်များနှင့် ပြင်ဆင်လေသလား။

ဒေါ်လေးက လေကြောရှည်နေသည်။

မောင်စိုးနှင့် အိမ်က ပတ်ဘလစ်ကာ ကားကိုလည်း မတွေ့ရပေ။





"ကျေးဇူးတင်ပါတယ် အစ်မရယ်၊ ဆရာ့ကျေးဇူးက တစ်သက် ဆပ်လို့မကုန်အောင်ပါပဲ"

အန်တီနှင့်အတူ ဦးမောင်စံမိန်းမ ပါလာသဖြင့် ခင်ဝတီ ပြုံး၍နှုတ်ဆက်လိုက်ရသည်။

"ဆရာ့သမီးက ဆရာနဲ့ တူတယ်. . . ခန့်ချောလေးပါလား"

ဖေဖေ့ကို အတော်လေးစားကြည်ညိုပုံရသည်။

"ဆရာတို့မိသားစုကိုပဲ ဆက်လက်အားကိုးပါရစေနော် အစ်မရယ်၊ အမေ့ကိုတော့ မလာပါစေနဲ့၊ အသက်ကြီးကြီးနဲ့ ဒုက္ခရောက်ပါတယ်၊ သာကေတ ခရီးလည်းကြမ်းနဲ့ဆိုတော့ လူကြီးမှာ ဒုက္ခများပါတယ်"

လူကြီးလည်း ဒုက္ခများ၊ လူငယ်လည်း ဒုက္ခများတာပါပဲဟု ခင်ဝတီ စိတ်ထဲက ပြောလိုက်သည်။

ခင်ဝတီလည်း နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

"နင်ကလည်း. . . နည်းနည်းတောင် အိမ်ပေါ် တက်မလာဘူး"

"အိုက်လို့"

"အိမ်ကလေးကတော့ သေသေသပ်သပ်လေးပါပဲ၊ အဲဒါ ဝယ်ထားတာတဲ့လေ၊ မောင်စံ ရတဲ့ ဂရယ်ဂျူတီနဲ့ ပင်စင်တစ်ဝက် ချောင်းပြီး ဝယ်ထားလိုက်တာလို့ ပြောတယ်၊ ခုပေါက်ဈေးနဲ့ဆိုရင်တော့ အတော်တန်နေပြီ"

"ဪ. . . အန်တီလည်း အသုဘ သတင်းမေးကနေ ဒိမ်းရေးပါ တစ်ခါတည်း ဆင်းခဲ့တာပေါ့"

"ဒါပေါ့. . . သူ့သားကိုပဲ ဦးမောင်စံနေရာ ဆက်ခန့်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မရင်က ပြောတာနဲ့ ငါလည်း လက်ခံလိုက်တယ်"

"ဟင်. . . အရက်သမားသားက အရက်သမားပဲ ဖြစ်မှာပေါ့၊ တော်စမ်းပါ အန်တီရာ၊ သံသရာ မရှည်ချင်စမ်းပါနဲ့၊ နောက်တစ်လောင်းပါ လိုက်သဖြိုဟ်နေရဦးမယ်"

"ဟဲ့. . . အဖေအရက်သမားဖြစ်တိုင်း သား အရက်သမားဖြစ်ရမယ်လို့ နင့်ကို ဘယ်သူပြောသလဲ"

"လူဆိုတာ မျိုးရိုးလိုက်တာပဲ၊ ချောင်းရိုးမြောင်းရိုးသာ တိမ်ကောချင်ကောမယ်၊ မျိုးရိုးဇီဆိုတာ ဘယ်တော့မှ မတိမ်ကောဘူးလို့ အဆိုရှိတာပဲ"

ကားကိုလည်း ဂရုစိုက်ရင်း အန်တီကို ငြင်းချက်ထုတ်နေမိသည်။

"ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးက လိုတဲ့အကူအညီပေးဖို့ ငါ့ကို မှာထားတယ်၊ ဒါကြောင့် ငါတော့ လက်ခံလိုက်ပြီ၊ အစ်ကိုကြီး ညကျရင် ဖုန်းဆက်ရင် အကျိုးအကြောင်း ပြောလိုက်ရုံပဲ၊ အမေကလည်း သဘောတူမှာပါအေ"

ခင်ဝတီ ဘာများ တတ်နိုင်ဦးမည်နည်း။ မိမိသည် အစ်အက်စ်စီဘွဲ့ရ မကလို့ ဘာဖြစ်နေနေ သေစာရှင်စာမျှသာ တတ်သော အဘွားနှင့် ခုနစ်တန်းမျှသာ အောင်သော အန်တီတို့အတွက် သူငယ်နှပ်စား ကလေးသူငယ်လေးသာ ဖြစ်သွားတတ်သည်။ လူရာမသွင်းချေ။ ထို့ကြောင့်. . .

"အန်တီ အဲ့ဒီကောင်လေးကို မြင်ဖူးလို့လား၊ ဆေးသမားတွေဘာတွေ ဖြစ်နေမှ သူခိုးဓားရိုးကမ်းမိသလို ဖြစ်နေဦးမယ်နော်"

တတ်နိုင်သမျှ စောဒက တက်ကြည့်သည်။

"မြင်တော့ မမြင်ဖူးလိုက်ဘူး၊ ယပ်တောင်သွားအပ်နေတာ





နဲ့ အိမ်မှာ မရှိရှာဘူး၊ သမီးကို အအေးလာတိုက်တာ သူ့ညီမလေးလေ၊ မောင်နှမနှစ်ယောက်တည်း ရှိတယ်"

"ဪ. . . ရုပ်တော့ သန့်သားပဲ"

"ပညာလည်း မဆိုးပါဘူး. . . ဆယ်တန်းတဲ့"

"သိပ်ကျပ်တည်းပုံမရပါဘူး"

"အကြွေးကင်းကင်း နေနိုင်ပါတယ်လို့ မရင်က ရိုးရိုးသားသား ဝန်ခံရှာသားပဲ"

"အခုခေတ်မှာ အကြွေးကင်းကင်း နေနိုင်တာဟာ သူဌေးပဲလို့ ဆိုနိုင်သလို ဖြစ်နေတာပဲ၊ အဲ့ဒါများ အလုပ်ထပ်တောင်းနေရသေးသလား"

"တောင်းတာပေါ့ဟဲ့. . . ကိုမောင်စံက ညစောင့်။ ညနေစာ အိမ်မှာ စားပြီး လခအသားတင် သုံးသောင်းရတာ နည်းသလား၊ အဲ့ဒါနဲ့ ခြိုးခြံချွေတာပြီး တစ်ဖက်ကလည်း မရင်က အိမ်ဆိုင်တည်ထားတော့ လောက်ငှရုံလောက်ပဲ ရှိမယ်၊

ခုခေတ် ကုန်ဈေးနှုန်းကလည်း သိတဲ့အတိုင်းဟာ၊ အိမ်ရှိ အရွယ်ရောက်လာတဲ့သူမှန်သမျှ အလုပ်လုပ်နိုင်မှ ပါးစပ်စိုရုံ ရှိမှာ၊ ဘာပဲပြောပြော ကိုမောင်စံနေရာမှာ သူ့သားကို ဆက်ခန့်ထားလိုက်တာဟာ စိတ်အချရဆုံးပဲလို့ အန်တီ ယူဆတယ်"

"အန်တီ့သဘောပဲ. . . ဒီကိစ္စမှာ ဆိုးဆိုးကောင်းကောင်း ခင်ဝတီ မပါဘူးနော်"

"အေးပါ ခင်ဝတီရယ်၊ ညည်းလည်း ငါ့လို ခေါင်းကြောသိပ်မမာနဲ့၊ ညည်းအရွယ်တုန်းကဆိုရင် ငါလည်း လောကကြီးကို အဆိုးမြင်ဝါဒနဲ့ပဲ ကြည့်တာ၊ အဆိုးပဲ မြင်တယ်၊ ကြီးလာတော့ အရွယ်အားဖြင့်ကော အတွေ့အကြုံအားဖြင့်ကော ဘာသာရေး



www.burmeseclassic.com

www.burmeseclassic.com

အရပ်ဝါ ဆင်ခြင်ပြီး အကောင်းမြင်ဝါဒအရ သည်းခံစိတ်နဲ့ ကြည့်မယ်ဆိုရင် လောကကြီးမှာ ချမ်းမြေ့စွာ နေထိုင်သွားလာနိုင်လိမ့်မယ်"

"အလဲ့ . . . တယ်ဆိုတဲ့စာပါလား၊ အန်တီလေးက စာရေးဆရာမ ဘာလို့ မလုပ်ခဲ့သလဲ"

"ငယ်ငယ်တုန်းက ညည်းလို လူတကာကို အဆိုးမြင်ဝါဒနဲ့ ကြည့်ပြီး စိတ်ပုပ်မွေးနေတာနဲ့ကို ကိုယ့်ကိုယ်ကို ဘာဖြစ်လို့ ဘာဖြစ်ခဲ့မှန်း မသိပါဘူးအေ၊

ခုတော့မှ လူ့လောကမှာ အကျိုးရှိရှိ နေထိုင်တတ်ကာစ ရှိပါသေးတယ်၊ ဒီတော့ သမီးလည်း အခြောက်တိုက် မာနကြီးမနေနဲ့ လူဆိုတာ သေခြင်းဆိုတဲ့မှတ်တိုင်ကို လျှောက်လှမ်းဖို့ မွေးလာတာ ငါဆိုတဲ့အတ္တတွေ မာနစွဲတွေ ဖယ်ပြီး အကောင်းမြင်ဝါဒလေးနဲ့သာ ကြည့်စမ်းပါ။

ကိုယ့်ထက် နိမ့်ပါးတဲ့လူတွေကို ညှာတာထောက်ထားတဲ့ စိတ်နဲ့ ကြည့်တတ်အောင် ကြည့်ပါ"

"ဟုတ်ကဲ့ . ကြိုးစားပါ့မယ်၊ ဒါပေမယ့် ရေသာခိုအချောင်လိုက်လို့ ဆင်းရဲနေတဲ့ လက်ကြောမတင်း အမူးသမားတွေကိုတော့ ညှာတာထောက်ထားတဲ့ အကောင်းမြင်ဝါဒနဲ့ မကြည့်နိုင်ဘူး အန်တီ"

"အေးပါကွယ် . . . အေးပါ၊ ငါကလည်း အမူးသမား အတွက် ခွက်ဖိုးပေးဖို့ ပြောတာမဟုတ်ပါဘူး"

"ဘာထူးသေးသလဲ . . . ဦးမောင်စံကို ခန့်ထားတာ သူ့ အတွက် အရက်ဖိုး ပံ့ပိုးပေးထားတာနဲ့ မတူဘူးလား၊ ခု လာပြန်ပြီ သူ့သား"





"ခက်ပါလား ခင်ဝတီရယ်၊ လူဆိုတာ အတ္တဟိတ ပရဟိတ တဲ့၊ ကိုယ့်အိမ်လုံခြုံဖို့အတွက် ကိုမောင်စံကို လခနဲ့ ပေးခန့်တယ်၊ ဒါဟာ အရက်ဖိုးပေးတယ်၊ အဆိပ်ပင် ရေလောင်းတယ်လို့ ဆိုလို့မရဘူး၊ သေသွားတဲ့သူရဲ့မကောင်းကြောင်း သိပ်မပြောပါနဲ့ကွယ်"

အန်တီသည် လေပြေသွေးလာသည်။

ခင်ဝတီ သက်ပြင်းဖြင့် မကျေနပ်စိတ်များကို ထွက်ပေါက်ပေးလိုက်သည်။

တဆက်တည်း . . .

"အသုဘပို့တဲ့နေ့ ရောက်ရင်တော့ ခင်ဝတီ မလိုက်တော့ဘူးနော်၊ ကိုယ့်ဟာကိုယ် မောင်စိုးနဲ့ပဲသွား"

"ဟုတ်ကဲ့ပါရှင် . . . ခုတောင် မလွှဲမရှောင်သာလို့ ခေါ်မိတာပါ၊ တကတည်း . . . နားပူလိုက်တာ"

"အဟင်း . . . ဟင်း . . . ပြောင်းပြန်၊ ကောက်ညှင်းက ဈေးဘဲ ဆန်ကြမ်းက ဈေးရတယ်လို့"

တူဝရီးနှစ်ယောက် စကားနိုင်လုရင်းဖြင့် ပြန်လာခဲ့ကြသည်။

ဟုတ်တော့ ဟုတ်သည်။ ခင်ဝတီ သိတတ်စအရွယ်က ခေါ်လေးက ဇီဇာကြောင်သော၊ လူတကာကို အပြစ်မြင်တတ်သော၊ စကားအလွန်များသောအပျိုကြီးဖြစ်သည်။

ယခုတော့လည်း အသက်အရွယ်က စကားပြောကာ အရှားမေ့ရိပ်သာများ၌ အချိန်ကုန်ပျော်မွေ့တတ်သောသူအဖြစ် သို့ပြောင်းလာသည်။ စီးပွားရှာရင်း လှူဒါန်းရင်းဖြင့် ချမ်းမြေ့နေတတ်သည်။

"လမ်းကြိုတုန်း မြို့ထဲက စတိုးဆိုင်ဘက် လှည့်လိုက်ပါဦး


www.burmeseclassic.com

www.burmeseclassic.com

ခင်ဝတီ၊ ဘာတွေများ လိုအပ်သလဲလို့ ကြည့်ရအောင်"

"သွားလေ"

ခင်ဝတီလည်း အားနေသူပီပီ လိုက်ပို့ပေးရှာသာ ရှိတော့သည်ပေါ့။


တက္ကသိုလ်ကောလိပ်များ၌ နည်းပြခေါ် လျှင် ဝင်ဖြေလိုက်ဦးမှပါဲဟု စိတ်ထဲ၌ တေးထားလိုက်သည်။

တစ်ခါတစ်ရံ လောကကြီး၌ ကားတစ်စီးနှင့် ဟိုလျှောက်သွား သည်လျှောက်သွား ကုန်ဆုံးနေရခြင်းသည်ပင်လျှင် အဓိပ္ပါယ်မရှိသကဲ့သို့ ဖြစ်နေသလိုလို ခံစားရသည်။

အလုပ်လုပ်ခြင်းသည် အသက်ရှင်ခြင်း၏သင်္ကေတ ဖြစ်သည်ထင့်။







လူကို ကိန်းဂဏန်းတွေလို
ပုံသေနည်းတွေ နီယာမတွေနဲ့
တွက်ချက်ယူလို့မရဘူး..

# အခန်း(၄)

"ခင်ဝတီရေ. . . ကိုကိုကြီးက စကားပြောဦးမလို့တဲ့"

ခင်ဝတီ ခေါင်းကို တစ်ချက်ဖွလိုက်ပြီး. . .

"လာပြီ. . . လာပြီ"

ဟု ပြောရင်း စိတ်ထဲမှာတော့ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ အဖေနှင့်သမီးဆိုသော်လည်း အနေဝေးသဖြင့် ခပ်စိမ်းစိမ်း နေကြသည်။ အရေးအကြောင်း မရှိဘဲ ဖေဖေသည် ခင်ဝတီကို တော့မှ စကားမပြောတတ်။

"ဟဲလို. . . ဖေဖေ"

"သမီးလား. . . မောင်စံ အသူဘ ပို့လိုက်သေးလား"

www.burmeseclassic.com

www.burmeseclassic.com



"ပို့တော့ မပို့လိုက်ဘူး၊ ဒါပေမယ့် သတင်းမေးတော့ အန်တီနဲ့အတူ သွားလိုက်ပါသေးတယ် ဖေဖေ"

ခင်ဝတီ မညာတတ်သဖြင့် အမှန်အတိုင်းပင် ဖြေလိုက်သည်။

"အေး. . . ဒါဖြင့်လည်း ပြီးရော၊ ဒါပေမယ့် သမီးကြီးက လူမှုရေးကိစ္စကို ငွေကူရုံနဲ့ ပြီးပြီလို့ မသတ်မှတ်ထားနဲ့နော်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"မောင်စံ့သားဟာ မောင်စံလိုပဲ ရိုးသားဖြောင့်မတ်တယ်၊ သူ့ကို မောင်စံ့ကိုယ်စား ဆက်ခန့်ဖို့ ဖေဖေ သဘောတူတယ်၊ ဘွားဘွားနဲ့ သမီးအန်တီကလည်း သဘောကျကြတယ်၊ သမီးပဲ သဘောမတူတာဆို"

"သမီးက ဦးမောင်စံသားကို သဘောမတူတာ မဟုတ်ပါဘူး ဖေဖေ၊ အရက်သမားသားကို သဘောမတူတာပါ"

"အရက်သမားသားဟာ အရက်သမားပဲ ဖြစ်ရမယ်လို့ ပုံသေကားချပ် တွက်ယူလို့မရဘူး သမီး၊ လူဆိုတာ ကိန်းဂဏန်း သင်္ချာသဘောလို အတွက်အချက်ခံပစ္စည်းမှ မဟုတ်ဘဲ"

"သမီးက ယုတ္တိဗေဒနည်းအရ တွက်တာပါ ဖေဖေ"

"ဘာလဲ. . . ဦးမောင်စံသည် အရက်သမားဖြစ်သည်၊ မောင်မြတ်ဘုန်းသည် ဦးမောင်စံသားဖြစ်သည်၊ ထို့ကြောင့် မောင်မြတ်ဘုန်းသည် အရက်သမားဖြစ်သည်ဆိုတဲ့ ယုတ္တိဗေဒ နည်းအရလား သမီး. . ဟင်. . ပြော"

ခင်ဝတီ ရယ်ချင်သွားသည်။ ဖေဖေ့ကို ခင်ဝတီ ဘယ်သောအခါမှ ဆင်ခြေပေး၍မရ။ ငြိမ်သက်နေလိုက်သည်။

ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံလိုက်သည့်သဘောဖြစ်သည်။



ထို့ကြောင့် ဖေဖေက ဆက်၍. . .

"ဒါဖြင့် ဖေဖေ သာဓကတစ်ခု ပြမယ်၊ မသဇ္ဈာသည် အငြိမ့်မင်းသမီးဖြစ်သည်၊ ခင်ဝတီသည် မသဇ္ဈာ၏သမီးဖြစ်သည်၊ ထို့ကြောင့် ခင်ဝတီသည် အငြိမ့်မင်းသမီးဖြစ်ရမည်၊ ကိုင်း. . . အဲ့ဒီအဆို မှန်သလားသမီး"

"လုံးဝ ဝါသနာမပါတာ ဖေဖေသိသားနဲ့"

"အေးလေ. . . ဒါကြောင့် ဖေဖေပြောတာ၊ လူကို ကိန်းဂဏန်းတွေလို ပုံသေနည်းတွေ နိယာမတွေနဲ့ တွက်ချက်လို့မရဘူးလို့"

"သမီးက ကန့်ကွက်နေတာမှ မဟုတ်ဘဲ၊ လူကြီးတွေ သဘောပါလို့ ပြောပြီးပြီပဲဟာ"

မိဘဆိုသည်မှာ သားသမီးတို့၏နွဲ့ဆိုး,ဆိုးရာ ပုဂ္ဂိုလ်များဖြစ်သည်။

"အေးပါ. . . ဖေဖေလည်း ဖေဖေ့သမီးဟာ ဒီလောက်အပြောရခက်မယ့်သူ မဟုတ်ဘူးဆိုတာ သဘောပေါက်ပါတယ်၊ သမီးအန်တီကလည်း မတိုင်ပါဘူး၊ စကားပြောရင်း ပါသွားလို့ပါ"

ဖေဖေသည် သူ့ချစ်ညီမဘက်မှ ကာကွယ်ပြောလိုက်သေးသည်။

"နောက်တစ်ချက်က သတင်းစာကော ဖတ်ရဲ့လား သမီး"

"ဖတ်ပါတယ် ဖေဖေ"

"ဘာလဲ. . . နောက်ကျောဘက်က လှန်ပြီး သာရေးနာရေး သတင်းဖတ်တာလား"

ခင်ဝတီ စိတ်ထဲက ပြုံးလိုက်ကာ အသေအချာပဲ ဟူသောစကားကို မျိုသိပ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြော်ငြာ တွေ့သလဲ"

"သတိမထားမိဘူး ဖေဖေ. . . ဘာထူးလို့လဲ"

"အမ်သမားတွေကို အက်စ်အေတီအဖြစ် ခန့်ဖို့ ခေါ်တဲ့ကိစ္စလေ"

"သမီးက ကျူတာလျှောက်မလို့ ဖေဖေ"

"ဘာလဲ. . . ကျူတာကမှ ပိုဂုဏ်ရှိတယ်လို့ ထင်လို့လား သမီး"

"မဟုတ်ပါဘူး ဖေဖေ၊ ကလေးတွေဆို စိတ်မရှည်လို့"

"အက်စ်အေတီဆိုတာ အထက်တန်း သင်ရမှာပဲ၊ အထက်တန်းကျောင်းသားအရွယ်ဆိုတာ လူငယ်တွေပဲ၊ အဲဒီအရွယ်တွေဟာ ပိုစိတ်ဝင်စားဖို့ကောင်းတယ်၊ လောကကြီးကို လေ့လာစူးစမ်းရင်း ကိုယ့်ရည်မှန်းချက်ကိုတောင် ကိုယ်ရှာဖွေနေတတ်တဲ့အရွယ်ပဲ၊ လျှောက်လွှာတင်လိုက်ပါ သမီး"

"နယ်တွေ ရောက်သွားရင်ကော"

"ရောက်သွားလဲ ဘာဖြစ်သလဲ၊ ဆရာတွေ ပိုလျှံနေတဲ့ ရန်ကုန် မန္တလေးလို မြို့ကြီးတွေမှာ ဆရာလုပ်တာ ရေများရာအရပ်မှာ မိုးရွာသွန်းသလိုပဲ အကျိုးမရှိလှပါဘူး၊ နယ်တွေလို ရေနည်းရာအရပ်မှာ ပညာမိုးရွာသွန်းတဲ့ စေတနာဆရာမလေးအနေနဲ့ ဖေဖေမြင်ချင်တယ်"

ခင်ဝတီ စိတ်အိုက်သွားသည်။ စကားပြန်မပြောနိုင်အောင်လည်း စိတ်ခါတ်ကျမိသည်။

"ဒါပဲ သမီး၊ တတ်ထားတဲ့ပညာတွေကို အကျိုးရှိရှိ အသုံးချပါ၊ မိဘဘိုးဘွားအမွေကို မျှော်လင့်ရင်း အလုပ်မလုပ်ဘဲ အချိန်ဖြုန်းနေတဲ့ ဆန်ကုန်မြေလေးပဲ အဖြစ်ခံမလား၊ အဖေ့စကားပဲ နားထောင်မလား၊ စဉ်းစား သမီး. . . ဒါပဲ၊

ဪ. . . မေမေနဲ့ စကားပြောဦးမလား"

"မပြောတော့ပါဘူး ဖေဖေ"

"နွယ်နီလည်း စာမေးပွဲ ပြီးရင် အဲ့ဒီကို ပို့ထားဦးမယ်"

"ကောင်းတာပေါ့ ဖေဖေ"

"ကောင်းတာပေါ့ လုပ်မနေနဲ့၊ သမီးညီမက သမီးလို မလိမ္မာဘူး၊ စောစောစီးစီး အိမ်ထောင်နွံထဲ နစ်ချင်တယ်၊ အဲဒါ သမီးက အနီးကပ် မျက်ခြည်မပြတ် စောင့်ကြည့်ရမယ်၊ အဲ့ဒါတွေ နောက်မှ သမီးမေမေ ပြောပြလိမ့်မယ်၊

ကိုင်း. . . တော်တော်လည်း ကြာသွားပြီ၊ ဘွားဘွားနဲ့ အန်တီကိုလည်း ပြုစုနော်၊ လမ်းချည်းပဲ ထွက်မနေနဲ့"

"ဟုတ်ကဲ့ ဖေဖေ"

"ဂွဲလောက်"

ခင်ဝတီ သက်ပြင်းမောဖြင့် ကျဉ်းကျုတ်သယောင်ယောင်ဖြစ်နေသောစိတ်ကို ရှင်းလိုက်သည်။

"ခမည်းတော်ကြီးက ဘာတွေများ အမိန့်ချမှတ်လိုက်လို့ သက်ပြင်းတွေဘာတွေ ချရတာလဲ"

"အက်စ်အေတီ လျှောက်ရမယ်တဲ့"

"ကောင်းသားပဲ. . . ပညာဒါန ဖြန့်ဖြူးနိုင်တယ်ဆိုတာ တော်ရုံတန်ရုံ ပါရမီ မဟုတ်ဘူး၊ စေတနာထားတတ်ရင် ထားတတ်သလို အင်မတန် ကုသိုလ်ရတဲ့အလုပ်ပါ မြေးရယ်၊

အာစရိယဂိုဏ်းဝင် ပုဂ္ဂိုလ်တောင် ဖြစ်ရမှာ၊ ထူးတဲ့ပါရမီ မဟုတ်လား"

ဘွားဘွားက လေပြေအေးနှင့် ရွှေနားတော်သွင်းလေ





www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟွန်း. . . နယ်ရောက်သွားလို့ရှိရင် ဘွားဘွားတို့က ခင်ဝတီတို့ လွှတ်နိုင်သလား"

"ဘွားဘွား လိုက်နေပေးမှာပေ့ါ"

"အံမယ်. . . အဟုတ်"

အသက်ခုနစ်ဆယ်ထဲ ရောက်နေပြီဖြစ်သော်လည်း ခါးမကိုင်းသေးသော ဘွားဘွားက တက်ကြွစွာ ပြောသောအခါ ခင်ဝတီ အံ့သြရသည်။

"အဟုတ်. . . ကျုပ်တစ်လှည့် ညည်းအန်တီတစ်လှည့် တစ်ခါတရံ ညည်းအမေတစ်လှည့် လိုက်နေပေးမှာပေ့ါ။ လျှောက်သာလျှောက်လိုက်"

"ကောင်းကွာ"

ဖေဖေ့ကိုတော့ ခေါင်းညိတ်လိုက်ပြီး ဘွားဘွားကို ရှေ့နေငှားရန် ကြံစည်လိုက်သော်လည်း ထောင်လုံးလုံးကျရမည့်အဖြစ်ကြောင့် ခင်ဝတီ ရှေ့ဆက်ရန်စကား မရှိတော့သဖြင့် ဧည့်ခန်းမှ ထွက်ခဲ့လိုက်သည်။

အထက်တန်းကျောင်းသားအရွယ်မှ ရည်ရွယ်ချက် ရှာမရသေးတာ မဟုတ်ပေ။ တစ်ခါတရံ အသက်အစိတ်ကျော်ပြီး ပညာတတ် ဘွဲ့ရများကိုယ်တိုင် မိမိဝါသနာပါရာ အလုပ်အကိုင်ကို ရွေးချယ်၍မရနိုင်သေးပါလားဟု ခင်ဝတီ ကိုယ်တွေ့ဖြင့် သဘောပေါက်လိုက်မိသည်။









ဂီတာအနုပညာဆိုတာ
ခံစားလို့ကောင်းပါတယ်...
ခံစားတတ်ရင်
သာယာနာပျော်ဖွယ်ကြီးပါပဲ...

# အခန်း(၅)

"ချစ်မေတ္တာ သာစေကြောင်း. . ဆုတောင်းပေမယ့်. . . တာရှည်ခဲ့သည်. . စကြဝဠာ. . ကွာနေငြား စိတ်မှသာပင်. . . ကြိတ်ခါပဲ စွဲမိသည်. . မတတ်သာ ခပ်ခွာခွာ နေကြဦးစို့. . . မုန်းလို့တော့. . ."

"ဟင်. . ."

ခင်ဝတီ ခေါင်းနားပန်းကြီးသွားသည်။

နားကြားများ လွဲလေရော့သလား။ တိတ်ဆိတ်သော ညနေခင်းကို ဖောက်ထွင်း၍ မယ်ဒလင်အသံက နွဲ့နွဲ့လေး ပေါ်ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဂီတသံစဉ်တွင် နစ်မျောရမည့်အစား မတင်မကျစိတ်ဖြင့် ဇောချွေးများပင် ပျံလာသည်။

မီးရောင်ကို ပိတ်ထားသောကြောင့် အမှောင်ထု လွှမ်းမိုးခြင်းကိုပင် စိတ်ထဲ ချောက်ချားသယောင်ဖြစ်လာသည်။ ထို့ကြောင့် မီးဖွင့်လိုက်သည်။

". . . သဥ္ဇာပွေလီ. . လူခြေတိတ်တောင် အိပ်လို့မရပေါင် ရောင်ခြည်ထွန်းအောင် အလင်းရောင်ဖေါ်ခဲ့သည်. . .

အိပ်ခန်းထဲမှ ထွက်ကာ အန်တီ့အခန်းသို့ ဝင်လိုက်သည်။ နှစ်ခြိုက်စွာ အိပ်မောကျနေသော အန်တီ့ကိုပင် မနှာလိုဖြစ်မိသည်။

နှိုးရကောင်းနိုး မကောင်းနိုးဖြင့် ချီတုံချတုံဖြစ်နေစဉ် ဘွားဘွားအခန်းမှ ချောင်းဟန့်သံ ကြားရသဖြင့် လှစ်ခနဲ ဘွားဘွားအခန်းဘက်သို့ ကူးလိုက်သည်။

"ဟဲ့. . . ဘယ်သူလဲ"

အသက်ကြီးသော်လည်း နားမထိုင်းသည့်အပြင် အင်မတန် နားပါးလှပ်သော ဘွားဘွားအသံက ဦးစွာထွက်လာသည်။

"ခင်ဝတီ"

"ဂျလောက်"

ပြောပြောဆိုဆို မီးဖွင့်လိုက်သည်။ လင်းခနဲ ဖြာကျလာသော မာကျူရီမီးရောင်ကြောင့် ဘွားဘွားက မျက်စိကို ပြန်မှိတ်ကာ လက်နှင့် အကာအကွယ်ပြုရင်း. . .

"ဟဲ့. . . ဘာကိစ္စလဲ၊ မီးပြန်ပိတ်စမ်းပါ၊ မျက်စိစူးလွန်းလို့"

ဘွားဘွားအလိုကျ မီးပြန်ပိတ်ပေးလိုက်သည်။

"ကိုင်း. . . ဘာကိစ္စလဲ၊ မုန့်ဖိုးမလောက်ပြန်ဘူးလား"





"ဟုတ်လိမ့်မယ်. . . အားကြီးကြီး၊ အဘွားမကြားဘူးလား"

"ဘာကိုလဲ"

"နားထောင်ကြည့်ပါဦး ဘွားဘွားရဲ့"

"လွမ်းအောင်ခု. . ပြုရက်နိုင်ပေ အနေခက်အောင်. . . သွေ့ကွက်ခဲ့လေပြီ. . သတ္တဘာဂီ. . မောင့်ဘဝင်မှာ"

"ကြားလား. . . ကြားလား"

"ကြားတယ်. . . ကောင်းသားပဲဟဲ့၊ သုမောင်အသံပဲ"

"သေဟဲ့ နန္ဒိယ"

ဟုသာ ခင်ဝတီ ကိုယ့်နဖူးကိုယ် ရိုက်လိုက်မိသည်။

"အသံက ကြည်လင်ပြတ်သားနေတာပဲ"

"အဲ့ဒါ ဘယ်သူ့အသံလဲ၊ ဦးမောင်စံ တီးနေကျသီချင်းကြီး"

"ဩော်. . . ဟုတ်သားပဲ၊ ဦးမောင်စံသား ဖြစ်မှာပေါ့"

"အလုပ်တောင် ဝင်နေပြီလား"

"အင်းလေ. . . ရက်လည်ပြီး နောက်နေ့ကတည်းက စဝင်တာ"

"သူ မဝင်ခင် တစ်ပတ်လောက်လည်း ခြံစောင့်မရှိဘဲ နေလို့ ဖြစ်နေတာပဲ"

"ဖြစ်ပါလိမ့်မယ်. . . မောင်စိုးတို့ကို အလှည့်ကျ စောင့်ခိုင်းထားရတာ၊ ကျုပ်ဖြင့် ဟိုညတွေတုန်းက အိပ်မပျော်ခဲ့ဘူး၊ မောင်ဘုန်း ရောက်လာမှ စိတ်ချလက်ချ အိပ်စက်ရတော့တယ်၊

ကဲ. . . သွားအိပ်ချည်တော့၊ ကျုပ်အိပ်ချင်ပြီ"

ခင်ဝတီ အဘွားအိပ်ခန်းမှ ပြန်ထွက်ခဲ့ရသည်။

ညကြီးမင်းကြီး ဘွားဘွားကို ဒုက္ခမပေးချင်တော့သဖြင့်သာ လက်လျှော့ခဲ့ရသည်။ အမှန်တော့ ပြောလိုက်ချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်ချင်ပါသေးသည်။

"ဘွားဘွား . . . မျိုးရိုးဆိုတာ မတိမ်ကောဘူး မဟုတ်လား၊ အရက်သမားသားဟာ အရက်သမား ဖြစ်မဖြစ်တော့ မသိပေမယ့် အခုလောလောဆယ်တော့ အဖေတူသား အဖေလိုပဲ ဂီတတော့ အတော်ထူးချွန်တာပဲ၊ သီချင်းတောင် အဖေကြိုက် သားအကြိုက် တူညီနေတယ် မဟုတ်လား" ဟူ၍ . . .။

သို့သော် လက်လျှော့လိုက်ပါသည်။ ဘွားဘွား အိပ်ပါစေတော့။ မိမိပြောလည်း အပြောသာ အဖတ်တင်ပေမည်။ အားလုံးက ခြံစောင့်အလုပ်သမားကို ဦးမောင်စံသားကလွဲ၍ အခြားလူခန့်စရာ မမြင်ဘူး ထင်ပါသည်။

မိမိအခန်းထဲသို့ ရောက်သည့်တိုင် ခင်ဝတီ အိပ်မပျော်။ မီးကို ပိတ်ကာ ပြင်ပသို့ ချောင်းကြည့်လိုက်သည်။

ခြံအတွင်း ထွန်းညှိထားသော မီးရောင်အောက်ရှိ တရုတ်စကားပင်အောက် ခုံတန်းလျားပေါ် ဝယ် လူတစ်ယောက် ထိုင်နေသည်။

ကျောပေးထားသဖြင့် ရုပ်ရည်ကို သဲကွဲစွာ မမြင်ရသော်လည်း ချွန်နွံ့သော မယ်ဒလင်သံနှင့်အတူ လူပုံပန်း ဗိုလ်အောင်ဒင်ကားထဲက မင်းသားကြီးခင်မောင်ရင်အလား ထင်ရလောက်သည်။

ကုတ်အင်္ကျီရှည်နှင့် မာဖလာ ပတ်ထားသည်။

နှင်းမှုန်များက မီးရောင်ကို ငွေ့ဝါးစေသယောင်ယောင် ရှိသည်။

ခင်ဝတီစိတ်ထဲ တစ်မျိုးကြီးဖြစ်သွားသည်။

ဦးမောင်စံ ဝတ်နေကျ ကုတ်အင်္ကျီအနက်ဖြစ်သည်။ အရပ်အမောင်း ကိုယ်လုံးကိုယ်ထည်ပါ ဦးမောင်စံနှင့် တူညီနေ





သည်။

ကြက်သီးမွေးညင်းများ ထောင်ထသွားသည်။ လိုက်ကာကို ပြန်ချလိုက်သည်။ တဒိတ်ဒိတ် ခုန်နေသော ရင်အစုံနှင့်အတူ ခုတင်နား ကပ်လာသည့်တိုင် ခုတင်ပေါ် မတက်မိ။

အန်တီ့အခန်းဘက်သို့ တောက်လျှောက် လျှောက်သွားလိုက်သည်။

"အန်တီ . . ဟိုဘက်တိုး"

"ဟဲ့ . . . ဘာလဲ"

ငါးတိုင်အား ပြာလဲ့လဲ့ မီးလုံးကလေး ထွန်းညှိထားသောကြောင့် အန်တီ့ကို ကောင်းစွာတွေ့ရသည်။ အန်တီကလည်း ခင်ဝတီအား ကောင်းစွာတွေ့မြင်ပြီး . . .

"ဘာလုပ်မလို့လဲ ခင်ဝတီ"

"ဟိုဘက်တိုးဆို . . . အိပ်မပျော်လို့ အန်တီနဲ့ လာအိပ်တာ"

"ဘာလို့ အိပ်မပျော်တာလဲ"

"ပျင်းလို့"

စကားစ ပြတ်သွားစေရန် ခပ်တိုတို ပြောလိုက်ပြီး အန်တီ ခေါင်းအုံးနှစ်လုံးအနက် တစ်လုံးကို ဆွဲယူကာ တစ်လုံးကို ဘေးဘက်တွန်းလိုက်သည်။

"ဟဲ့ . . . ငါ ခေါင်းအုံးတစ်လုံးတည်း မအိပ်တတ်ဘူး"

"မအိပ်တတ်ရင် ခင်ဝတီခေါင်းအုံး သွားယူ၊ ခုတော့ အိပ်တော့မယ် . . . ဂွတ်နိုက်"

"အစုတ်ပလုတ်မ"

အန်တီလေးသည် စောင်ခေါက်ကို သူ့ခေါင်းအုံးအောက် ခုပြီး ပြန်လှဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်ဒလင်သံလေးက ငြိမ့်ငြိမ့်ညောင်းညောင်းလေးပါလား၊ ကိုမောင်စံလက်ရာထက် သာပါလား၊ အတော်ပဲ အိပ်ရာဝင် တေးသွားလေးတစ်ပုဒ်တော့ ရပြန်ပြီ၊ ကောင်းတယ်နော် ခင်ဝတီ"

"ကောင်းပါလိမ့်မယ် အားကြီးကြီး"

"ဘာဖြစ်လို့လဲ. . . ဒီလောက်ကောင်းတာ၊ ခေတ်ပေါ် ဒိုးဒိုးဒန့်ဒန့် တီးလုံးတွေ မဟုတ်လို့လား"

"မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

ခင်ဝတီ မပြောတတ်။ မကျေနပ်ခြင်း အကြောင်းရင်း ဇစ်မြစ်ကို မသိဘဲ ဒေါမနဿ ပွားနေမိသည်။

"မသိဘူး"

မယ်ဒလင်သံ မကြိုက်တာလား၊ ဦးမောင်စံသားဖြစ်ခြင်းကို မကြိုက်တာလား ဘာလား ခွဲခြား၍မရ။

"ဂီတအနုပညာဆိုတာ ခံစားလို့ကောင်းပါတယ်၊ ခံစားတတ်ရင် သာယာနာပျော်ဖွယ်ကြီးပဲ၊ ကဲ. . . အိပ်တော့"

ခင်ဝတီ မျက်စိစုံမှိတ်လိုက်သည်။

မယ်ဒလင်သံ ချွဲချွဲနွဲ့နွဲ့ကိုလည်း မမှုတော့။ အနား၌ အန်တီ ရှိနေခြင်းသည် လုံခြုံနွေးထွေးသွားသယောင်ဖြစ်၍ မျက်တောင်များ မေးစင်းလာသည်။

ဟုတ်သားပဲ။ မယ်ဒလင်သံ့ နွဲ့နွဲ့လေးက အိပ်တော့ ခင်ဝတီရေ. . ဟု ချော့သိပ်နေသယောင်ယောင်။





ငါ့ကို ပေးခဲ့ပါလားကို တားနေတဲ့ အလုပ်သမားပါပဲချိုပြီး နှိမ့်ချ
ပြောခဲ့တဲ့ခေတ်မျိုးလည်း မဟုတ်တော့ဘူး၊ ကိုယ့်
အကျိုးအတွက် သူ့ဆီက လုပ်အားကို ယူတယ်၊
ညည်အတွက် ထိုက်တန်တဲ့ လုပ်အားခ ပေးရ
တယ်။ ဒါ အပြန်အလှန် ကျေးဇူးရှိခြင်းပဲ၊ လုပ်အား
ကို ငွေနဲ့ တန်ဖိုးဖြတ်လိုက်ရုံ မကဘူး ငါ့အလုပ်
သမားခိုတဲ့ အားစကားနဲ့ သူ့ရဲ့လွတ်လပ်
ခွင့်ကို လိုက်ပြီး တားဆီးပိတ်ပင်တယ်ဆို
တာ အင်မတန် ရိုင်းစိုင်းတဲ့အပြုအမူပဲ။

# အခန်း(၆)

"မင်းဘယ်သူလဲ"

မောင်စိုး ဖွင့်ပေးသော တံခါးပေါက်မှ ခပ်ရှိုရှို ဝင်လာသော ဦးမောင်စံသားသည် ခင်ဝတီအား အံ့အားသင့်သကဲ့သို့ လှမ်းကြည့်လိုက်သည်။

သို့သော် မဆိုင်းမတွပင်. . .

"ကျွန်တော် ဒီခြံရဲ့ညစောင့်အလုပ်သမားပါ"

ခင်ဝတီက ခါးထောက်လျက် ခြေဆုံးခေါင်းဖျား ကြည့်လိုက်သည်။

သူကတော့ ခင်ဝတီမျက်နှာကို ကြည့်ကာ ဆက်လာမည့်



www.burmeseclassic.com

www.burmeseclassic.com



စကားကို စောင့်ဆိုင်းနေသည့်ဟန်။

"ဪ. . . ကိုယ့်အလုပ်ကို မှတ်မိသားပဲကိုး"

"ကျွန်တော် အရူးမဟုတ်ပါဘူး"

"ဘာ. ."

"ကိုယ့်အလုပ်ကိုယ် မမှတ်မိလောက်အောင် ကျွန်တော် မရူးသွပ်ဘူးလို့ ဆိုလိုတာပါ"

ခင်ဝတီ ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။ ရုတ်တရက် စကားစ ရှာမတွေ့။

"ကျွန်တော်သွားနိုင်ပါပြီလား ခင်ဗျာ"

ရိုကျိုးဟန်ဖြင့် မေးနေသေးသည်။

"နေဦး"

". . . . . . . . . ."

သူ နေရာ၌ ဆက်လက်၍ ရပ်နေသည်။

မြင့်မားသောအရပ်က ခင်ဝတီကိုပင် မိုးနေသည်။ မြန်မာအမျိုးသမီးများတွင် ရှားပါးသည်ဟု ဆိုနိုင်သော ခင်ဝတီ၏ ငါးပေလေးလက်မခွဲကပင်လျှင် သူ့ပခုံးသာသာ ရှိသည်။

ဦးမောင်စံ၏ အရပ်အမောင်းနှင့် သူ့မိခင်ဒေါ်ရင်၏ အသားနှင့် ရုပ်အလှကို ပိုင်ဆိုင်ထားသဖြင့် ယောကျ်ားပီသ ချောမောသောသူ ဖြစ်သည်ကိုတော့ ခင်ဝတီ အသိအမှတ်ပြုလိုက်မိသည်။

"ရှင့်အလုပ်က ညစောင့်အလုပ်ဆိုတာ ရှင်သိရင် ညမှာ အိမ်ခြံ လုံခြုံရေးကိုပဲ တာဝန်ယူပါ။ အခြားအပို မလုပ်ပါနဲ့"

"ခင်ဗျာ. ."

နားမလည်သည့်ဟန်ဖြင့် ခင်ဝတီအား ကြည့်လိုက်သော





မျက်လုံးက အပြာရောင်တွင် မျက်ဆန်နက်နက်က စူးရှထက်မြက်သည်ကိုလည်း အကဲခတ်မိလိုက်ပြန်သည်။

"ရှင် နားလေးနေသလား"

"မလေးပါဘူး"

"မလေးရင် ဘာဖြစ်လို့ ပြန်မေးနေတာလဲ"

"နားမလည်လို့ပါ"

"ဘာမှ နားမလည်စရာအကြောင်း မရှိဘူး"

"ကျွန်တော့်လို ပညာမဲ့တဲ့ကောင်က အစ်မကြီးလို ပညာတတ်တစ်ယောက်ရဲ့စကားကို နားမလည်နိုင်တာကို ခွင့်လွှတ်ပါ"

ခင်ဝတီ ဒေါသထွက်ရမလား၊ ကရုဏာသက်ရမလားပင် ဝေခွဲမရအောင်ဖြစ်သွားသည်။

ကိုယ့်ကိုယ်ကို နှိမ့်ချကာ တမင်မြှောက်ပင့်၍ ခနဲ့ခြင်းလား။ အကယ်ပင် ရိုးသားအပြစ်ကင်းစင်စွာ ပြောခြင်းလားကို ဝေခွဲ၍ရ။ သို့သော် အစ်မကြီးဟူသောစကားကတော့ အနာပေါ် တုတ်ကျသွားသည်ဖြစ်၍. . .

"ဘာအစ်မကြီးလဲ. . . ရှင့်အသက် ဘယ်လောက်ရှိပြီလဲ"

"အသက်ကြောင့် မဟုတ်ပါဘူး၊ အလုပ်ရှင်နဲ့အလုပ်သမား ရိုသေသမှုနဲ့ပါ"

"လာလာချည်သေး. . . ဘာမှ စကားရှည်မနေနဲ့တော့၊ ကျွန်မပြောတာ ရှင်လိုက်နာရမယ်"

"ဟုတ်ကဲ့"

လက်နှစ်ဖက်ကို ရှေ့၌ ယှက်ကာ ခေါင်းကို အနည်းငယ် ငုံ့ထားလိုက်သည်။

ရိုသေတာလား တမင်ရွဲ့နေတာလား ခင်ဝတီ ဝေခွဲ၍မရ။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဝတီမျက်စိထဲတွင် သူ၏ခန့်ညားသောအသွင်ကြောင့် အလုပ်သမားဟန် မပေါက်ဘဲ တမင်ရွဲ့နေသလိုလို မှတ်ယူမိသည်။

"ရှင်. . ညည မယ်ဒလင်မတီးနဲ့"

"ဗျာ. ."

"ဘာဆင်ခြေတက်ဦးမလို့လဲ"

"လူတစ်ယောက်ရဲ့ လူမှုရေးဆိုင်ရာ လွတ်လပ်ခြင်း အခွင့်အရေးကို တားဆီးပိတ်ပင်ရာ မရောက်လွန်းဘူးလား ခင်ဗျာ"

"ဘာ. . ."

ခွေးပါးစပ်က နတ်စကားထွက်သည်ဟု ပြောလိုစိတ်ကို မျိုသိပ်လိုက်ရသည်။

"ရှင့်မယ်ဒလင်သံက တခြားလူတစ်ယောက်ကို ထိခိုက်နစ်နာစေတယ်ဆိုရင်ကော"

"ဒီလိုဆို ကျွန်တော်ပဲ အနစ်နာခံပြီး စိတ်ကို ချုပ်တီးထားလိုက်ပါ့မယ်"

ကျေးဇူးတင်ရမှာလား မောင်မင်းကြီးသားရယ်. . ဟုသာ ခပ်ငေါ့ငေါ့လေး ပြောလိုက်ချင်သော်လည်း အရောဝင်ရာကျမည်စိုးသဖြင့် ခပ်တင်းတင်းသာ နေကာ. . .

"ကောင်းပြီ. . . ဒါဖြင့် ရှင့်ကတိတည်ပါစေနော်"

"ဟုတ်ကဲ့. . . ကျွန်တော်သွားနိုင်ပါပြီလား"

"အင်း"

သူသည် ခင်ဝတီရှေ့ ရိုကျိုးဟန်ဖြင့် ထွက်သွားသည်။

သူ့နောက်ကျောကို ခင်ဝတီ အမှတ်မထင် ငေးကြည့်မိသည်။ လမ်းလျှောက်တာ အင်မတန် စမတ်ကျသည့် ရုပ်ရှင်မင်းသားကြီး ကျော်ဆွေလိုလို ဝင်းဦးလိုလိုနှင့် လမ်းလျှောက်သွားသည်





မှာ ကြည့်၍ကောင်းနေသည်။

"ဟွန်း. . ."

တဒင်္ဂ မှင်သက်သွားမှုကို ချက်ချင်းပင် မျက်နှာလွှဲလိုက်သည်။ ယောကျ်ားတွေများ ကောင်းကောင်းကန်းကန်း လုပ်လို့ စိတ်ဝင်စားစွာ ကြည့်မိသော မျက်လုံးများကိုပင် ဖောက်ထုတ်ချင်အောင် အပြစ်ပေးလိုက်ချင်သည်။

"အံမယ်. . ."

သို့သော် ဦးနှောက်၏ဆုံးဖြတ်ချက် မရခင်၌ ရောက်ရှိသွားသောမျက်ဝန်းရိပ်တွင် မောင်စိုးနှင့် ရယ်မောကာ စကားပြောနေသော သူ့ပုံရိပ်ကို လှမ်းမြင်လိုက်ရသည်။

ပြုံးရယ်တော့လည်း သွားတက်ကလေးများ၊ မေးချိုင့်များနှင့် နုငယ်လှပသွားသယောင်ယောင်။

ခင်ဝတီ ချက်ချင်းမျက်နှာလွှဲကာ အိမ်ဘက်သို့ လျှောက်လာလိုက်သည်။

မောင်စိုးနှင့်သူ ဘာတွေများ ပြောနေကြသနည်း။ မိမိအစာင်းပြောကာ ဟားနေကြသလား။ မောင်စိုးကို မေးလိုက်လျှင်တော့ သိနိုင်သည်။

မမေးတော့ပါဘူး။ မေးလိုက်လျှင် သူ့အား စိတ်ဝင်စားသည်ဟု ထင်မှတ်ကာ နားထင် သွေးရောက်သွားနိုင်သည်။

ဥပေက္ခာပြုလိုက်ခြင်းသာလျှင် အကောင်းဆုံးသော အောင်နိုင်ခြင်းတစ်ရပ်ဖြစ်ပေသည်။

"ခင်ဝတီ. . . ထမင်းမစားသေးဘူးလားဟဲ့"

"မဆာသေးဘူး ဘွားဘွား"

"ဒါဖြင့်လည်း ကြယ်ပေါ်မှပဲ စားတော့၊ ကျုပ်တော့ ဆာပြီ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း စားရမှာ ပျင်းလို့"

"အန်တီကော"

"နင့်အန်တီ ဟိုဘက်ခြံ သွားလည်နေတယ်"

"ဒါဖြင့်လည်း စားလိုက်မယ်"

"တတ်လည်း တတ်နိုင်တယ်"

"အံမယ်. . . ဘွားဘွားတစ်ယောက်တည်း ပျင်းတယ်ဆိုလို့ ဝင်စားပေးတာပါနော်"

"ကျေးဇူးတော် အနန္တပါတဲ့ရှင်"

ဘွားဘွားသည်လည်း ခနိုးခနဲ့လေးများနှင့် ပြောတတ်တုန်းပင် ရှိသည်။ ဘွားဘွားစိတ်သည် အမြဲနုပျိုလန်းဆန်းနေတတ်သည်။ ထို့ကြောင့်လည်း အသက်ရှည်သည် ထင်ပါသည်။

"ခုန သမီးနဲ့မောင်ဘုန်း ဘာတွေပြောနေကြတာလဲ"

"မပြောပါဘူး"

ထမင်းစားဝိုင်း၌ ထိုင်လျှင်ထိုင်မိချင်း ဘွားဘွားက သူသိလိုသောအချက်ကို မေးလိုက်သည်။

"ဘွားဘွား တွေ့ပါတယ်"

"ဟုတ်တယ်လေ. . . စကားပြောတာမဟုတ်ဘူး၊ ခင်ဝတီသူ့ကို အမိန့်ပေးနေတာ"

"ဘုရားရေ. . . ဘာတွေများ အမိန့်သွားပေးရတာလဲ"

"ညည မယ်ဒလင် မတီးဖို့"

"သူက ဘာပြောသလဲ"

"ပထမတော့ ဆင်ခြေတက်သေးတာပေါ့၊ ဘာရမလဲ. . . ခင်ဝတီပဲဟာ၊ ပြောတဲ့အတိုင်း လုပ်ဖို့ အမိန့်ပေးလိုက်တယ်"

"ယောကျာ်းလေးတစ်ယောက်ကို ရှိုင်းရှိုင်းစိုင်းစိုင်းများ





ပြောဆိုမိသလား သမီး"

"အလုပ်သမားတစ်ယောက်ကို အမိန့်ပေးရုံလောက်ပါ"

ဟင်းခနဲ ဘွားဘွားက သက်ပြင်းချလိုက်သည်။

"ဘာပဲပြောပြော ညှည်းအမေသွေးကတော့ ညည်းကို စိုးမိုးနေတာပါပဲလား"

ခင်ဝတီသည် ဘွားဘွားကို တုံ့ပြန်မပြောတော့။ အငြိမ့်မင်းသမီးဘဝမှ ညွှန်ကြားရေးမှူးကတော်ဖြစ်လာသော မေမေ မသဇ္ဈာသည် ဘဝင်မြင့်ကာ မိမိထက် နိမ့်ပါးသူကို မတူမတန်သလို ဆက်ဆံတတ်သည်။

ဖေဖေ့ကို ကြောက်ရ၍သာ တော်သေးသည်။ ထို့ကြောင့်ထင်ပါသည်။ ဖေဖေနှင့် ပတ်သက်သောဝန်ထမ်းများသည် အိမ်သို့အဝင်အထွက် နည်းပါးသည်။ ဖေဖေကသာ အိမ်ပြင်အထွက်များခြင်းဖြစ်သွားသည်။

"မေမေ့လိုတော့ မဟုတ်ပါဘူး"

"သမီးလည်း ပညာတတ်ပဲလေ၊ ငါတို့ပေးတဲ့လခကို စားနေတဲ့အလုပ်သမားပဲဆိုပြီး နှိမ့်ချပြောဆိုတဲ့ခေတ်မျိုးလည်း မဟုတ်ဘူး၊ ကိုယ့်အကျိုးအတွက် သူ့ဆီက လုပ်အားကို ယူတယ်၊ ဒီအတွက် ထိုက်တန်တဲ့လုပ်အားခ ပေးရတယ်၊

ဒါ အပြန်အလှန် ကျေးဇူးရှိနေခြင်းပဲ၊ လုပ်အားကို ငွေနဲ့တန်ဖိုးဖြတ်လိုက်ပြီးရုံ မကဘူး၊ ငါ့အလုပ်သမားဆိုတဲ့အာဏာနဲ့ သူ့ရဲ့လွတ်လပ်ခွင့်တွေကို လိုက်ပြီးတားဆီးပိတ်ပင်တယ်ဆိုတာ မကောင်းဘူး၊ ရိုင်းတယ်လို့ ဘွားဘွားထင်တယ်"

ဘွားဘွားသည် စက်ရှင်တရားသူကြီးသမီး၊ အမိန့်တော်ရဝတ်လုံမင်းကတော်ဖြစ်ခဲ့သူပီပီ စကားအပြောအဆိုမှာ အင်မတန်



www.burmeseclassic.com

www.burmeseclassic.com



ပါးနပ်တတ်ကျွမ်းလေသည်။ သူမကိုယ်တိုင်လည်း ဟိုက်စကူး ဖိုင်နယ် ခေါ်သော အတန်းကို အောင်မြင်ခဲ့သူဖြစ်သည်။

ခင်ဝတီ ငြိမ်ငြိမ်ကလေး နားထောင်ကာ ထမင်းစားနေလိုက်သည်။

ထမင်းဟင်း အရသာသည် လျှာပေါ်၌ အမျိုးအမယ်ပင် မထင်ပေ။

မိမိလွန်သွားသလား။ မလွန်ဘူး ထင်ပါသည်။ ယောက်ျား ဆိုသော လူအမျိုးအစားကို ထိုသို့ဦးချိုးထားနိုင်မှ တန်ကာကျမည် ထင်ပါသည်။

"နောက်ပြီး ယောက်ျားလေးနဲ့မိန်းကလေးဟာ ဘုန်းကံ ချင်း သိပ်ကွာတယ်၊ ကိုယ့်ဘက်ကလည်း အသက်ကြီးတဲ့ ဘုန်းကြီးတဲ့ ယောက်ျားလေးတစ်ယောက်ကို ချိုးချိုးဖှဲဖှဲ ပြောဆိုအမိန့်ပေးကာ ယဉ်ကျေးမှု နည်းပါးရာ မကျဘူးလား သမီး"

"နောက်ကို ခင်ဝတီ ဆင်ခြင်ပါ့မယ်၊ ဒါပေမယ့် မယ်ဒလင် ကိစ္စနဲ့ ပတ်သက်လို့ကတော့ ခင်ဝတီ လိပ်ပြာမသန့်လို့ သူ့ကို မတီးဖို့ ပြောလိုက်မိတာပါ"

"သူ လက်ခံသလား"

"လက်ခံပါတယ်"

"ဒါဖြင့်လည်း ပြီးရော၊ မောင်ဘုန်းကြည့်ရတာ ကျက် သရေ ရှိပါတယ်၊ ပေါ့ပေါ့ရမ်းရမ်းပုံစံ လုံးဝမရှိဘူး၊ သမီးထက် လည်း အသက်ကြီးတယ်၊ ရှိရှိသေသေ ဆက်ဆံဖို့ မလိုပေမယ့် ရိုင်းရိုင်းစိုင်းစိုင်းတော့ မပြောမိစေနဲ့နော်"

"ဟုတ်ကဲ့"

ဘွားဘွားစကားတို့သည် လက်ခံဖွယ်ရာ ရှိပါသည်။





ဘွားဘွားသည် အခြားအဘွားကြီးတွေကဲ့သို့ စကားမရှိ စကားရှာကာ အတင်းအဖျင်းပြောပြီး အလိုလောဘကြီးကာ တရား လက်လွှတ် စကားများနေသော အဘွားကြီး မဟုတ်ပေ။

လိုအပ်မှ စကားရှည်ရှည် ပြောတတ်သည်။

"မောင်ဘုန်းလည်း ညနေညတာအတွက် ရှိနေပြီဆိုတော့ ဘွားဘွား မိုးကုတ်ရိပ်သာမှာ ဆယ်ရက်စခန်း သွားဝင်လိုက်ဦး မယ်"

"ဘယ်တော့လဲ"

"သန်ဘက်ခါ"

"ခင်ဝတီ လိုက်ပို့ပေးမယ်"

"ငါ့မြေးပါ လိုက်ဝင်ပါလား"

"ညနေစာ မစားဘဲ မနေနိုင်ပါဘူး"

"အင်း . . . တရားမမွှရဲ့အဆုံးအမ မခံရသေးတော့လည်း ငါ့မြေးမှာ မာန်မာနတွေ ဖုံးလွှမ်းနေတာပေါ့ကွယ်၊ ညနေစာ အငတ် မခံနိုင်လည်း နေ့လည်ဘက် အဘွားနားမှာ လာပြီး တရားနာ တရားမှတ် လုပ်ပါလား"

"နောက်မှ . . . ဖေဖေ တင်ခိုင်းထားတဲ့လျှောက်လွှာလည်း တင်ရဦးမယ်"

"ဆင်ခြေချည်းပဲ"

ဘွားဘွားက ခွင့်လွှတ်အပြုံးနှင့် ပြုံးကာ ထမင်းစားဝိုင်းမှ ထသွားလေသည်။

လူကြီးသုပ် လက်ဖက်အစ်ကလေး မ,သွားလေသည်။

တအောင့်တနား တီဗီကြည့်မည်။ သတင်းစာလည်း ဖတ် မည်။ လက်ဖက်နှင့်ရေနွေးလည်း သောက်မည်။ ပြီးမှ ဘုရားရှိခိုး



www.burmeseclassic.com

www.burmeseclassic.com



တရားထိုင် အမှုအတန်းဝေပြီး ဆယ်နာရီခန့်တွင် အိပ်ရာဝင်မည်။ ဤသည်မှာ ဘွားဘွား၏နေ့စဉ်အလုပ်ပင်။

သူလည်း ဘွားဘွားကဲ့သို့ အေးချမ်းစွာ နေတတ်အောင် လေ့ကျင့်ရပေဦးမည်။ ဘိုးဘိုး ဆုံးချိန်၌ ဘွားဘွားသည် အသက်လေးဆယ်အရွယ်ကလေးနှင့် မုဆိုးမ ဖြစ်ခဲ့သည်။

သို့သော် ဘိုးဘိုးအမွေအနှစ်များ မပွန်းပဲ့စေဘဲ ဘဏ်တိုးနှင့်သာ သားသမီးနှစ်ယောက်ကို လူသားမြောက်အောင် ပြုစုစောင့်ရှောက်နိုင်ခဲ့သည်။

လှသောဘွားဘွားအား မုဆိုးမဖြစ်သော်ငြားလည်း လက်ထပ်ရန် ကမ်းလှမ်းသူတွေ ဒုနဲ့ဒေး ရှိခဲ့သည်။

ဘွားဘွားသည် ဘိုးဘိုးမှတပါး ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့။

ဘွားဘွား၏အမွေကို အန်တီလေးနှင့်ဖေဖေ ရခဲ့သည်။ အန်တီလေးသည် တက္ကသိုလ်တက်စဉ် ဆေးတက္ကသိုလ် ကျောင်းသားတစ်ဦးနှင့် ချစ်ကြိုက်ခဲ့သည်။ သို့သော် ထိုကျောင်းသားသည် ကျောက်ကပ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

အန်တီလေး လုံးဝကျောင်းဆက်မတက်တော့။ တက္ကသိုလ်နှင့် အဝေးဆုံးကို ရှောင်ရှားကာ စီးပွားရေးထဲ ဇာတ်မြှုပ်လိုက်သည်။

ဖေဖေသည် အရာရှိပေါက်စဘဝ၌ မေမေ့အငြိမ့်ပွဲကို ကြည့်မိရာမှ ခေါင်းဆောင်မင်းသမီးပင် မဖြစ်သေးသော မေမေ့ကို ခွဲလမ်းသွားရာ လက်ထပ်ရန် ကြိုးပမ်းသည်။

ဘွားဘွားက လုံးဝသဘောမတူသဖြင့် ကန့်ကွက်သည်။ သို့သော် ဘွားဘွားသည် အခြားမိခင်တွေလို နှလုံးရောဂါကို





အကြောင်းမပြ။ ခပ်မာမာပင် 'ငါ့ကို ဖြတ်မလား . . . အငြိမ့်သမကို ဖြတ်မလား' မေးခဲ့သည်။

ဖေဖေကလည်း ပြတ်ပါသည်။

"မေမေက သားကို ဖြတ်ပေမယ့် သားမဖြတ်ပါ၊ မသဉ္ဇာကိုလည်း မဖြတ်နိုင်ပါဘူး မေမေ"

ဆိုကာ နှစ်ဦးသဘောတူ လက်ထပ်သွားခဲ့သည်။

ဘွားဘွား မျက်ရည်မကျခဲ့ပါ။

"ကိုယ့်သားသမီး ကိုယ်ပိုင်ဆိုင်ရမယ်၊ ကိုယ့်ဩဇာပဲ ဖြစ်ရမယ်လို့ သတ်မှတ်ထားလို့မှ မရဘဲလေ၊ သူ့ကံတရား သူစီမံသွားတာပဲ၊ မေမေ ဘာတတ်နိုင်မှာလဲ"

ဟုသာ ပြောနိုင်ခဲ့သည်။

ခင်ဝတီ မွေးတော့ မသဉ္ဇာ၌ သွေးတိုးဆီးချို ဝင်သည်။ ခင်ဝတီ မိခင်နို့ မသောက်ရ၊ ပိန်ချုံးကာ အီသီယိုးပီးယားပုံ ပေါက်နေသည်ဟု အန်တီက တွေ့မြင်သောအခါ ဘွားဘွားကို ပြန်ပြောပြသည်။

သားအချစ် မြေးအနှစ်ဖြစ်၍ မြေးဦးခင်ဝတီသည် ဘွားဘွားလက်ပေါ် ရောက်လာသည်။ ဘွားဘွားနှင့်အန်တီက နှီးဘူးတိုက်ကာ ပြုစုယုယမှုအောက်၌ ခင်ဝတီ ဖွံ့ဖြိုးကာ ဝဝတစ်တစ်နှင့် ချစ်စရာဖြစ်လာခဲ့သည်။

ဖေဖေနှင့်ဘွားဘွားလည်း ငြိမ်းချမ်းမှု ရခဲ့သည်။ သို့သော် ချွေးမကိုတော့ မောက်မာရိုင်းစိုင်းသည်ဆိုကာ ဘွားဘွားကြည့်မရခဲ့၊ စကားမပြောသေးချေ။

တစ်ယောက်ဆိုတစ်ယောက် ချစ်တတ်သော မိသားစုမှီရိုးမှ ဆင်းသက်လာသော ခင်ဝတီကတော့ ဘယ်ယောက်ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



ချစ်မရခဲ့။

ကြည့်မရတာတွေကတော့ ယောကျ်ားလေးတိုင်းလိုလိုပင်။

"မမလေး. . . သိမ်းလိုက်ရမလား"

"သိမ်းပေါ့"

မမဲက မေးလိုက်တော့မှ ထမင်းစားပြီး စားပွဲမှ မထသေးဘဲ ငိုင်နေမိသောအဖြစ်ကို သတိထားလိုက်မိသည်။

ဘွားဘွား၊ ဖေဖေ၊ အန်တီတို့သည် တစ်မိုးအောက်၌ တစ်ယောက်တည်းကိုသာ ချစ်တတ်သောနှလုံးသား ရှိသည်ထင်ပါသည်။

အမှန်တော့ အချစ်ဟူသည် စမ်းရေစီးနှယ် တသွင်သွင် စီးလျက်ရှိသည်။ မကုန်ခမ်းနိုင်။ ထို့အတူ အမုန်းတရားသည်ကား ယောကျ်ားများကို အထင်ကြီး၍မရ။ မုန်းတီးသောစိတ်တို့သည်လည်း ကုန်ခန်းလိမ့်မည် မဟုတ်ပေ။

ဘွားဘွားသည် ယောကျ်ားဆုံးသွားလည်း သူ့ဘဝသူ ရပ်တည်နိုင်သည်။

အန်တီလည်း အချစ်သစ် မရှာဘဲ လောကကြီး၌ ရပ်တည်သွားနိုင်သည်။

ယောကျ်ားရှိမှ လောကကြီး၌ ရပ်တည်နိုင်သည့် ခပ်ညံ့ညံ့ မိန်းမစားတွင် ခင်ဝတီ မပါ။

"မမလေး. . . ငှက်ပျောသီး မစားတော့ဘူးလား"

အတွေးအိမ်၌ နစ်မျောရင်း ထိုင်ရာမှ ထလိုက်ပြန်တော့လည်း မမဲက မေးပြန်သည်။

အမြဲတမ်း လုပ်ဆောင်နေကျ အလုပ်တစ်ခု မလုပ်လျှင် သိသာထင်ရှားတတ်သည်။ ထမင်းစားပြီးတိုင်း ငှက်ပျောသီး စားနေ





ကျ မိမိသည် မစားဘဲ ထလိုက်သည်နှင့် မမဲပင် တန်း၍ သတိပြုမိသွားသည်။

"ဪ. . . အေး"

အတွေးများနေသူသည် အေးတိအေးစက်နှင့် လေးလံထိုင်းမှိုင်းကာ မေ့လျော့သွားတတ်သည် ထင်ပါသည်။

ရွှေငှက်ပျောသီးတစ်လုံး ကောက်စားပြီး ထမင်းစားခန်းက ထွက်ခဲ့သည်။

တိတ်ဆိတ်သောညနေခင်းကို ဖျင်းရိခြင်းနှင့် ဖြတ်ကျော်ရပေဦးမည်။

တစ်ခါတစ်ရံလည်း လောကကြီး၌ အလုပ်လက်မဲ့ နေရခြင်းသည် အဓိပ္ပါယ်မဲ့သယောင်ယောင်၊ ဖေဖေ့ဆန္ဒအရ အလုပ်ဝင်လုပ်လိုက်လျှင် ကောင်းမည်ထင်သည်။ ဆရာမအလုပ်နှင့် မိမိ ဖြစ်ပါ့မလား။ စိတ်မရှည်ချင်။

"ခင်ဝတီရေ. ."

"ရှင်. . ဘွားဘွား"

"ဘွားဘွား ရှောစောင်လေး ဒီရိပ်သာအမီ ခြုံရပါ့မလား"

"ဘွားဘွားက ရိပ်သာဝင် တရားထိုင်ဖို့လား၊ ရှောစောင်အသစ် ကြွားဖို့လား"

"အစုတ်ပလုတ်မလေး. . . ငါ့မြေးထိုးပေးတဲ့ ခြုံစောင်လေးနဲ့ နွေးထွေးချင်လို့ပေါ့ဟဲ့"

"မီမှာပေါ့ ဘွားဘွားရယ်"

ဘွားဘွားပြောလိုက်မှ သတိရသည်။ ခင်ဝတီ၌ အလုပ်ရှိနေသည်ပဲ။ အိမ်တွင်းမှုလုပ်ငန်းသည်လည်း အလုပ်ပါပဲလေ။ ဘွားဘွား ရိပ်သာအမီ ထိုးပေးမှ။



www.burmeseclassic.com

www.burmeseclassic.com




ဘွားဘွားအတွက် ထိုးလက်စ ရှောစောင်တန်းလန်းလေး ကို ကောက်ကိုင်လိုက်သည်။

တဒင်္ဂတော့ ပျံ့လွင့်နေသောစိတ်တို့သည် ငြိမ်သက်သွားလေသည်။









အမုန်းတရားတွေ သိမ်မထားနဲ့
မုန်းလွန်းအားကြီးရင် နောက်ဆုံး
အမုန်းတွေ အကုန်မြိန်သွားပြီး
ချစ်သွားတတ်တယ်။

# အခန်း(၇)

"မင်းရဲ့အခန်းနား . . ညစဉ်လိုတီးခတ်ဖွဲ့ဆို ကိုယ့်အချစ်သီချင်း . . .

ဖိုးလမင်းကြီး အလွတ်ရလောက်နိုင်တယ် . . .
နေ့ဘက်ချိန်းတော့ ငြင်းပယ်ပြီး . . .
ညဘက်ကျမှ တိတ်တဆိတ်လှမ်း . . ."
မင်ဒလင်သံတော့ မဟုတ်တော့။
ဂစ်တာသံ။
"ဒါ သက်သက် ခင်ဝတီကို ချီးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ဘာဖြစ်တာလဲ"

ဟုတ်ပါသည်။ ခင်ဝတီကို တမင်ချိုးလိုက်တာဟု ခင်ဝတီ မှတ်ယူလိုက်ပါသည်။ ဒေါသကြောင့် ခင်ဝတီမျက်နှာ ရဲတက်လာသည်။ ပြတင်းပေါက် ရှိရာ လျှောက်သွားပြီး လိုက်ကာကို ဖယ်ကြည့်လိုက်သည်။

ဒင်း. . ဒင်းမှ ဒင်းအစစ်။

"ဟင်း. . "

"ဟဲ့. . . ဘာများဖြစ်နေတာလဲ၊ အကျိုးအကြောင်းလေး များ ပြောပါဦးတော့လား"

"မတွေ့ဘူးလား. . . အန်တီ့လူ သက်သက်လူပါးဝနေတာ၊ မတွေ့ဘူးလား"

"ဘယ်က ငါ့လူလဲ"

အန်တီက ခင်ဝတီအပါး ရပ်ကာ ခင်ဝတီ ကြည့်ရာသို့ လိုက်ကြည့်သည်။

"ဩော်. . . မောင်ဘုန်းကိုး၊ ငရဲတွေ ငအုံတွေ ကြီးကျန် တော့မှာပဲ၊ ကိုယ့်တူကိုယ့်သားအရွယ်ကို"

"အန်တီ့အကောင် လူပါးဝနေတာ မတွေ့ဘူးလား"

"ဘာဝလို့လဲ"

"ဂစ်တာတီးနေတာလေ"

"ဂစ်တာတီးတာ ဘာဖြစ်လဲ၊ နားထောင်လို့တောင် ကောင်းသေးတယ်"

"မရဘူး. . မရဘူး. . ခင်ဝတီကို ဒါမျိုး စမ်းလို့မရဘူး"

ခင်ဝတီ ဒေါသကို ထိန်းချုပ်၍မရတော့။ လိုက်ကာကို ဆတ်ခနဲ ချပြီး ချာခနဲ လှည့်ထွက်ကာ ဧည့်ခန်းကြီးမှ တောက်





လျှောက် ထွက်ခဲ့သည်။

"ဟဲ့. . . ဘယ်လဲ"

အန်တီကလည်း မေးရင်း အပြေးတစ်ပိုင်း ခင်ဝတီနောက်မှ လိုက်ခဲ့ရလေသည်။

ခင်ဝတီ ဘာကိုမှမမြင်။ ဘာကိုမှ မကြားတော့။ စိတ်အစဉ်၌ ဂစ်တာသံသာ လွှမ်းမိုးနေသည်။

. . ချစ်မှာလား. . ပိုင်ဆိုင်ခွင့်ပေးကွယ်. .

မင်းတစ်ယောက်တည်း ကိုယ်လေမျှော်လင့်တယ်. .

"ရပ်စမ်း"

ကြည့်. . . မိမိလာသည်။ သူ့အနား၌ ရပ်လိုက်သည်ကို တွေ့မြင်လျက်နှင့် ဂစ်တာအတီးမပျက်။ သိပ်ကို လွန်လွန်းပြီဖြစ်၍ ခင်ဝတီ ခါးထောက်ကာ အမိန့်ပေးလိုက်သည်။

ဂစ်တာသံ ရပ်သွားသည်။

ဘာမှနားမလည်ဟန်မျိုးနှင့် ခင်ဝတီအား ကြည့်ကာ. . .

"ဘာခိုင်းချင်လို့ပါလဲ"

"ဘာ. . ."

အပြစ်ကင်းသူ၏လေသံနှင့် ကြားလိုက်ရသဖြင့် ဒေါသ အထွတ်အထိပ် ရောက်သွားသည်။ သူ့လက်ထဲမှ ဂစ်တာကို ဆွဲယူ ပစ်ချင်စိတ်ကို ထိန်းချုပ်လိုက်ပြီး. . .

"ရှင် ယောကျ်ားမဟုတ်ဘူးလား"

"ဗျာ. . . ကျွန်တော့်ပုံစံက အခြောက်နဲ့ တူနေလို့လား"

"ခင်ဝတီ. . . ဘာဖြစ်လို့ ဒီလောက်တောင် ဒေါသကြီးနေတာလဲ၊ စကားကို ပြေပြေပြစ်ပြစ် ပြောစမ်းကွယ်"

အန်တီက ခင်ဝတီ့ပခုံးကို ပုတ်ကာ သတိပေးစကား ပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဂရုစိုက်မနေဘဲ. . .

"ရှင့်ကို ကျွန်မ ဘာပြောထားသလဲ"

"မယ်ဒလင် မတီးဖို့ ပြောထားပါတယ်"

"ရှင် မလိုက်နာဘူး၊ ကတိမတည်ဘူး၊ ရှင် ယောကျ်ား
မဟုတ်ဘူး"

"မမလေး မှားနေပါပြီ၊ ကျွန်တော် မမလေးအမိန့်ကို လိုက်
နာပါတယ်၊ ကျွန်တော် ခု တီးတာ မယ်ဒလင်မှ မဟုတ်ဘဲ. . .
ဂစ်တာပါ"

"ဘာ. . ."

"မမလေး တားမြစ်ထားတာ မယ်ဒလင်ပါ၊ ကျွန်တော့်ကို
ဂစ်တာမတီးဖို့ မတားမြစ်ထားပါဘူး၊ ကျွန်တော်ကတိတည်ပါတယ်
ယောကျ်ားပါ"

ခင်ဝတီ ဒေါသစိတ် မွန်တက်လာသည်။ သူပြောတာ မှန်
သည်။

သို့သော် ထိုမှန်သောစကားကပင် ခင်ဝတီအား စော်ကား
သလို ဖြစ်နေပြန်သည်။

အန်တီက ပြုံးယောင်ယောင် မျက်နှာပေးနှင့်. . .

"ခင်ဝတီရယ်. . . လူတစ်ယောက်ရဲ့လွတ်လပ်ခွင့်ကို ဒီ
လောက်အထိအောင် မချုပ်ချယ်ပါနဲ့"

"ချုပ်ချယ်မယ်. . . မကျေနပ်ရင် မလုပ်နဲ့၊ မယ်ဒလင်ရော
ဂစ်တာရော မတီးရဘူး၊ အပျိုရှိတဲ့အိမ်မှာ လူပျိုက ဂစ်တာ
ဖိုသံပေးတာ မလိုချင်ဘူး"

"ကျွန်တော် ဝါသနာအရ အိပ်ချင်ပြေ ဆိုတီးမိတာ
ဖိုသံပေးတာ မဟုတ်ပါဘူး၊ မမလေးကို စိတ်နဲ့တောင် ယောင်



www.burmeseclassic.com



မပြစ်မှားရဲပါဘူး"

"ပြစ်မှားရဲလို့ကော ရမလား၊ တူသလား. . . တန်သလား"

"ဟဲ့. . ခင်ဝတီ. . နင့်စကားတွေဟာ အဆင့်မရှိလိုက်
တာ၊ လာစမ်း. . . ဟိုမှာ အမေ့အခန်းက မီးလင်းလာပြီ၊ တော်ကြာ
အအေးထဲ ဆင်းလာလို့ အအေးမိနေဦးမယ်၊ မောင်ဘုန်းကလည်း
နောက်ကို ဒီခြံထဲမှာ ဘာမှ မတီးနဲ့ မဆိုနဲ့ကွယ်၊ ကိုယ့်အိမ်ရောက်မှပဲ
တိုယ်လုပ်. . . ဟုတ်လား"

"ဟုတ်ကဲ့ပါ အန်တီ"

ရိုကျိုးစွာ ကိုယ်ကို ခပ်ရှိုရှိုပြု ကတိပေးလိုက်သည်။

"တောက်"

အကြောင်းမသိသူများကတော့ တကယ့်ကို ကျိုးနွံရှာပေ
သည်ဟု ထင်ပေမည်။

အမှန်တော့ ခင်ဝတီကို ပမာမခန့် လုပ်ခြင်းဖြစ်ကြောင်း
ခင်ဝတီ အလိုလို သိနေသည်။

"လာစမ်း ခင်ဝတီ"

အန်တီ ဆွဲခေါ်ရာသို့ လိုက်ပါခဲ့ရသော်လည်း ဒေါသစိတ်
ာ သူ့အပေါ်ပဲ စုပြုံကျန်ရစ်သည်။

"ကိုယ့်ထက်လည်းကြီး၊ ယောကျ်ားတစ်ယောက်လည်း
ဖြစ်သူအပေါ် ဒီလောက်အထိ နှိမ့်ချပြောဆိုတာ မရိုင်းလွန်းဘူး
သား ခင်ဝတီ"

"ရိုင်းသင့်ရင် ရိုင်းရမှာပဲ"

"ဟင်း. . . မျိုးရိုးကတော့ မတိမ်ကောပါလားနော်"

အိမ်ထဲ ရောက်တော့ တူဝရီးနှစ်ယောက် ရန်ပွဲ ကြာက်ရ
သည်။ မေမေနှင့်အန်တီသည် လုံးဝမတည့်ခဲ့။ မေမေ့ကို အောက်



www.burmeseclassic.com

www.burmeseclassic.com



တန်းစားဟု အထင်သေးကာ နှိမ်ချတတ်သည်။ မေမေကလည်း မခံ။ အကြောက်အလန့် အရှက်တရားနည်းကာ ဒေါသထွက်လာလျှင် နပန်းဖက်သတ်ဖို့ ဝန်မလေးတတ်။

"ဒါကျတော့ မျိုးရိုးမတိမ်ကောဘူး အန်တီပြောတယ်၊ ဟိုကောင်ကျတော့ အရက်သမားသား၊ အရက်သမားသား အရက်သမား ဖြစ်ရမယ်ဆိုတာ လက်မခံဘူး"

"သူ အရက်သောက်တာ တစ်ခါမှ မတွေ့ဘဲ"

"တွေ့မလား. . . ကိုယ်တွေက အစောကြီး အိပ်နေပြီးတော့၊ ကိုယ့်အိပ်ချိန်မှာ သူသောက်ရင် သိမလား"

"မောင်စိုးတို့ကို ငါမေးကြည့်ပြီးပါပြီ. . . မသောက်ပါဘူးတဲ့"

"သြော်. . . အချင်းချင်း ဖုံးဖိထားမှာပေါ့၊ ဒါကို အန်တီတို့က ယုံစားသလား"

"သောက်လည်း ဘာဖြစ်သလဲ. . . ယောကျ်ားလေးပဲ အလွန်အကျွံ မဟုတ်ရင် ပြီးတာပဲ၊ ကိုကိုကြီးတောင် သောက်သေးတာပဲ၊ ဒါကိုပဲ အပြစ်တစ်ခုလို ပုံကြီးချဲ့မနေပါနဲ့ သမီးရယ်၊ ဂစ်တာတီးတယ်ဆိုတာလည်း လူငယ်တို့ ဘာသာဘာဝ သူ့ဘာသာသူ ပျော်ရာကို ဖန်တီးပြီး နေရှာတာ၊ ဒါကိုလည်း ယိုးမယ်ဖွဲ့ အပြစ်မရှာသင့်ဘူး၊ ကိုမောင်စံတုန်းကလည်း တီးနေဆိုနေတာပဲ"

"တော်ပြီ. . . ခင်ဝတီ အိပ်တော့မယ်၊ အန်တီ ဘာမှထပ် မပြောနဲ့၊ လူပုံစံကိုက ဆောင့်ကြွားကြွားနဲ့၊ ခုလို ဦးချိုးထားမှ တန်ကာကျမယ်၊ ဘာမှ မတီးစေ မဆိုစေနဲ့၊ လေတောင် မချွန်နဲ့လို့ ပြောထားလိုက်နော်"

"ညည်းနဲ့တော့ ခက်တော့တာပဲ သမီးရယ်"





"မခက်နဲ့လေ. . . အန်တီ့လူကကော ထောင့်ကျိုးလို့လားလို့"

"ကျိုးပါတယ်. . . ညည်းက အမုန်းမျက်စိနဲ့ ကြည့်တော့ မုန်းစရာတွေပဲ မြင်မှာပေါ့၊ ကောင်လေးမှာ ဘာအပြစ်မှ မရှိပါဘူး၊ သီချင်းဆိုတာ၊ ဂစ်တာတီးတာ၊ မယ်ဒလင်တီးတာ အပြစ်မဟုတ်ဘူး၊ ဒါပေမယ့် အဲဒါတွေဟာ ညည်းနှလုံးသားကို ပုတ်ခတ်နေတယ်ဆိုရင်တော့လည်း ကျုပ်ပြောထားလိုက်ပါ့မယ်၊ မတီးဖို့ မဆိုဖို့၊

ညည်းကိုယ်တိုင် စိတ်ဆိုးပြီး ညကြီးအချိန်မတော် ယောကျ်ားတစ်ယောက် ရှိတဲ့နေရာကို သွားဖို့ မသင့်တော်ဘူး၊ ဒါကိုတော့ ဆင်ခြင်ပါ"

"ဒေါသထွက်သွားတာကိုး"

"အင်း. . အင်း. . အမုန်းတရားတွေ သိပ်မထားနဲ့၊ မုန်းသွန်းအားကြီးရင် နောက်ဆုံး အမုန်းတရားတွေ အကုန်မြန်ပြီး ချစ်သွားတတ်တယ်"

"ဟွန်း. . . အသက်သာ အသေခံလိုက်မယ်၊ အိမ်က ခိုင်းတဲ့လူကို တစ်သက်လုံး မချစ်ဘူးမှတ်၊ တန်ရာတန်ရာ ပြောပါ ဒေါ်လေးရာ"

"ကြည့်သေးတာပေါ့"

ဒေါသတို့ အေးစက်သွားပြီဖြစ်သဖြင့် ခင်ဝတီစိတ်၌ ဝေဖန်ပိုင်းခြား ဆင်ခြင်နိုင်လာသည်။

ဒေါသအလျောက် သူရှိရာသို့ ဆင်းသွားမိသည်။ အချိန်ဆိုသည် ဆယ်နာရီပင် ကျော်နေပြီ။ အန်တီပြောသလို မကောင်းသော်သေးသည်. . . ကိုယ်ထိလက်ရောက် မကျူးလွန်မိ၍။ တစ်ခါတစ်ရံ ဒေါသစိတ်သည် ဆင်ခြင်တုံတရားကို ပျောက်ကွယ်စေနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အန်တို့ကို ကျော်ခိုင်းပြီး အပေါ်ထပ် တက်ခဲ့သည်။ တိတ်ဆိတ်ခြင်း ကြီးစိုးသွားသည်။

တစ်ခုခု လိုအပ်နေသယောင်ယောင်ပင်။

ဦးမောင်စံ၏မယ်ဒလင်သံလေလား။

အိပ်ခန်းမှီး ပိတ်လိုက်သည်။ ခြံဝင်းအတွင်း ချောင်းကြည့်လိုက်သည်။

ခုံတန်းလျားလေးပေါ်၌ ဂစ်တာသည် မျက်နှာငယ်စွာနှင့် လဲလျောင်းအနားယူနေရှာသည်။

ဂစ်တာပိုင်ရှင်ကတော့. . .

"ဟင်. ."

သူ အလှမွေးမြက်ခင်းပေါ်၌ မုဆိုးဒူးထောက်ထိုင်ကာ အကြော်ပွင့်ဖြူလွလွလေးများနှင့် စာတန်းထိုးနေသည်။

အပေါ်စီးမှ ဖြစ်၍ ခင်ဝတီ ကောင်းကောင်းမြင်ရသည်။ အင်္ဂလိပ်အက္ခရာစာလုံးနှင့် ရေးထားခြင်းဖြစ်သည်။

အမ်အေ. . ဖြစ်သည်။

'မ' အပြင် သူ ဘာဆက်ရေးဦးမည်နည်းဟု ခင်ဝတီ စောင့်ကြည့်သည်။ ဆက်မရေးဘဲ ဒူးထောက်ကာ ထိုစာလုံးလေးကို သူကြည့်နေသည်။

သည်လူ၌ ချစ်သူရှိနေသည်ထင်သည်။ ထိုချစ်သူသည် 'မ' ဆိုသောအမျိုးသမီးဖြစ်ပေမည်။ 'မ' ဆိုတာ အမည်ဟုတ်ချင်မှ ဟုတ်မည်ဖြစ်ပေမည်။ သူ တင်စားခေါ်ခြင်းလည်းဖြစ်နိုင်သည်။

သူ နေရာမှ ထလိုက်သည်။ ခုံတန်းလျားလေးဆီသို့ ပြန်လျှောက်သွားသည်။ ဂစ်တာကို ကိုင်ကာ ဖယ်ရှားပြီး ထိုင်လိုက်





သည်။

ဂစ်တာကို လက်နှင့် ပွတ်သပ်ကာ ငြိမ်သက်နေသည်။

"ဟင်း. . ."

ခင်ဝတီ သက်ပြင်းချလိုက်သည်။

လူတစ်ဦး၏လွတ်လပ်ခွင့်ကို ပိတ်ပင်ရာကျသွားလေပြီ။ သို့ဆိုပြန်တော့ ခင်ဝတီ စိတ်မကောင်း။ သို့သော် စကားကျွံသွားပြီ။ ကြမ်းကျွံလျှင် နှုတ်၍ရသည်။ စကားကျွံတော့ နှုတ်၍မရ။

"ဟင်. ."

ခင်ဝတီ အံ့အားသင့်ဖွယ် မြင်ကွင်းတစ်ခုကို ဆက်လက်မြင်တွေ့လိုက်ရသည်။

တိတ်ဆိတ်သောဝန်းကျင်ဖြစ်၍ ခေါ်သံတစ်ခုကို ကြားလိုက်ရသည်။ သို့သော် ခြံဝန်းကျင်ဖြစ်ခြင်းကြောင့် ပီပီသသ မဟုတ်၊ ဝိုးတဝါးမျှသာဖြစ်သည်။

ထိုသူ ထသွားသည်။

ဘေးခြံစည်းရိုးနှစ်ခုကြား မဟာမိတ် တံခါးပေါက်လေးဆီသို့ ဖြစ်သည်။

ဩော်. . . ဟိုဘက်ခြံမှ အိမ်ဖော်မလေးက ထိုလူကို ခေါ်တာ ဘာတွေပြောသည်မသိ။ ထိုလူက တစ်ခွန်းနှစ်ခွန်း ပြန်ပြောပြီး ချက်ချင်းပင် ပြန်လှည့်ထွက်လာသည်။ ဂစ်တာတီးဖို့ တောင်းဆိုခြင်း ဖြစ်ကောင်းဖြစ်မည်။ အိမ်ဖော်မလေး ပျောက်ကွယ်သွားသည်။

ထိုလူလည်း ခုံတန်းလျား၌ ပြန်မထိုင်တော့ဘဲ ခြံဝန်းကို သည့်ပတ်ကြည့်ပြီး သူ့အတွက် သတ်မှတ်ထားရာ ကွာတာဘက်သို့ ထွက်သွားသည်။ ကွာတာလေး၌ မီးလင်းသွားသည်။

သည်လူ တကယ်ပဲ ညမအိပ်ဘဲ နေနိုင်သလား။ ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေသလဲ။

ခင်ဝတီ အိပ်ရာဆီ ပြန်လျှောက်လိုက်သည်။ ဟိုဘက်ခြမ်းမှ အိမ်ဖော်မလေးနှင့် အချိန်းအချက် ပြုနေတာလား၊ ခုခေတ် အိမ်ဖော်များသည် လှုလှုသန့်သန့်တွေ အများကြီးဖြစ်သည်။

အင်းလေ. . . သူတို့အတန်းစားချင်း ငြိတွယ်ကြပေမည် ပေါ့။ ရှုပ်ရှုပ်ယှက်ယှက်ဆိုရင် အလုပ်ထုတ်ခိုင်းမည်။

အတွေးပေါင်းစုံနှင့် ခင်ဝတီ အိပ်မပျော်။

မနက်ဖြန် ဖေဖေ့အလိုကျ လျှောက်လွှာသွားတင်ရဦးမည်။ ခင်ဝတီ မရှိလျှင် သည်အိမ်ကြီးနှင့် ဘွားဘွားနှင့်အန်တီ နှစ်ယောက်တည်း ဖြစ်ပါ့မလား။

ဩော်. . . နွယ်နီ ရောက်လာဦးမည်ဆိုတော့ စိုးရိမ်စရာ သိပ်မလိုတော့ပေ။

မနက်ဖြန် ခြောက်ထပ်ရုံး သွားပြီးနောက် ဘက်ကီတို့အိမ် ဝင်ကာ သဘာဝ ပုလဲအစစ်တွေ မှာထားတာ ရမရ ဝင်မေးကြည့် လိုက်ဦးမည်ဟု တွေးရင်း အိပ်ပျော်ခြင်းကို ခင်ဝတီ ဖိတ်ခေါ်ယူရ လေသည်။


သည်ကြားထဲ တစ်ချီတစ်ချီ မယ်ဒလင်သံလိုလို၊ ဂစ်တာသံ လိုလို ကြားရင်း မျက်တောင်သည် မှေးစင်းလာလေသည်။

နာရီသံချောင်းခေါက်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ ရေ တွက်ရင်း ပြီးဆုံးအောင် မရေတွက်နိုင်တော့ပေ။










# အခန်း(၈)

ညက အိပ်ရာဝင် နောက်ကျသွားခြင်းကြောင့် အိပ်ရာထ နောက်ကျသွားသည်။

အရုဏ်ဦးကို ကြိုဆိုတတ်သော ငှက်ကလေးများ၏ တေး ဆိုသံကို မကြားရတော့ချေ။

အိပ်ရာမှ ကမန်းကတန်း ထလိုက်ရသည်။ တိုင်ကပ်နာရီ က ရှစ်နာရီကျော်ပြီကို ပြနေလေပြီ။ ကိုယ်လက်သန့်စင်ခြင်းအမှုကို ဆယ်နာရီကျော်ကျော် အချိန်ယူရတတ်သော ခင်ဝတီအတွက်



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျနေပြီဟု ဆိုနိုင်သည်။

"ဘွားဘွားတ နိုးလည်းမနိုးဘူး"

ဆွမ်းတော်ဖန်းနှင့် ဘုရားခန်း သွားနေသော ဘွားဘွားကို လှမ်းစလိုက်သည်။

"ဘာကိစ္စ နိုးရမှာလဲ၊ ကိုယ်ချိန်းထားလည်း စောစောထ ပေါ့"

"လွဲကုန်ပြီပေါ့"

"ဘယ်သူနဲ့ လွဲတာလဲ. . . အဆက်နဲ့လား၊ အဆက်နဲ့ဆိုရင် တော့ ကျုပ်တို့အဖို့ ဝမ်းနည်းစရာတွေ ဖြစ်ကုန်ပြီ၊ သမီးအပျိုကြီး ဒဏ်ကော မြေးအပျိုကြီးဒဏ်ပါဆိုရင် အသက်ရှည်ဖွယ်ရာ မမြင် တော့ဘူး"

ဘွားဘွားက အတည်ပေါက် ကျီစယ်ကာ ဘုရားခန်းသို့ ဝင်သွားသည်။ ဘွားဘွားစကားကို ချေပရန် ခင်ဝတီ ရှာဖွေချိန် မရတော့ပေ။

"ခင်ဝတီရေ"

"ရှင်. . . အန်တီ"

ခင်ဝတီ ရေချိုးခန်း ဝင်နေစဉ်မှာပင် အန်တီက တံခါးကို ခေါက်၍ အသံပြုလိုက်သည်။

"ဒီနေ့ ကိုမောင်စံ တစ်လပြည့် ဆွမ်းကပ်တယ်လေ၊ အဲ့ဒါ ညည်း လိုက်ဦးမလား"

"အခြေခံမှာ Form သွားတင်ရဦးမယ်"

"တင်ပြီး လိုက်ပို့ပေးမလား"

"မောင်စိုးကော"

"မနက်ကတည်းက ကူဖို့ဆိုပြီး အစောကြီး ထသွားကြ





တယ်"

"ကားပါ ပေးလိုက်ရောလား"

"အေး. ."

"ကောင်းတယ်. . . အလုပ်သမားတွေနဲ့ ကြပ်ကြပ်အရော ဝင်၊ အန်တီတို့ခေါင်းပေါ် တက်နင်းသွားလိမ့်မယ်"

"ဘာဆိုင်လို့လဲ. . လူမှုရေးအရ ကူညီသင့်တယ်ထင်လို့ ကူညီတာပဲ၊ ကိုင်း. . . ညည်းလိုက်မပို့နိုင်လည်း ကျုပ် တက္ကစီပဲ ငှားသွားမယ်၊ အမေပါ လိုက်မှာ"

"ဒါဖြင့်လည်း ပို့မယ်၊ တကတည်း. . . ကြုံဖူးပေါင်တော်၊ အလုပ်သမားက ကိုယ်ပိုင်ကားစီးပြီး အလုပ်ရှင်က အငှားကားနဲ့ သွားရတယ်လို့"

ခင်ဝတီက မကျေမနပ် ပွစိပွစိ ရေရွတ်လိုက်သည်။ အန်တီ ကြားလိုက်ရသလား မကြားဟန်ဘဲ ပြုသွားသလား မသိ တော့။ တုန့်ပြန်သံ မကြားရချေ။

ရေချိုးခန်းက ထွက်လာပြီး ကမန်းကတန်း အလှပြင်လိုက် သည်။ အခြေခံပညာကို သွားမှာဆိုတော့ ဆရာမလောင်းပီပီ ယဉ်ယဉ်ကျေးကျေး ဝတ်သွားလျှင် ကောင်းမည်ထင်သည်။

ဆိုင်တော့ မဆိုင်။ ခုခေတ် ဆရာမများသည် တပည့်များ ထက်ပင် ပို၍ခေတ်ရှေ့ပြေးသော ဝတ်စားဆင်ယင်မှုများ ရှိနေ တတ်သည်။

ဗီရိုဆွဲဖွင့်ကာ အင်္ကျီများကို တစ်ထည်ပြီးတစ်ထည် ထုတ် ကြည့်လိုက်သည်။

ရယ်ဒီမိတ်တွေကသာ ခပ်များများဖြစ်နေသည်။ သို့သော် ယခုခေတ် ပြန်လည်ဆန်းသစ်နေပြီဖြစ်သော ကော်လာထောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒစ္စကိုလက်ကျနှင့် ကွင်းကြယ်သီးတပ် အင်္ကျီလေးများလည်း ခေတ်အလိုက် ချုပ်ထားသည်ဖြစ်ရာ မှန်နိုင်လွန်အနက်လေးနှင့် ယောချိတ်အနက်ခံပေါ် အဖြူစင်းချိတ်များ ပါသော ထဘီကို ထုတ်လိုက်သည်။

"အဟင်း"

ဆံပင်က ဖားလျားနှင့်ဆိုတော့ သိပ်လိုက်မည်မထင်။ ကလစ်လှလှလေးနှင့် ညှပ်လိုက်သည်။

"မိပွံ့ရေ. . . မိပွံ့"

"ဟဲ့. . ပြီး. . မပြီးနိုင်သေးပါလား၊ ဘာလုပ်မလို့လဲ. . . မိပွံ့ ဈေးသွားတယ်"

"ဒီမှာ ကြယ်သီးတပ်ခိုင်းမလို့"

"ပေးစမ်း. . . ကျုပ်တပ်ပေးမယ်"

". . . . . . . . ."

"အဲ. . . အဘွားကြီးကြယ်သီးတွေပါလား"

"ခစ်. . . ခစ်. . ခစ်. ."

ဘွားဘွားက အဘွားကြီးကြယ်သီးတွေပါလားဟူ၍ ခင်ဝတီ ရယ်ချင်သွားသည်။ လှောင်ပြောင်မျက်နှာပေးနှင့်လည်း မရယ်ချင်ရယ်ချင်နှင့် ရယ်လိုက်သည်။

"ဟွန်း. . . ဘာကြယ်သီးလဲ"

ဖဲနှင်းဆီပွင့်လေးများကို ကြယ်သီးကွင်း တပ်၍ ကြယ်သီးအဖြစ် ဖန်တီးခြင်းကို ဘွားဘွားက အထူးအဆန်း ဖြစ်နေသည်။ နှင်းဆီကလည်း ရောင်စုံရှိနေသည်။

"ဘာရောင်တပ်ရမလဲ"

"အဖြူကြီးပဲ တပ်မယ် ဘွားဘွား"





"ငါ့မှာ ပုလဲကြယ်သီး ရှိတယ်. . . တပ်မလား"

"မတပ်ချင်ပါဘူး"

"အဖိုးတန်ပစ္စည်းကျတော့ မတပ်ချင်ဘူးလား"

"ပစ္စည်းအဖိုးတန်တာ မတန်တာထက် မြတ်နိုးကျေနပ်ဖို့က အရေးကြီးတယ်"

"အံမယ်. . . စကားက ကြီးကျယ်ကျယ် ဆင့်ဖင်"

ဘွားဘွားက ကြယ်သီးတပ်ပေးချိန်၌ ဝတီလည်း အလှပြင်ပြီးသွားလေသည်။

"အရုဏ်ဆွမ်းလား. . . နေ့ဆွမ်းလား"

"နေ့ဆွမ်း. ."

"တော်သေးတယ်. . . ဒီလိုဆို ခြောက်ထပ်ရုံးကို အရင်သွားလိုက်မယ်၊ ပြီးမှ သွားရင် ဘုန်းကြီးဆွမ်းကပ် တရားနာအပြီးနဲ့ အတော်ပဲ နေမယ်"

"ဒီဠီလေး. . . ဘုန်းကြီးနဲ့ဆို ဝေးဝေးရှောင်ချင်တယ်ပေါ့"

"မဟုတ်ပါဘူး. . . ဘွားဘွား အညောင်းမိမှာစိုးလို့ပါ"

"ကဲ. . ကဲ. . စကားကြောရှည်မနေနဲ့တော့၊ မြန်မြန်လုပ်စားမှာသောက်မှာက ရှိသေးတယ်"

ထဘီကို တင်နဲ့ဒေါက် တည့်မတည့် မှန်ကို လှည့်ပတ်ကြည့်လိုက်သည်။

"အမယ်လေးဟဲ့. . . မှန်ပေါက်မယ်"

မြန်မာအမျိုးသမီးဝတ်စုံသည် ကိုယ်လုံးလှပြီးသား အမျိုးသမီးများ၏အလှကို ပို၍ထင်ရှားစေတတ်သည်။

"လှလား ဘွားဘွား"

"ပြည်ထောင်စုမယ် ရှုံးလောက်အောင် လှပါတယ် ခင်



www.burmeseclassic.com

www.burmeseclassic.com



ဝတီရယ်. . . လာပါတော့”

ဘွားဘွားနှင့်အန်တီတို့ကို နောက်ပြောင်ကျီစယ်ရင်းဖြင့်သာ အချိန်တုန်နေတတ်သော ခင်ဝတီကို ဖေဖေက ကြည့်၍ရဟန်မတူ။ ခင်ဝတီအား အလုပ်လုပ်ခိုင်းနေလေပြီ။ အလုပ်ခွင် ဝင်ပါက ဤကဲ့သို့ ပျော်စရာကောင်းပါတော့မလား။

“လျှောက်လွှာတောင် မတင်ချင်တော့ဘူး ဘွားဘွားရာ”

“တင်လိုက်ပါ သမီးရယ်၊ အနန္တောအနန္တဂိုဏ်းဝင် ဆရာဘဝဆိုတာ မွန်မြတ်ဂုဏ်ယူစရာကောင်းပါတယ်၊ ပညာဒါရမီဆိုတာ ဖြည့်ဆည်းကောင်းတဲ့အလုပ်တစ်ခုပဲ၊ ဘွားဘွား လိုက်နေပေးမယ်. . . ဘာမှမပူနဲ့”

ဘွားဘွားတို့ကတောင် တိုက်တွန်းနေပြီဆိုတော့လည်း ခင်ဝတီ မငြင်းချင်တော့။

“အန်တီကော အဆင်သင့်ဖြစ်ပြီလား”

“ဖြစ်ပါပြီအေ. . . ညည်း ကြာဇံချက်ပူပူလေး သောက်ရအောင် ကျွန်တော်မျိုးမ နွှေးနေတာပါ”

ထမင်းစားခန်းမှ ထွက်လာသော အန်တီက ပြောလိုက်သည်။ တစ်ဆက်တည်း. . .

“ငါ့တူမကတော့ ဘယ်လိုနေနေ လှနေတာပဲ”

“မမြှောက်လည်း ပို့ပေးပါတယ် အန်တီရာ”

ပို့သာ ပေးရမည်။ မျက်နှာတော့ အနည်းငယ် ပူသလိုလိုပင်။ ညကပဲ အာဏာပြကာ ခပ်ရှိုင်းရှိုင်းလေး ပြောဆိုမိသေးသည်။

ခုမနက် သူ့အိမ်၌ ဆွမ်းကျွေးသွားရမည်ဆိုတော့ မျက်နှာကို ဘယ်လိုကြည့်ရမလဲ။

ကြည့်စရာ မလိုပါဘူး။ အရေးစိုက်လို့။





“သူတို့အိမ်က ဘာကျွေးမှာလဲ”

“ဒန်ပေါက်”

“အမယ်. . . ခြံစောင့်အိမ်ကများ ကြီးကြီးကျယ်ကျယ် ဒန်ပေါက်တွေဘာတွေနဲ့”

ဟု ပြောလိုသောစကားကို စိတ်တွင်း၌သာ ပြောလိုက်ရသည်။ ဘွားဘွားတို့က တစ်ဖက်သားကို ချိုးနှိမ်သောစကားကို လုံးဝမကြိုက်တတ်။

အန်တီထည့်ပေးထားသော ကြာဇံချက်ကို ကမန်းကတန်း သောက်ပြီး ဒရိုင်ဘာတာဝန်ကို ထမ်းဆောင်လိုက်ရသည်။

“ခင်ဝတီ မရှိရင် အန်တီတို့သားအမိတော့ ဒုက္ခရောက်မှာ မြင်ယောင်သေးတယ်”

“ဘာအတွက် ရောက်ရမှာလဲ”

“ခုလို သွားစရာလာစရာမျိုး ရှိရင်ပေါ့”

“ဘာခက်တာလိုက်လို့. . . မောင်စိုးကို မလွှတ်တော့ဘူးပေါ့”

ဘွားဘွားနဲ့ဆိုလျှင် မလွယ်။ စကားတစ်ခွန်းမှ အတင်မခံတတ်ချေ။

“စောင့်ကြည့်သေးတာပေါ့ ဘွားဘွားရာ”

“ကျုပ်တို့ကို စောင့်မကြည့်ပါနဲ့၊ ကိုယ့်တပည့်တွေပဲကိုယ်ကြည့်ပြီး ဆရာဂုဏ်နဲ့ ညီညွတ်အောင်သာ ကြိုးစားဖို့ စဉ်းစားပါ”

“ဘွားဘွားကတော့လေ”

ခင်ဝတီ ပြုံးကာ ဘွားဘွားကို ခွင့်လွှတ်လိုက်ရသည်။ စကားအနိုင်ယူဖို့ မကြိုးစားတော့။ အသက်ကြီးသူများအပေါ်သည်းခံခွင့်လွှတ်နိုင်ခြင်းသည် မင်္ဂလာတစ်ပါး ဖြစ်လိမ့်မည် ထင်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ခြောက်ထပ်ရုံး၌ Form တင်ပြီး သာကေတသို့ ဆက်မောင်းခဲ့ရသည်။

ဘွားဘွားက နောက်ခန်းတွင် ဘုရားစာ ရွတ်ရင်း မျက်စိမှိတ်လျက် လိုက်ပါလာသည်။ အန်တီကတော့ ဘေးတွင် ထိုင်ရင်း မျက်လုံးအပြူးသားနှင့်. . .

"ဟဲ့. . . ဖြည်းဖြည်း"

"ရှေ့က ကားက ကိုးလို့ကန့်လန့်နဲ့"

"ဟဲ့. . . နောက်ကားက အတင်းကျော်တက်နေပါလား"

စသည်ဖြင့် စိုးရိမ်မှုပေါင်းများစွာဖြင့် ဆီမန်း,မန်းသကဲ့သို့ တတွတ်တွတ် ပြောရင်း လိုက်ပါလာလေသည်။

"ဒီညစောင့်လည်း အိမ်ပြောင်းမှုပါပဲ၊ သူတို့အိမ် သာရေးနာရေး ရှိတိုင်းသာ လာရရင် အိမ်က ကားတွေ နာတော့မှာပဲ"

"ဟဲ့. . . ကားဆိုတာ လူ့အသုံးအဆောင်ပစ္စည်းပဲ၊ လူ့ကိစ္စအဝဝအတွက် သူ့ကို အသုံးချရမှာပဲ၊ နေရာတကာ သ,မနေနိုင်ပေါင်အေ"

"ဘွားဘွားဟာလေ. . . အေးအေးဆေးဆေး ဘုရားစာရွတ်နေတာ မဟုတ်ဘူး၊ နေရာတကာ ပါတယ်"

"အိုအေ. . . နားထဲ လက်မခံနိုင်တဲ့စကားဆိုရင်တော့ ပါရမှာပဲ၊ ဘုရားစာချည်းပဲ အမြဲရွတ်မနေနိုင်ပါဘူး"

ခင်ဝတီ လက်မြှောက်အရှုံးပေးလိုက်ရပြန်သည်။

ခင်ဝတီ တစ်ကြိမ်တစ်ခါနှင့် မှတ်မိနေသော လမ်းသွယ်သို့ ချိုးကွေ့လိုက်သည်။ မောင်စိုးကားနှင့် မျက်နှာချင်းဆိုင် တိုးမိကြသည်။ ဘုန်းကြီးငါးပါးကို ပြန်ပို့ပေးခြင်း ဖြစ်မည်ထင်သည်။





ခင်ဝတီတို့ကားကို မြင်သည်နှင့် ညစောင့် အိမ်ပေါ်မှ ဆင်းကာကြိုသည်။

"ကြွပါ ဘွားဘွား"

"ဟောဒီမှာ မရွှေစာ အလုပ်များနေတာနဲ့ ဘုန်းကြီးတရားနာ မမီလိုက်ရဘူး မောင်ဘုန်းရေ"

ဘွားဘွားတို့ကတော့ လုပ်ပြီ။

"ကြွပါခင်ဗျာ"

အန်တီ့ကိုလား ခင်ဝတီကို ရည်ညွှန်းခြင်းလား မသိသာသော ဦးကြိုမှု စကားတစ်ခွန်းကို သူထပ်ပြောလိုက်သည်။

သူ့အပြုံးက တောက်ပနေသည်။ ခင်ဝတီကပင် ညကအဖြစ်အပျက် အပြောအဆိုအတွက် မျက်နှာပူမိသလိုပင်ဖြစ်သွားသည်။

"ဟော. . . အမေပါ ပါလာတယ်"

ဒေါ်မရင်က ဝမ်းသာအားရပင် ဦးခန်း၌ နေရာချထားပေးသည်။

"မောင်ခင်မောင်ရေ. . . သီးသန့်တစ်ဝိုင်း ပြင်လိုက်ပါ"

"ဟုတ်ကဲ့ ဆရာ"

သူ့ကို ခပ်ရွယ်ရွယ်ကောင်လေးက ဆရာဟု ဆိုပါလား။

"ဆရာ. . . အထူးပွဲလား"

"အေး. ."

ခေတ်ဆန်ဆန်ကောင်မလေးကလည်း ဆရာဟု ခေါ်သည်။ လူငယ်တော်တော်များများက သူ့အား ဆရာ ဆရာနှင့် တစ်ဆရာတည်း ဆရာနေသည်။

ဧည့်သည်တော်တော်များများသည် ရပ်ကွက်ထဲမှ ဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ဟန်တူသည်။ အားပါးတရ စားသောက်နေကြသည်မှာ မြိန်စရာကြီး ပင်ဖြစ်သည်။

"ညီမလေး. . . ရွှန်းခက်ရင်းပါ ပြင်ပေးနော်"

"ဟုတ်ကဲ့ ကိုကို"

ခေါင်းရင်းဝိုင်းတွင် သီးသန့်စားပွဲဝိုင်းခင်းကာ ပြင်အပြီး၌

"ဘွားဘွား ကြွပါ၊ အန်တီကော မမလေးပါ ကြွပါခင်ဗျာ၊ အဆင်သင့်ဖြစ်ပါပြီ"

ရှိကျိုးဟန်က အပြည့်ဖြစ်သည်။

ခင်ဝတီအား တမင်အရွဲ့တိုက်နေလေရော့သလား. . . အာယာတ မထားဘဲ အလုပ်ရှင်အပေါ် တလေးတစား ဆက်ဆံခြင်းလားကိုတော့ ခင်ဝတီ မပိုင်းခြားတတ်။

သို့သော် ခုန သူ့အား ဆရာဟု ခေါ်သောလူငယ်တစ်သိုက် မျက်နှာမှာတော့ သူ့အား ကြည့်ပြီး ပြုံးစိစိနှင့် ဖြစ်နေကြသည်။

ထမင်းစားရတာပင် မဖြောင့်ချင်တော့။

"သားက တပည့်တွေ ရှိလို့ သားလည်း အေးအေးဆေးဆေး၊ မနက်မှ လာလည်း ရတာပေါ့ အမေရယ်၊ ကိစ္စရှိရင် ခေါ်သာ ခေါ်ထားပါ၊ ဒီမှာဗ တူလည်း ရှိတယ်ဆိုတော့ စိတ်မပူရဘူးပေါ့၊ ပတ်ဝန်းကျင်ကလည်း အကူအညီပေးကြတယ်၊ သားက ပြောင်းမယ်ဆိုလို့သာ ပြောင်းရမှာ၊ ကျွန်မကတော့ ဒီမှာပဲ ပျော်တယ်"

"ဘယ်ပြောင်းကြမလို့လဲ"

"သားလေ. . . ရှစ်မိုင်မှာ မြေကွက်တစ်ကွက် ဈေးတန်တယ်ဆိုပြီး ဝယ်ထားတာ၊ အဲဒါ အိမ်ဆောက်ပြီးရင် ပြောင်းကြမယ်"

ဖေဖေ့ကို ပြောလိုက်ချင်သည့်ဖြစ်ခြင်း။ သူ့တပည့်တို ဆင်းရဲသည်ဆိုကာ ခြေစောင့်ခန့်သည်။ သေသွားတော့လည်း





ငါးသောင်းတောင် ကူခိုင်းသည်။

ခု သူတို့က ရှစ်မိုင်လိုနေရာမျိုး၌ မြေဝယ်ကာ တိုက်ဆောက်သည်ဆိုတော့ ခင်ဝတီရင်ထဲ၌ မရှင်းသန့်တော့ချေ။

"ဟုတ်လား. . . မောင်ဘုန်းက ဘာမှမပြောပါလား"

"စကားမစပ်မိလို့ပါ ဘွားဘွား"

အပြောအဆိုက ယဉ်ကျေးသိမ်မွေ့နေသည်။

"ဒန်ပေါက်က စပါယ်ရှယ်ပါလား၊ ကြက်လျှာစွန်းပဲ ထင်တယ်"

"မဟုတ်ဘူး ဘွားဘွား၊ အမေ ချက်တာပါ၊ ဘွားဘွားက တခြားအဘွားတွေလို အစားမရှောင်ဘူးနော်"

"ရှောင်ပါဘူး. . . ကျုပ်မှာ သွေးတိုးမရှိ၊ နှလုံးရောဂါမရှိဘဲ၊ အာဂန္တု အဖျားလောက်ပဲ ဖြစ်တတ်တယ်၊ မရင်က တယ်တော်တာပဲ"

ခင်ဝတီနားထဲ၌ သူ၏ ဘွားဘွားဆိုသောအသံသည် အနှောင့်အယှက်ဖြစ်နေသည်။

"မမလေး. . . ထမင်းထပ်ထည့်ပါဦးလား"

"တော်ပြီ"

"ဒါဖြင့် ပက်ပ်စီသုံးဆောင်ပါဦးခင်ဗျာ"

ခင်ဝတီ ဘာမှမပြောဘဲ နေလိုက်သည်။ ပက်ပ်စီပုလင်းကိုသည်း လှမ်းမယူဘဲ နေလိုက်သည်။ ထိုအခါ သူက ဟန်မပျက်ပင် ခင်ဝတီ့ ဒန်ပေါက်ပန်းကန်ကို သိမ်းပြီး ပက်ပ်စီပုလင်း ချပေးလိုက်သည်။ အချိုပွဲကျ လိမ္မော်သီးမှာနှင့် ကျောက်ကျောများလည်း ချပေးသည်။

"မရင်ကိုပဲ အကူအညီ ခေါ်ရမှာပဲ၊ အဘိုးကြီးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းကျွေးရင် မရင်ပဲ လာချက်ပေးတော့"

"ဟုတ်ကဲ့ပါ အမေ၊ ကျွန်မ ကူညီပါ့မယ်"

"အေးဟယ်. . . အမေ့ကိုလည်း မိဘလိုပဲ သဘောထားပြီး အိမ်ဝင်ထွက်ပါကွယ်၊ သားကြီးက မင်းတို့မိသားစုအကြောင်း အမြဲပြောတတ်တယ်၊ မောင်စံ မရှိတော့ အမေတို့မှာ ပိုတာဝန်ရှိသလိုပဲ"

"သားကိုလည်း မလိမ္မာတာရှိရင် ဆုံးမပါ အမေ"

"မောင်ဘုန်းလားကွယ်. . . ကျုပ်တို့ကိုတောင် ပြန်ဆုံးမနိုင်အောင် တော်ပါတယ်ကွယ်"

မွှန်းနေလိုက်တာ။

အမြင်ကတ်ကတ်ဖြင့် ပက်ပ်စီပုလင်း ကောက်သောက်လိုက်သည်။

တစ်အိမ်လုံး သူ့အသံပျော့ပျော့နှင့် လူကြီးလူငယ်မရွေး သူ့အား ဆရာခေါ်နေကြသည်။

အားလုံး တရိုတသေ ရှိကြသည်ကို ခင်ဝတီ သတိထားမိလိုက်သည်။

ဘာဆရာလဲ။ အနှစ်မရှိတော၌ ကြက်ဆူပင် မင်းမူနေသည်ဟု ခင်ဝတီ ကောက်ချက်ချမိသည်။

သို့သော် စိန်ကဲကျောက်ကဲထက် လူကဲက ခတ်ရခက်သည်ဖြစ်ရာ ခင်ဝတီ အနည်းငယ်တော့ စိတ်ဝင်စားသွားသည်။ ဘွားဘွားတို့ကို အပြန်ခရီး၌ မေးရမည်။

ယခုတော့ ခပ်တည်တည်ပင် မတူမတန်သောလူတန်းစားကို အရေးမစိုက်သလိုပင် နေလိုက်သည်။

"ခုလို ဘွားဘွားတို့ လာရောက်တာကို ကျွန်တော်တို့





မိသားစုက အထူးကျေးဇူးတင်ပါတယ်ခင်ဗျာ"

သူသည် ကားတံခါးကို လိုက်ဖွင့်ပေးရင်းက လှိုက်လှိုက်လှဲလှဲ ပြောသည်။

ဘွားဘွားမျက်နှာက ပြုံးဖြီးဖြီးနှင့် ကျေနပ်နေသည်။ ခင်ဝတီ ကြည့်မရပါ။ အသည်းတယားယား ဖြစ်နေသည်။

"ဒီလို ဖင်ပေါ့လက်ပေါ့လူမျိုး သတိသာ ထားပေတော့ ဘွားဘွားရေ၊ ယောကျ်ားတန်မဲ့ မိန်းမတွေကို ပျာနေအောင် ဂရုစိုက်တာတော့ အိုဗာဖြစ်နေပြီ၊ အဲ့ဒီလိုလူမျိုး ကြောက်ရတယ်"

ဟုတော့ သတိပေးစကား ပြောမှဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ လစာတိုင်ဝတ်ရ တာဝန်ကျေ
သင်ပြီးတော့ တပည့်တွေ၊ ပြီးတော့ ဟုမ်းဝေ့
ပိုင်းတွေကို တိတ်တိတ်ဆိတ်ဆိတ်မှုန်း လိုက်သင်
နေတဲ့ ကျောင်းဆရာ၊ တက္ကသိုလ်
ကောလိပ်ဆရာတွေထက် မှတ်ပုံတင်ပြီး
တရားဝင် ပြောင်သင်နေတဲ့
ဆရာမျိုးကို လေးစားတယ်။

# အခန်း(၉)

"ကျူရှင်ဆရာလေ"

ခင်ဝတီ အံ့အားသင့်သွားသည်။

"ကျောင်းမှာလည်း သူ့ကို မမြင်ဖူးခဲ့ပါဘူး"

"မန္တလေးတက္ကသိုလ်က ကျောင်းပြီးခဲ့တာလေ၊ ဒါကြောင့် အစ်ကိုကြီးဆိုရင် သူ့ကို ကောင်းကောင်းရင်းနှီးနေတာ"

"ဪ. . ."

"ညည်းလိုပဲ အမ်အက်စီဘွဲ့ ရပြီးသားလေ၊ Chemistry မေဂျာနဲ့ ပြီးတာ"





လောကကြီး၌ မထင်မှတ်ထားသောအရာများ ရှိနေတတ်သည်ပါလား။ ခင်ဝတီ ထိုးလက်စ ဆွယ်တာထဲ အာရုံနှစ်မြှုပ်လိုက်သည်။

ကျိုးနွံသောအမူအရာနှင့် မိမိအား မမလေးဟု တရိုတသေ ခေါ်သူသည် မိမိနှင့် တန်းတူပညာတတ်သူပါလား။

ဥစ္စာစီးပွား၌လည်း မိမိယှဉ်၍မရပါ။ သူသည် မြေကွက်ဝယ်ကာ အိမ်ဆောက်နိုင်လေပြီ။ မိမိသည် ဝင်ငွေတစ်ပြားမှ မရှိသေး။

"မာဂူးမှာ ဆယ်တန်းအောင်ပြီးကတည်းက ဂိုက်စတာဒီသုပ်ရင်း ကျောင်းဆက်တက်တယ်၊ အဲ့ဒီအရွယ်ကတည်းက ကျူရှင်ဆရာဘဝနဲ့ အမ်အက်စီ အောင်ခဲ့တယ်၊ မိဘတွေကို သာကေတမှာ အိမ်ဝယ်ပေးနိုင်ခဲ့တယ်၊ အခု ရှစ်မိုင်မှာ ဝယ်ပြန်ပြီ"

"အသပြာဆရာ"

"ဒီလိုပြောလို့မရဘူး ခင်ဝတီ၊ ဝင်ဒါမီယာလိုနေရာမျိုးက ခြင်းတစ်ပိုင်းကို တစ်သိန်းရမှ သင်ပြီး သာကေတလိုနေရာမျိုးမှာ တစ်ယောက်ငါးထောင်လောက်နဲ့ မပေးနိုင်တဲ့လူကို အလကား သင်ပေးတယ်၊ အဲဒီလိုလူမျိုးကို အသပြာဆရာလို့ ပြောနိုင်မလား"

"ပြောနိုင်တယ်. . . လခစား ကျောင်းဆရာဘဝနဲ့ တိုင်းပြည်ကိုမှ အလုပ်အကျွေး မပြုဘဲ"

"အဟင်းဟင်း. . . ဒါတော့ မပြောနဲ့လေ၊ ညည်း အက်စ်အေတီဘဝ ရောက်တော့ သိပါလိမ့်မယ်၊ ညည်းလစာ ဘယ်နှစ်ရက်ခံမလဲလို့၊ ယောက်ျားတစ်ဦးသာ ကျောင်းဆရာဝင်ငွေတစ်ခုတည်းနဲ့သာ ရပ်တည်နေရင် ငတ်သေရုံပဲ ရှိတော့တယ်၊ ဆန်တစ်အိတ်ဖိုးပဲ ရှိမယ်၊ ယောက်ျားလေးဆိုတာ အိမ်ထောင်တစ်ခုလုံးကို ဦးဆောင်မှု



www.burmeseclassic.com

www.burmeseclassic.com



သေချာဆိုတော့ သူ့ပညာနဲ့သူ သမာအာဇီဝကျကျ ရှာဖွေတာ . . ရှာခွင့်ပါစေ

ကျောင်းမှာ လစာထိုင်ထုတ်၊ တာဝန်ကျေ သင်ပြီးတော့ တပည့်စုပြီး ဟုမ်းတွေ ဝိုင်းတွေကို တိတ်တိတ်ပုန်း လိုက်သင်နေတဲ့ ကျောင်းဆရာတွေ၊ တက္ကသိုလ်ဆရာတွေထက် မှတ်ပုံတင်ပြီး တရားဝင် ပြောင်သင်နေတဲ့ မောင်ဘုန်းလိုလူကိုတော့ ငါ လေးစားတယ်”

ခင်ဝတီမှာ ပြောနိုင်သောစကားများ ပျောက်ဆုံးကုန်သည်။ ထိုအချိန်၌ ကားသံနှင့်အတူ ဘက်ကီ ဝင်လာသည်။

“ပျောက်ချက်သား ကောင်းလှချည်လား မချောရေ့ ပစ္စည်းကောင်းကောင်းရလို့ လာပြတာလေ၊ မောင့်ဆရာနဲ့ တွေ့လို့ တောင် ခေါ်ခဲ့ရသေးတယ်”

“ဘယ်မှာလဲ”

“ခြံဝမှာ ဆင်းနေခဲ့တယ်”

“မောင်ဘုန်းကို ပြောတာထင်တယ်”

“ဆရာမြတ်ဘုန်းလေ . . . မောင် မာလူးမှာ တက်ကတည်းက ကျူရှင်သင်ခဲ့တာ၊ အရမ်းအသင်အပြကောင်းတာပဲတဲ့”

အနှစ်မရှိတော့၌ ကြက်ဆူပင် မင်းမူသည်ဟု ခင်ဝတီ စွဲချက်မတင်ရဲတော့။

“ကိုင်း . . . ပြပါဦး၊ ဘာပစ္စည်းလဲ”

“မြိတ်သဘာဝပုလဲအစစ်ကို စီန်ရံထားတာ၊ လော့ကက်လက်စွပ်နဲ့ နားကပ်ပါ ဆင်တူလေ၊ နင့်ကိုပဲ ပြေးမြင်လို့ ငါယူလာတာ၊ ဒေါ်တင်တင်စိုးပစ္စည်းပဲ၊ သူ မအားဘူးဆိုလို့ ငါပဲ ဆွဲလာပေးတာ”





“ပြပါဦး . . . ဘယ်လောက်လဲ”

“လေးဆယ် . . ငါးမူးတဲ့”

“ငါးမူးတွေဘာတွေ လုပ်မနေနဲ့တော့”

“နင့်ဟာနင် ဒေါ်တင်တင်စိုးနဲ့ ဆစ်တော့၊ ငါ ဆရာနဲ့ စကားသွားပြောလိုက်ဦးမယ်၊ ဆရာက ဘာကိစ္စနဲ့ နင်တို့ခြံထဲ လာသလဲ မသိဘူး”

“ညစောင့်မို့လို့ လာတာပေါ့ဟဲ့”

“ဘာရယ်”

ဘက်ကီ အံ့အားသင့်သွားသည်။ နားမရှင်းဟန်လည်း တူသည်။ ထို့ကြောင့် ထပ်မေးသည်။

“ဘာပြောတယ် ခင်ဝတီ”

“ဒီကောင်မလေးကတော့လေ . . . ပြောလိုက်ရင် ဒီလို ချည်းပဲ၊ ဒီလို ဘက်ကီရေ၊ ခြံမှာ ညရေးညတာ ယောကျ်ားသား ကြီးကြီးမားမား မရှိတော့ စိတ်ချရမယ့်မောင်ဘုန်းကိုပဲ အကူအညီ တောင်းထားရတယ်”

“ဒီလိုဆိုရင် ဆရာ ညဘက် ဘတ်ဂျက်ထိခိုက်တော့မှာပဲ” ဟုတ်ပေသားပဲ။ ညဘက် ကိုးနာရီလောက်အထိ သင်နိုင်သည်ဆိုရင် တစ်ဝိုင်းစာ လျော့သွားမည်။ တစ်ဝိုင်း တစ်သိန်း၊ တစ်ပတ်မှာ ညအတွက် သုံးဝိုင်းအချိန်ပေးနိုင်လျှင် သုံးသိန်းလျော့ သွားနိုင်သည်ပေါ့။

မိမိတို့ လစာသုံးသောင်းဖြင့် ခြံစောင့်ခန့်ထားခြင်းကို သူ ဘာအတွက် အကူအညီပေးနေရသလဲ။

ဒါကြောင့် ထင်သည်။ ဘွားဘွားနှင့်အန်တီ အပေါ်အဝင် အိမ်ဖော်မာလီများပါမကျန် သူ့အား တရိုတသေ ဆက်ဆံသည်။



www.burmeseclassic.com

www.burmeseclassic.com



အလေးပေးသည်။

ခင်ဝတီ မျက်နှာပူသွားသည်။

ဖေဖေ့ကျေးဇူးကို သူဆပ်ခြင်းဖြစ်မည်။

မိမိသည် ဘာမှမရှိသောဂုဏ်၊ ဘိုးဘွားစည်းစိမ်ဂုဏ် မောက်ကာ ရိုင်းရိုင်းပျပျ ဆက်ဆံခဲ့မိခြင်းကို ရှက်သွားသည်။

"လိုက်ခဲ့လေ ခင်ဝတီ"

"နင့်ဟာနင်သွား. . . ငါမလိုက်နိုင်ဘူး"

စိတ်ထဲက မကျေနပ်ကာ အလိုလို ကျွဲမြီးတိုနေသည်။

"ပစ္စည်းထားခဲ့မယ်. . . ငါစားဖို့ တစ်ခုခု လုပ်ထား"

"သေလိုက်ပါလား. . . နင့်မောင် ဘယ်ထားခဲ့လို့ နင်က အေးအေးဆေးဆေး ဖြစ်နေရတာလဲ"

ကျွဲမြီးတိုမှုကို ဘက်ကီပေါ်၌ စုပြုံချပစ်လိုက်သည်။

"မောင် ခရီးထွက်သွားလို့ နင့်ဆီ အေးအေးဆေးဆေး လာစားသောက်တာပေါ့ဟဲ့၊ မောင်ရှိလို့ကတော့ လာပါလိမ့်မယ် နင့်ဆီကို. . ဝေးသေး. ."

"ကောင်မစုတ်"

ဘက်ကီက ရယ်မောကာ အိမ်ပြင်ထွက်သွားသည်။ ပြော မနာ ဆိုမနာ သူငယ်ချင်းများဖြစ်ကြောင်း အန်တီက သိနေ၍သာ ဘာမှဟန့်မတားဘဲ ဘက်ကီနောက် လိုက်သွားပေးလေသည်။

ခင်ဝတီက ငူငူကြီး ကျန်ရစ်ခဲ့သည်။

ရှက်ဒေါသက ခင်ဝတီအား နှိပ်စက်နေလေသည်။

"မြေး ဘာလုပ်နေတာလဲ"

"ဩော်. . . ဘွားဘွား၊ ဟိုမိန်းမက တစ်ခုခုစားမယ်ဆိုလို့ ဘာကျွေးရမလဲ စဉ်းစားနေတာ"





"ဘက်ကီလား. . . ထမင်းချိန် ထမင်းပဲ ကျွေးလိုက်ပေါ့"

"ထမင်းတော့ မက်မှာမဟုတ်ဘူး လက်ဖက်ပဲ လုပ်ပေးမှ၊ သူ့ယောက်ျား မရှိမှ လက်ဖက်စားရတာ၊ ယောက်ျားက လက်ဖက်နဲ့ မတည့်မှာစိုးလို့ ပေးမစားဘူးလေ"

"ဟုတ်လား. . . ဒါ ဘာပစ္စည်းတွေလဲ"

"ပုလဲကို စိန်ရံထားတာလေ၊ ခင်ဝတီ မှာထားလို့"

ယောင်၍မျှပင် ကိုင်မကြည့်မိသော ရတနာဘူးလေးကို ဘွားဘွားက ကောက်ယူကာ သေချာစွာ ကြည့်၍. . .

"အရည်အသွေးကောင်းသားပဲ. . ဘယ်လောက်တဲ့လဲ"

"လေးဆယ်. . ငါးမူးတဲ့"

"ဘာလဲ. . . လေးဆယ်ငါးမူးဆိုတာ"

"လေးဆယ့်ငါးသိန်းတဲ့"

"ယူလိုက်လေ. . . မြေးက ဆရာမဝတ်စုံနဲ့ဆိုရင် ဒီပစ္စည်း လေးတွေက ငြိမ်တယ်၊ ကျက်သရေလည်း ရှိတယ်၊ ဘွားဘွား ပိုက်ဆံ သွားထုတ်လိုက်ရမလား"

"နေပါဦး ဘွားဘွားကလည်း၊ သမာဓိချိန်ခွင်မှာ ချိန်ပြီးမှ ဈေးဆစ်ပြီး ဝယ်သင့်ဝယ်မှာပေါ့. . . မလောပါနဲ့"

"အေး. . အေး၊ မြေးသဘောပဲ"

ဩော်. . . ငွေကို ရေလို သုံးနိုင်နေ၍ပဲ ခင်ဝတီ လောက အကြောင်း၊ လူ့အကြောင်းတွေ မသိလေရော့သလား။

ခင်ဝတီ သက်ပြင်းငွေ့ငွေ့ ချလိုက်သည်။

"မျက်နှာလည်း မကောင်းပါလား သမီး၊ ဘာဖြစ်လို့လဲ. . ဘာလိုချင်လို့လဲ"

"ဘာမှမဖြစ်ပါဘူး. . . ဘာမှလည်း မလိုချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အလိုမကျခြင်းကသာ ခင်ဝတီစိတ်ကို ကြီးစိုးနေသည်။ ခင်ဝတီလည်း ပညာတတ်သည်ပဲ။ ဘာဖြစ်၍ အလုပ်မလုပ်နိုင်ရမှာလဲ။

တယ်လီဖုန်းရှိရာ လျှောက်သွားလိုက်သည်။ တီတီစိန် ရှိနေသော သူငယ်ချင်းဆရာမတစ်ဦးထံ ဖုန်းဆက်ကာ ပြောလိုက်သည်။

"ငါ ဘိုင်အိုကျူရှင်ပြမယ်. . . တပည့်ရှာပေး"

ဟူ၍. . . ။









အချိန်ကုန် ငွေကုန်ခံပြီး
ရယူတဲ့ပညာရပ် တစ်ခုဟာ
တူညီတဲ့ တန်ပြန်သက်ရောက်မှု
ဆိုတဲ့အကျိုးတော့ ရှိရမှာပေါ့

# အခန်း(၁၀)

"ခင်နွယ်နီ"

ဝရန်တာပေါ်မှာ ရပ်လိုက်သည်နှင့် မြင်ရသောမြင်ကွင်းကြောင့် ဒေါ်သစိတ်ကို ချုပ်တီးမရသဖြင့် ဒေါ်သနှင့် ခေါ်လိုက်မိသည်။

သည်လောက် မိမိအသံ ဟိန်းထွက်သွားသည့်တိုင်အောင် သူတို့ မကြား။

တရုတ်စကားပန်းပင်အောက်မှ ခုံတန်းလျားလေးတွင် ထိုင်ကာ ရယ်မောအကြည်ဆိုက်နေသောသူနှစ်ဦးအတွက် မိမိအသံ



www.burmeseclassic.com

www.burmeseclassic.com



သည် မြင့်မိုရ်တောင်ကို ဆီးစေ့နှင့် ပေါက်လိုက်သည့်အလား ရှိချေမည်ထင့်။

"ခင်နွယ်နီ"

"• • • • • • •"

တုတ်တုတ်မျှပင် မလှုပ်ကြ။ အမှုအရာတို့သည် မပြောင်းလဲ။ တစ်လောကလုံး နှစ်ယောက်တည်း ရှိသည့်ပမာ ရှိနေသည်။ ဘာတွေများ သဘောကျတာ ပြောဆိုရယ်မောနေကြသည်မသိ။

ဝရန်တာကို ကျောခိုင်းကာ အိမ်ထဲ ပြန်ဝင်ခဲ့ပြီး လှေကားမှ တောက်လျှောက်ဆင်းခဲ့သည်။

"ကူးကူ. . ကူးကူ. . ကူးကူ"

အရှေ့ထဲ တယ်လီဖုန်းသံက မြည်နေသေးသည်။

"ဟဲ့. . . ဘယ်သူမှ မရှိကြဘူးလား"

"ထမင်းအိုး ငှဲ့နေလို့ မမလေးရေ"

"ဘယ်တော့မှ မအားကြနဲ့"

အရေးဆိုလျှင် အိမ်ဖော်တွေသည် တစ်ယောက်မှ မအားကြ။ ဘွားဘွားကလည်း ရုပ်သာသို့ ဆယ်ရက်စခန်း ဝင်နေသည်။ အန်တီကလည်း သူ့ဆိုင်တွေ လှည့်ပတ်နေသည်နှင့် မအားရ။

"ဟဲလို. . . ခင်ဝတီပါ"

"ဝတီ. . ငါပါ. . အစမ်းပါ"

"အေး. . . ပြော"

အစမ်းသည် တီတီစီမှ ဆရာမဖြစ်သည်။ သူ့ဝိုင်းတစ်ခု ခင်ဝတီကို ခွဲပေးကာ သင်ခိုင်းထားသည်။

"သူငယ်ချင်းရေ. . . ပြောရမှာတော့ အားနာနာပဲ"

ခင်ဝတီ ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားသည်။





အခုတလော ခင်ဝတီ စိတ်တို့သည် ရာဟုမှိုင်းတိုက်ခြင်းကို ခံနေရသည်။

"ဘာလဲကွ. . . ပြောစမ်းပါ"

"မင်းကို သင်ခိုင်းထားတဲ့ဝိုင်းက ကိုယ့်တပည့်တွေက ပြောကြတယ်"

"ငါသင်တာ နားမလည်ဘူးတဲ့လား"

"အင်း. . ."

"အတော်ပဲ. . . ငါလည်း မသင်ချင်တော့ဘူး၊ ဘယ်လိုတွေမှန်းလဲ မသိဘူး၊ ငွေပေးသင်တာပဲဆိုပြီး ငွေဂုဏ်မောက်ချင်သေးတယ်၊ ဒီလိုကျောင်းသားမျိုး ငါ တစ်သက်လုံး မသင်ဘူး"

"ဒါကတော့ သူငယ်ချင်းရယ်၊ အချိန်ကုန် ငွေကုန်ခံပြီး ရယူတဲ့ပညာရပ်တစ်ခုဟာ တူညီတဲ့ တန်ပြန်သက်ရောက်မှုဆိုတဲ့ အကျိုးတော့ ရှိရမှာပေါ့"

ခင်ဝတီ ထောင်းခနဲ ဒေါသထွက်သွားသည်။ သို့သော် ပညာတတ် ဉာဏ်အတိုင်း ဟန်ဆောင်မှုပြုကာ. . .

"နင် ဘာကိုဆိုလိုတာလဲ"

"အော်. . . သူတို့ဟာ အတတ်ပညာရပ်တစ်ခုကို လိုချင်လို့ ငွေအကုန်ခံ အချိန်ကုန်ခံပြီး ဝယ်ယူတာ၊ အဲ့ဒီပစ္စည်းဟာ တန်ဖိုးရှိရမှာပေါ့"

"ပညာဟာ ပစ္စည်းလား၊ ငွေနဲ့ ဝယ်ယူလို့ရသလား"

"ခုခေတ်မှာ ရနေတယ်၊ ကျွမ်းကျင်မှုရယ် အလေ့အကျင့်ရယ် ကြိုးစားမှုရယ် ဝါသနာရယ် စေတနာရယ် ပေါင်းပြီး သင်နေတဲ့ ကျူရှင်ဆရာတွေ အရမ်းအောင်မြင်တယ်. . . ကြီးပွားတယ်

သူတို့အတတ်ပညာတွေဟာ တန်ဖိုးရှိပစ္စည်းတစ်ခုလို ဈေး



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတယ်လေ၊ မင်းလေ့လာကြည့်ပါဦး၊ နောက် ကျွမ်းကျင်ပြီဆိုမှ ကိုယ်ခွဲပေးပါ့မယ်"

"တော်ပါပြီ သူငယ်ချင်း. . . ကျေးဇူးတင်ပါတယ်၊ ငါ တော့ ပညာကို ပစ္စည်းတစ်ခုလို မရောင်းချနိုင်ပါဘူး"

"လောလောဆယ်တော့ မင်းပညာကို ရောင်းချလည်း ဝယ် မယ့်လူ မရှိသေးဘူး၊ အတွေ့အကြုံ လိုသေးတယ်၊ ပညာတတ်တိုင်း လည်း စာသင်တတ်တာ မဟုတ်ဘူး၊

ကျောင်းသား နားလည်အောင် သင်တဲ့ပညာဆိုတာ အတွေ့အကြုံနဲ့ ကျောင်းသားတွေရဲ့စိတ်ကို နားလည်ဖို့ လိုသေး တယ်၊ မင်းကိုယ်တိုင် နာမည်ကြီးကျူရှင်တွေကို လိုက်လေ့လာကြည့် ပါဦးလို့ ကိုယ် စေတနာနဲ့ အကြံပေးပါရစေ"

စိတ်အလိုအရသာဆိုလျှင် တယ်လီဖုန်းခွက်ကို လွှတ်ချင်မိ လိမ့်မည်။ စိတ်ကို ချုပ်တီးကာ နားထောင်နေရသည်။

"ဒါပဲနော် အစမ်း. . . ငါ ကိစ္စရှိလို့"

"အေး. . အေး. . ဒါပဲနော်၊ ဆောရီး သူငယ်ချင်း"

"ဂျလောက်"

ဘာဆောရီးလဲ။ ကျူရှင်မပြရတော့ ဘာဖြစ်သနည်း။ ကျူရှင်ဝင်ငွေပေါ် မှီတင်းစားသောက်နေရသော သူတို့လို လူတန်း စားမှ မဟုတ်ပေဘဲ။

သူတို့ အတတ်ပညာ ရောင်းပန်းလှအောင် ကြိုးစား ပမ်းစား သင်နေရသော ဆရာ ဆရာမ လူတန်းစားတွင် မိမိမပါဝင် ခြင်းအတွက် ခင်ဝတီ ဘယ်သောအခါမှ နောင်တရလိမ့်မည် မဟုတ်။

သို့သော် ပညာတတ်တိုင်း စာသင်တတ်တာ မဟုတ်ဘူး





ဆိုသောစကားကိုတော့ ခင်ဝတီ လက်ခံပါသည်။ ခင်ဝတီ နားလည် တတ်မြောက်ထားသလို ကျောင်းသားများကို သင်ကြည့်သည်။ မရ။ သူတို့ နားမလည်။ သူတို့အသက်အရွယ်နှင့် သူတို့ပြဿနာချက်ကို နားလည်သဘောပေါက်အောင် သင်ဖို့ဆိုသည်မှာ ပြဿနာသင်ရိုး များအား ပို့ချသည့်သင်တန်း တက်ပြီးမှ ဖြစ်လိမ့်မည်ထင်သည်။

ခင်ဝတီ ဒေါ်သစိတ်တို့နှင့်အတူ ရှေ့ဆက်တီခုံ၌ ခြေပစ် လက်ပစ် ထိုင်နေမိသည်။

ခြေဖျားလက်ဖျားများ အေးစက်ကာ အသက်ရှူမဝသလို ခံစားရသည်။ လူမှာ အလိုလို မောဟိုက်လာသည်။

မှိုရသလိုမျက်နှာလေးနှင့် ဧည့်ခန်းထဲသို့ ဝင်လာသော ခင်နွယ်နီကို တွေ့မှ ဒေါ်သစိတ်တို့ ပြန်လည်ခေါင်းပြူလာသည်။

"ခင်နွယ်နီ. . . လာဦး"

အသက်အားဖြင့် ခြောက်နှစ်ကြီးသောမိမိအား ခင်နွယ်နီ သည် ရှိသေကာ ကြောက်လန့်သည်။

"ရှင်. . . မမ"

"ထိုင်ဦး"

မိမိရှေ့ဆက်တီ၌ ဝင်ထိုင်ရင်း ဒေါ်သထွက်ကာ ဘိုလူး ဆိုင်း ကမည့်မျက်နှာထားနှင့် ရှိနေဟန်တူကာ မိမိအား မျက်လုံး လေး ကလယ်ကလယ်နှင့် အကဲခတ်နေပေသည်။

"စောစောက နင်ဘယ်သွားနေသလဲ"

"ခြံထဲပါ. ."

"ဘယ်အကောင်နဲ့စကားပြောနေသလဲ"

"အကောင်မဟုတ်ပါဘူး. . . ကိုကိုဘုန်းနဲ့ပါ"

"ဘာ. . . ကိုကိုဘုန်း ဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ. . . ကိုကိုဘုန်းက နွယ်နီ့ဆရာပဲဟာ၊ ဆယ်တန်းကို သက်စေ့ဖြေရမလိုဖြစ်နေတဲ့ နွယ်နီ့ကို ကိုကိုဘုန်းက ကယ်တင်လိုက်လို့ ဆယ်တန်းအောင်သွားတာ၊ မန္တလေးမှာ ကိုကိုဘုန်းက အိမ်သားလိုပဲ ဖြစ်နေတာ"

"ဩော်. . . ငါလာတုန်းက ဒင်းကို မတွေ့ပါလား"

"မမက မိသားစုအကြောင်း ဘယ်လောက်စိတ်ဝင်စားလို့လဲ၊ သူငယ်ချင်းတွေနဲ့ပဲ အချိန်ကုန်နေပြီးတော့၊ အိမ်လာတဲ့အခါကော ဖင်နွေးအောင် နေလို့လား"

ခင်နွယ်နီ ပြောတော့လည်း မှန်နေသဖြင့် မိမိမှာ ပြောစရာစကား မရှိသကဲ့သို့ ဖြစ်သွားရသည်။

ဆယ်တန်းကို ငါးနှစ်ဖြေပြီးမှ ယခုမှ တက္ကသိုလ် ဒုတိယနှစ်ရောက်သော ခင်နွယ်နီအကြောင်းလည်း ခင်ဝတီ မသိခဲ့။

"မမ. . မန္တလေးသင်္ကြန် လာနွှဲတဲ့အချိန် ရောက်ရင် ကိုဘုန်းက ရန်ကုန်ပြန်တဲ့အချိန်နဲ့ ကြုံနေတတ်လို့ မတွေ့မိတာပါ"

"ထားပါတော့. . . ဒါပေမယ့် အရောတဝင် နေစရာ မလိုဘူး၊ ခုံတန်းလျားပေါ်မှာ အတူထိုင်ပြီး လူမြင်မကောင်းအောင် အကြည်ဆိုက်မနေနဲ့၊ နောက်ကို မမြင်ချင်ဘူး၊ သူ့ဟာသူ ဆရာပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် အိမ်မှာတော့ လခစား အလုပ်သမားပဲ၊ ဒါကို နားလည်ထား"

"ရှင်. . ."

ခင်နွယ်နီက နားထွေးသွားဟန်ကို 'ရှင်' ဟူသော အာမေဋိတ်နှင့် ထုတ်ဖော်လိုက်သည်။

"ငါ စကားမရှည်ချင်ဘူး၊ ကိုယ့်အိမ်က ခိုင်းတဲ့ဟာတို့ အရောမဝင်နဲ့ဆိုရင် မဝင်နဲ့ပေါ့၊ ဘယ့်နှယ့် ပတ်ဝန်းကျင်က မြင်





မကောင်း မေးငေါ့စရာ၊ ညစောင့်အလုပ်သမားနဲ့ သူဌေးသမီးက အကြည်ဆိုက်နေလိုက်တာလို့"

"ကိုကိုဘုန်းက ညစောင့်အလုပ်သမားလား၊ အိမ်မှာ ယောကျ်ားသား မရှိဘူးဆိုပြီး ဖေဖေက အကူအညီတောင်းလို့ လာနေပေးတာ မဟုတ်ဘူးလား"

ခင်ဝတီ အံ့အားသင့်သွားသည်။ မိမိဖခင်နှင့် သူတို့ ဆက်နွယ်မှုကို မိမိဘာမှမသိပါဘူး။ အန်တီနှင့်ဘွားဘွားကကော မိမိအား ဘာမှပြောမထား။ မိမိကဲ့သို့ပင် သိဟန်မတူ။

"ဘာပဲဖြစ်ဖြစ် ယောကျ်ားလေးတွေနဲ့ အရောမဝင်နဲ့၊ မောင်စိုးနဲ့ကော မာလီနဲ့ပါ"

"ဟုတ်ကဲ့"

"သွားတော့"

"ဟုတ်"

ခင်နွယ်နီသည် ခေါင်းကုတ်ပြီး ထွက်သွားသည်။ ပတ်ဝန်းကျင်တစ်ခုလုံး အပ်ကျသံ ကြားအောင် တိတ်ဆိတ်လျက် ကျန်ရစ်ခဲ့သည်။

ခင်ဝတီ စိတ်ထဲ မွန်းကြပ်လျက်ရှိသည်။

ခြံထဲသို့ ဆင်းခဲ့လိုက်သည်။

ဥယျာဉ်မှူး၏လက်စွမ်းပြထားမှုကြောင့် အလှပေါင်းစုံနှင့် ပြည့်စုံနေသောခြံတွင်း ဆင်းမိသည်နှင့် ပန်းပေါင်းစုံရနံ့က ဆီးကြိုနေလေသည်။

ညီအစ်ကို မသိတသိ မှောင်ရီပျိုးနေသောအချိန်ဝယ် ဥရုတ်စကားပင်အောက်မှာ စာအုပ်တစ်အုပ် ထိုင်ဖတ်နေသော ညစောင့်ကို မြင်လိုက်ရသည်နှင့် ခင်ဝတီ ခြေလှမ်း တုန့်ခနဲ ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။

ညစောင့်ကလည်း မိမိအား မြင်သည်နှင့် ငေးကြည့်ကာ ထလိုက်သည်။

အလန့်တကြားစူး စူးစိုက်စိုက်နှင့် မိမိထံမှ အမိန့်စကားကို စောင့်ဆိုင်းနေသည့်ဟန် ထင်သည်။

ခင်နွယ်နီကို ဆုံးမပြီး မိမိက သူစိမ်းညစောင့်အလုပ်သမားနား ရောက်နေပါလား။

ခင်ဝတီ ချာခနဲ ပြန်လှည့်လိုက်သည်။ ကမ္ဘာမြေကြီးက ခင်ဝတီအား စိတ်ဆိုးပေမည်။

ခင်ဝတီ စိတ်တိုတိုနှင့် ခြေကို ဆောင့်နင်းကာ လျှောက်ခဲ့သောကြောင့်. . .။









မိန်းမသားတစ်ဦးအတွက်တော့
သူ့မိန်းမလေးဘဝကို အဝင်ကြိုးမိပြီဆိုရင်
သဒ္ဒါလျှံပြီး အချစ်ပါ
ကျွံသွားတော့တယ်..

# အခန်း(၁၁)

အ. ထ. က(. . .) ဖြူးတဲ့။

ခင်ဝတီသည် အမိန့်ပြန်တမ်းစာရွက်ကို ကြည့်ပြီး ငိုင်နေမိသည်။ ရန်ကုန်နှင့်မနီးလေး ဖြတ်သန်းသွားလာရာ ရထားလမ်း ကားလမ်းဘေးတွင်သာ မြင်ဖူးသော မြို့လေးတစ်မြို့၌ မိမိတာဝန်ထမ်းဆောင်ရတော့မည်။

“မြန်မြန်သတင်းပို့နိုင်လေ ကိုယ့်လုပ်သက် တစ်ရက်တိုးလေလေပေါ့ သမီး၊ ပြီးတော့ ကျောင်းသားတွေအတွက်လည်း တစ်ရက်အကျိုးရှိလေပဲ”



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ့ဝန်ထမ်းဘဝ ထမ်းဆောင်ရန် အတွေ့အကြုံသစ် စလေပြီ။

ဘာလုပ်ရမလဲ၊ ဘယ်နေ့ သွားရမလဲကို ဆုံးဖြတ်၍မရသေး။

"ကားနဲ့ပဲ သွားတာပေါ့၊ မောင်ဘုန်းကို အရင်လွှတ်ပြီး နေထိုင်ရေး ကြည့်ခိုင်းလိုက်မယ်"

အမျိုးမရှိ အသိမရှိသော မြို့တစ်မြို့၌ မိမိဘယ်ကဲ့သို့ နေထိုင်သွားရမည်နည်း။ သည်ကြားထဲ ညစောင့်ကို လူရာသွင်းနေသော အန်တီ့စကားကြောင့် စိတ်တိုသွားသည်။

"အန်တီကလည်း. . . နေရာတကာ အန်တီ့ကောင်ပဲ ပြောနေ၊ သူနဲ့ ဘာဆိုင်လို့လဲ"

"ဟဲ့. . . သူက တပည့်တပန်း ပေါတော့ နေရာအနှံ့ အပြားမှာ တပည့်ရှိနေတယ်၊ မြို့တစ်မြို့ကို မိန်းမသားချည်းပဲ အရမ်းသွားဖို့ဆိုတာ လွယ်မလား"

"ဘာလို့ မလွယ်ရမှာလဲ. . . ကျောင်းရှိနေတာပဲ၊ ကျောင်းအုပ်က ကြည့်စီစဉ်ပေးလိမ့်မယ်"

"ကိုကိုကြီးကို ဖုန်းဆက်ပြောလိုက်ဦး"

"ဟုတ်တယ်. . . ဖေဖေလုပ်ခိုင်းတဲ့အလုပ် ဖေဖေ့ကိုပဲ တာဝန်ပြန်ပေးမှပဲ"

"ကောင်းပါ့တော်. . . ကေရှင်းပါ့"

ခင်ဝတီ ထိုင်ရာမှ သွက်လက်စွာ ထလိုက်ပြီး တယ်လီဖုန်းစင်ရှိရာ လျှောက်သွားလိုက်သည်။

ထိုစဉ် ရိပ်ခနဲ လူရိပ်ကို မြင်လိုက်သည်။

ညစောင့်ဖြစ်သည်။





"အန်တီ ခေါ်တယ်ဆိုလို့"

"အေး. . . ထိုင်ဦး မောင်ဘုန်း"

ဆိုဖာထက်၌ ခပ်မြိန်မြိန် ဝင်ထိုင်လေသည်ကို မျက်မှန်ကျိုးကြား မြင်တွေ့လိုက်ရသည်။

တယ်လီဖုန်း လှည့်လိုက်ရသည်။

"ဟဲလို"

မေမေ့အသံ ကြားလိုက်ရသည်။

"မေမေလား. . . သမီး ခင်ဝတီပါ"

"ခင်ဝတီလား. . . ခင်နွယ်နီကော ပျော်ရဲ့လား"

သမီးငယ်ကို ချစ်သော မေမေ့အမေးကြောင့် စိတ်ထဲ မှာတာလေး ဖြစ်သွားသည်။

"ပျော်ပါတယ်. . . ပျော်တာမှ လွန်တောင်လွန်နေတယ်"

လှေကားပေါ်မှ ဆင်းလာပြီး ညစောင့်အနီး ထိုင်ကာ စကားပြောနေမြန်သည်။ သည်ကောင်မလေးသည် ဘယ်လောက်ပြောပြော အမှတ်သည်းခြေ ရှိသည်မဟုတ်။ ယောကျ်ားတွေနှင့် လူးပလဲနိုင်လွန်းသည်။

"ဖေဖေနဲ့ စကားပြောချင်တယ် မေမေ"

"အေး. . အေး. . ညည်းကတော့ အဖေမှ အသက်ရှိတယ် ဆင်နေတာ၊ ကျုပ်များတော့ ရှိတယ်တောင်မထင်ဘူး"

"ကဲပါ မေမေရယ်. . . အရေးကြီးလို့ပါ၊ ဖုန်းခဏွေ တက်လန့်တော့မယ်"

မေမေ့ပါးစပ်သည် ထိုသို့ ခပ်ကြမ်းကြမ်း ခပ်ထွေထွေ ပြောလိုက်မှ စားဝင်အိပ်ပျော်ပုံ ရသည်။

"သမီးကြီးလားဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဖေဖေ. . . ပို့စတင်ကျပြီ"

"ဘယ်လဲ"

"ဖြူး. . အထက(. . )ပါ"

"ကောင်းသားပဲ. . . ဘယ်တော့ သွားမလဲ"

"မသိသေးဘူး ဖေဖေ"

"ဩော်. . အတော်ပဲ၊ သမီး မောင်ဘုန်းရောက်ပြီလား ခေါ်လိုက်စမ်း၊ သူ့အမေက ကျောက်တံခါးသူဆိုတော့ သိလိမ့်မယ်"

လာပြန်ပြီ တစ်ယောက်။ နေရာတကာ သည်လူကို ဦးစား ပေးလွန်းသည်။ သို့သော် ဖေဖေ့ကို မလွန်ဆန်နိုင်၍. . .

"အန်တီ. . . ညစောင့်ကို ခေါ်လိုက်ပါ၊ ဖေဖေ ခေါ်နေ တယ်"

ဖေဖေ မကြားစေရန် စကားပြောခွက်ကို အုပ်ပြီး နော လှည့်မကြည့်ဘဲ လှမ်းအော်လိုက်သည်။

"ဟဲ့. ."

ဒေါ်လေးက ဟန့်တားလိုက်သော်လည်း. . .

"ရပါတယ် အန်တီ"

ဟူသောအသံနှင့် လှုပ်ရှားမှုကို မိမိမျက်ဝန်းထောင့် တွေ့မြင်လိုက်ရသည်။

အပါး၌ လက်နောက်ပစ်ပြီး လာရပ်သည်ကို အမြင်တ စွာ မျက်စောင်းလှမ်းထိုးလိုက်သည်။

"ဖေဖေ စီစဉ်ပေးမယ်၊ ပစ္စည်းတွေသာ အဆင်သင့် ထု ပေးထား"

"ဟုတ်ကဲ့ ဖေဖေ. . . သူရောက်ပြီ"

တစ်ဆက်တည်း ပြောပြီး စကားပြောခွက်ကို ဘေးဘ





ချထားလိုက်သည်။ သူ့အား တစ်ချက်မှ မကြည့်ဘဲ တန်းထွက်ခဲ့ သည်။

ဖေဖေ ဘာတွေပြောသည်ကို အန်တီမှတဆင့် မိမိသိရပေ မည်ဖြစ်၍ အိမ်ပေါ်ထပ်သို့ တန်းတက်ခဲ့လိုက်သည်။

အပေါ်ထပ် ရောက်ပြီး မကြာခင် အပေါ်ထပ်ဖုန်း မြည် လာသည်။

ဖေဖေ စကားပြောမပြီးသေး၍ အပေါ်ထပ်ကို ဆက်သွယ် ပေးလိုက်ခြင်းဖြစ်မည်။

"ဟဲလို. . . ဖေဖေလား"

"အေး. . . ဟုတ်တယ်၊ ဘာဖြစ်လို့ စောင့်မနေတာလဲ"

"ဖေဖေပဲ ပစ္စည်းသိမ်းဆို"

"ကောင်းကွာ. . . အခုမှ အဖေ မှာတဲ့အတိုင်းပါပဲလား၊ ဒီလိုလုပ်. . . မောင်ဘုန်းအသိ ဆရာမကြီးတွေ ရှိတဲ့ ဟိုင်းကြီးကျွန်း ပို့ပေးလိမ့်မယ်"

"ဟိုင်းကြီးကျွန်းကို ဘာကိစ္စ သွားရမှာလဲ၊ ဖြူးက ပဲခူးတိုင်း တောင်ငူဘက်မှာပဲဟာ ဖေဖေကလည်း၊ ဟိုင်းကြီးကျွန်းက ဧရာ ဝတီ မြစ်ဝကျွန်းပေါ်"

"ဟုတ်ပါတယ်. . . ဖေဖေသိပါတယ်၊ ခု ဟိုင်းကြီးကျွန်းက အပျိုဟိုင်းကြီးတွေ နေတဲ့အိမ်မှာ ဘော်ဒါဆောင် ဖွင့်ထားပြီး အပျိုဟိုင်း ရုံးဝန်ထမ်းနဲ့ ဆရာမတွေ ငှားနေလို့ ဟိုင်းကြီးကျွန်းလို့ ခေါ်တဲ့အဆောင်ရှိတယ်၊ အဲ့ဒီကို မောင်ဘုန်း ပို့ပေးလိမ့်မယ်"

"သီးသန့်ငှားနေလို့ မရဘူးလား"

"သီးသန့်ငှားနေတာထက်ကို ပိုစိတ်ချ ပိုလုံခြုံတယ်လို့ ဖေဖေ ယူဆတယ်၊ အဲဒီမှာပဲ နေလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်နွယ်နီကကော"

"သူ့အန်တီ ရှိသားပဲ"

"ဘွားဘွားက ရိပ်သာ နောက်ဆယ်ရက်စခန်း ထပ်ဝင်နေတယ် ဖေဖေ၊ ဖေဖေ့သမီးက လွယ်တာမဟုတ်ဘူး"

"ဘာတွေ မလွယ်တာလဲ"

"ဖေဖေ့လူ မောင်ဘုန်းနဲ့ အရမ်းရောတာပဲ"

"ဒီအတွက်တော့ ဝါရီမဖြစ်နဲ့ သမီး၊ မောင်ဘုန်းနဲ့က ညီအစ်ကိုမောင်နှမလိုပဲ၊ အပြင်ကိုသာ သိပ်မထွက်စေနဲ့ ညီမလေးကို ဖေဖေ မှာထားမယ်၊ အဲ့ဒါ အရေးကြီးတာ"

"ကားယူသွားရမလား"

"အိမ်က ကားနဲ့ပဲ မောင်ဘုန်း လိုက်ပို့ပေးလိမ့်မယ်၊ သမီးကတော့ ကားမယူထားနဲ့၊ ဟိုရောက်မှ စက်ဘီးစီး ပြန်သင်ပြီး စက်ဘီးနဲ့ ကျောင်းတက်ပေါ့၊ စက်ဘီးတစ်စီး ဝယ်ချင်ဝယ်သွား၊ ဒါမှမဟုတ် မောင်ဘုန်းကို နောက်တော့ လာပို့ခိုင်းလိုက်"

နေရာတကာတွင် သူ့အမည်က လွှမ်းမိုးနေသည်။ လူရာသွင်းလွန်းသည်။

"ကြားလား"

"ဟုတ်ကဲ့ ဖေဖေ"

"ကိုယ့်ဟာကိုယ် ချက်ပြုတ်မစားချင်ရင် ထမင်းဆိုင်တစ်ခုမှာ ချိတ်ပေးစားလိုက်"

"ဟုတ်ကဲ့ ဖေဖေ"

"ဖေဖေ အားရင် ရန်ကုန်လာရင်း ဝင်လာခဲ့မယ်"

"ဟုတ်ကဲ့"

"အိုးခွက်ပန်းကန်တော့ လိုရမယ်ရ ထည့်သွား"





"ဟုတ်ကဲ့"

"မောင်ဘုန်းကိုလည်း ကြာကြာဆွဲမထားနဲ့၊ သူ့အလုပ်ရှိသေးတယ်၊ ဘွားဘွားတို့အိမ်မှာကလည်း သမီး မရှိရင် သူကပိုလိုအပ်နေတယ်"

"မလွဲသာလို့ ခေါ်သွားရတာပါ၊ ချက်ချင်းပြန်လွှတ်မှာပါ၊ စိတ်ချ ဖေဖေ"

ဟုတော့ ပြောဖြစ်အောင် ပြောလိုက်သေးသည်။

"ချက်ချင်းတော့ မလွှတ်နဲ့လေ၊ အဆင်ပြေမှ လွှတ်ပေါ့၊ သူက အဲ့ဒီက ဆယ်တန်းအောင်ခဲ့တာဆိုတော့ သူအဆင်ပြေအောင် စီစဉ်ပေးလိမ့်မယ်"

"ဟုတ်ကဲ့"

"ဒါပဲ သမီး၊ မနက်ဖြန်မှ ဖေဖေ ထပ်ဆက်မယ်၊ ဆေးဝါးလည်း အစုံအလင် ထည့်သွား"

"ဟုတ်ကဲ့"

"ဂျလောက်"

ဖေဖေ ဖုန်းချသွားမှ မိမိလည်း ဟူးခနဲ သက်ပြင်းချလိုက်နိုင်သည်။

ဖေဖေ့ကို နားမလည်နိုင်အောင်လည်း ဖြစ်မိသည်။ ကိုယ့်သမီးအပျိုအရွယ်ကိုမှား သူစိမ်းလူပျိုနှင့် စိတ်ချလက်ချ လွှတ်ရက်သည်။

"ဘယ့်နှယ့်လဲ. . . ကိုကိုကြီးက မောင်ဘုန်းနဲ့ပဲ သွားခိုင်းတယ် မဟုတ်လား"

"အင်းလေ. . . ညစောင့်ကို နေရာပေးလွန်းတယ်"

"ညစောင့်ဆိုတဲ့အစွဲ မထားပါနဲ့၊ အမှန်တော့ မောင်ဘုန်း



www.burmeseclassic.com

www.burmeseclassic.com



ကို အိမ်ကြီးမှာပဲ အစ်ကိုကြီးက နေခိုင်းတာ၊ မောင်ဘုန်းက မနေတာ၊ အကူအညီပေးတာသက်သက်ပဲ၊

လစာငွေ တစ်သိန်းပေးလည်း မယူလို့ မရင်လက်ထဲပဲ သွားသွားထည့်နေရတယ်၊ မရင်ကလည်း လှူဖို့ဆိုပြီး သီးသန့်စုထားတယ်"

"ကြီးကြီးကျယ်ကျယ်. . . ငွေတစ်သိန်းများ"

အမှန်ဆို မိမိအထက်တန်းပြလစာငွေသည် သူ့ညစောင့်လစာနှင့် တူနေပြီး ညစောင့်ကတောင် ညစာ ထမင်းနှင့် လက်ဖက်ရည် ရသေးသည်။ အိမ်အခမဲ့ နေနိုင်သေးသည်။

"အန်တီ လိုက်ခဲ့မယ် မဟုတ်လား"

"ခင်နွယ်နီ တစ်ယောက်တည်းရယ်. . . မဖြစ်သေးပါဘူး၊ အမေ့ကိုလည်း မနှောင့်ယှက်ချင်ဘူး၊ အစ်ကိုကြီးကတော့ မောင်ဘုန်းနဲ့ဆို စိတ်မချစရာ မရှိဘူးတဲ့၊ ညည်းတို့ချည်း သွားပါစေလို့ ပြောတာပဲ"

"နေရာတကာ ပစားပေးလို့ ဒီလောက်ထောင်လွှားနေတာ ဖြစ်မယ်"

"ထောင်လွှားတဲ့အမူအရာလည်း လုံးဝမတွေ့ရပါလား ခင်ဝတီရယ်၊ ညည်းက ဘယ်လိုမျက်စိနဲ့ ကြည့်သလဲမှ မသိတာ"

"လုပ်မနေနဲ့. . . အထင်မကြီးဘူး"

"ကောင်းပါတယ်. . . ယောက်ျားတစ်ဦးကို အထင်မကြီးသေးတာပဲ ကောင်းတယ်၊ အဲ. . . မိန်းမသားတစ်ဦးအတွက်တော့ သူစိမ်းယောက်ျားတစ်ဦးကို အထင်ကြီးမိပြီဆိုရင် သဒ္ဒါလွန်ပြီး အချစ်ပါ ကျွံသွားတတ်လိမ့်မယ်မှတ်"

"ဝေးသေး"





"အဲဒီ. . ဝေးသေးကြီးကိုပဲ စောင့်ကြည့်ရမှာပဲ"

ခင်ဝတီ အိပ်ရာထက် ပစ်လှဲလိုက်သည်။

"ခင်နွယ်နီကိုလည်း ကြည့်ထိန်းဦးနော်၊ တော်ကြာ အစ်ကိုလိုပဲကနေ ပေးစားရတဲ့အဆင့်အထိ ရောက်နေဦးမယ်"

"မောင်ဘုန်းလိုလူမျိုး ရလို့ကတော့ ခင်နွယ်နီကတောင် သာသေး၊ မောင်ဘုန်းဘက်က နာရမလိုမျိုးဖြစ်နေတယ်၊ ညည်းညီမ က ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုတဲ့ဝါဒ လက်ကိုင်ထားတဲ့ပုံမျိုး၊

ငါက မောင်စိုးနဲ့သာ စိုးရိမ်နေတာ၊ ကောင်လေးက ဆယ်တန်းတောင် မအောင်သေးဘူး၊ ခုမှ ဘာစိတ်ကူးပေါက်သလဲ မသိဘူး ဆယ်တန်းပြန်ဖြေမလို့တဲ့၊ ညည မောင်ဘုန်းက စာသင်ပေးနေတယ်လေ၊ သူ့အိမ်တောင် မပြန်တော့ဘူး"

မောင်စိုးသည် တောင်ဥက္ကလာ၌ နေသူဖြစ်ရာ သူ့တာဝန်ပြီးလျှင် သူ့အိမ်ပြန်နေလေ့ရှိသည်။

"ဒါဖြင့် ခင်ဝတီတို့ သွားတုန်း သူ့ကို ညစောင့်ခေါ် ထားရမှာပေါ့"

"ဒါပေါ့. . . ကျုပ်အိပ်ရေးပျက်ဦးတော့မှာပဲ"

"ကောင်းတယ်. . . အဲ့ဒါ ခင်ဝတီ မရှိတဲ့တန်ဖိုးပဲ"

"အရေးမကြီးပါဘူး. . . လောကကြီးမှာ ဘယ်သူရှိမှရယ် ဘယ်ထိ ရှိမှရယ် မဟုတ်ပါဘူး၊ သူ့ဘာသာသူ နေတတ်သွားဖြစ်တာချည်းပါပဲ၊ ခင်ဝတီ မရှိလဲ အင်းလျားမြိုင်က ဒေါ်ခင်ခင်ကြီးတိုက်ဟာ သူ့ဟာသူ ဖြစ်နေမှာပါပဲ"

"ကြည့်ကြသေးတာပေါ့. . . နောက်မှသာ ခင်ဝတီရယ် ခင် အလုပ်ထွက်ပါတော့လို့ လာလုပ်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွား မရှိတုန်း အန်တီ့ကို အနိုင်ယူပစ်လိုက်သည်။

"တစ်သက်လုံး မလုပ်ကြောင်းပါ"

အန်တီကလည်း အဘွားသမီးပီပီ လုံးဝမခံ။

"အမေက တလောက ဘက်ကီ လာပြတဲ့ဟာလေး ဝယ်ပေးလိုက်တယ်ဆို"

"ဟုတ်တယ်. . . အဲ့ဒါပဲ ပြောင်းဆင်တော့မယ်"

"ကျောင်းစိမ်းနဲ့ဆိုတော့ မြကော ယူသွားပါလား"

"မကြိုက်ဘူး"

"ကျောက်စိမ်းကော"

"တော်ပါပြီ အန်တီရာ၊ သူများရပ်ရွာမှာ သိပ်ကြွားကြွားလွှားလွှား မနေချင်ပါဘူး"

"ဟုတ်တယ်. . . စိန်ကျတော့ ယူသွားပြီးတော့"

"ဒါက ရုရှားစိန်တို့ အမေရိကန်စိန်တို့ ပြောထားလိုက်လည်း ဖြစ်တာပဲ၊ ဘယ်သူမှ သိတာမှတ်လို့"

"ကောင်းပါတယ်. . . ခင်ဝတီတို့ကတော့ ကိုယ်ထင်ရင်ခုတင်ရွှေနန်းပဲ"

"တော်ပြီ. . . အိပ်တော့မယ်"

"ဟဲ့. . . အိပ်တော့မယ် လုပ်မနေနဲ့ အဖြူအစိမ်းကို ချုပ်ဖို့လုပ်ဦးလေ"

"ဆိုင်သွားရဦးမှာလား"

"မသွားရတော့ပါဘူး. . . မဖုရားအတွက် ကျွန်တော်မျိုးမကပဲ မမအေးကို ဖုန်းဆက်ပြီး မောင်ဘုန်းကို လွှတ်ပြီး ခေါ်ခိုင်းထားပါတယ်"

"ဟင်. . . အကျီစတွေကကော"





"ကျွန်တော်မျိုး စတိုးဆိုင်ကပဲ မာတင်၊ မာဆား၊ ဆွစ်ဇာလန်ဇာနဲ့ ကောင်းနိုးရာရာ အဖြူစတွေနဲ့ အစိမ်းကို ယောနှစ်နံ့စပ်၊ ဇက်ဝံ၊ ဘီလဲလ်အုန်းပင် အစုံအလင် ယူထားပါတယ်"

"သာဓု. . . သာဓု"

". . . . . . . ."

ခင်ဝတီ ငယ်ထိပ်ထူပူသွားသည်။ အန်တီသည် ချစ်စနိုးဆဲကာ ထိပ်ခေါက်လိုက်သောကြောင့်ဖြစ်သည်။ မိမိအလိုလိုက်ကာ အကြိုက်ဆောင်ပေးတတ်သော အဘွားနှင့်အဒေါ်ကို ခွဲခွာရတော့မည့်အရေး တွေးမိပြန်တော့ ရင်ထဲ လေးလံသွားရပြန်သည်။

သို့သော် အတွေ့အကြုံအသစ်အတွက်တော့ စိတ်စောနေမိသည်။

လူ့လောကကြီး၌ တစ်သမတ်တည်း ရပ်တည်နေရမည်မှာ ငြီးငွေ့စရာကောင်းသည်။ ခုလို အပြောင်းအလဲလေးနှင့်ဆိုတော့ ဆိုးပါဘူးဟု ယူဆမိသည်။






www.burmeseclassic.com

www.burmeseclassic.com





မုန်းသူကိုလည်း ချစ်ဟန်ဆောင်ချင်ဆောင်
ရမည်၊ ချစ်သူကိုလည်း မုန်းဟန်ဆောင်
ချင်ဆောင်ရမည်။
လူ့လောကကြီး လူမှုရေးဝဉ်းကား သံသရာ
စက်ဝန်းအတွင်း၌ နိုင်ငံ့ဝန်ထမ်း
ခရီးသည်တစ်ဦးအနေဖြင့် ကျင်လည်
ရပေဦးမည်။

# အခန်း(၁၂)

"ကျွန်မ မောင်းမယ်. . . ရှင် နောက်ကစီး"

"ဟုတ်ကဲ့"

အမိုးမတင်ရသေးသော ပတ်ဘလစ်ကာအမိုးဖွင့်၌ မညာ တာရာ ရောက်နေပြီဟု သိသော်လည်း တမင်ပဲ ခွဲခြားလိုက်သည်။

"ဟဲ့. . . နေပူမှာပေါ့၊ တစ်ဖက်သားကို မညာမတာ"

"ကိစ္စမရှိပါဘူး အန်တီရယ်. . . ရပါတယ်၊ စိတ်ချမ်းသာ သလို လုပ်ပါစေ"

"အမယ်. . . ကြီးကြီးကျယ်ကျယ်" ဟု စိတ်ထဲ၌ တွေး





လိုက်သည်။ ဒါ ပဏာမပဲ ရှိသေးတယ်ဟု ပြောလိုက်ချင်သည်။

ဆက်လက်၍ နိုပ်စက်ခန်း ဖော်လိုက်ဦးမည် တွေးကာ ခွန်းတုံ့ပြန်မနေဘဲ ကားရှေ့ခန်း တက်ကာ တံခါးကို ဆောင့်ပိတ်လိုက်သည်။

"ဘုရားကန်တော့သွား. . အဒေါ်ကို ကန်တော့သွားလည်း အလကားပဲ၊ ခရီးထွက်တာ စိတ်ကောင်းနှလုံးကောင်း ထားရတယ် ခင်ဝတီရယ်"

အန်တီဆီ၌ စောစော ခင်ဝတီ ကန်တော့စဉ်က စမ်းစမ်း ဖြစ်နေသော မျက်ရည်စက်တို့ ဘယ်ဆီ ပျောက်ဆုံးသည်မသိ။ တွေ့ရတော့။

"ရှော့. . . ကိုကိုဘုန်း"

လှစ်ခနဲ အိမ်ထဲ ပြန်ပြေးဝင်ပြီး ပြန်ထွက်လာသောအခါ ခင်ဝတီ ကျိုက်ထီးရိုး သွားစဉ်က ဆောင်းခဲ့သော ဦးထုပ်လေး ပါလာသည်။ အစ်မအား မပြောရဲသဖြင့် သူ့ဆရာအား နေမပူစေ ရန်အတွက် ကာကွယ်ပေးလိုဟန်တူသည်။

ခင်ဝတီက ခင်နွယ်နီအား မျက်စောင်းထိုးကာ. . .

"တော်တော့်ကို စေတနာတွေ ရေစီးကမ်းပြို လိုက်နေတယ် ပေါ့. . . ဟုတ်လား"

ခင်နွယ်နီ ဘာမှမပြောဘဲ လျှာကလေး တစ်လစ်လုပ် ပခုံး လေး တွန့်ပြလိုက်သည်။

သည်အပြုအမူတွေပေါ့. . . ယောကျ်ားတွေအား မရိုးမရွ ဖြစ်အောင် လုပ်နေတာ။

"သွားပြီ"

ကားကို မောင်းထွက်ခဲ့လိုက်သည်။ နောက်က ပုဂ္ဂိုလ်က



www.burmeseclassic.com

www.burmeseclassic.com



လက်ပြလိုက်သေးသည်။ အလွမ်းသယ်၍ မဆုံးသေးဘူး ထင်ပါသည်။

မီမိ မရှိသည်နှင့် ဒင်းသည် ဤအိမ်သားများအပေါ် လွမ်းမိုးသွားတော့မည်။ ခင်နွယ်နီနှင့် ပတ်သက်ပြီး သူ့ကိုသာ မတ်တော်ရလျှင် အသက်တိုရလိမ့်မည် ထင်သည်။

အမယ်. . . ကိုယ်တော်သည် အရှေ့ဘက်သို့ ကပ်ပြီး သေတ္တာအရိပ်ကို အကာအကွယ်ပြုကာ နောက်ခန်း၌ လဲလျောင်းအိပ်စက်ပြီး လိုက်ပါလာသည်။

"တောက်. . . သူက ဇိမ်နဲ့"

ခင်ဝတီ မကျေနပ်နိုင်ပါ။ ခင်ဝတီကို သက်သက်ကြောတာဟု ခံယူမိသည်။ ကားတို လမ်းဘေးထိုးရပ်လိုက်သည်။

သို့တိုင်အောင် ညစောင့်သည် တုတ်တုတ်မျှ မလှုပ်။ တကယ်ဆိုလျှင် ကားဘာဖြစ်တာလဲဟု ပျာပျာသလဲ ဆင်းလာပြီး မေးဖို့ကောင်းသည်။ ယခုတော့. . . ထိုသို့မဟုတ်။

"တီ. . တီ. . တီ"

ဟွန်းတီး အချက်ပေးကြည့်သည်။ အခြားကားတွေကသာ လှည့်ကြည့်သွားသည်။ သူကား ထမလာ။

တောက်. . . သေနေပြီလား မသိဘူး၊ သေရင်လည်း မြန်မြန်သေ. . အေးမယ်။

ဟု ပါးစပ်က မကျေမနပ် ရေရွတ်ပြီး ကားပေါ်မှ ဖွင့်ဆင်းလိုက်သည်။

"ဒီမှာ. . ညစောင့်"

". . . . . . . . . . . . ."

လှုပ်မလာသေး။





"တောက်. . ဒီမှာ. . ဟော့လူ၊ ထစမ်း"

". . . . . . . . . . . . . . . . . ."

တုံ့ပြန်မှု ဘာမှမပေးသေး။

ခင်ဝတီ လက်သီးဆုပ်ကာ ထုဟန် ပြင်လိုက်သည်။ သို့သော် သူ့အသားနှင့် မထိလိုသဖြင့် ဆံခြင်ကာ မျက်နှာပေါ်၌ အုပ်ထားသောဦးထုပ်ကို ဆွဲယူလိုက်သည်။

နေရောင်သည် သူ့မျက်နှာပေါ် စွေစောင်းကျရောက်နေသည်။ နေရောင်ကို လက်နှင့် အကာအကွယ်ပြုကာ ထိုင်လိုက်သည်။ အပြစ်မရှိဟန်ဖြင့်. . .

"ကားဘာများဖြစ်လို့လဲ မမလေး"

ယခုတော့လည်း ကျိုးနွံနေသည့်ဟန်အပြည့်။

"ရှင်ဘာလုပ်နေတာလဲ"

"အိပ်နေတာပါ"

"မြင်တာပေါ့. . . ရှင်မို့လို့ မိန်းမသားတစ်ယောက် မောင်းတဲ့ကားပေါ်မှာ မိန့်မိန့်ကြီး အိပ်ရက်တယ်"

"မိန့်မိန့်ကြီး အိပ်ရက်တာ မဟုတ်ပါဘူး မမလေး၊ ညည နိုးနိုးကြားကြား အိပ်ရတော့ အိပ်ရေးမဝတာရယ်၊ နေနဲ့လေက ရှိန်ပြုနေတော့ နေရခက်ပြီး အိပ်ငိုက်လာတာရယ်ကြောင့် အိပ်ပျော်သွားတာပါ၊ ကျွန်တော် ဘာအကူအညီပေးရမလဲ"

ဇန်နဝါရီဆောင်း အအေးဒဏ်ကို ရှစ်နာရီနေဓာ ဖြိုခွင်းသော်လည်း မရဘဲ နေမြင့်လေ ပိုအေးလေဖြစ်နေသည်။

လူတစ်ဖက်သားကို သက်သက် ညှဉ်းပန်းနှိပ်စက်ရာများ ရောက်နေသလား။

"ဘာမှမလိုဘူး. . . အိပ်မနေနဲ့၊ သေတ္တာလျှောကျသွား



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ လာပြောတာ"

"ဟုတ်ကဲ့. . . စိတ်ချပါ၊ မကျစေရပါဘူး"

ကျွန်းသေတ္တာတစ်လုံးနှင့် သံသေတ္တာတစ်လုံး၊ တိုလီမိုလီ ကြိမ်ခြင်းတောင်းတစ်လုံး၊ စားစရာများ ပါသော ခြင်းတောင်း တစ်လုံး၊ အိပ်ရာလိပ်တစ်လိပ်ကို ပလတ်စတစ် အထူစားတစ်ခုနှင့် ဖုံးအုပ်ထားသည်။ အန်တီ့အစီအမံတွေ ဖြစ်သည်။

သေတ္တာကို အလယ်သို့ ပြန်ရွှေ့ကာ ပြန်လည်အုပ်ဆိုင်းပြီး အမြီးပိုင်းတွင် သူထိုင်လိုက်သည်။

ကားလာမောင်းဟု ခေါ်လိုက်ရမလား။

ခေါ်ရမှာကို နှုတ်ထဲ ဝန်လေးနေသည်။

ထို့ကြောင့် ကားထဲ ပြန်ဝင်ကာ မောင်းထွက်ခဲ့သည်။

နေမြင့်လေ အအေးပိုရလေဖြစ်သည်။ သူသည် နောက်ပိုင်းတွင် သေတ္တာကို မှီပြီး ကုတ်ချောင်းချောင်းနှင့် ငြိမ်သက်နေသည်။

မင်္ဂလာဒုံကို ကျော်လွန်လာသည်။ အအေးပိုလာသည်၊ လှည်းကူးရောက်ကာနီးတွင် ခင်ဝတီ ကားကို ရပ်လိုက်သည်။

"ဟော့တော်"

သူသည် နောက်ပိုင်းတွင် ခွေခွေကလေး အိပ်ပျော်နေသည်။ ဦးထုပ်ကို ခေါင်းအုံးထားလိုက်သေးသည်။

"တော်တော် စိတ်ချရတယ်၊ ကားရပ်တာတောင် မနိုးဘဲ ညစောင့်လုပ်သေးတယ်၊ ဝီရိယ အတော်ရှိတယ်"

ခင်ဝတီ ပွစိပွစိ ပြောပြီး ကားထဲ ပြန်ဝင်ကာ မောင်းခဲ့သည်။ ပျဉ်းရိုငြီးငွေ့ဖွယ်ကောင်းသောခရီး ဖြစ်သည်။ ပဲခူးကို ရောက်သောအခါ ဆယ်နာရီခွဲသွားလေပြီ။





ပဲခူးလိပ်ပြာကန်နားက သူငယ်ချင်းအိမ်သို့ မောင်းခဲ့လိုက်သည်။ အပေ့ါအပါးသွားရန်ဖြစ်သည်။

ဖြူးကို ဘယ်အချိန်ရောက်မည်ဟု ခင်ဝတီ မခန့်မှန်းနိုင်သေး။ ကားရပ်တော့ သူနိုးနေလေပြီ။

ကားပေါ်မှ မဆင်း၊ နှုတ်မှလည်း စကားတစ်ခွန်းမှ မမေး။ သေတော့မှာပဲ။ နှုတ်ကလည်း နည်းနေလိုက်တာ။

"ဟယ်. . . ခင်ဝတီ ဘယ်လိုဖြစ်လာတာလဲ"

သူငယ်ချင်းကို အိမ်ရှေ့၌ အဆင်သင့်ပင် တွေ့လိုက်ရသည်။

"ငါ ဖြူးမှာ ဆရာမ သွားလုပ်မလို့၊ နင့်အိမ်မှာ ဝိတ်လာလျှော့တာ"

"ဟယ်. . . တကယ်"

"တကယ်ပေါ့"

"အရိုမေတ္တေယျ ဘုရားရှင် အခုမှ ပွင့်တော့မယ် ထင်တယ်၊ ခင်ဝတီ အလုပ်တွေဘာတွေ လုပ်လို့"

"ဟတ်ချိုး. . ဟတ်ချိုး. . ဟတ်ချိုး"

နှာချေသံသည် အဆက်မပြတ် ဆက်တိုက်ထွက်ပေါ်လာသဖြင့် ခင်ဝတီ့မျက်လုံးသည် ကားရှိရာသို့ ရောက်သွားသည်။

ကိုယ်တော်ချောက နှနယ်လိုက်သေးသည်။ စိတ်ထဲက. .

"သေလိုက်ပါလား"

ဟု ကျိန်ဆဲလိုက်သည်။

"ကားပေါ်က ဘယ်သူလဲ"

"နင့်အဆက်"

"တကယ်လား၊ ဟယ်. . . ဝမ်းသာစရာကြီး၊ ဂေါ်တစ်သက်



www.burmeseclassic.com

www.burmeseclassic.com



မစွံတော့ပါဘူးလို့ စိတ်ဒုံးဒုံးချထားတာ၊ ပျော်လိုက်တာဟယ်၊ သွားခေါ်လိုက်ဦးမယ်”

သင်းသင်းရွှေသည် အရွှတ်အနောက် ဝါသနာထုံသူဖြစ်ရာ ခင်ဝတီအား ပြန်လည်၍ အတည်ပေါက် စကာ အောက်သို့ ဆင်းသွားဟန်ပြင်သည်။

“ဟဲ့. . မိသင်း၊ အဲ့ဒါ ဒရိုင်ဘာဟဲ့”

“ဘာဖြစ်လဲ. .. ဒရိုင်ဘာသော ဘာသော နားမလည်ဘူး ဒီလောက်မိုက်တဲ့ရုပ်ရှင်မျိုး ကြုံတောင့်ကြုံခဲတယ်၊ ငါ သွားခေါ်လိုက်ဦးမယ်”

“ဂိုဒေါင်နော်. . လာ. . ငါ့ကို အိမ်သာပို့ပေးဦး၊ ဘယ်သူမှ မရှိကြပါလား”

“ဈေးထွက် ကျောင်းသွားနဲ့ ဘယ်သူမှ မအားကြဘူး”

ခင်ဝတီ အပေါ့အပါးသွားပြီး ပြန်ထွက်လာချိန်၌ ကိုယ်တော်ချောသည် ကားပေါ်၌ မရှိ လိပ်ပြာကန်နား ရောက်နေသည်။

“အရပ်ကလည်း ကောင်းတယ်၊ ဒရိုင်ဘာသာ ဆိုတယ် သောင်းကျော်တန်ဂျာကင်နဲ့ သူ့တစ်ကိုယ်လုံး အနည်းဆုံး သောင်းကျော်ဖိုး ရှိမယ်ထင်တယ်၊ ရှိုးမှရှိုးရဲ့လားဟယ်၊ အချင်းချင်း လျှို့မနေပါနဲ့”

“မယုံရင် နေဟာ”

“ဟတ်ချိုး. . . ဟတ်ချိုး”

သူ အပုရုပ်တာလား၊ အအေးပတ်တာလားကို ခင်ဝတီ တွေးမနေတော့။

“ရှင် လာမောင်း”

“ဟုတ်ကဲ့”





သင်းသင်းရွှေကတော့ ဘာမှမပြောဘဲ ပြုံးစိစိနှင့် ကြည့်နေသည်။

သူသည် မွေးပွလက်ကိုင်ပုဝါဖြင့် နှာခေါင်းကို ပွတ်လိုက်သည်။ သူ့မျက်နှာ နီစပ်စပ် ဖြစ်နေသည်။ ယာဉ်မောင်းနေရာတွင် သူ ဝင်ထိုင်လိုက်သည်။

ခင်ဝတီအတွက် တံခါးကို အတွင်းမှ လှမ်းဖွင့်ပေးလိုက်သည်။

“သွားမယ် မိသင်း”

“နောက်တစ်ခါ အသွင်တစ်မျိုးနဲ့ လာခဲ့ဦးနော်”

စိတ်ထဲမှ ကြိတ်၍ဆဲလိုက်မိသည်။ သူမဆိုလိုချက်ကို မိမိသာလျှင် သိပေမည်။

“စိတ်ချပါရစေနော် ကိုဟာဗွာ၊ ကျွန်မသူငယ်ချင်းက ယင်ဖိုတောင် မသန်းတဲ့ အပျိုစင်စစ်စစ်ဆိုတော့”

“ကျွန်တော်လည်း ယင်မတောင် မသန်းသေးတဲ့ လူပျိုစစ်စစ်ပါခင်ဗျာ”

မိမိကိုသာ ဘာမျှပြန်မပြောသော်လည်း သင်းသင်းရွှေစကားကိုတော့ ပြန်လည်ချေပလိုက်သည်။

ခင်ဝတီ မျက်စောင်းထိုးခဲ့ကာ. . .

“ဘာရင့်တာလဲ. . . မောင်းတော့”

“ဟုတ်ကဲ့”

သူ ကားကို မောင်းထွက်ခဲ့သည်။ သင်းသင်းရွှေက ရယ်ရင်း လက်ပြလျက် ကျန်ရစ်ခဲ့သည်။

“ကျွန်တော်က မမလေး ထမင်းစားမယ် အောက်မေ့နေတာ”



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ အကုန်ထည့်ပေးလိုက်တာပဲ"

"ဟုတ်တယ်လေ. . . ဒါပေမယ့် အိမ်မှာ ဆင်းစားတော့ အဆင်ပြေမလားလို့"

"မဆာသေးဘူး"

အရောမဝင်ချင်ပါသော်လည်း သူပြောသောစကားများမှာ ပြောသင့်၍ ပြောသောစကားဖြစ်၍ လက်ခံပြောဆိုလိုက်ရသည်။

သူများ ဆာနေ၍ ရေလာမြှောင်းပေးစကား ပြောခြင်းလားဟု ခင်ဝတီ မှန်းဆမိလိုက်သော်လည်း တမင်ပင် မမေးဘဲထားလိုက်သည်။

ဘုရားကြီးကို လွန်ပြီးနောက် ချောင်းစပ်လေးနှင့် တမျှော်တခေါ် ရှုမောမဆုံးသည့် လယ်ကွင်းပြင်များ၊ လမ်းဘေးဝဲယာ၌ ကုက္ကိုပင်ကြီးများသာ ရှိသောကြောင့် ကြည်နူးလတ်ဆတ်သော လေပြည်လေညင်းများ ရိုက်ခတ်လျက်ရှိသည်။

"အရိပ်ကောင်းကောင်းနေရာမှာ ရပ်လိုက်"

"ဘာလုပ်မလို့လဲ"

"ဘာလုပ်လုပ်"

"ဟုတ်ကဲ့"

"ဘာ. . ဟုတ်ကဲ့လဲ"

သူ ကုက္ကိုပင်ကြီးတစ်ပင်အောက်၌ ကားကို လမ်းဘေးချရပ်လိုက်သည်။

"ချုံကောင်းကောင်းလည်း မရှိဘူး"

"ဘာလုပ်ဖို့လဲ"

"ဝိတ်လျှော့ဖို့ မဟုတ်ဘူးလား"





"သေတော့မှာပဲ. . . ထမင်းစားမလို့"

"ဒီလိုဆိုရင် ခဏလေး သည်းခံလိုက်ပါ၊ မျဉ်ပုံကြီးမှာ ကျွန်တော့်အဒေါ် အိမ် ရှိတယ်၊ အဲဒီမှာ စားပါ၊ လမ်းဘေးဆိုတော့ မကောင်းဘူး"

"ဘာမကောင်းရမှာလဲ. . . ကိုယ့်ထမင်း ကိုယ်စားတာပဲ"

"လမ်းဘေးမှာ သက်တူရွယ်တူ ယောကျ်ားမိန်းမနှစ်ဦးတည်းဆိုတော့ ပတ်ဝန်းကျင် ကားပေါ်က လူတွေက အထင်လွဲပြီး စနောက်သွားမှာစိုးလို့ပါ"

"အရေးစိုက်လို့"

"ဟိုတ်. ."

"ဟင်. ."

ခင်ဝတီ ဘယ်လိုဖြစ်သွားမှန်း မသိလိုက်။ ယိမ်းယိုင်ကာ သူ့ဘက် လဲသွားသည်။

ခင်ဝတီ ကားတံခါးဖွင့်ပြီး ဆင်းရန် ရည်စူး၍ တံခါးဖွင့်လိုက်သည်ကို သူက တံခါးကို လှမ်းဆွဲလိုက်သည်။

နောက်မှ အဝေးပြေးကားတစ်စီး ပွတ်ကပ် ကျော်ဖြတ်သွားသည့်အတွက် အခြေအနေအရပ်ရပ်ကို ခင်ဝတီ သဘောပေါက်လိုက်သည်။ သူ့ရင်ခွင်ထဲ ရောက်နေသော မိမိခန္ဓာကိုယ်ကို ဆတ်ခနဲ မတ်ကာ. . .

"လုပ်လိုက်ရင် အရမ်းကြီးပဲ၊ ပါးစပ်က ပြောပါလား"

ရှက်ဒေါသဖြင့် ရမ်းလိုက်မိသည်။

"ပါးစပ်ထက် ကားက ပိုမြန်နေလို့ ထူပူပြီး ဆွဲလိုက်မိတာပါ"

"မရှည်နဲ့. . . မောင်းတော့"



www.burmeseclassic.com

www.burmeseclassic.com



"မောင်းတော့ ကျွန်တော့်အဒေါ် အိမ် ရောက်မှ ထမင်းစားမယ်ပေါ့"

"မစားဘူး. . . ဘယ်တော့မှ မစားတော့ဘူး"

သူ ဘာမှမပြောဘဲ ကားကို ဂရုတစိုက် မောင်းနှင်လိုက်သည်။ ခင်ဝတီ စိတ်ထဲ ကျဉ်းကျပ်နေသည်။ အသက်ရှူကျပ်သလိုလည်း ခံစားနေရသည်။

သူစိမ်းယောက်ျားတစ်ဦးနှင့် နီးနီးကပ်ကပ် ခရီးသွားလာရခြင်းကို ဖေဖေက ဘာဖြစ်၍များ ခွင့်ပြုရသနည်း။ ငယ်ရာမှ ကြီးလာသောဖေဖေသည် ယောက်ျားများ၏စိတ်သဘောကို မြွေမြွေချင်း ခြေမြင်ရမည်။ သမီးအပျိုကို စိတ်ချလက်ချ လွှတ်ရက်သည်။

ခင်နွယ်နီကျတော့ အိမ်ထောင်ကျမှာစိုး၍ ချုပ်ချယ်ကာ တပူပူ တကြောင့်ကြကြ ရှိနေသည်။ ဖေဖေနှင့်မေမေသည် မိမိ အပေါ် အချစ်ပေါ့လွန်းအားကြီးသည်။

"ဟတ်ချိုး. . . ဟတ်ချိုး"

ဘယ်လက်ဖြင့် လက်ကိုင်ပုဝါ ကိုင်ကာ အုပ်ချေသည်။ ညာလက်က စတီယာတိုင် မလွှတ်။

မျဉ်ပုံကြီးမြို့လေးသို့ ရောက်လာသည်။

"အဒေါ်တို့အိမ် ခဏဝင်ပါရစေ"

"မဝင်ဘူး. . . စားလည်း မစားတော့ဘူး"

"ကျွန်တော် ဆေးသောက်ချင်တယ်၊ ပြီးတော့ ဝိတ်လည်း လျှော့ချင်လို့ပါ"

"ဖြစ်ရမယ်. . . မြန်မြန်ဝင်"

"ဟုတ်ကဲ့"

ခင်ဝတီ ထမင်းဆာနေပြီ။ အိမ်၌ အစားနှင့်လက် မပြတ်





သော ခင်ဝတီအတွက် မနက်မှ စားခဲ့သော ကော်ဖီနှင့်ကြက်ဥကြော်သည် ဘယ်အချိန်ကများ ကျေပျက်သွားသည် မသိလိုက်ပါ။

လမ်းခွဲတစ်ခုသို့ ချိုးဝင်ပြီး ရှေးကျသော ပျဉ်ထောင်အိမ်ကြီးတစ်အိမ်ရှေ့၌ ထိုးရပ်လိုက်သည်။ ဆန်၊ ပဲနောက်တို့ကို အိတ်ကြီးအိတ်ငယ် အသွယ်သွယ်ဖြင့် လှောင်ထားပြီး ရောင်းဝယ်ဖောက်ကားနေသော အိမ်ဆိုင်ကြီးသည် အောက်ထပ်၌ လူစည်ကားစွာရှိနေသည်။

"ဟယ်. . . အတူးတော်"

"အဒေါ်ရေ. . . ညီမတို့ကို ခေါ်ပါဦး၊ ဒီမှာ ကျွန်တော့်အလုပ်ရှင် ပါလာတယ်"

ခင်ဝတီ မျက်နှာထူပူသွားသည်။

သူက အလုပ်ရှင်ဟု မိမိအား ဂုဏ်မြှင့်ပေးလိုက်သောအခါ စိန်နားကပ် တဝင်းဝင်းနှင့် အလုပ်သမားများကို စီမံခန့်ခွဲနေသော သူ့အဒေါ်က ပျာပျာသလဲ တလေးတစားပင် ကားနား ကပ်လာကာ. . .

"ကြွပါ သမီး၊ အဒေါ်တို့အိမ်ကို ဘာမှအားမနာနဲ့၊ ဘယ်သွားကြမလို့လဲ"

"ဖြူးပါ"

ခင်ဝတီ မနေနိုင်တော့။ ကားပေါ်မှ ဆင်းလိုက်ရသည်။ ရှက်သလို အားနာသလိုလိုနှင့် အနေရခက်သွားသည်။ ဟိုလူတော့ ပညာပြနေပြီဟု ခင်ဝတီ နားလည်လိုက်သည်။

"မမလေး. . . ဒါ ကျွန်တော့်အဒေါ် အငယ်ဆုံးပါ၊ လေးဖွဲ့ညီမပါ"

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ တွေ့ရတာ ဝမ်းသာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုစံ ဆုံးတုန်းက သမီးကို ဒေါ်ဒေါ် လှမ်းတွေ့လိုက်သေးတယ်"

"ခင်ဝတီတော့ မတွေ့မိဘူး"

"တွေ့လည်း ဘယ်သတိထားမိမှာလဲ၊ ဒေါ်ဒေါ်တို့ကသာ သိပ်လှတဲ့သမီးကို သတိထားကြည့်မိနေတာ"

"ထမင်းစားကြမယ် ဒေါ်လေး"

"ရမယ်. . . မာလာနဲ့ကြည်ပြာ မမကို ခေါ်ကွယ်"

"ဟုတ်ကဲ့ မေမေ"

ခင်ဝတီ ဘာတတ်နိုင်တော့မည်နည်း။ လူမှုရေး ဤမျှကောင်းနေသော အိမ်ရှင်အပေါ် အားနာရတော့မည်။

"ကြည်ပြာ. . ရော့၊ ထမင်းတွေဟင်းတွေ ချိုင့်ထဲမှာ ပါတယ်"

"ဟာ. . . မလုပ်နဲ့၊ ဒီအတိုင်း ထားလိုက်၊ ဒီမှာ အစုံရှိတယ်"

"သိုးသွားမှာပေါ့"

ဒေါ်လေးနှင့်သူ အပြန်အလှန် ပြောနေသည်။

"ဆောင်းတွင်းဟာ မသိုးနိုင်ပါဘူး၊ ဖြူးရောက်မှ ညနေစာစားတော့၊ ဒီမှာ အဆင်သင့်ရှိတယ်၊ နင်ဘာမှမပူနဲ့"

ခင်ဝတီ သက်တောင့်သက်သာနှင့် ဆက်တီ၌ ထိုင်လိုက်သည်။

"အိမ်သာဝင်ဦးမလား မမ"

"အင်း. . . ခြေလက်ဆေးချင်သေးတယ်"

"လာ. . . မမ."

အပေါ်ထပ်၌ပင် ရေလောင်းအိမ်သာ၊ ရေချိုးခန်း ရှိသည်။





နယ်မြို့တော်တော်များများ၌လည်း ခေတ်မီအိမ်များ ရှိနေကြပြီ။ ဖြူး၌လည်း ထိုကဲ့သို့အိမ်မျိုး ရှိပါစေဟု ခင်ဝတီ ဆုတောင်းလိုက်သည်။

အပေ့ါသွား၊ ခြေလက်ဆေးကြောပြီး ခေါင်းဖြီးလိုက်သည်။ မျက်နှာကို တို့ပတ်နှင့် အသာညှိလိုက်သည်။ အဘယ်မျှ ကြော့အောင် ပြင်ထားပြင်ထား ခရီးသည်ပုံကတော့ ပေါက်နေသည်ပင်။

"ရေချိုးသွားမလား မမလေး"

"ဟင့်အင်း. . . ဖြူးရောက်မှပဲ"

အနေအထိုင်အတွက် ဘယ်လိုဖြစ်ဦးမည်ကို ခင်ဝတီ စိတ်စောနေမိသည်။

"ထမင်းပွဲ အသင့်ဖြစ်ပါပြီ မမလေး"

မာလာဆိုသောမိန်းကလေးက လာ၍ခေါ်သည်။ ခင်ဝတီ အားနာစွာ လိုက်ပါခဲ့ရသည်။ သူက မမလေး ခေါ်သဖြင့် သူ့အမျိုးတွေကပါ မမလေးဟု လိုက်ခေါ်နေပြီ။ နေထိုင်ရတာ တစ်မျိုးကြီးဖြစ်နေသည်။ အားတောင့်အားနာကြီး။

"လာ. . ထိုင်. . သမီး"

ထမင်းတစ်ပန်းကန် ပြင်ထားသည်။

"ဘယ်သူမှ မစားကြဘူးလား၊ အိမ်သားတွေ စားပြီးကုန်လို့လား"

"ဒီအချိန် မစားကြသေးဘူး မမလေး၊ တစ်ချက်လောက်မှ စားဖြစ်ကြတယ်၊ စားပါ မမ. . . အားမနာပါနဲ့"

သူသည် မိမိနှင့် တစ်ဝိုင်းတည်း မစားဘဲ သူ့ဘဒ္ဒသာဘူမီးပိုချောင်၌ သွားစားနေသည် ထင်သည်။ အရေးလုပ်ပြီး ဆေးမနေတော့ဘဲ တခမ်းတနား ပြင်ဆင်ထားသော ထမင်းပွဲကို အားနာစွာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တစ်ပန်းကန် ကုန်အောင်တော့ စားလိုက်သည်။

လိမ္မော်သီး၊ ငှက်ပျောသီးနှင့် ပက်ပ်စီပါ တိုက်နေသေးသည်။

"ဆရာမ သွားလုပ်မယ်၊ တစ်ယောက်တည်း နေရဲ့ရဲ့လား"

"နေရဲပါတယ်"

"ကောင်းတယ်. . . အဒေါ့် သမီးများကျတော့ ဆယ်တန်းတောင် မအောင်တော့ ဈေးပဲ ရောင်းခိုင်းရတယ်၊ သမီးတို့လို ပညာတတ် တစ်ယောက်လောက် ပါ့ရင် ဘယ်လောက်ကောင်းမလဲ"

သူ့အဒေါ်နှင့် စကားလက်ဆုံကျနေမိသေးသည်။ သူသည် မိမိတို့စကားဝိုင်းသို့ မဝင်ပါ။ သူ့ဘာသာသူ ဆေးကို ရှာဖွေပြီး သောက်သည်။

"ဆေး ပိုပိုလိုလို ယူသွား အတူး"

"ဟုတ်ကဲ့"

"နင်ကလည်း နုလိုက်တာ လွန်ရော"

သူဖျားနေသလား၊ သူဖျားနေလျှင် မိမိပယောဂ မကင်း၍ ဖြစ်မည်။

"သွားကြရအောင် မမလေး။ ဟိုကို မိုးချုပ်နေမယ်"

"မချုပ်ပါဘူးဟယ်"

"ကျောင်းချိန်အမီသွားချင်တာ"

"မီပါတယ်"

အားလုံးကို နှုတ်ဆက်ကာ ကားဆီသို့ လျှောက်ခဲ့သည်။ သူသည် ကားတံခါး ဖွင့်ပေးပြီး စောင့်နေနှင့်သည်။

"ကျွန်မ မောင်းမယ်"

"ရပါတယ်. . . ကျွန်တော်ပဲ မောင်းမယ်၊ ဒီလမ်းတွေကို





မမလေး မကျွမ်းဘူး"

"ရှင်မှ နေမကောင်းဘဲ"

ဟူသောစကားကို လွှတ်ခနဲ ပြောလိုက်မိပြီးမှ ပြန်ရုပ်သိမ်းချင်စိတ် ပေါက်သွားသည်။

"မစိုးရိပ်ပါနဲ့. . . ကျွန်တော် ခံနိုင်ရည်ရှိပါတယ်"

သူ့အမျိုးများ ကားနား လိုက်ပို့နေသောကြောင့် ခင်ဝတီ စကားအရာ၌ ချုပ်တီးလိုက်သည်။ ရိုင်းစိုင်းသောသူအဖြစ် မိမိအား အထင်သေးသွားမှာ စိုးရိမ်သည်။

"အားလုံး ကျေးဇူးတင်ပါတယ်. . . သွားပါဦးမယ်"

"နောက် ကြုံလည်း လာနော်။ အတူး ပါပါမပါပါ ဝင်လည်ပါ။ ဝင်တည်းပါ. . . အားမနာနဲ့"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"သွားမယ် ဒေါ်လေး"

ကားကို သူက ကျင်လည်စွာ မောင်းထွက်ခဲ့သည်။

"ဒီမှာ. . ."

"ခင်ဗျာ"

"ရှင့်ကို စိုးရိမ်လို့ ပြောတာမဟုတ်ဘူး၊ ရှင် နေမကောင်းဘဲ မောင်းလို့ တစ်ခုခုဖြစ်သွားရင် ကျွန်မပါ အချောင်ဒုက္ခရောက်မှာ စိုးလို့ ပြောတာ"

"ဟုတ်ကဲ့. . . ကျွန်တော်နားလည်ပါတယ်၊ ကျွန်တော်ကလည်း အဲဒီအတွက် မစိုးရိမ်ပါနဲ့လို့ ပြောတာပါ"

"တစ်ခုတော့ ရှင့်ကို မှာထားရဦးမယ်၊ ရှင့်အမျိုး ရှင့်အသိတွေအိမ် ကျွန်မကို ခေါ်ခေါ် မသွားပါနဲ့"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ဖြစ်ပေါ့. . . နောက်မခေါ်နဲ့"

"ဖြူးက ဦးလေးအိမ်ကတဆင့် မမလေးအတွက် အိမ်စုံစမ်းရဦးမှာပါ၊ အဲ့ဒီမှာတော့ ခဏတဖြုတ် နားရလိမ့်မယ်"

"ကျောင်းကို အရင်သွားမယ်၊ ပြီးတော့ ရှင်ပြောတဲ့ ဘော်ဒါဆောင် ပို့ပေးပါ"

"ဘော်ဒါဆောင်မှာ နေရာလွတ် ရှိရင်တော့ အဆင်ပြေသွားမှာပါ၊ မရှိရင် ခက်မှာစိုးလို့"

"မရှိတဲ့အခါ ရှိသေးလား"

"ရှိပါတယ်. . . နောက်ပြီး အများနဲ့ ရောရောနှောနှော နေရမှာဆိုတော့ မမလေး ကြိုက်မကြိုက် ရှိသေးတယ်"

ခင်ဝတီ စိတ်ဓါတ်ကျသွားသည်။

ဘွားဘွားအိမ်နှင့် အခြားနားကြီး ခြားနားသော နေရာသစ်သို့ ရောက်ရှိနေပြီထင်ပါသည်။


ထမင်းဆိပ် တက်လာသဖြင့် အနည်းငယ် ငိုက်မျဉ်းလာသည်။ ဘေးနား၌ သူရှိနေသည်ကို အရေးမစိုက်ဘဲ နောက်ကူရှင်ကို မှီကာ မှိန်း၍လိုက်ပါလာခဲ့သည်။ အိပ်တော့ မပျော်။

သူစိမ်းများအလယ်၌ မည်ကဲ့သို့ စခန်းသွားရမည်နည်း။ မုန်းသူကိုလည်း ချစ်ဟန်ဆောင်ချင်ဆောင်ရမည်။ ချစ်သူကိုလည်း မုန်းဟန်ဆောင်ချင်ဆောင်ရမည်။ လူ့လောက၏လူမှုရေး စည်းကမ်း သံသရာ စက်ဝန်းအတွင်း၌ နိုင်ငံ့စန်ထမ်း ခရီးသည်တစ်ဦးအနေဖြင့် ကျင်လည်ရပေဦးမည်ထင့်။









လှပသောမိန်းမသားတစ်ဦးအပေါ် ခံနိုင်ကျင်ဘက် ယောကျ်ားသားတို့ စိတ်ဝင်စားခြင်းသည် ကြီးမားသော အပြစ် မဟုတ်ပါ. . .၊

# အခန်း(၁၃)

"ဟိုင်းကြီးကျွန်းမှာတော့ နေစရာ မရှိတော့ဘူး၊ အပေါ်ဆိပ် ဘုရားခန်းက နှစ်ယောက်နဲ့ အတူနေရင်တော့ ရမယ်တဲ့၊ မမလေး လိုက်ကြည့်ဦးမလား"

"တော်ပါပြီ"

ခင်ဝတီ စိတ်ဓါတ်အကြီးအကျယ် ကျသွားပြီး အနားယူချင်နေပြီ။

"ဆရာကြီးက ဘာပြောသလဲ"

"နေစရာမရှိသေးရင် သူ့အိမ်မှာ ခဏတည်းပါတဲ့လေ၊



www.burmeseclassic.com

www.burmeseclassic.com



မတည်းချင်ပါဘူး"

"ဦးလေးအိမ်ကတော့ ဒီအုတ်ဖြတ်လမ်းမှာပဲ၊ ဌားဖို့ တစ်အိမ်ရှိတယ်လို့ ပြောလိုက်တယ်"

မျှော်လင့်ချက်ရောင်ခြည်လေးဖြင့် ခင်ဝတီ၏ ကျဆင်းသွားသောစိတ်ဓါတ်ကလေး ပြန်တက်လာသည်။

"ဟုတ်လား. . . ဘယ်နားမှာလဲ"

"ကျောင်းကိစ္စ ပြီးပြီလား၊ ပြီးရင် သွားမယ်"

"ပြီးပြီ"

ကျောင်း၌ မိမိအား ချထားပေးပြီး အိမ်အရှာထွက်သောသူသည် မိမိအား ရုံးခန်းအဝမှာ လာကြိုပြီး ခေါ်သည်။ သူ့နောက်သို့ လိုက်ခဲ့ရသည်။

ယခုအချိန်မှာတော့ သူသည် မိမိ၏တစ်ဦးတည်းသော မှီခိုအားထားရာဖြစ်နေသည်။

ကျောင်းရှေ့မှ လာခဲ့သောလမ်းအတိုင်း သူ့ကားကို ပြန်မောင်းထွက်ခဲ့သည်။

"ဘယ်သူ့အိမ်လဲမှတ်တယ်. . . ကျွန်တော့်သူငယ်ချင်းအိမ်ပဲ၊ ဆင်းပါဦးလား မမလေး"

ခင်ဝတီ လိုက်ဆင်းသည်။ ခြံကျယ်ဝန်းပြီး ပျဉ်ထောင်အိမ်လေးတစ်လုံးက ခပ်လတ်လတ် အနေအထား ရှိသည်။

"ဟာ. . . အတူး"

တမာပင်အောက်၌ ဂစ်တာတီးနေသော လူတစ်ယောက်ထလာသည်။ ဝမ်းသာအားရ ပုံပန်းနှင့် သူ့ထံ အပြေးတစ်ပိုင်းရောက်လာပြီး ဆီးကြိုသည်။

"လှမြင့်. . . ဌားမယ့်အိမ်က ဒီအိမ်လား"





"ဟုတ်တယ်. . . မင်း ဘယ်ကဘယ်လို ရောက်လာတာလဲ၊ မိန်းမဘယ်တုန်းကရ. . ."

"ဟိတ်. . ."

သူ ပါးစပ်လှမ်းပိတ်လိုက်သည်။ လှမြင့်ဆိုသူသည် မျက်တတ် နောက်တတ်ပုံရသည်။ စကားကိုလည်း ဆင်ဆင်ခြင်ခြင်ပြောတတ်မည့်ပုံ မရ။

"မဟုတ်ဘူးကွ. . . စွတ်ပြောမနေနဲ့၊ ဒါ ငါ့အလုပ်ရှင်ဆရာမ၊ ဒီဖြူးကျောင်းကို ပြောင်းလာတဲ့ အက်စ်အေတီ"

"အော်. . . ဟုတ်လား၊ ဆောရီး ဆရာမ"

"ရပါတယ်"

ခင်ဝတီနားထဲ အလုပ်ရှင်ဟူသော အညွှန်းနာမ်စားကြီးသည် ကိုးလိုးကန့်လန့် ဖြစ်နေသည်။

"ငါ့ကို ကူညီဦး သူငယ်ချင်း"

"ဘာလဲ. . . ဖြည်းဖြည်းပေါ့ကွာ၊ အိမ်ပေါ် တက်ဦး"

"ကားဝင်လို့ ရမယ်ထင်တယ်. . . ဝင်လိုက်ဦးမယ်၊ ပစ္စည်းတွေနဲ့"

"သွင်းလေ. . ရတယ်၊ ဆရာမ အိမ်ပေါ် ကြွပါ"

ခင်ဝတီလည်း ဘာမှပြောမနေတော့ဘဲ အိမ်ပေါ် တက်လိုက်သည်။

ရှေးကျကျဆက်တီတစ်စုံ၊ ဘုရားစင်၌ ရှေးဗီရိုကြီးတစ်လုံး၊ ရှေးကျကျ ဓါတ်ပုံဟောင်းကြီးတစ်ပုံ ရှိနေသော အိမ်ရှေ့ခန်းဝယ်ခြေပစ်လက်ပစ် ထိုင်နေမိသည်။

အားငယ်သလို ခံစားနေရသည်။ ငိုချင်နေပြီ။ အနီတီလိုက်လာလျှင် တော်သေးသည်။ ယခုတော့ သူစိမ်းများအလယ်



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရ ခက်လိုက်သည့်ဖြစ်ခြင်း။

"ဒါပါပဲ သူငယ်ချင်းရာ. . . ကူညီစမ်းပါဦး"

"ရပါတယ်ဟာ. . . ဒီအိမ်က ငှားမှာပဲ၊ ဆရာမ စိတ်တိုင်းကျရဲ့လား လာကြည့်ပါဦး၊ ရေက မော်တာနဲ့ အုတ်ကန်ထဲ ဖြည့်သုံးလို့ ရပါတယ်၊ အိမ်ထဲမှာတော့ ရေချိုးခန်းတို့ ဘုံဘိုင်တို့ မရှိသေးဘူး"

လျှပ်စစ်မီး ရှိနေသည်ကိုပဲ ကျေနပ်ရသည်။ နယ်မှာ လိုက်ချေးများနေ၍ ရမည်မဟုတ်။

"ကိစ္စမရှိပါဘူး. . . ရောမရောက်ရင် ရောမသားလို ကျင့်ရမှာပေါ့"

"ကျွန်တော် လိုအပ်တာတွေ လုပ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်. . . ဒါနဲ့ သူငယ်ချင်းတွေ လူရင်းတွေ အသာထားပြီး အိမ်စဘော်တို့ အိမ်လခတို့ ပြောရအောင်၊ အားမနာနဲ့. . . ခေါ်ထားတဲ့ဈေးအတိုင်းပဲပြော"

ကိုလှမြင့်က ရယ်ရယ်မောမောနှင့်. . .

"ပြောရမယ့်လူတွေမှ မဟုတ်ဘဲ၊ အတူးဆို ညီအစ်ကိုရင်းလို ဖြစ်နေတော့ အတူးနဲ့ ပတ်သက်တဲ့သူဆိုတော့ ကူညီရမှာပေါ့၊ အလကားသာနေ. ."

"ဘယ်ဖြစ်မလဲ. . . ရှင်တို့အတူးနဲ့ကျွန်မက ဘာမှဆိုင်တာမဟုတ်ဘူး"

ခင်ဝတီ ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။ သူ့မျက်နှာသည် အပြောင်းအလဲမရှိ။ ကိုလှမြင့်ကသာ သူ့အား 'ဘယ့်နှယ့်လဲ' ဟူသောမျက်နှာပေးနှင့် လှမ်းကြည့်လိုက်သည်။

"နှစ်ချုပ်နဲ့ ယူမလား၊ စဘော်ငွေနဲ့ လခယူမလား၊ ကြိုက်သလိုပြော၊ ရန်ကုန်ထုံးစံအတိုင်း ဖြစ်စေရမယ်"





ဟုတ်သည်။ သူ့အိမ်၌ အလကား နေ,နေရသည်ဆိုပြီး သူ့ကို အားနာကာ မျက်နှာလုပ်ရမည့်အဖြစ်မျိုး ခင်ဝတီ လက်မခံနိုင်။

ကိုယ်ကလည်း ငွေကြေးမတတ်နိုင်သူမဟုတ်၊ ခုရှုပ်မှ နောင်ရှင်းမည်။

"ဒီလိုလုပ်ပါလား သူငယ်ချင်း၊ နှစ်ချုပ်နဲ့ တစ်နှစ်စာယူပြီး အိမ်အတွက် လိုအပ်တာလေး ပြင်ဆင်ပေးလိုက်၊ ခြံလည်း ပိုလုံခြုံအောင် ကာပေးလိုက်ပါလား"

"ဒါလည်း ကောင်းပါတယ်၊ ရေချိုးခန်း ကာရံပေးလိုက်မယ်"

"အိမ်ထဲ ဆေးကြောနိုင်အောင် ဘုံဘိုင်ခေါင်း သွယ်ပေးလို့ မရဘူးလား"

သူက ဝင်ပြောလိုက်သည်။

"ရတယ်လေ. . . ရေချိုးခန်းသာ အင်္ဂတေ ကိုင်ရမှာနဲ့ ရေဆင်းမြောင်း လုပ်ရမှာနဲ့ဆိုတော့ မဖြစ်လို့ မလုပ်ပေးတာပါ၊ အဆင်ပြေသလို ပြောလေ၊ ငါ အတတ်နိုင်ဆုံး လုပ်ပေးမယ်၊ ဒါကလည်း ငါ့အိမ်ပဲ၊ ငါ့မိန်းမက သူဌေးသမီးဆိုတော့ ပျဉ်ထောင်အိမ်မှာ မနေနိုင်ဘူး၊ သူနဲ့ပဲ လိုက်နေရတယ်၊ ရောင်းခိုင်းနေတာ၊

မင်းစဉ်းစားကြည့်လေ. . . ငါ့ဘိုးဘွားမိဘတွေ ခေါင်းချခဲ့တဲ့အိမ်ကို ငါက ရောင်းရက်မလားလို့၊ ဒါကြောင့် စိတ်ချရတဲ့ ရပ်ဝေးဝန်ထမ်းတွေကို အိမ်စောင့်သဘောနဲ့ ငှားမယ်လို့ ကြေငြာလိုက်တာ၊ ငွေရေးကြေးရေး အကြောင်းမဟုတ်ဘူး"

သူကတော့ ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် ဘိုးဘွားမိဘတွေ ခေါင်းချခဲ့တဲ့အိမ်ဟု ဆိုသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဝတီ ကျောချမ်းသွားလေပြီ။

ရှေးကျကျအဝတ်အစားများနှင့် ဓါတ်ပုံဟောင်းကြီးက ခင်ဝတီအား ခြောက်လှန့်နေလေပြီ။

"အိမ်မှာ ရှိတဲ့ပစ္စည်းတွေလည်း အသုံးပြုပါ၊ ရှေးဟောင်းပစ္စည်းတော်တော်များများကို ထပ်ခိုးမှာ တင်ထားပါတယ်၊ မသုံးချင်တာတွေ အဲ့ဒီအပေါ်သာ အတူးကို ပို့ခိုင်းထားလိုက်ပေါ့ ဆရာမရော"

"ရပါတယ် ကိုလှမြင့်၊ ဒါတွေက ကျွန်မအလုပ်ပါ၊ ခု ကိုလှမြင့် လုပ်ရမှာက ပြော၊ နှစ်ချုပ်ပဲ ယူလိုက်တယ်၊ ဘယ်လောက်ယူမလဲ"

"ပေးချင်သလောက်သာ ပေးတော့"

"မဟုတ်တာ. . . ဒါဖြင့် ကျွန်မကပဲ ပြောရမယ်လား"

"ပြောပါ ဆရာမ"

"ဒီလိုလုပ်. . . တစ်အိမ်လုံး တစ်နှစ်အတွက် ဆယ်လစာခြောက်သောင်းယူ၊ မီတာ ကျွန်မ ခံမယ်. . . ကျေနပ်ရဲ့လား"

"ဟာ. . . မဟုတ်တာ၊ ခြောက်သောင်းတောင်ဗျာ၊ ငါးသောင်းပဲ ယူမယ်၊ ဆရာမက နွေနှစ်လလည်း နေမှာမှ မဟုတ်တာ"

"ရပါတယ်. . . ဒါတွေ အကြောင်းမဟုတ်ပါဘူး၊ စိတ်ချလုံခြုံမှု ရရင် ပြီးတာပါပဲ၊ စိတ်ချမ်းသာမှုသာ အဓိကပါ"

ခင်ဝတီသည် ပြောပြောဆိုဆိုနှင့် ငွေထုတ်လိုက်သည်။

"ဒါဖြင့် မီတာခ ကျွန်တော်မဲ့ ပေးမယ်"

"မလုပ်နဲ့. . . ကျွန်မက ဟော့တ်ပလိတ် သုံးမှာ"

"သုံးလေ. . . ဆရာမ သွားသွင်းရတာ ရှုပ်ပါတယ်၊ ကျွန်တော်ပဲ ပေးလိုက်မယ်၊ ဒီခြောက်သောင်းထဲမှာ မီတာခ ပါပြီးလို့ ကျွန်တော် မှတ်လိုက်မယ်၊ စာချုပ်,ချုပ်ပေးရဦးမလား"





"ရပါတယ်. . . စာချုပ်ထက် လူလူချင်း ယုံကြည်မှုသာ အဓိကပါ ကိုလှမြင့်"

ငွေခြောက်သောင်းကို ကိုလှမြင့်လက်ထဲ ထည့်ပေးလိုက်သည်။

"ကျေးဇူးပဲ ဆရာမ"

"ကျွန်မက ပြောရမယ့်စကားပါ"

"ဒါဖြင့် ကျွန်တော့်ကို ခွင့်ပြုဦး၊ ဆရာမတို့ ညစာအတွက် ကျွန်တော်လာပို့မယ်"

"မလုပ်နဲ့. . . ကျွန်မမှာ အားလုံးပါတယ်"

"ကျွန်တော် တစ်ခုခု လုပ်ပေးရမှ ကျေနပ်မှာ"

"ဒါဖြင့် ခြံစည်းရိုးသာ အရင်လုံအောင်ကာပေး"

"အိုကေ. . . ခွင့်ပြုပါဦး"

မာလကာပင်အောက်၌ ထောင်ထားသော စက်ဘီးရှိရာသို့ လျှောက်သွားသည်။ သူက လိုက်ပို့ပေးသည်။

ဘာတွေ တီးတိုးပြောသည် မသိပါ။ ပါးစပ်လှုပ်လှုပ်ရွရွနှင့် ရှိသည်။

နောက် ကိုလှမြင့်နှင့်အတူ သေတ္တာများ ချလာသည်။

"ဩော်. . . ဟုတ်သားပဲ၊ မေ့နေလိုက်တာ"

"ဘယ်ထားရမလဲ. . . အိပ်ခန်းထဲ တစ်ခါတည်း သွင်းလိုက်ရမလား"

ခင်ဝတီ ထ၍ကြည့်လိုက်သည်။ ခေါင်းရင်းခန်းနှင့် ခြေရင်းခန်းနှစ်ခန်း ရှိသည်။

ခေါင်းရင်းခန်း၌ နှစ်ယောက်အိပ်ခုတင်တစ်လုံး ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘယ်သူ့အခန်းလဲ"

"ကျွန်တော့်မိဘတွေအခန်း"

"ခြေရင်းအခန်းကရော"

"ကျွန်တော့်အခန်း"

"ဒါဖြင့် ခြေရင်းအခန်းမှာပဲ ထားမယ်"

ခြေရင်းအခန်းသို့ သေတ္တာမ,သွားကြသည်။ ဖုန်များ တက်နေသေးသည်။ စာကြည့်စားပွဲ၊ ကုလားထိုင်နှင့် တစ်ယောက်အိပ်ခုတင်တစ်လုံး ရှိနေသည်။

"သံသေတ္တာပဲ သွင်းနော်၊ ကျွန်းသေတ္တာက အပြင်မှာ ထားလိုက်တော့"

"ဟုတ်ကဲ့"

သံသေတ္တာနှင့်အိပ်ရာလိပ်တို့ကို အိပ်ခန်း၌ သွင်းခဲ့ပြီး ကျွန်းသေတ္တာနှင့် ခြင်းတောင်းများကို အပြင်၌ ချလိုက်သည်။

"တံမြက်စည်းကော"

"ရှိတယ်. . ရော့. . ရော့၊ တစ်ခါတည်း လုပ်တော့မလား ဆရာမရဲ့. . . နားပါဦးလား"

"ဖုန်ကြားထဲ ဘယ်လိုလုပ် နားမလဲ"

လူ့ဘဝကြီးကို ယခုမှ စတင်နေပြီ ထင်ပါသည်။ တစ်ခါမှ မလုပ်ဖူးသောအလုပ်ကို လုပ်ကိုင်နေရသည်။

"ဟတ်ချိုး. . . ဟတ်ချိုး"

ဝင့်ဆိုသည်မှာ တမလွန်သို့ မဆိုင်းဘဲ ချက်ချင်းလည်တတ်သည် ထင်ပါသည်။ သူ့အား နေပူလှန်းခဲ့ခြင်းကြောင့် နှာချေကာ အဖျားဝင်ရသည်။ ယခု မိမိ ဖုန်ဝင်ကာ နေထိုင်ရခက်နေလေပြီ။

"ပေး. . ပေး. . မမလေး၊ ကျွန်တော် လှဲပေးမယ်"





"ရပါတယ်. . . ရှင် ဒီဖြင့်အခန်းတွေ လှဲထား"

သူ့အား မပေးဘဲ အိပ်ခန်းကိုတော့ ပြီးအောင် လှဲလိုက်သည်။

စိတ်ထဲမှာ ပြောင်သည်ဟု မထင်သဖြင့်. . .

"ရေပတ်တိုက်ချင်တယ်. . . ရေတစ်ပုံးလောက်"

"ရမယ် မမလေး"

မိမိအား မမလေး. . မမလေးနှင့် တော်တော်ခံတွင်းတွေ့နေပုံရသည်။ အိမ်ပေါ်မှ ရေပုံးဆွဲပြီး သုတ်ခနဲ ဆင်းသွားသော သူ့နောက်ကျောကို ကြည့်ပြီး မကျေနပ်စိတ် ဖြစ်လာပြန်သည်။

"ဖယ်. . . မမလေး"

"ရတယ်. . . ကိုယ့်ဟာကိုယ် လုပ်မယ်"

"ဖယ်ပါ မမလေးရာ၊ ကျွန်တော်လုပ်ပေးပါ့မယ်"

သူသည် ဝါးတုတ်တစ်ချောင်း၌ အဝတ်ဟောင်းတစ်ထည် ရစ်ပတ်ချည်နှောင်လိုက်ပြီး ရေဆွတ်ကာ နံရံနှင့်ဘောင်များ၊ ခုတင်များကို ဦးစွာတိုက်လိုက်သည်။ နောက် ခုတင်၊ နောက် ကြမ်းပြင် တိုက်သည်။ မြန်လိုက်သည့်ဖြစ်ခြင်း။

ယခုမှ အိပ်ခန်းလေးသည် နေချင့်စဖွယ် ဖြစ်သွားသည်။

သံတိုင်များ တပ်ထားသော ပြတင်းပေါက်၌ မှန်တံခါး မဟုတ်ဘဲ သစ်သားတံခါး ဖြစ်ခြင်းကြောင့် တံခါးပိတ်ထားလျှင် အလင်းရောင် မရနိုင်ဘဲ ရှိသည်။

"မှန်ကုပ်ကုပ်နဲ့ စိတ်ပျက်လိုက်တာ"

သူ့အား ပြောသလိုလို၊ တစ်ကိုယ်တည်း ပြောသလိုလို ညည်းတွားလိုက်သည်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်အိမ်လုံး အလင်းရောင် ရအောင် ရှင်မန်းမှုတ်ပေးလို့ ရတာမှ မဟုတ်တာပဲ၊ ဘာလုပ်ပေးနိုင်မှာလဲ"

"ဩော်. . . ဒါလား မမလေး၊ ကျွန်တော်မေ့နေလို့"

အိမ်ရှေ့မှ ယင်းလိပ်ကို ဆွဲတင်လိုက်သည်။ အလင်းရောင်များ ဖြာခနဲ ဝင်ရောက်လာသည်။

စိတ်ထဲ အနည်းငယ် လန်းဆန်းသွားသည်။ အမှောင်သည် လူ့စိတ်ကို ထိုင်းမှိုင်းစေပြီး အလင်းသည် လူ့စိတ်ကို ရှင်းလင်းစေသည် ထင်ပါသည်။

အိမ်ရှေ့ကြမ်းကိုလည်း သူသည် ရေစိုအဝတ်နှင့် လိုက်တိုက်နေသည်။

ဆောင်းတွင်းကြီး၌ သူ ချွေးထုတ်နေသည်။ စွပ်ကျယ် လက်တိုလေးနှင့် အလုပ်လုပ်နေသော သူ့အသားအရည်တို့သည် ချွေးများဖြင့် ဖိတ်ဖိတ်တောက်နေသည်။

ကလောင်ကိုင်သော ကျူရှင်ဆရာ၏လက်ချောင်းများ ဖြစ်ဟန်တူသည်။ ဖြူဖြူနုနု ခပ်သွယ်သွယ်ပင် ဖြစ်သည်။

"ဟတ်ချိုး. . . ဟတ်ချိုး"

သူ နှာချေပြန်ပြီ။

"ရှင်နေကောင်းရဲ့လား"

သူ တစ်ဖက်သားအပေါ် စာနာတရား သိပ်ကင်းမဲ့လွန်းရောက်နေပြီလားဟူသောအတွေးဖြင့် မေးလိုက်မိသည်။

"ကောင်းတယ် ထင်တာပဲ"

"စကားကို ရှင်းရှင်းပြောပါ"

"ဟုတ်တယ် မမလေး၊ ကျွန်တော် ဆရာဝန် မဟုတ်တော့ နေကောင်းမကောင်းကို အတိအကျ မသိနိုင်ဘူး၊ စိတ်က ကောင်းတယ်လို့ မှတ်ယူချင်တော့ ကောင်းတယ် ထင်တာပဲလို့ ပြောမိတာပါ မမလေး"

"စကားကို ရှည်တယ်၊ လူကိုလည်း မမလေး. . . မမလေးနဲ့ ရှင့်အသက်က ဘယ်လောက်မို့လို့လဲ"

"နှစ်ဆယ့်ရှစ်နှစ်ထဲမှာ"

"ကျွန်မထက် တစ်နှစ်ကျော် ကြီးတယ်၊ ရှင် ကျွန်မကို မမလေး ခေါ်စရာမလိုဘူး"

"ရှိသေသမှုနဲ့ပါ"

"ဘာမှ ရှည်မနေနဲ့. . . မခေါ်နဲ့တော့"

"ဒါဖြင့် ဘယ်လိုခေါ်ရမလဲ"

"ခေါ်ချင်သလိုခေါ်"

"ကျွန်တော် ,ခေါ်ချင်သလို ခေါ်ရင် မမလေး ခွင့်ပြုမှာလား"

"ဘာ. . ."

ခင်ဝတီ လန့်သွားသည်။ ယောကျ်ားသည် ယောကျ်ားသာ ဖြစ်သည်။ သူ့မျက်လုံးများ၌ ယောကျ်ားတစ်ဦး၏ ဖိတ်ဖိတ်တောက် နေသော အကြည့်ဓါတ်များဖြင့် မိန်းမသားတစ်ဦးဖြစ်သော မိမိအား ကြည့်နေသည်။

"ဟင်. . . ရှင်ဘာပြောလိုက်တာလဲ"

ထိတ်လန့်စိတ်ကို မျိုသိပ်ကာ ဟန်ကိုယ့်ဖို့ လုပ်၍ ထပ်မေး လိုက်ရသည်။

"ကျွန်တော်ခေါ်ချင်သလိုခေါ်ရင် မမလေးက ခွင့်ပြုမှာ လားလို့ပါ"

"ရှင်က ဘယ်လိုခေါ်ချင်လို့လဲ"




www.burmeseclassic.com

www.burmeseclassic.com



မီးကို တို့ကစားနေသော ကလေးတစ်ဦး၏ဖြစ်အင်မျိုး မိမိဖြစ်နေပြီလား။

သူ၏စူးရှသောမျက်လုံးအကြည့်ဓါတ်တို့က လွင့်ပျံ့နေသည်။ ထုံအအ နုံတုံတုံ မျက်နှာမျိုးမဟုတ်။ ကျောင်းဆရာတစ်ဦးက အပြစ်ရှိသော ကျောင်းသားတစ်ဦးကို စစ်ဆေးနေသည့်မျက်လုံးမျိုး။

"မမလေး စိတ်မဆိုးဘူးလို့ ကတိပေးနိုင်သလား"

"မပေးနိုင်ဘူး"

"ဒါဖြင့် ကျွန်တော်မပြောသေးဘူး၊ မမလေးရဲ့ စိတ်အဆိုး မခံနိုင်သေးဘူး"

ခင်ဝတီ စိတ်ထဲ ကသိကအောက်ဖြစ်သွားသည်။ ငမ်းငမ်းတက် သိချင်သောပုံစံမျိုး မဟုတ်သလို နေလိုက်သည်။

"ဒါဖြင့်လည်း ပြီးတာပဲ"

သူက မိမိကို ရင်တွင်း၌ တိတ်တခိုးအမည်တွေ့ သတ်မှတ်နေပါလား။

လူပသောမိန်းမသားတစ်ဦးအပေါ် ဆန့်ကျင်ဘက် ယောကျ်ားတို့ စိတ်ဝင်စားခြင်းသည် ကြီးမားသောအပြစ် မဟုတ်ပါ။ ကိုယ်က စိတ်မဝင်စားလျှင် ပြီးရောဟု ခင်ဝတီ လက်ခံထားသည်။ သူ၏ရင်တွင်းခံစားမှုကို အသိအမှတ်မပြုသယောင် ဥပေက္ခာပြုထားလိုက်သည်။

"ရေချိုးရင် ချိုးလိုက်ပါလား၊ ကျွန်တော်ဆက်လုပ်လိုက်မယ်"

"ဆရာမလုပ်ပါနဲ့. . . ရှင့်တပည့်မဟုတ်ဘူး"

"စေတနာနဲ့ပါဗျာ"





"မလိုဘူး"

ယခင်က ကျိုးနွံသယောင်ရှိနေသော အပြုအမူတို့သည် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားလေပြီ။ မထေမဲ့မြင်ပုံမျိုး ပေါက်နေသည်။

"မလိုအပ်ဘဲ ရှင် ကျွန်မကို စကားပြောစရာမလိုဘူး"

"ဟုတ်ကဲ့. . . ကောင်းပါပြီ"

စိတ်ထဲမှာ အလိုမကျစိတ်က များလာသည်။ သူ ဘာပြောပြော ဘာလုပ်လုပ် မိမိမျက်စိထဲ၌ ကိုးလိုးကန့်လန့်နိုင်နေသည်။ တစောင်းစေးနှင့် မျက်ချေးပမာ ဖြစ်နေသည်။

ကြောင်အိမ်ထဲသို့ စားစရာ ဘူးခွက်ပုလင်းတို့တို စီထည့်နေမိသည်။

သူသည် စားပွဲသို့ စားပွဲခင်းပြီး ခုံများကိုပါ နေရာတကျဖြစ်အောင် စီထားသည်။

ထို့နောက် ဟော့ပလိတ်နှင့် ရိုက်စ်ကွတ်ကာ ထားရန် ခုံကြမ်းတစ်ခုကို အပေါ်ထပ်မှ မ,ရွှေ့လာသည်။

အမှတ်မထင် ကြည့်လိုက်မိသည်။ သူ့လက်၌ ပေါက်ပြဲနေသည်။ သွေးများပင် စို့နေသည်။ ဥပေက္ခာပြုကာ မျက်နှာလွှဲလိုက်သည်။

ဝိုင်းတွေ၌ သက်တောင့်သက်သာ ဦးနှောက်သုံးကာ လိုက်သင်နေသော ကျူရှင်ဆရာတစ်ယောက်က အလုပ်ကြမ်းကို မလုပ်နိုင်ခြင်းသည် သဘာဝ ကျပါသည်။ သို့သော် သူသည် တစ်ချက်မှ ညည်းညူပါချေ။

မီးလာမလာ သူဖွင့်ကြည့်သည်။ မီးလာသည်။

"တော်ပါသေးရဲ့. . . မီးလာလို့"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းတွေ ကောင်းရဲ့လား မသိဘူး၊ နွေးလိုက်ရမလား မမှလေး"

"နွေးချင်နွေးလိုက်. . . မေးနေရသလား"

"မီးဖိုချောင်ကိစ္စ မကျွမ်းလို့ပါ"

"မကျွမ်းရင် မလုပ်နဲ့"

"သမိုင်းပေးတာဝန်အရ လုပ်ရမှာပဲ"

"အဲ့ဒီလိုဆို အပိုစကား မပြောနဲ့. . . နားငြီးတယ်"

"ဟုတ်ကဲ့"

ခင်ဝတီစိတ်ထဲ ပျော်သလိုလိုဖြစ်သွားသည်။ ညစ်ညူးနေသောစိတ်တို့ မှုန်ဝါးသွားသည်။

အိပ်ခန်းထဲ ဝင်လိုက်သည်။ အခိုင်အခန့် ချည်ထားသောကြိုးကြောင့် အိပ်ရာလိပ် ဖြေရန် ခက်နေသည်။

အိုးခွက်ပန်းကန် ဆေးကြောသံနှင့်အတူ ထမင်းနွေး ဟင်းနွေးနေသော သူ့အား ကြည့်ကာ ရယ်ချင်သွားသည်။

စိတ်ထဲကလည်း ကျေနပ်သလိုဖြစ်မိသည်။ သူသည် မီးဖိုချောင် ဝင်တတ်သော ယောကျ်ားဖြစ်ဟန်မတူ။ လုပ်ကိုင်ပုံမှာ ကိုးရိုးကားရားနိုင်လှသည်။

အိပ်ရာလိပ်၌ ဂွမ်းကပ်နှစ်ခု ခေါင်းအုံးနှစ်လုံးနှင့် စောင်နှစ်ထည် ပါသည်။ ခြင်ထောင်နှစ်လုံးက သံသေတ္တာထဲ၌ ဖြစ်သည်။

မလွယ်ပါလား၊ လုပ်ရမည့်အလုပ်တွေက တန်းစီ၍ စောင့်နေသည်။ အဖော်တစ်ယောက် ခေါ်ခဲ့လျှင် အကောင်းသား။

ရေချိုးရန် အိပ်ခန်းပြင် ထွက်ဖို့ ခက်နေသည်။ ရင်လျားကြီးနှင့် သူ့ရှေ့၌ ဖြတ်သွားရမည်လား။ မျက်နှာတပြင်လုံး မီးဟပ်သည့်နှယ် ပူလောင်လာသည်။





"ခက်လိုက်တာ"

သူသည် မီးခလုတ် ပိတ်ပြီး ရေစုပ်စက် ပလပ်တပ်ကာ မီးဖွင့်လိုက်သည်။ ရေတွင်းမှ ရေသည် အရှိန်အဟုန်ပြင်းစွာဖြင့် အုတ်ကန်ထဲသို့ စီးဝင်လာသည်။

နောက် သူသည် ရေပုံးနှင့် အိမ်ရှေ့ဘက် ထွက်သွားသည်။ တားကို ရေသွားဆေးနေသည်။

အိမ်ဘေးမှ လှစ်ခနဲ ဆင်းကာ အိမ်ဘေးအုတ်ကန်ဆီ လာခဲ့သည်။ တွင်းရေသည် နွေး၍နေသည်။ ရေကို ကမန်းကတန်း လောင်းချိုးလိုက်သည်။

နေရောင်ရသောနေရာ၌ တမင်နွေးအောင် အုတ်ကန်များကို လုပ်ထားသလား မှတ်ရသည်။

ထင်သလောက် မအေးဘဲ ရေချိုး၍ ပြီးစီးသွားသည်။ မိမိအိပ်ခန်းထဲ ပြန်ရောက်ချိန်မှ သူ ကားရေဆေးပြီးသွားသည်။

တမင်ရှောင်ပေးခြင်း ဖြစ်ပေသည်။ သည်လိုတော့လည်း အလိုက်သိသားပဲဟု ခင်ဝတီ ကျေနပ်သွားသည်။

ရေမိုးချိုးပြီး သနပ်ခါးရေကျဲ ပါးလူးလိုက်သည်နှင့် လန်းဆန်းသွားသည်။

ထမင်းဆာသလိုလို ရှိလာသည်။ ခဏတဖြုတ် လှဲလိုက်ချင်သော်လည်း အိပ်ရာလိပ်ကြိုးက ဖြေ၍မရ။ ဟိုတစ်ယောက်ကို ခေါ်ရမည်လား။

ဘာလုပ်ရမှန်းမသိ။ အန်တီ့ကိုသာ ဒေါသထွက်ရမည်သား။

"မမလေးရေ. . ထမင်းနွေးပြီးပြီ"

ဘယ်လိုလူလဲ။ သူ့ကို ဘယ်သူခိုင်းလို့လဲ။ သို့သော်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ . . . လာမယ်"

ခပ်ကြောကြောလေး အသံပြုလိုက်သည်။

အနွေးထည် ထပ်ဝတ်ပြီး အိပ်ခန်းပြင် ထွက်လိုက်တော့ ထမင်းစားပွဲပေါ်၌ ချိုင့်ပူပူများ ချထားပေးသည်ကို တွေ့ရသဖြင့်

"ဒါလား . . . ခူးပြီးတာ"

"ဆေးရမယ့်အတူတူ ချိုင့်နဲ့ပဲ စားလိုက်ပေါ့"

"တစ်သက်လုံး မစားဘူး"

"အပြောမကြီးပါနဲ့ မမလေး၊ မနက်ကတောင် ကားပေါ်မှာ ချိုင့်နဲ့ စားမယ် လုပ်သေးတယ် မဟုတ်လား"

"ဒါက ခရီးသွားတာပဲ၊ ခုဟာက အိမ်ပဲ၊ ပန်းကန်တွေက ဘာလုပ်ဖို့လဲ၊ အလှကြည့်ဖို့မှ မဟုတ်တာ"

သူသည် ကြောင်အိမ်ထဲမှ ပန်းကန်ပြားတစ်ချပ်နှင့် ဟင်းပန်းကန်များ ထုတ်ခဲ့ပေးသည်။

ခင်ဝတီ လှမ်းယူကာ ခူးခပ်လိုက်သည်။ ထမင်းပန်းကန်က တစ်ချပ်တည်းဖြစ်၍ . . .

"ရှင်မစားသေးဘူးလား"

ဟု မေးလိုက်ရလျှင် ကောင်းမည်လား၊ အကျင့်ပါ၊ပါတယ် မမေးတော့ပါဘူးဟု ဆုံးဖြတ်လိုက်မိပြန်သော်လည်း ကိုယ်က အိမ်ရှင်လို ဖြစ်နေပြီး သူက မိမိအတွက် နေထိုင်စရာ လိုက်စီစဉ်ပေးသူအဖြစ် ကျေးဇူးရှိနေပြန်သည်။

"ရှင်ကော စားပြီးပြီလား"

"ကျွန်တော် အဖျားသွေး နည်းနည်းရှိလို့ ထမင်းမစားတော့ဘူး"

"သြော် . . . ဒါဆို ရှင်ရေချိုးလိုက်သေးလား"





ချွေးသံများ ပျောက်ကာ ရေချိုးပြီးစ သန့်ရှင်းလန်းဆန်းနေသောသူ၏ပုံစံမျိုး ပေါက်နေသဖြင့် ခင်ဝတီ အပြစ်တင်သလို မေးလိုက်မိသည်။

"လန်းသွားအောင်ပါ"

"ဒါဖြင့် ကော်ဖီ၊ ပောလစ်၊ မာတိုဘာ ရှိတယ်၊ ရှင်ကြိုက်တာ ဖျော်သောက်၊ မုန့်ပုံးထဲမှာလည်း မုန့်ရှိတယ်"

"ကိစ္စမရှိဘူး . . . မမလေး နေရဲရင် ကျွန်တော်မမှောင်ခင် အပြင်ထွက်ပြီး ဖုန်းဆက်လိုက်မယ်၊ ကြေးအိုးသွားသောက်လိုက်မယ်"

"နေရဲတယ် . . . ဘာကိစ္စ ဖုန်းဆက်မှာလဲ"

"မနက်ဖြန် အန်တီလေးနဲ့ အိမ်က ချာတိတ်မတစ်ယောက် ယောက် လိုက်ခဲ့ဖို့ပါ၊ မမလေးတစ်ယောက်တည်း နေဖို့မကောင်းဘူး၊ အဖော်လိုတယ်"

"အံမယ် . . . ရှင်က အဖေလား"

"အဖေ့ကိုယ်စားလှယ်ဆိုရင် မမှားဘူးထင်တယ်"

ခင်ဝတီ မျက်စောင်းထိုးလိုက်သည်။ လူပုံကိုက ပျော့ပျော့လေးနှင့် နံတဲ့ကြောင်ချေးမျိုး။

"ကျွန်တော်သွားမယ်"

"သွား . ."

သူ ကားသော့ယူကာ ထွက်သွားသည်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိရာ . . .

"ဟော့ . . ဟော့ . . ညစောင့် နေဦး"

ခင်ဝတီ မနေရဲပါ။ ကိုလှမြင့်ပြောသွားသော ကျွန်တော်တို့ ဘိုးဘွားမိဘတွေ ခေါင်းချခဲ့တဲ့အိမ် ဟူသောစကားသည် ချောက်



www.burmeseclassic.com

www.burmeseclassic.com



ချားမှုကို ဖိတ်ခေါ်နေသည်။

"ကျွန်မပါ လိုက်မယ်. . . ခဏစောင့်"

ခင်ဝတီ ထမင်းကို ပြီးအောင်စားလိုက်သည်။ သူက အိမ်တံခါးများကို လိုက်ပိတ်လိုက်သည်။ မှုန်ကုပ်ကုပ်ဖြစ်သွားသည်။ တစ်အိမ်လုံး မှန်ပြတင်းပေါက် မရှိဘဲ သစ်သားပြတင်းပေါက်များ ရှိနေခြင်းက ဆိုးသည်။

မီးချောင်းကို သူဖွင့်လိုက်သည်။

လင်းထိန်သွားသည်။ တော်သေးသည်။ ဤအိမ်၌ ပရိဘောဂနှင့် လူ့အသုံးအဆောင်များ ပြည့်ပြည့်စုံစုံ ရှိနေ၍ ဖြေသာသေးသည်။

"သွားတော့မလား"

"အင်း. ."

သူ့မျက်နှာ နီစပ်စပ် ဖြစ်နေခြင်းကြောင့် သူသိပ်ဖျားနေသလားဟု စိတ်ထဲ ထင့်သွားသည်။

"ပေး. . ကားသော့၊ ကျွန်မမောင်းမယ်"

"မမလေး လမ်းမကျွမ်းသေးပါဘူး၊ ကျွန်တော်ပဲ မောင်းမယ်"

"ဒါဖြင့်လည်း ပြီးရော"

"အပြန် ဆေးခန်းခဏဝင်ချင်တယ်"

"ဝင်လေ"

ပြောစရာ အဖော်ကလောင် မရှိလေတော့ သူ့ကိုသာ မပြောချင်လည်းပြော၊ မဖြေချင်လည်းဖြေနှင့် အဖော်သဟဲ ပြုနေရသည်။ လောကကြီး၌ လူ့ဝတ်ကြောင်ကို မစွန့်သေးသရွေ့တော့ တိုးတိုးဖော်ဆိုတာ လိုအပ်သည် ထင်ပါသည်။





အန်တီက လိုက်လာနိုင်ပါ့မလား။ ဘာနှင့် လိုက်လာမည်နည်း။ အို. . . ခေါင်းရှုပ်သည်။ ခင်ဝတီ ခေါင်းထဲ၌ ဘာမှမထားတော့။ ဖေဖေ့ကိုယ်စားလှယ်တော်ကြီး စီမံသွားလိမ့်မည်။ သက်တောင့်သက်သာ နေရန် ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





ဝါသနာနဲ့ လေ့ကျင့်မှုဆိုတာ
အောင်မြင်မှုကို ဖြစ်ပေါ်စေတတ်
ပါတယ်...

# အခန်း(၁၄)

"မမလေးအတွက် ကျွန်တော့်ညီမဝမ်းကွဲကို ညအိပ်ဖော် အဖြစ် ခေါ်ထားတယ်"

"ဘာဖြစ်လို့ သွားခေါ်ရတာလဲ၊ ဘယ်အချိန်က သွားခေါ် တာလဲ"

"မမလေး ကျောင်းမှာ သတင်းပို့တဲ့အချိန်ကတည်းက အကုန်စီစဉ်ခဲ့တာ"

"ဩော်. . ."





ခင်ဝတီ ပြောစရာစကား ကုန်ဆုံးသွားသည့်နှယ် ခံစား လိုက်ရသည်။

"ဘာဖြစ်လို့ သွားခေါ်ရတာလဲဆိုတော့ မမလေးဟာ ဒီ နယ်မှာ ကျောင်းဆရာမအဖြစ် အများရဲ့အာရုံစူးစိုက်မှုကို ခံရတော့ မှာဆိုတော့ မမလေးရဲ့ဂုဏ်သိက္ခာကို ကြိုတင်ကာကွယ်ပေးတဲ့ အနေနဲ့ ကျွန်တော်စဉ်းစားမိသမျှ စီစဉ်တာပါ"

"ဘာသိက္ခာကျစရာ ရှိသလဲ၊ ရှင်နဲ့ကျွန်မကို မောင်နှမလို့ ပြောထားလိုက်ရင် ပြီးတာပဲ"

"ဟင်. . . မမလေးက အဲ့ဒီလို ပြောထားလို့လား"

သူ၏အကြည့်က ဝင်းပကြည်လင်သွားသယောင်ယောင် ရှိသည်။ အံ့အားသင့်သလို အမေးကြောင့် ခင်ဝတီ စိတ်ရှုပ်သွား သည်။

"ကျောင်းမှာ အဲ့ဒီလိုပဲ ပြောခဲ့တယ်"

အမှန်အတိုင်း ဝန်ခံလိုက်သည်။

"ကျေးဇူးတင်ပါတယ် မမလေး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော့်လို ညစောင့်တစ်ဦးကို မောင်နှမပါလို့ ပြော ဆော်ရတဲ့အတွက်ပါ"

သူ ဘာကောင်းလဲဆိုတာကို ခင်ဝတီ မသိသေးဘူး အမှတ် မဲ့ တိုယ့်ကိုယ်ကို နှိမ့်ချပြောဆိုနေခြင်းလားဟု ခင်ဝတီ တွေးလိုက် သည်။ သို့သော် ချက်ချင်းပင် ခေါင်းထဲက ထုတ်ပစ်လိုက်သည်။ သူစိမ်းယောက်ျားတစ်ဦးအတွက် ဦးနှောက်၌ အချိန်မပေးနိုင်ချေ။

တိတ်ဆိတ်နေသော နေဝင်ရီတရောအချိန်ကို ခင်ဝတီ သည်းမခံနိုင်အောင်ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလှမြင့် ဆောင်သွားသော ဂီတာတစ်လက်က ခင်ဝတီအား မျက်စပစ်နေလေပြီ။

သူ့အား 'ရှင် ဂစ်တာတီးချင်တီးပါလား' ဟု ခွင့်ပြုချက်ပေးလိုက်ရလျှင် ကောင်းမည်လား။ သူကတော့ စာအုပ်တစ်အုပ်ဖတ်လျက် ငြိမ်သက်နေသည်။ သူ့အပါး၌ လှပသောမိန်းမသားတစ်ယောက် ရှိနေခြင်းကို မေ့လျော့နေဟန်တူသည်။

ခင်ဝတီ အသာထခဲ့ကာ မနက်ဖြန် သင်ရမည့်သင်ခန်းစာကို လေ့လာရန် ယူလာခဲ့သောစာအုပ်များကို မွှေနှောက်လိုက်သည်။ စိတ်ပျက်ဖို့ကောင်းသည်က ဘိုင်အိုမသင်ရဘဲ အင်္ဂလိပ်စာ သင်ရမည်တဲ့။

ဆရာကြီးဆီမှ ရခဲ့သော အင်္ဂလိပ်စာပုံနှိပ်ကို ဟိုလှန်သည်လှန် လုပ်ရင်း စိတ်ပျက်နေမိသည်။ သူ့ဆီ အကူအညီတောင်းရလျှင် ကောင်းမည်လား။ သူသည် သင်္ချာ၊ ဓာတု၊ ရူပ၊ အင်္ဂလိပ်စာတို့ကို ကျွမ်းကျင်စွာ လိုက်သင်နိုင်သည့် ကျူရှင်ဆရာတစ်ယောက်ပဲ။

သို့သော် အကူအညီတောင်းရမှာ ဝန်လေးနေမိသည်။ သူ့လိုလူဆီမှ အကူအညီမျိုး မလိုချင်။

မနက်ဖြန် သင်ရမည့်သင်ခန်းစာကို ကြိုးစားပမ်းစား ဖတ်ကြည့်သည်။ မရ. . . ချာချာလည်နေသည်။

"မမလေး. . . ဘာသင်ရမှာတဲ့လဲ"

သူ့ထံမှ မျှော်လင့်မထားသောအသံ ထွက်လာသည်။ အာတက်သွားသည်။

"အင်္ဂလိပ်စာ"

"မမလေးက ဘိုင်အိုနဲ့ ပြီးခဲ့တာ မဟုတ်ဘူးလား"





"ဟုတ်တယ်. . . ဒါပေမယ့် ကျောင်းမှာ အင်္ဂလိပ်စာလိုနေလို့ အင်္ဂလိပ်စာပဲ သင်ရမယ်တဲ့၊ အခြားဆရာမတွေနဲ့ ညှိလို့မရဘူး ဖြစ်နေတယ်၊ အရင်ရောက်ပြီးသား ဆရာဆရာမတွေက နှစ်သက်ရာ ဘာသာရပ်ကို ယူထားပြီး ဖြစ်နေတော့ မဖယ်ပေးချင်ကြဘူး"

"ဒါပေါ့လေ. . . ဆရာအသစ်ဆိုတာ ရွေးပြီးကျန်ရစ်တဲ့ ဘာသာရပ်ပဲ သင်ရမှာ ကျောင်းထုံးစံလို ဖြစ်နေတယ်၊ ကောင်းပါတယ်. . . အင်္ဂလိပ်စာဆိုရင် ကျူရှင်ပြစားလို့တောင် ကောင်းတဲ့ ဘာသာရပ်ပဲ"

"ဒီရုပ်ကို သေသေချာချာ ကြည့်ထား၊ ကျူရှင်ပြစားမယ့် ရုပ်လားလို့၊ ကျောင်းဆရာရဲ့စည်းမျဉ်းဥပဒေထဲမှာ ပြင်ပ၌ အခကြေးငွေ ယူပြီး ကျူရှင်ပြမစားရဘူးလို့ ပါတယ်၊

တစ်နေ့သုံးစာ မရှိတဲ့ လစာကို မက်လို့ လာသင်တာ မဟုတ်ဘူး၊ လောကကြီးမှာ တာဝန်မဲ့စွာနဲ့ သေဆုံးခြင်းဆိုတဲ့ မှတ်တိုင်ကို လျှောက်လှမ်းရမှာစိုးလို့ အဓိပ္ပါယ်ရှိရှိ ပညာရေးမှာ တာဝန်ယူတဲ့ နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေနဲ့ လာသင်နေတာ၊ ဘယ်တော့မှ ကျူရှင်မပြဘူး၊ လိုအပ်ရင် အချိန်ပို သင်ပေးလိုက်မယ်"

"လေးစားပါတယ်ဗျာ. . . အင်္ဂလိပ်စာက ဘယ်နှစ်တန်း သင်ရမှာလဲ"

"ဆယ်တန်း"

"ရရဲ့လား. . .ကျွန်တော် ဘာအကူအညီပေးရမလဲ"

သူ့လေသံသည် နူးညံ့ပျော့ပျောင်းကာ လှိုက်လှိုက်လှဲလှဲ အကူညီလိုဟန် ပေါက်နေသည်။

"ကလင်. . ကလင်. . ကလင်"



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးဘဲလ်အသံနှင့်အတူ မိန်းကလေးတစ်ဦး ဝင်ရောက်လာသည်။

"လာ. . . မီမီ"

အိပ်ရာလိပ် ထည့်ထားဟန်တူသော ဆာလာအိတ်ကို ဆွဲကာ တက်လာသည်။

သူ့အမျိုးများသည် ချောမောကာ ရုပ်ရည်သန့်ကြသည်။

"ဒါ ကျွန်တော့်ညီမပဲ. . . မီမီသန်းတဲ့၊ ရှစ်တန်းနှစ်ခါကျပြီး ပညာရေးလောကကို ကျောခိုင်းပြီး မိဘပွဲရုံမှာပဲ ကူလုပ်နေတဲ့ သူပဲ၊ မီမီ. . . ဒါ ကိုတူးပြောတဲ့ ဆရာမခင်ဝတီ"

"တွေ့ရတာ အရမ်းဝမ်းသာတာပဲ၊ ကိုတူးပြောတုန်းက ပိုတယ်ထင်တာ၊ ခုမှ လိုတယ်လို့တောင် ထင်သွားပြီ၊ မမက အရမ်းလှတာပဲ"

သူ မျက်နှာပျက်သွားသည်။

ခင်ဝတီ သူ့အား မကျေညက်သောအကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။ သို့သော်. . .

"ညီမလည်း လှပါတယ်"

ဟု ခပ်ပြုံးပြုံးလေး ပြောလိုက်ရသည်။ သူစိမ်းရှေ့၌ စကားမများချင်တော့။

"ကဲ. . . မီမီရေ၊ တို့ အရမ်းပင်ပန်းနေပြီကွ၊ ညည်းပဲ အိပ်ရာတွေ ပြင်ပေးတော့၊ တို့ အိမ်ရှေ့မှာ အိပ်မယ်၊ ညည်းက ဟိုအခန်းအိပ်၊ မမလေးက ဟိုအိပ်ခန်းကို ယူထားတယ်"

"နေဦး. . . မမဆီမှာ ခေါင်းအုံးနဲ့စောင်နဲ့ခြင်ထောင် အပိုယူလိုက်ဦး"

အန်တီက နဂိုတည်းက သူလာလာ၊ ဘယ်သူလာလာ





လာရင် အိပ်ရန်ဟု တစ်ယောက်စာ အပိုထည့်ထားပေးခြင်းသည် ယခုတော့ သူက ဈေးဦးဖောက်သွားလေပြီ။

မီမီသန်းက စောင်ခြင်ထောင်တို့ ထုတ်ပေးအပြီး၌ မိမိသည် အိမ်ရှေ့ပြန်လာခဲ့သောအခါ သူသည် မိမိကြည့်နေသော (Wuthering Heights) စာအုပ်ကို ကြည့်နေသည်။

"ဘယ်ရောက်ပြီတဲ့လဲ"

"ယူနစ်ဖိုက်ပဲ ရှိသေးတယ်၊ အဲ့ဒီက စရမယ်တဲ့"

ခင်ဝတီ ဝမ်းမြောက်မှုကို ရင်တွင်း ဖုံးဖိထားပြီး သူ့ဘေးနား၌ ထိုင်လိုက်သည်။

"ကျွန်တော်ရှင်းပြပေးမယ်၊ ဒီကောင်ရဲ့ဟစ်စထရီကို အရင်ရှင်းပြထားမယ်နော်"

"ပိုကောင်းတာပေါ့. . . ကျွန်မတို့ ဆယ်တန်းတုန်းက ဒီစာအုပ်မှ မသင်ခဲ့ရတာ"

"ကျွန်တော်လည်း မသင်ခဲ့ရဘူး၊ ဒါပေမယ့် ဝါသနာနဲ့ လေ့ကျင့်မှုဆိုတာ အောင်မြင်မှုကို ဖြစ်ပေါ်စေတတ်တယ်၊ ကိုင်း. . . ကျွန်တော် လက်ချာပေးမယ်၊ မမလေး နားလည်သလို မှတ်ယူတော့"

"အိုကေ"

ခင်ဝတီသည် သူ့တပည့်ဖြစ်သွားသည်။ သူသည် တစ်ခန်းပြီးတစ်ခန်း အကျဉ်းချုံး ရှင်းပြသွားပြီးမှ မိမိသင်ရမည့် Unit Five မှ Chapter II ကို စေ့စေ့စပ်စပ်၊ ဂဃဏန သေချာစွာ ရှင်းပြပေးသည်။

သူသည် အသင်အပြကောင်းကာ လေယူလေသိမ်းကောင်းမွန်သောဆရာတစ်ဦးဖြစ်သည်။ ထို့ကြောင့် သူသည် ကျူရှင်



www.burmeseclassic.com

www.burmeseclassic.com



လောက၌ အောင်မြင်သောဆရာတစ်ဦး ဖြစ်သည့်ထင်ပါသည်။

"ပြီးရင် ဒီလေ့ကျင့်ခန်း ပေးလိုက်ပါ မမလေး"

"ကျေးဇူးပဲ"

"နောက်နေ့တွေမှာ ကျွန်တော်မသွားခင် အချိန်ရသရွေ့ ရှင်းပေးခဲ့မယ်၊ လိုအပ်တဲ့မှတ်စုလည်း ပေးခဲ့မယ်"

ခင်ဝတီရင်ထဲ ချမ်းမြေ့သွားသည်။ သူသည် စိတ်ရင်း ကောင်းသောသူတစ်ယောက်ဖြစ်သည်။

သူ့အား ရိုင်းပျစွာ ဆက်ဆံခဲ့သော မိမိအား ခွင့်လွှတ်ကာ စေတနာထားနေခြင်းအတွက် ခင်ဝတီ မျက်နှာပြန်ပူသွားသည်။

"ဆယ့်နှစ်နာရီတောင် ထိုးတော့မှာပါလား၊ မမလေး အိပ်တော့"

"ရှင့် ညဆေးသောက်ရဦးမှာ မဟုတ်လား၊ အစားတစ်ခုခု နဲ့မှ သောက်နော်၊ ကျွန်မ ဖျော်ပေးရမလား"

"ရပါတယ်. . . မမလေး သောက်မလား၊ ကျွန်တော်ဖျော် ပေးမယ်"

"ဟင့်အင်း. . . အိပ်တော့မယ်"

ခင်ဝတီ သူ့အား ကျောခိုင်းလိုက်သည်။ အိမ်သာသည် အိမ်နောက်ဖေး လှေကားနှင့် မလှမ်းမကမ်း၌ ရှိသည်။ အုတ် အင်္ဂတေနှင့် အကျအန ကျယ်ကျယ်ဝန်းဝန်း ဆောက်ထားသဖြင့် ထိုအတွင်း ခင်ဝတီ စိတ်အေးရသည်။

ခင်ဝတီသည် အနံ့အသက်မကောင်းသော၊ မလုံခြုံသော၊ စုတ်ပွဲ့သောအိမ်သာဆိုလျှင် လုံးဝမတက်နိုင်ဘဲ ထိုအခန်လေ့ရှိသဖြင့် ယခုလိုအိမ်သာမျိုးနှင့်အိမ် ရသည့်အတွက် နေသာသွားသည်။ သည်အတွက် သူ့အား ကျေးဇူးတင်ရမည်လိုလို။





အိပ်ရာဝင်ခဲ့သည်။

သူလည်း ချက်ချင်းမီးမှိတ်ကာ အိပ်ရာဝင်သွားလေသည်။ သူ ဆေးသောက်ရဲ့လား၊

နေမကောင်းဘဲ မည်းမည်း ဦးဆောင်လုပ်ကိုင်ပေးမှု အတွက် ခင်ဝတီ ကျေးဇူးတင်သွားရသည်။

သို့သော် သူ့ကျေးဇူးတရားကို သည်အတိုင်းပဲ ရပ်ထားချင် သည်။ ထပ်မတိုးပွားစေချင်တော့။ အနိတီ ရောက်လာလာချင်း သူ့ကို ပြန်လွှတ်လိုက်တော့မည်ဟု တွေးရင်း အိပ်ရာအပြောင်းအလဲ ဖြစ်သော်လည်း ပင်ပန်းထားမှုအရှိန်ကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com






# အခန်း(၁၅)

"ဟယ်. . . ဘွားဘွား"

ခင်ဝတီ ကျောင်းမှ ပြန်လာလာချင်း ခြံဝ၌ စောင့်ကြိုနေသောဘွားဘွားကို တွေ့လိုက်ရသည်နှင့် ဝမ်းသာသွားသည်။

မိမိကိုယ်ကို ဆရာမပါလားဟူသောအသိကို မေ့ပြီး ပြေးသွားမိလိုက်သည်။

"ဟဲ့. . ဟဲ့. . ဆရာမကြီးရဲ့၊ ဘယ့်နှယ် ကဆုန်ပေါက်လာတာလဲ"

ဘွားဘွားက ကြည်နူးစွာ နောက်ပြောင်လိုက်သည်။ ခြင်း





တောင်းကို လှမ်းယူကာ. . .

"ငါ့မြေးက ဆရာမ ဝတ်စုံနဲ့ဆိုတော့ ပိုပြီးတော့တောင် ကျက်သရေ ရှိသွားတယ်"

"လှရဲ့လား ဆံထုံးလေး"

ဘွားဘွားကို လှည့်ပတ်ပြလိုက်မိသေးသည်။ တော်သေးရဲ့။ ခြံဝင်းထဲ ဖြစ်နေ၍. . .

"တယ်ဟုတ်ပါလား. . ညည်းထုံးတာလား"

"ဟုတ်တယ်. . အဲ. . ဟုတ်ဘူး မီမီသန်း ထုံးပေးတာ၊ ဘွားဘွား ဘယ်အချိန်ရောက်လဲ"

မနက်က ကျောင်းသွားခါနီး ပြဿနာတက်ရသည်။ ဆံထုံး မထုံးတတ်၍ မီမီသန်း မရှိလျှင် ခက်မည်။ မီမီသန်းက ထမင်းဟင်း ကူချက်ပေးရုံမက ဆံထုံးထုံးရ အခက်တွေ့နေသော မိမိအား ဆံထုံးပင် ကူထုံးပေးသွားသည်။

အိမ်သည် မိမိကျောင်းမသွားခင်ကထက် ပိုမိုသေသပ်နေသည်။ ပြက္ခဒိန်နှင့် ဘုရားစင်နှင့် ခန့်ထည်နေပြီ။

"နှစ်နာရီလောက်က၊ စောစောက ပြောရင် ကျုပ် တစ်ခါတည်း လိုက်ခဲ့တာပေါ့၊ မနေ့ညကမှ ညည်းအန်တီ ကျုပ်ရိပ်သာကို ရောက်လာလို့ ကျုပ် ချက်ချင်းပဲ ထွက်ခဲ့ရတယ်"

"ဘွားဘွားက ခင်ဝတီနဲ့ နေမှာလား"

"အေး. . . နေမှာပေါ့၊ ဒါပေမယ့် တော်တော်အေးသား"

ခင်ဝတီ စဉ်းစားရသည်။ လူကြီးနှင့် ဤဒေသအအေး ကိုက်ညီပါ့မလား။ တိုက်အိမ်နှင့် မွေ့ယာကော်ဇောကြီးများပေါ် နှင်းကာ နွေးနွေးထွေးထွေး လေထိမခံဘဲ နေလာခဲ့သောဘွားဘွားသည် ယခုလို ပျဉ်ထောင်အိမ်၌ လေအေးပိုကာ နေရမည်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးသော ဘွားဘွားကို ဒုက္ခမပေးလို့။

"ဟုတ်တယ်. . . ဘွားဘွားနဲ့ မဖြစ်ပါဘူး၊ ဘယ်သူခေါ်လာသလဲ"

"ခွေးမပဲ ခေါ်လာတယ်၊ ညည်းကျောင်းသွားတုန်း အိမ်မှာထားခဲ့ဖို့ဆိုတာက ကောင်မလေးတွေနဲ့ စိတ်ချရမယ် မထင်ဘူး၊ ဒါကြောင့် ခွေးမပဲ ခေါ်လာခဲ့တာ"

ဒေါ်ခွေးမသည် ဘွားဘွားတို့၏အိမ်တော်ပါ ကျွန်ယုံကြီးဟု ဆိုလျှင် မှားအံ့မထင်။ အန်တီမွေးစက အန်တီ့ကို ထိန်းကျောင်းရန်ဆိုပြီး ဆံရစ်ဝိုင်းလေးနှင့် တောမှ ရောက်လာခဲ့ပြီးသည်မှစ၍ သူ့ဇာတိရပ်ရွာသို့ လုံးဝမပြန်တော့ဘဲ နေသွားသည်မှာ နှစ်ပေါင်းလေးဆယ်နီးပါး ရှိလေပြီ။

"ခု. . ဘယ်သွားသလဲ"

"ဈေးလေးဘာလေး အခြေအနေ သိရအောင်ဆိုပြီး ထွက်သွားတယ်"

"ဟိုပုဂ္ဂိုလ်ကော"

"ဘယ်ပုဂ္ဂိုလ်လဲ"

"ညစောင့်ပေါ့"

"မုန်းဘက် ခဏသွားတယ်"

"ကားရှိနေပါလား"

"စက်ဘီးနဲ့ ထင်တယ်"

"ဘွားဘွားတို့က ဘာနဲ့ လာတာလဲ"

"လိုင်းကားနဲ့လေ"

"ဟယ်. . . လာနိုင်တယ်"

"လာနိုင်တာပေါ့. . . ဘယ်လောက်ဝေးတာမှတ်လို့ ကိုယ့်





မြေးနဲ့ တွေ့ဖို့ပဲဟာ"

"ဒါကြောင့် ဘွားဘွားကို ချစ်တာ"

ဘွားဘွား၏ပျော့အိအိတွဲတွဲ ပါးကို ဖွဖွကလေး နမ်းရှိုက်လိုက်သောအခါ နံ့သာဖြူနံ့လေးကို ရင်ထဲ အေးစွာ ရှူရှိုက်လိုက်မိသည်။

"အား. . . အဘွားကြီးစော် မွှေးလိုက်တာ"

"ချွဲထား. . ချွဲထား. . ယောက်ျားမရခင်တော့ အဘွားကြီးစော် မွှေးလိုက်တာ၊ ယောက်ျားရတော့ အဘွားကြီးစော်နံလိုက်တာ၊ သချိုင်းနံ့ရနေပြီလို့ မှတ်မှာပေါ့"

"ဖွဟဲ့. . . မပြောကောင်းပြောကောင်း၊ ဘွားဘွားမြေးမှာ အဲဒီလိုစိတ် လုံးဝမရှိဘူး"

"ကဲ. . ကဲ. . တစ်ခုခု စားလိုက်ဦး၊ ပူတင်းကိတ် ပါတယ်၊ ညစာက မောင်ဘုန်းဦးလေး လာဖိတ်ထားလို့ အဲ့ဒီမှာ စားရမယ်"

"မစားချင်ပါဘူး"

သူ့အကူအညီတွေ တတ်နိုင်သမျှ ရှောင်ရှားမည်ဟု ဆုံးဖြတ်ထားကာမှ မိမိသန်းနှင့်တကွ သူတို့အိမ်သားများနှင့် ရင်းနှီးမှု အကြောင်းဖန်လာပြန်သည်။

"မောင်လှမြင့်တို့အိမ်က မနက်ဖြန်မနက်၊ သန်ဘက်ခါမှ ဘွားဘွားတို့ ပြန်မယ်"

"ဟာ. . . နေပါဦးလား တစ်ပတ်လောက်တော့"

"မဖြစ်ဘူးထင်တယ်. . . မောင်ဘုန်းက သူ့အလုပ်တွေ ရှုပ်ပြီး လိုက်ပို့ရတာဆိုတော့ ပြန်မှဖြစ်မယ်၊ အားနာစရာကောင်းသမှု"

ခင်ဝတီ လက်လျှော့လိုက်ရသည်။ အမှန်တော့ သူ့အား



www.burmeseclassic.com

www.burmeseclassic.com



တမင်ညှဉ်းထားလိုက်ချင်သည်။ သို့သော် သူ့ကျေးဇူးများသည် မိမိ၌ တင်စပြုနေပြီ။ သိပ်များလျှင် မကောင်းတော့။

နေ့လယ်စာ စားသောက်ပြီး ရေချိုးနေချိန်၌ သူရောက်လာသည်။ စက်ဘီးကယ်ရီယာပေါ်၌ ခြင်းတောင်းတစ်တောင်း ပါလာသည်။ အနံ့က ထောင်းခနဲ ရလိုက်သည်။ ဒူးရင်းသီးနှံ့ ဖြစ်သည်။ ရေချိုးရသည်ကိုပင် ကြာသည်ဟု မှတ်ယူချင်လာပြီ။ ခင်ဝတီ ဒူးရင်းသီး အလွန်ကြိုက်သည်။

"ဒီအချိန်ကြီး ဒူးရင်းသီး ရသလား"

"ရတယ်. . . မုန်းဘက်မှာ လက်ကျန်သီးလေး သွားခွဲလိုက်တာ၊ တုံးချိန်တော့ ရောက်နေပြီ"

အိမ်ပေါ် ရောက်ရောက်ချင်း မေးလိုက်သည်။ သူက ဖြေလိုက်သည်။

"စားမလား. . . ခွဲလိုက်မယ်"

"ခွဲလိုက်လေ"

အိမ်ခန်းထဲ ဝင်ပြီး သနပ်ခါးလိမ်း၊ အင်္ကျီလုံချည်လဲခြင်းကို နှစ်မိနစ်သုံးမိနစ်အတွင်း အပြီးသတ်လိုက်သည်။

"လာ. . မြေး. . မောင်ဘုန်းကော. . လာ"

ဘွားဘွားနှင့် တူ၍ ခင်ဝတီ ဒူးရင်းသီးကြိုက်ခြင်းဖြစ်မည်။

"ကျွန်တော် မုန်းမှာ စားခဲ့တယ်"

"မုန်းမှာ ဘယ်သူရှိလို့လဲ"

"ကျွန်တော့်သူငယ်ချင်းတွေ ရှိပါတယ်၊ မမလေး သွားချင်ရင် နောက်တစ်ခေါက် လာတော့မှ ကျွန်တော်လိုက်ပို့ပေးမယ်"

"ဘာရှိလို့လဲ"





"ဥယျာဉ်ခြံတွေ ရှိပါတယ်၊ ဂွမ်းနဲ့ ဒူးရင်းသီးကတော့ အကြီးအကျယ်ပဲ၊ နောက်. . သစ်ထုတ်လုပ်ငန်းရှိတယ်၊ ဖက်စပ်လုပ်ငန်းတွေတောင် ရှိတယ်"

"ဟုတ်လား"

မြို့မှနေ၍ ခပ်ခေါင်ခေါင် သွားရသောနေရာမျိုးတွင် ဖက်စပ်လုပ်ငန်းပါ ရှိနေသည်ဆိုခြင်းကြောင့် ခင်ဝတီ စိတ်ဝင်စားသွားသည်။

"ဒီနေ့ စာသင်ရတာ အဆင်ပြေရဲ့လား"

"သိပ်ကို အဆင်ပြေပါတယ်"

"ညရောက်ရင် ကျွန်တော်တို့ ထပ်လေ့လာကြတာပေါ့"

ခင်ဝတီ ခေါင်းညိတ်ရုံ ညိတ်လိုက်သည်။ မိမိတောင်းဆိုစရာပင် မလိုဘဲ အလိုက်တသိ ရှိခြင်းအတွက် ကျေးဇူးတော်အနန္တတင်ရသည်။

"ငါ့မြေး စာအသင်အပြ ကောင်းမကောင်းတော့ ကလေးတွေက သိမှာမဟုတ်ဘူး၊ ဆရာမလေး လှလိုက်တာဆိုပြီး စကားပြောဖို့ မေ့ပြီး ငြိမ်ငေးနေတာ ဖြစ်မယ်"

"ဘွားဘွားကလည်း အထင်သေးလိုက်တာ၊ ခင်ဝတီ သင်တတ်ပါတယ်၊ ကောင်းလိုက်တာ. . . ချိုအီဆိမ့်သွားတာပဲ"

"တစ်လုံးထပ်ခွဲပါဦး မောင်ဘုန်း၊ တို့မြေးအဘွား တစ်လုံးနဲ့ ရမှာမဟုတ်ဘူး၊ ခင်ဝတီတို့က ကြိုက်ပြီဆိုရင် ထမင်းလွတ် ဟင်းလွတ်ကို စားပစ်တတ်တာ"

သူက ပြုံးရွှင်စွာပင် 'ဟုတ်ကဲ့. . . ဘွားဘွား' ဟု ဆိုကာ နောက်တစ်လုံး ခွဲပေးသည်။

"နှစ်လုံးသာ ခွဲပေးလိုက်ပါလား ဘွားဘွား"



www.burmeseclassic.com

www.burmeseclassic.com



သူ့အား မည်သည့်နာမ်စား သုံးရမည်မှန်း မသိ၍ ဘွားဘွားနှင့်သာ တဆင့်ခံပြောလိုက်သည်။ သူက သဘောပေါက်စွာဖြင့် နှစ်လုံးခွဲပေးသည်။

"ရေချိုးလိုက်ဦးမယ်"

"အပူရှပ်မယ်. . . ခဏနားလိုက်ဦး၊ ဘွားဘွားဝယ်လာတဲ့ ပူတင်းကိတ်နဲ့ နက်စ်လေး သောက်လိုက်ပါလား"

"တော်ပြီ ဘွားဘွား၊ သူငယ်ချင်းတွေက ဟိုကျွေးဒီကျွေးနဲ့ ဗိုက်တင်းနေပြီ၊ မြို့ထဲဘက်ခဏသွားပြီး ဘုံဘိုင်နဲ့ ပိုက်သွယ်ဖို့ကိစ္စ ကိုလှမြင့် ခေါ်သွားပြီး သွားကြည့်လိုက်ဦးမယ်"

"အေး. . အေး. . သွားလေ၊ လုပ်စရာရှိတာတွေ ဘွားဘွားတို့ ရှိတုန်း လုပ်ပေးသွားတာပေါ့ကွယ်၊ ဒါမှ နောက်ဆံမတင်းရတာ"

သူသည် ပြောစရာမလိုအောင် ဆောင်ရွက်ပေးနိုင်သော အစွမ်းရှိသူတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ဖြစ်မည်။ ဖေဖေက မောင်မြတ်ဘုန်းနဲ့သွားဟု တစ်ချက်လွှတ် အမိန့်ပေးလိုက်ခြင်း ဖြစ်မည်။

"ကားယူသွားမယ်နော်. . . ပစ္စည်းတွေ တစ်ခါတည်း တင်ခဲ့ရအောင်"

"ပြောနေစရာလိုလား မောင်ဘုန်းရယ်. . . ယူသွားစမ်းပါ"

ဘွားဘွားနှင့်သူသည် အဆင်ချောနေသည်။ သူထွက်သွားသည်နှင့် ခင်ဝတီသည် ဘွားဘွားကို မျက်စောင်းထိုးကာ. . .

"ဟွန်း. . . ဘွားဘွားမြေးမို့လား၊ အခွင့်အရေး ဒီလောက်ပေးနေတာ"

"နောက်တော့ တော်ချင်တော်ရမှာပဲအေ့၊ ညည်းညီမ





င်နွယ်နီက လွယ်တာမဟုတ်ဘူး၊ ဟိုမှာ ကျောက်ပွဲစားယောင် ယောင် ဘာယောင်ယောင် ကုန်သည်ယောင်ယောင်နဲ့ ကစားသမား ခင်ယောက်နဲ့ ငြိနေလို့တဲ့လေ၊

အဲ့ဒီကောင်နဲ့ ပြတ်သွားဖို့ ကျုပ်တို့ဆီ ပို့လိုက်တာ၊ မောင် န်းနဲ့လည်း ရည်ရွယ်ဟန်တူတယ်၊ မြန်မြန်ဖြစ်အောင်လည်း ကျုပ် ာ့ ဘေးတီးပေးရမှာပဲ"

"ဪ. . . ဒီလိုလား"

ခင်ဝတီ စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားသည်။ ဒီအတိုင်းသာ လျှင် ညစောင့်ကို မိမိ မတ်တော်ရတော့မည်။ သိပ်နိုမ်၍မဖြစ်။ တ်တော်ပြီးလျှင် ပို၍မျက်နှာပူစရာကောင်းနေလိမ့်မည်။

"ညည်းနဲ့ကော အဆင်ပြေရဲ့လား"

"ပြေပါတယ်. . . အစစအရာရာ သူပဲ ဦးဆောင်လုပ် းတယ်"

"ဒါကြောင့် ပြောတာ၊ ခင်နွယ်နီလို အမိုက်မကို ဒင်း ကောင်းကောင်းကြိုးကိုင်သွားလိမ့်မယ်၊ အဆင်ပြေသွားတာနဲ့ ဝင်ခင် မြန်းပေးလိုက်တော့မယ်"

ခင်ဝတီ စိတ်မပါတော့။ ဘွားဘွားစကားအရာ၌လည်း မပါ။ ချိုခါးနေအောင် အရသာရှိသော ဒူးရင်းသီးကို ဆက် ် စားရလည်း စိတ်မပါတော့။

"စားလို့တောင် မကုန်သေးဘူး၊ ဒူးရင်းဆိပ် တက်နေပြီ တယ်. . . အိပ်ချင်လာပြီ"

"ဟဲ့. . . နေစောင်းချိန်ကြီး မအိပ်ပါနဲ့. . ခေါင်းအုံ့မယ်"

"ခဏပါ. . . လှဲရုံလှဲမှာပါ"

"လှဲရင်း အိပ်ပျော်သွားဦးမယ်ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခင်ဝတီ ဘွားဘွားစကားကို မလိုက်နာတော့။ အိပ်ချင်နေ လေပြီ။

"မကုန်သေးပေလို့ပဲ မချွေခင်ဝတီရယ်၊ နှစ်မြွာတည်း ကုန် တော့တယ်၊ ကျုပ်စားတာ သုံးမြွာဆိုတော့. . . အမယ်လေး. . . နှစ်လုံးခွဲလောက်ကို တစ်ယောက်တည်း စားသွားပါလား၊ ဆေးလေး ဘာလေး ကြိုတင်သောက်ထားဦး"

"ဘာမှမဖြစ်ပါဘူး"

အိပ်ခန်းထဲမှ ဘွားဘွားကို လှမ်းအော်လိုက်ရသည်။ မအော်လို့မဖြစ်။ ဘာဆေးမှန်း မသိသော ဘွားဘွား၏တိုင်းရင်း ဆေးခါးကြီး လာတိုက်မှာ စိုးရိမ်ရသည်။

ဗိုက်နာလည်း ထိုဆေးခါး၊ ခေါင်းကိုက်လည်း ထိုဆေးခါး၊ အစားမှားလည်း ထိုဆေးခါးဖြစ်၍ ခင်ဝတီက ဘွားဘွား၏ ရောဂါဝေဒနာများ ပျောက်ကင်းနေတတ်သည်။

"အစားဖြစ်ဖြစ်၊ အလုပ်ဖြစ်ဖြစ်၊ တစ်ဖက်စွန်း မရောက်စေ နဲ့ ခင်ဝတီ၊ အစားကို ကြိုက်ပြီဆိုရင်လည်း ဘေးဖြစ်အောင် ကြိုး တတ်တာမျိုး၊ အဝတ်တစ်ထည်ကို ကြိုက်မိပြီဆိုရင် မချွတ်တမ်း ဝတ်ထားတာမျိုးက ခံသာသေးတယ်"

"ဘာဖြစ်လို့လဲ ဘွားဘွားရဲ့"

ခင်ဝတီ ဘွားဘွားစကားကို စိတ်ဝင်စားသဖြင့် အိပ်ခန်းထဲ မှ ပြန်ထွက်လာကာ ဆက်တီတစ်လုံး၌ ခြေပစ်လက်ပစ် ထိုင်လိုက် သည်။

"ဟဲ့. . . အစားလွန်ရင် ဆေးရှိတယ်"

"အဝတ်လွန်တော့ကော"

"ရိုပြဲသွားရင် သူ့ဟာသူ ချွတ်လိမ့်မယ်"





"ဒါဖြင့် ဘယ်လိုဟာမျိုးက မရဘူးလဲ"

"အချစ်လွန်တာမျိုးက မရဘူးဟဲ့၊ မြဲမြဲမှတ်ထား ခင်ဝတီ၊ အချစ်ရေးရာမှာ အစွဲအလမ်းကြီးမားစွာ အချစ်လွန်တဲ့သူဟာ နိမ့်ရစမြဲပဲ"

"ဒါဆိုရင်တော့ ဆောရီးပဲ၊ ခင်ဝတီတစ်သက်မှာ အချစ် လွန်တဲ့ဝေဒနာမျိုး ဘယ်သောအခါမှ မရှိစေရဘူး"

"ပြောသေးတာပဲ. . . အပြောကြီးတဲ့လူတွေဟာ အကျနာ တတ်တယ် ခင်ဝတီ၊ လူမှန်ရင် အချစ်နဲ့ မကင်းဘူးတဲ့၊ ညည်း ကျနိမ်မှ မဟုတ်တာ၊ တစ်နေ့ အချစ်တွေ့ရဦးမှာပါ၊ ဖူးစာရှင် ရင် သိကြားမင်း ဖျက်တာတောင် မပျက်နိုင်ပါဘူးရှင် ဖြစ်သွား မယ်"

ဘွားဘွား လာနေသည့်ကာလတော့ ခင်ဝတီ ပျော်ရွှင်နေ သည်ဖြစ်သည်။ ဘွားဘွား စကားတွေ မပြောပြောအောင်လည်း ခင်ဝတီတို့ ဆွပေးနေတတ်သည်။

ခင်ဝတီ နှစ်ယောက်ထိုင် ဆက်တီတွင် လဲလျောင်းလိုက် သည်။ သင်ရမည့် သင်ခန်းစာများကို ဖတ်နေလိုက်သည်။

ထိုစဉ် ဒေါ်ခွေးမ ရောက်လာသည်။

"ဟဲ့. . ခွေးမ. . ဘာတွေဝယ်ခဲ့တာလဲ"

"အသီးအနှံ လတ်လတ်ဆတ်ဆတ်လေးတွေ တွေ့လို့ဝယ် တာ၊ ဈေးကတော့ ဝယ်လို့ကောင်းမှာပါ၊ အစုံအလင် ရှိတယ်၊ ဈေးသွားလိုက်တာ အမြတ်ထွက်တယ်"

"ဘာလဲ. . . ဗိုက်ဆာကောက်ရလို့လား"

"မဟုတ်ဘူး အမေရဲ့၊ သတင်းကောင်း ကြားခဲ့ရလို့"

"ဘာသတင်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ကျောင်းအဆင်း ဈေးဝင်လာတဲ့ ကလေးတွေ ပြော
သတင်းကြားခဲ့ရလို့”

ခင်ဝတီနှင့် ပတ်သက်တော့မည်ကို အလိုလို သိ၍ နား
ကာ ဒေါ်ခွေးမကို စူးစိုက်ကြည့်မိလိုက်သည်။ ဒေါ်ခွေးမက မိမိအ
ပြုံးကြည့်ကာ. . .

“ဒီနေ့ရောက်လာတဲ့ ဆရာမအသစ်လေးက အရမ်းချော
ပြီး အရမ်းအသင်အပြ ကောင်းတာပဲတဲ့၊ ရုပ်ရှင်မင်းသမီးလေ
ကျနေတာပဲတဲ့”

ခင်ဝတီ ပီတိဖြစ်သွားသည်။ ညစောင့်ကို ကျေးဇူးတ
သွားသည်။ သူက စာသင်နည်း၊ အတန်းထိန်းနည်းပါ သင်ပေးလို့
ခြင်းကြောင့်ဖြစ်သည်။

“နောက်ဆက်တွဲက ဆရာမဘဲကလည်း အရမ်းချော
ပဲ၊ နေအောင်ကြီး ကျနေတာပဲတဲ့”

“အဲ့. . .”

ခင်ဝတီ မျက်နှာထူပူသွားသည်။ ဒီတစ်ချီတွင်တော
ခင်ဝတီ ပီတိမဖြာနိုင်တော့ချေ။ သူသည် သာမန်လူတန်း
ညစောင့်သာ ဆိုပါက ဆွေ့ဆွေ့ခုန်ကာ ဒေါသူပုန်ထပေလိမ့်

ယခုတော့ အဆင့်အတန်း မတူဘူးဟု ပြော၍လည်း
သူ့ထံမှတောင် ပညာဆည်းပူးနေရပါပကော။ သို့သော် ယော
များအပေါ် ကြည့်မရသောစိတ်ကြောင့် ရင်ထဲမှာ အောင့်သ
သက် ဖြစ်သွားရသည်။

ပတ်ဝန်းကျင် ထင်မြင်ချက်ဆိုသည်မှာ တခဏပါပဲ။
နှင့်အတူ လာပြီး လေနှင့်အတူ လွင့်ပါးသွားပေလိမ့်မည်။

ဘာမှမကြာလိုက်သောအချိန်တွင် သူ ကိုလှမြင့်နှင့် အ





သမားနှစ်ယောက်နှင့် အတူတကွ ရောက်လာသည်။

အိမ်နောက်ဖေးတွင် ဘေစင်တစ်ခုကို တပ်ဆင်ပေးသည်။

“ရှေးလူကြီးတွေက ရေတွင်းအုတ်ကန်ကို နေရောင်ရတဲ့ နေရာမှာ ထားပေးထားတယ်၊ ဆောင်းတွင်းမှာ ရေချိုးနိုင်အောင် ထင်တယ်. . . သိပ်မအေးဘူး၊ ရေချိုးခန်းတော့ လုပ်မပေးတော့ဘူး နော်”

“ရပါတယ် ကိုလှမြင့်၊ ကျွန်မက အလွန်ဆုံးနေ နှစ်နှစ်ပေါ့၊ ဆောင်းတွင်းပေမယ့် ရေမအေးဘဲ ချိုးလို့ကောင်းပါတယ်၊ ဒီ့အတွက် အပူမရှာပါနဲ့”

အိမ်နောက်ဖေးဘက် ရေစင်တင်ပြီး အိမ်သာနောက်ဖေး ကပြင်နှင့် ထမင်းစားခန်းတွင် ဘေစင်တပ်ပေးသည်။

“ကျွန်မ ပေးတဲ့ငွေနဲ့ ကာမိရဲ့လား ကိုလှမြင့်ရယ်၊ ကျွန်မတော့ အားတောင် နာလာပြီ”

ခင်ဝတီ အမှန်တကယ်ပင် အားနာမိသည်။ အိမ်ရှင်တို့သည် အိမ်ငှားမတင်မီ အလွန်သဘောကောင်းကြပြီး အိမ်ငှားတင်အပြီး၌ အလွန်စိတ်ထားဆိုးရွားတတ်သည်ဟု ကြားဖူးပါသည်။ ကိုလှမြင့်က ထိုသို့မဟုတ်။

“ဆရာမကိုတောင် ကျွန်တော်က အားနာနေတာ၊ ဝင်ဒါမီယာလို တိုက်ကြီးပေါ်ကနေ ကျွန်တော့်ရဲ့ တဲသာသာ အိမ်လေးမှာ ဆင်းဆင်းရဲရဲ လာနေတာကိုပဲ”

“အို. . . မဟုတ်တာရှင်၊ နေအိမ်ဆိုတာ လုံခြုံစိတ်ချရ နားခို မှီတင်းနေထိုင်နိုင်ရင် ပြီးတာပါပဲ၊ ဒါက အရေးအကြီးဆုံးပဲ”

“ကျွန်တော်ကပဲ အိမ်စောင့်ဖော်ရတာကိုပဲ ကျေးဇူးတင်နေရတာပါ၊ နေအိမ်ဆိုတာ လူရှိနေမှ အိမ်ရဲ့အင်္ဂါရပ်နဲ့ ပြည့်စုံသွား



www.burmeseclassic.com

www.burmeseclassic.com



တတ်လို့ပါ"

"နောက်. . ဘာလိုသေးလဲ၊ အဘိုးတို့ပုံနဲ့ အဖေတို့ပုံတွေ ဖြုတ်ပေးရဦးမလား"

"နေပါစေ. . . ကျက်သရေ ရှိပါတယ်၊ မဖြုတ်ပါနဲ့ကွယ်"

ဤစကားကိုတော့ ဘွားဘွားက ဝင်ပြောလိုက်သည်။

တစ်နေ့အတွင်း ပြောင်းလဲသွားသောအိမ်ကို ကြည့်မိသည်။ ခြံစည်းရိုးများလည်း အပေါက်အပြဲ မရှိတော့။

"လှမြင့်. . မင်းဂီတာကြီး ကျန်ခဲ့တယ်၊ ယူသွားဦး"

"ဟ. . . မင်းအိမ်မှာ ထားတဲ့ဂီတာကွ၊ ဟိုမှာ တစ်လက်ရှိတယ်၊ မင်းလာတဲ့အခါ တီးလေကွာ၊ မင်းလက်သံ နားမထောင်ရတာ ကြာပြီ၊ လုပ်စမ်းပါဦး ချစ်မိုးကြီး"

ခင်ဝတီမျက်လုံးသည် အမှတ်မထင် သူ့ထံသို့ ရောက်သွားသည်။ အကြည့်ချင်း ဆုံမိကြသည်။ နှုတ်ခမ်းတွန့်သွားသယောင်ယောင် သူ့အပြုံးက ချွေချွေတာတာ ပေါ်ထွက်လာသည်။

ချက်ချင်း အကြည့်ကို လွှဲဖယ်သွားပြီး. . .

"ငါ ဂီတာနဲ့ အဆက်ပြတ်နေတာ ကြာပြီ"

"လုပ်မနေစမ်းပါနဲ့ကွာ. . . မာယူမှာတောင် မင်းအသံတွေ ပျံ့လွင့်နေသေးတာပဲ"

"ငါ စိတ်မပါသေးလို့ကွာ. . . နောက်မှ၊ ကိုင်း. . . ပြန်ပို့ပေးရမလား၊ တော်ကြာ ထမင်းစား သွားရဦးမယ်"

"အိုကေ. . . ဒါဖြင့် ပြန်မယ်၊ မနက်ဖြန် ငါ့အိမ်နော်၊ အဘွား. . ပြန်လိုက်ပါဦးမယ်၊ ဆရာမကော ခွင့်ပြုပါဦး၊ နောက်လိုတာရှိလည်း အားမနာတမ်း ပြောပါ၊ မနက်ဖြန် ထမင်းစားလည်း ဆက်ဆက်ကြွခဲ့ကြပါလို့ ထပ်ဖိတ်တယ်နော်"





"ဟုတ်ကဲ့ ကိုလှမြင့်. . . ကျေးဇူးတင်ပါတယ်"

ကိုလှမြင့်နှင့် အလုပ်သမားများကို သူပြန်ပို့ပေးသည်။

သူတို့အုပ်စု မြင်ကွင်းမှ ပျောက်ကွယ်သွားသည်နှင့်. . .

"မဟုတ်မှလွဲရော. . . ညည်းအဖေတော့ ဒီယုန်မြင်လို့ ဒီချုံထွင်လေသလားလို့တောင် ကျုပ်ထင်တယ်"

"ဘာများ ချုံထွင်လို့လဲ"

"မောင်ဘုန်းအရည်အချင်းတွေကို မြင်လို့ သမီးတွေနဲ့ နီးစပ်အောင် ဖန်တီးပေးတဲ့ကိစ္စကို ပြောတာ"

"ဘွားဘွားကလည်း စွပ်စွပ်စွဲစွဲ"

"စွပ်စွပ်စွဲစွဲ ပြောတာမဟုတ်ဘူး၊ ကျုပ် ငယ်ရာက ကြီးလာတာ၊ ဘယ်သူက ဘယ်အချိုး ချိုးတယ်ဆိုတာ လူ့လောက,က သင်ပေးလိုက်တဲ့ အတွေ့အကြုံအရ အလိုလို သိနေတယ်"

ယခင်ကကဲ့သို့ ကိုယ့်အိမ်က ခိုင်းတဲ့ကောင်များဟု ရင့်ရင့်သီးသီး ပြောလိုသောစိတ်တို့ မရှိတော့ဘဲ. . .

"ခင်နွယ်နီအတွက် စိတ်ချရရင်လည်း အမြန်သာ စီစဉ်လိုက်တော့ပေါ့"

"ဟဲ့. . . မြင်းကမလှုပ်. . ခုံကလှုပ်ဖို့တော့ သမီးရှင်ဘက်ကအနေနဲ့ ကျုပ် အားမပေးနိုင်ပေါင်တော်၊ ဖြစ်လာရင်တော့ အတိုင်းထက်အလွန်ပေါ့"

မိမိ၏ထမင်းရေပူလျှာလွှဲစကားကို ဘွားဘွားက ရှေးမီနောက်မီပီပီ ပြောလိုက်သည်။

ခင်နွယ်နီအတွက်တော့ အိမ်ထောင်ချပေးမှ သင့်တော်မည်။ ထိန်းသိမ်းရသည့်တာဝန် လျော့ပါးသွားမည်။

"ခင်နွယ်နီကတော့ မောင်ဘုန်းကို စိတ်ဝင်စားပုံပဲ၊ မောင်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကသာ ခပ်အေးအေးဖြစ်နေတာ"

ခင်ဝတီ စိတ်မဝင်စားဟန်ဖြင့် သမ်းဝေပြီး ပက်လက်ကုလားထိုင်တွင် ထိုင်ချလိုက်သည်။

အိမ်အပြန်ဘက်တွင် အမှောင်ထုက ညကာလသို့ ချီတက်စပြုနေလေပြီ။

ခင်ဝတီ တွေးမိသည်။

အချစ်ဆိုတာ ဘာလဲ။

ရင်ခုန်ယစ်မူးခြင်းသည် အချစ်လား။

မိမိဘဝတစ်သက်တာ၌ ယနေ့ထက်တိုင် ရင်ခုန်ယစ်မူးခြင်းတို့ မဖြစ်ပေါ်သေး၍ အချစ်ကို လက်မခံနိုင်ခြင်းပေလား။

မိမိအား ချဉ်းကပ်သူ ယောကျ်ားများသည် မိမိအား ရင်ခုန်ယစ်မူးခြင်းတို့ကို မဆွမ်းဆောင်နိုင်သဖြင့် ယောကျ်ားများကို အထင်မကြီးခြင်းပေလား။

မေတ္တာဆိုတာ လေးစားမြတ်နိုးခြင်းမှ ပေါက်ဖွားလာသည်ဟုလည်း ပြောကြသည်ဆိုတော့ မိမိအတွက် လေးစားမြတ်နိုးစရာ ယောကျ်ားလူသား မရှိသေးခြင်းသည်ကပင်လျှင် အချစ်ဟူ၍ ဖွားသန့်စင်လာခြင်း မရှိသေးတာ ဖြစ်ပေလိမ့်မည်။

သူ့ကားလေး ပြန်ဝင်လာပြန်သည်။ မနေ့ကပဲ ဟန်ဒရက်အင်တူး ရှိသောလူသည် ဘာမှမဖြစ်သကဲ့သို့ တော်တော်အလုပ်လုပ်နိုင်သည်။

ဤသည်ကို ထုံပေပေနိုင်ခြင်းဟု ခေါ်လေမည်လား၊ ခံနိုင်ရည် ရှိသည်ဟု ခေါ်လေမည်လား။

အို . . . ခင်ဝတီ မတွေးသင့်ပါ။ ဘာဆိုင်၍ သူစိမ်းယောကျ်ားတစ်ယောက်၏စိတ်သဘောထားကို လိုက်လံတွေးတော





နေရမည်နည်း။

သူ့ထံ ရောက်ရှိနေသော မိမိအကြည့်တို့ကို ရုပ်သိမ်းလိုက်သည်။ တစ်ဆက်တည်းဆိုသလို အတွေးအိမ်ကပါ မောင်းနှင်ပစ်လိုက်သည်။


ကောင်း
VIDEO & စာအုပ်
ဆိုင်



www.burmeseclassic.com

www.burmeseclassic.com






# အခန်း(၁၆)

နံနက်အစောကြီး ထ၍ ဘွားဘွားတို့ ပြန်ကြတော့မည်။

ထိုအသိဖြင့် အိပ်၍မပျော်နိုင်ပေ။ ဘွားဘွားက သုံးညအိပ်၊ သူက လေးညအိပ်၊ လူတွေစည်စည်ကားကားနှင့် နေအိမ်ဝယ် ဘွားဘွားရော သူပါ လျော့ပါးသွားပါက မိနေထိုင်ရ ခက်လောက်အောင် ခြောက်သွေ့သွားမည်လား။

သူ မသွားခင် မိမိအား သင်နိုင်ရန် လေ့ကျင့်ခန်းများက အစ ထုတ်နှုတ်ပေးသွားခဲ့သည်။

"နောက်တစ်ခေါက် ကျွန်တော်လာတဲ့အခါ စာမေးပွဲကြီး





အတွက်ပါ လုံလောက်သွားအောင် အပြီးပြင်ဆင်ပေးခဲ့မယ်"

ဟု သူက ပြောသောအခါ ခင်ဝတီက. . .

"ရှင်က ဘာကိစ္စ လာရဦးမှာလဲ"

ဟု ဘုတောလိုက်မိသေးသည်။ ထိုအခါ သူက သူ၏အလွန် တွန့်တိုသောအပြုံးကို လှစ်ခနဲ ပြုံးကာ. . .

"ဘာကိစ္စ ညာကိစ္စရယ်လို့ တိတိကျကျ မပြောနိုင်ပေမယ့် မကြာခဏတော့ ကျွန်တော်ရောက်လာရလိမ့်ဦးမယ်လို့ ထင်နေလို့ ပြောမိတာ"

"ရှုပ်ရှုပ်ယှက်ယှက်. . . ရှင်တာဝန်ကျေပါပြီ၊ ရှင် လာစရာ မလိုတော့ဘူး"

ဟု ခင်ဝတီ ယတိပြတ် ပြောလိုက်မိသည်။

အားနာစရာ ကောင်းသွားလေပြီလား။

သူ မအိပ်ရသေးဘူး ထင်တယ်။ အိပ်ရှေ့ခန်း၌ မီးရောင် လင်းနေသည်။ မိမိအတွက် မှတ်စုများ ရေးပေးနေသည်မှာ မပြီး သေးဘူးလား။ မနက်ပဲ ခရီးထွက်ရတော့မည်။

ခင်ဝတီ အိပ်ခန်းပြင်ထွက်လိုက်သည်။

သူမ၏လှုပ်ရှားသံကြောင့် သူက လှည့်ကြည့်သည်။

သူ အမှန်တကယ် စာရေးနေသည်။

"ရှင် မအိပ်သေးဘူးလား"

"မမလေး ပြောသလို ကျွန်တော် လာခွင့်မသာခဲ့လို့ ရှိရင် မမလေးအတွက် အခက်အခဲဖြစ်မှာစိုးလို့ အချိန်ရသရွေ့ ရေးပေး နေတာ"

"ဟာ. . . အဲဒီလောက်အထိ မလုပ်နဲ့လေ၊ ရှင်မနက်ဖြန် ကားမောင်းရဦးမှာ၊ အိပ်ပျက်မခံနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်. . . ပြီးခါနီးပါပြီ၊ မမလေး အပေါ့အပါး သွားမလို့လား"

မထင်မှတ်သောမေးခွန်းကြောင့် ခင်ဝတီ နားကလေးများ မီးဟပ်ခံရသည့်နှယ် ပူစပ်ပူလောင်ဖြစ်သွားသည်။

ခင်ဝတီမျက်နှာ ရှက်ရိပ်ခိုသွားခြင်းကို သူရိပ်မိသွားဟန်တူသည်။

"ညဘက်ကို အပြင်မထွက်စေချင်လို့ပါ၊ အပေါ့အိုးလေး ဘာလေးနဲ့ သွားပေါ့၊ ဒါမှမဟုတ်လည်း ဒေါ်ခွေးမကို နိုးပြီးမှ ထွက်ရင် ကောင်းမယ်ထင်တယ်"

"ကျွန်မ သိပါတယ်၊ ခု မီးရောင်မြင်လို့ ရှင်မအိပ်သေးဘူးလားလို့ သတိပေးမလို့ ထလာတာ"

"ညစောင့်ဆိုတော့ အကျင့်က ပါနေတာလည်း တစ်ကြောင်းကြောင့်ပါ၊ အခု အိပ်တော့မှာပါ"

"ပြီးရော"

ဟု ပြောပြီး ခင်ဝတီ ကျောခိုင်းလိုက်သည်။

"မမလေး"

ခင်ဝတီ ခြေလှမ်းတုံ့သွားသည်။ လှည့်ကြည့်ကာ ဘာလဲ ဟူသောသဘောနှင့် မေးဆတ်ပြလိုက်သည်။

"ကျွန်တော် အိပ်မရဘူး"

"ဘာ. . "

သူ အိပ်မရတာ မိမိနှင့် ဘာဆိုင်သနည်း။ ဒေါသထွက်သွားသည်။ သူ့စကား၏ဆိုလိုရင်းကို ချဲ့တွေးပါက ဒေါပွစရာများ ဖြစ်သွားနိုင်သည်။

"ကျွန်တော်က အကျင့်လို ဖြစ်နေတယ်၊ ငယ်ငယ်က





အဖေက သူ့အသံဝါကြီးနဲ့ မူးမူးနဲ့ ကျွန်တော့်ကို ချော့သိပ်တတ်တယ်၊ ကြီးလာတော့ ကိုယ့်ကိုယ်ကို သီချင်းတွေနဲ့ ချော့သိပ်တတ်လာတယ်၊ ဒါကြောင့် ကျွန်တော် သီချင်းတစ်ပုဒ် ဆိုတီးပြီးမှ အိပ်ပျော်နိုင်မယ် ထင်လို့ မမလေးဆီမှာ ခွင့်တောင်းတာ"

"ရှင် တော်တော်ရူးတာပဲ၊ ရှင် အရင်နေ့တွေက ဂီတအသံမပါဘဲ အိပ်ရခဲ့တယ် မဟုတ်လား"

"ပင်ပန်းနေတာလည်းတစ်ကြောင်း၊ ဆေးထဲမှာ အိပ်ဆေးပါတာကလည်း တစ်ကြောင်းကြောင့် ဖြစ်ပါလိမ့်မယ်"

"တရားအမှတ်လေးနဲ့ ထွက်လေဝင်လေကို ရှုမှတ်ပြီး အိပ်သိတ်ပါ၊ ဘွားဘွား နိုးသွားဦးမယ်"

ခင်ဝတီ အဘယ်ကြောင့်များ ကြည်ကြည်သာသာနှင့် ဖျောင်းဖျမိပါသနည်း။ အရင်ကလို အမိန့်မသုံးချင်တော့၊ သူ၏ သတ်ပြင်းချသံကြောင့် သနားသလိုလို ရှိသွားသည်။

"ဒါဖြင့် ချစ်မိုးကြီးကလွဲရင် ရှင်ကြိုက်တာဆို၊ ဘွားဘွား မနိုးစေနဲ့"

"ကျေးဇူးကမ္ဘာ"

"မလိုပါဘူး"

ခင်ဝတီ သည်တစ်ချီတွင်တော့ အိပ်ခန်းထဲသို့ ဝင်ရောက်သွားနိုင်သည်။ သူ့ထံမှ ထပ်မံခေါ်သံ ထွက်ပေါ်မလာတော့။

ဂစ်တာသံသည် တိတ်ဆိတ်သောညချမ်းကို ဖောက်ခွင်းလိုက်သည်။

အိပ်မရဘူးဆိုသော သူ့ကိုတော့ အမှတ်ကလေးနှင့် အိပ်ပါဟု တရားစကားဖြင့် ဖျောင်းဖျသော်လည်း မိမိကိုယ်တိုင်ကျတော့ သတိအမှတ်တရားလေးများ မှတ်ရန် မေ့လျော့နေပါလား။



www.burmeseclassic.com

www.burmeseclassic.com



လယ်တီမူအရ နှာသီးဖျားသို့ ထိုးထွက်သွားသောလေအား ထွက်လေ၊ နှာသီးဖျားသို့ တိုးဝင်လာသောလေကို ဝင်လေဟု မှတ်နေမိသည်။

ထွက်လေ. . .

ဝင်လေ. . . .

ထွက်လေ. . .

ဝင်လေ. . . .

ဗျူဟာ အသွယ်သွယ် ရင်ခုန်ဖွယ်. . .

ကြင်နာသူ ရှောင်တခင် စစ်ဆင်တယ်. .

ရေဒီယို တီဗီမှာ မကြေငြာတဲ့. .

ကိုယ်ရယ် သူရယ် အချစ်စစ်ပွဲ. . .

ငါးစင်းမြားတွေလို. .

ဒီအာရုံတွေ မရှောင်နိုင်ဘူး. . .

လုံးဝရှုံးမှာပဲ. . .

ကြင်နာသူ အနိုင်ယူမနေ. . အချစ်စစ်ပွဲ. . .

တုန်ခါနေပြီ ဒီရင်ထဲ. .

အို. . ဝေဒနာတွေကို မင်းဖောက်ခွဲ၊

တော်လှန် ယှဉ်ပြိုင်ရန် အခြေအနေ မရှိ၊

မလွန်ဆန်နိုင်အောင် ချစ်ကာနေမိ၊

အသည်းခွဲလက်နက်များ. .

သူသာ ပိုင်ဆိုင်ချိန် ရှယ်ထား. . .

အရမ်းလည်း မလုပ်ပါနဲ့. . .

ဒီလိုဆို ကိုယ်သေနိုင်တယ် အချစ်စစ်ပွဲ. . .

ဒီကမ္ဘာပေါ်မှာ ကြင်နာသူရဲ့အမုန်း(အမုန်း)





အို. . ဇီဝိန်ခြွေ အန္တရာယ် အပေးနိုင်ဆုံး. .

ရင်ခွင်မြေမှာ အလံဖြူစိုက်. .

အရှင်သခင်သူ ဝင်သိမ်းယူလိုက်. . .

စိန်ခေါ်အနိုင်ယူကာ သူကပြုံး. .

မယုံနိုင်အောင် တုန်ယင်စွာ ကိုယ်ကြောက်နေတုန်း. .

သူ့အသံ ဆုံးသွားသော်လည်း တေးသွားသံက တီးခတ်နေဆဲဖြစ်သည်။

တရားအမှတ်တို့ဖြစ်သော ထွက်လေဝင်လေတို့သည် ဘယ်ဆီသို့ လွင့်ပါးသွားသည်မသိ။

သူလည်း မိသားစုအတွက် မိုးရွာတုန်း ရေခံသည့်အလား ဖွားရေး၌ လုံးပန်းနေရသော်လည်း နှလုံးသားရေးရာ ပြဿနာဆော့ ရှိပုံရသည်။

အပျော်သက်သက် ဂစ်တာတီး၊ သီချင်းဆိုသည်ဆိုရာ၌ အပေါင်းအသင်းများ၊ လမ်းဆုံလမ်းခွ ထိုင်ကာ သီဆိုကြသည်မျိုး၊ ဝါသနာရှင်များ စုစည်းကာ အိမ်တစ်အိမ်၌ ဝိုင်းဖွဲ့သီဆိုကြသည်မျိုးသာ ရှိသည်။

တစ်ယောက်တည်း အိပ်ချင်အောင် သီဆိုသည်ဆိုခြင်းကို သခုမှ ကြားဖူးသည်။ ဆိုတော့လည်း အိပ်ချင်ပြေ မဟုတ်။ မြူးကြွ ဖြစ်သည်။

ခံစားချက်ကို ဖွင့်ဟခြင်းလား။

လူတိုင်း၏ပါးစပ်ဖျား၌ ရေပန်းစားနေသော သီချင်းတစ်ခုကို သီဆိုလိုက်ခြင်းကို နှိုက်နှိုက်ချွတ်ချွတ် တွေးကာ အဓိပ္ပါယ်ဖော်ထုတ်နေစရာ မလိုပါဘဲလျက် မိမိဘာဖြစ်၍များ သီချင်းစာသားများကို အသေအချာ နားစွင့်မိပြီး အတွေးအိမ်၌ အဓိပ္ပါယ်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လှစ်ကြည့်နေရပါသနည်း။

ရင်ထဲ မွန်းကျပ်လာသည်။ ခေါင်းအုံ့သလိုလိုလည်း ခံစားလိုက်ရသည်။

လူတစ်ယောက်အကြောင်း မိမိခေါင်းထဲ ဝင်ရောက်နေရာယူခြင်းသည် ကောင်းသောအလားအလာ မဟုတ်။ အတွေးအိမ်ကို ပိုင်စိုးလာရာမှတဆင့်တက်၍ နှလုံးအိမ်သို့ ကျူးကျော်မဝင်ရောက်နိုင်ဘူးဟု ပြော၍မရ။

ဘုရား. . . ဘုရား။ မိမိ၏ကိုယ်ပိုင်အချိန် တော်တော်များများကို ဒင်း နေရာယူနေပါပကောလား။ မဖြစ်ဘူး. . . မဖြစ်ဘူး။

ထွက်လေ. .

ဝင်လေ. . .

ထွက်လေ. .

"ဂျလောက်"

အိမ်ရှေ့မီးပိတ်သံနှင့်အတူ သူ အိပ်ရာဝင်လေပြီ ထင်သည်။ ပြာလဲ့လဲ့ မီးရောင်အောက်မှ စားပွဲတင်နာရီလေးကို လှမ်းကြည့်လိုက်သောအခါ ဆယ့်နှစ်နာရီခွဲနေလေပြီ။

"မဖြစ်ဘူး. . . အိပ်မှ"

အမှုက်,မှုတ်နေတာတောင် ဘယ်ရောက်သွားသည်မသိ။ အသက်ကို နည်းနည်းပြင်းပြင်းရှူလိုက်သည်။

ဝင်လေ. . . .

ထွက်လေ. . .









လောကကြီး၌
ငွေနှင့် ဖန်တီး၍မရနိုင်သော
အရာများစွာ ရှိနေသည်။

## အခန်း(၁၇)

အိမ်တစ်အိမ်၌ လူဦးရေ လျော့ပါးသွားခြင်းသည် သိသိသာသာကြီး ခြောက်သွေ့ခြင်းငွေ့ဖွယ်ရာအသွင်ကို ဆောင်တတ်သည် ထင်ပါသည်။

ခင်ဝတီ ကျောင်းက ပြန်လာသည်နှင့် ခြံဝမှာ စောင့်မျှော်နေတတ်သောအဘွား မရှိခြင်းကပင် ရင်၌ နုံးခွေနွမ်းလျသွားသည်။

ဒေါ်ခွေးမသည် အိမ်မှုကိစ္စအဝဝနှင့် လုံးပန်းနေပေလိမ့်မည်။ မိမိအား ထွက်ကြိုနိုင်လိမ့်မည်မဟုတ်။

"ပြန်လာပြီလား. . . သာကူကျိုထားတယ်၊ သောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါဦး"

"ကလေးတွေ အာဟာရချို့တဲ့တာ ကျနေတာပဲ၊ ကျောင်းမှာ ဒီနေ့ မူလတန်းကလေးတွေကို အာဟာရ ကျွေးတယ်လေ၊ သာကူပြုတ်တဲ့၊ စပ်စပ်စုစု သွားကြည့်ပြီး ဝင်မြည်းမိတာနဲ့ပဲ ဝလာပြီ. . . မသောက်တော့ဘူး"

"ဒါဖြင့် ဘာစားမလဲ"

"ဘာမှမစားချင်ဘူး"

ဒေါ်ခွေးမက မိမိအား ထူးဆန်းသလို လှမ်းကြည့်သည်။ အင်မတန်မှ အစားကို တဖွတ်ဖွတ် စားတတ်သောသူသည် အစားအသောက်ကို ငြင်းပယ်နေသည်ဆိုသောအခါ ထူးဆန်းနေသည် ဖြစ်နိုင်သည်။

"ရေချိုးလိုက်ဦးမယ်"

အိပ်ရာထဲ ဝင်ပြီး လဲလျောင်းရကောင်းမလားဟု စဉ်းစားလိုက်ပြီးမှ မအိပ်ချင်ပြန်။ စာဖတ်ရလျှင် ကောင်းမည်လား။ မဖတ်ချင်။ ကျောင်း၌ လေ့ကျင့်ခန်းတွေ ထိုင်ခြစ်နေရသဖြင့် စာဖတ်ချင်စိတ်ပင် ကုန်ခန်းနေပြန်သည်။

ဆရာတွေ နားနေခန်း၌ အော့ဖ်အချိန်ဟူ၍ နားနေနိုင်သည် မဟုတ်။ တံတောင်သာသာ လေ့ကျင့်ခန်းစာအုပ်ပုံကြီးက အမြဲစောင့်ကြိုနေတတ်ကြသည်။

"တို့တော့ တစ်နေ့တစ်နေ့ ခြစ်ခြစ်နေရတာနဲ့ပဲ ကျိန်းတွေပြီး အပျိုကြီးဖြစ်နေတာပဲ ဖြစ်ရမယ်ထင်တယ်"

ဟု ပျော်တတ်ပုံရသော ဆရာမအပျိုကြီးတစ်ယောက် ပြောသည်ကို သတိရလိုက်မိသည်။

"ဟဲ့. . . အိပ်ပူရှုပ်မယ်၊ အခုပဲ နေပူထဲက ပြန်လာတာ"





"အကျီချွတ်ပြီးမှတော့ မထူးတော့ပါဘူး၊ ချိုးလိုက်တော့မယ်"

"ဒါဖြင့်လည်း ရေဝဝသောက်ပြီးမှ ချိုး"

"အင်းပါ"

လူသည် ယောင်ချာချာနှင့် ဖြစ်နေသည်။ ဘယ်ကိုသွားကာ ဘာလုပ်ရမည်ကို မသိအောင်ပင် ဖြစ်နေသည်။ ယခုလောက်ဆိုလျှင် ဘွားဘွားတို့ ရန်ကုန်ရောက်နေပြီ။

ဖြူး၌ ကြုံတွေ့ခဲ့ရသော အတွေ့အကြုံတို့ကို ဘွားဘွား ဖောက်သည်ချနေပေလိမ့်မည်။

"အကျီချွတ်ကြီးနဲ့ အအေးမိမယ်၊ ရေချိုးမယ်ဆို ချိုးတော့လေ"

ဒေါ်ခွေးမ သတိပေးမှ ရေချိုးဆင်းခဲ့သည်။ နေရာဒေသ ပြောင်းလဲသွားသည်မှအပ ဘာကိုမှ အပင်ပန်းတကြီး လုပ်ကိုင်စရာ မလိုချေ။ ဒေါ်ခွေးမခြေ၊ ဒေါ်ခွေးမလက်ပဲဖြစ်သည်။

"ထဘီပါ ထားခဲ့"

"မဟုတ်တာ. . . ခင်ဝတီ လျှော်မှာပေါ့၊ ငရဲကြီးနေမယ်"

"အိုအေ. . . ညည်း အူဝဲဘဝကတည်းက ကျုပ်ပဲ တစ်သက်လုံး လျှော်လာခဲ့တာ၊ အခုမှ ထူးထူးဆန်းဆန်း"

ခင်ဝတီ လုံချည်ကို ဆပ်ပြာတိုက်နေရာမှ ဆက်တိုက်ရနိုး ချထားရနိုး ဖြစ်သွားသည်။ ကိုယ်တိုင်က ဆရာမ ဖြစ်လာသောအခါ ဝါရဝေါစ တရားနှင့် ပတ်သက်၍ အသက်ကြီးသူကို ရိုသေရမည် သည်း ပါသည်။

"အအေးမိမယ် ကလေးရဲ့. . . ထားစမ်းပါ"

ဒေါ်ခွေးမ ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဝတီ ငရဲကြီးမှာပေါ့"

"မကြီးပါဘူး. . . ကျုပ်မှာ ညည်းကျောင်းသွားရင် လုပ်စရာ မရှိလို့. . . ထားစမ်းပါအေ"

ခင်ဝတီကို မျက်နှာသုတ်ပုဝါ လာချိုပေးသဲဖြင့် ခင်ဝတီ လက်ဆေးကာ ထခဲ့ရသည်။

အိမ်ပေါ် ရောက်ပြန်တော့လည်း သနပ်ခါးက သွေးပြီးသား ဖြစ်နေပြန်သည်။

"ဟောဒီ ဒေါ်ခွေးမတစ်ယောက်ကတော့လေ"

ဒါကြောင့်လည်း ဘွားဘွားက ဒေါ်ခွေးမကို တမင်ခေါ်လာခြင်းဖြစ်မည်။

"ဒေါ်ခွေးမရေ"

"ဘာလဲ"

"ဘိုးဘွားရိပ်သာဘက် သွားရအောင်"

"ဘာနဲ့ သွားမှာလဲ"

"ကားငှားသွားတာပေါ့"

"ဟား. . ဟား. . ဟား"

"ဘာလို့လဲ"

ခင်ဝတီစကားကို ဒေါ်ခွေးမက သဘောကျစွာ ရယ်မောလိုက်သည်။ ခင်ဝတီ စိတ်ကောက်သလို စူတူတူနှင့်. . .

"ကြည့်ပါလားလို့. . . ရယ်နေတာပဲ"

"ညည်းက မြို့မှာ ရန်ကုန်လို တက္ကစီ ဆွဲလို့ရမယ် ထင်နေလို့လား"

"မရှိဘူးလား"

"တွေ့မိလို့လား"





"မတွေ့မိပါဘူး"

"မတွေ့တာ မရှိလို့ပေါ့၊ စက်ဘီးစီးတတ်ရင် စက်ဘီးနဲ့ သွားမယ်၊ မတတ်ရင် ဆိုက်ကားစီး၊ ဒါမှမဟုတ် လမ်းလျှောက်၊ ဒီသုံးမျိုး ကြိုက်ရာရွေး"

"စက်ဘီးမှ မစီးတတ်ဘဲ"

"ဒါဖြင့်လည်း လမ်းလျှောက်ကြတာပေါ့၊ ဒီအုတ်ဖြတ်လမ်းအတိုင်း သွားရင် ရောက်လိမ့်မယ်၊ လျှောက်နိုင်ပါ့မလား၊ မလျှောက်နိုင်ရင် ဆိုက်ကားငှားစီးလိုက်မယ်"

"လျှောက်နိုင်ပါတယ်. . . ဆိုက်ကားကြီးတော့ မစီးချင်ပါဘူး"

"ဒါဖြင့်လည်း ကားတစ်စီး ယူထားလိုက်ပါလား ခင်ဝတီ"

"ဟင့်အင်း. . . ကိန်းခန်းကြီးကြီး မနေချင်ပါဘူး"

"ကောင်းပါတယ်. . . တံခါးတွေ လိုက်ပိတ်လိုက်တော့မယ်၊ သွားမယ်မဟုတ်လား"

"အင်း. . ."

ဒေါ်ခွေးမသည် အဝတ်လဲပြီးသွားပြီ။ စကားပြောနေရင်းမှ လဲလိုက်ဟန်တူသည်။ ခင်ဝတီမှာ အင်္ကျီပင် မလဲရသေး။ ဟော. . . ချက်ချင်းပင် တံခါးပိတ်ပြီးသွားပြန်သည်။

"ပြီးပြီလား ခင်ဝတီ. . . သွားရအောင်"

"ပြီးပါပြီ"

"အင်္ကျီကလည်းဟယ်"

"မတတ်နိုင်ဘူး ဒေါ်ခွေးမရယ်၊ အဝတ်အစားကို ကြည့်ပြီး တိုယ်ကျင့်တရားကို ဆုံးဖြတ်လို့မရနိုင်ဘူးထင်ပါတယ်၊ လူ့ပေါ် လော်လီတဲ့ မလုံမခြုံ အဝတ်အစား မဟုတ်ရင် ပြီးတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ဝတီ ရယ်ဒီမိတ် ရှပ်အင်္ကျီပွပွကို လည်ပင်းအစေ့ ကြယ်သီးတပ်ပြီး ဝတ်ထားသဖြင့် စိတ်မှာတော့ လုံခြုံမှု ရှိနေသည်။

ယခု ဆယ်ကျော်သက်တို့၏ဝတ်စားဆင်ယင်မှုသည် မလုံ့တလုံ ဖက်ရှင်ဖြစ်နေပြန်သည်။ ဆယ်ကျော်သက်တို့ မလုံ့တလုံ ဆိုပြန်တော့ နှစ်ဆယ်ကျော်အစိတ်ပိုင်း အရွယ်တော် တဆိတ်ဟိုင်း တို့သည် ဘောင်းဘီတို မဝတ်သည်မှအပ အင်္ကျီကိုတော့ ရှင်မီးခေါ် ရမလား ဘာခေါ် ရမှန်း မသိသော အင်္ကျီများဖြင့် အပေါ် တစ်ပိုင်း ဖော်ထားလေ့ရှိသည်။

ခင်ဝတီသည် သွက်လက်ရဲတင်းပြီး နောက်ဆုံးပေါ် အဆင်ဆန်း၊ အဝတ်ဆန်းများကို ဝတ်သည်မှန်သော်လည်း မလုံ့ တလုံ အဝတ်များကိုတော့ ဘယ်တော့မှ ဝတ်လေ့မရှိ။ ဤစကားကို သစ္စာဆိုရဲသည်။ မှန်ဇာကိုတောင် ပါးသည် ထင်ကာ နှစ်ထပ်ချုပ် ဝတ်သည့်မိန်းမ ဖြစ်သည်။

အဝတ်အစားဆိုသည် မမြင်သင့် မမြင်အပ်သော အရှက် တရားများကို ဖုံးကွယ်ခြင်းသည် အဓိက ဖြစ်သည်။ ရာသီဥတုဒဏ် ကို အကာအကွယ်ပြုရန်လည်း ပါသည်။

မိရိုးဖလာယဉ်ကျေးမှု ထိန်းသိမ်းလာသော အဝတ်အစား များကို ဝတ်ဆင်သင့်သည်ဟု ခင်ဝတီ ခံယူထားသည်။ အထူးသဖြင့် မြန်မာအမျိုးသမီးဝတ်စုံသည် ပြုပြင်ဖန်တီးစရာ မလိုပါဘဲလျက် မြန်မာအမျိုးသမီးများ၏ လှပကျော့ရှင်းသော ကိုယ်ဟန်အနေ အထားကို ဂ္ဂန္ထြေရရ၊ ကျက်သရေရှိရှိ ပေါ် လွင်စေသော ဝတ်စုံဖြစ် သည်ဟု ခင်ဝတီ ထင်မြင်လာသည်။

ဤသည်ကလည်း အဖြူအစိမ်းနှင့် ကျက်သရေရှိလာသော ဆရာ၊ ဆရာမ၊ ကျောင်းသူကျောင်းသားများနှင့် နေ့တိုင်းမြင်တွေ့မှု





များလာခြင်းကြောင့် ဖြစ်ပေါ် လာသောအထင်ဖြစ်သည်။

"ဟဲ့. . . ဝေးသေးတယ်၊ လျှောက်နိုင်ပါ့မလား"

"ဘာဖြစ်လဲ. . . လျှောက်မယ်"

"ဆိုက်ကားနဲ့ သွားလိုက်ပါလား"

"မစီးချင်ပါဘူး"

တစ်သက်နှင့်တစ်ကိုယ် ဆိုက်ကားမစီးဖူးသေးသဖြင့် စီးရ မှာကို မဝံ့မရဲဖြစ်နေသည်။

"ဝေးတယ်ဟဲ့"

"ဒါဖြင့်လည်း စီးလေ"

မတတ်နိုင်ချေ။ ခြေသလုံး တောင့်လှပြီ။ အလေ့အကျင့် မရှိတာလည်း ပါသည်။

ဆိုက်ကားငှားရန် ရည်ရွယ်လိုက်သည်နှင့် တိုက်တိုက် ဆိုင်ဆိုင် ကယ်တင်ရှင် လာတွေ့သည်။ ဒေါက်တာဇော်မြင့်အောင်။

"ခင်ဝတီ"

ကားကို ရပ်ကာ ကားပေါ်မှ ဆင်းလိုက်သည်။ ဝမ်းသာ အားရဟန်ကြီးမှာ မျက်နှာကို သကာရည် လူးထားသကဲ့သို့ ရှိနေ သည်။

"တူပါတယ်. . . တူပါတယ်လို့ အဝေးကတည်းက ကြည့် နေတာ၊ ဘယ်လိုမှ မထင်မှတ်ထားဘူး"

"မိန်းကလေးမြင်တိုင်း အဝေးကတည်းက ခေါ်တော တစ် ထောင်အားနဲ့ ကြည့်နေတယ်ဆိုပါတော့"

"အာ. . . လုပ်ပြီ ခင်ဝတီကတော့၊ ကိုင်း. . . ဘယ်တုန်း က ရောက်သလဲ၊ လာလည်တာလား၊ ခု ဘယ်သွားမလို့လဲ"

"မေးတဲ့မေးခွန်းတွေက များလှချည်လား၊ ထားပါ. . . ရှင်



www.burmeseclassic.com

www.burmeseclassic.com



ကော ဘယ်သွားမလို့လဲ"

"မုန်းမှာ သူငယ်ချင်းတွေနဲ့ ဖက်စပ်လုပ်ထားတဲ့ သစ်ကိစ္စ ငွေသွားရှင်းစရာရှိလို့. . . လိုက်မလား"

"ကျေးဇူးတင်ပါတယ်. . . သွားတော့"

"လုပ်ပါ. . . ဒါဖြင့် ဘယ်ကို ပို့ပေးရမလဲ၊ အားနာစရာ သူစိမ်းတွေမှ မဟုတ်တာ၊ ဘယ်ကဘယ်လို လမ်းပေါ် ရောက်နေတာလဲ၊ မြေမနင်းစဖူး နင်းလို့ပါလား"

"ဒါပေါ့. . . လူဆိုတာ မြေကြီးနဲ့ ကင်းကွာလို့ ရတာမှ မဟုတ်ဘဲ၊ လူအသက်ရှင်နေထိုင်ဖို့ မြေကြီးက ဖြစ်ထွန်းလာတဲ့ အသီးအပွင့် သယံဇာတတွေနဲ့ အမှီသဟဲပြုနေရတာ မဟုတ်လား၊ သေသွားတော့လည်း မြေကြီးထဲ ရောက်ရမှာပဲ၊ အဲဒီတော့ မြေကြီးပေါ်မှာ ခင်ဝတီကို တွေ့တာ မဆန်းပါဘူး"

"ဟောဗျာ. . . ဒေါ်ခင်ခင်ကြီးမြေးရယ်လို့ မပြောရဘူး၊ ကျွန်တော်အရှုံးပေးပါတယ်၊ အခု ဘယ်ကို ပို့ပေးရမလဲဆိုတာသာ အမိန့်ရှိပါ ခင်ဝတီ"

"ဘယ်ကိုမှ ပို့ပေးဖို့ မလိုပါဘူး၊ ကိုယ့်လမ်းကိုယ်သွားပါ့ ဒေါက်တာ၊ ဒေါ်ခွေးမ ဆိုက်ကားငှားလေ"

ဒေါ်ခွေးမက မိမိအား နားမလည်သောမျက်လုံးများဖြင့် ကြည့်လေသည်။ ခင်ဝတီ ရှူးများ ရှူးနေပြီလားဟု တွေးကောင်းတွေး ပေမည်။

ခင်ဝတီ မရူးပါ။ အလုပ်ခွင် ဝင်ရောက်ကာ လူအများနှင့် ဆက်ဆံလာသောအခါမှ မိန်းမသားတစ်ယောက်၏အနေအထိုင် အပြောအဆိုသည် လွန်စွာအရေးပါသော ကဏ္ဍတစ်ရပ် ဖြစ်နေ သည်ကို သဘောပေါက်လာသည်။





ညစောင့်နှင့်တောင်မှ မိမိအား အများအမြင်၌ အထင်လွဲ စရာ ဖြစ်ခဲ့သည်။

ယခုလို ခရီးကြုံ လိုက်ဖို့ဆိုခြင်းကို ယောင်၍မျှပင် မသင့် တော်။ ခင်ဝတီသည် ကားမြင်သည်နှင့် ယခင်က အရောတဝင် မနေခဲ့သောသူနောက် ကောက်ကောက်ပါအောင် လိုက်သွားမည့်သူ မျိုး မဟုတ်။ တမင်တကာ ကားမယူချင်၍ ထားခဲ့ခြင်းဖြစ်ကြောင်း ကိုတော့ အရေးလုပ်၍ ရှင်းပြမနေဘဲ. . .

"ဆိုက်ကားအားသလား"

"အားပါတယ်"

"ဘိုးဘွားရိပ်သာ သွားမလို့"

"တက်လေ ဆရာမ"

ဟော. . . ဆိုက်ကားသမားပင်လျှင် ကျောင်းဝတ်စုံ ဝတ် မထားပါဘဲလျက် မိမိအား ဆရာမဟု သိနေလေပြီ။ ဤနေရာ၊ ဤဒေသကျဉ်းကျဉ်းလေးသည် ဘယ်သူ ဘာလုပ်လုပ် သိနေနိုင် သည့် နေရာမျိုးဖြစ်သည်။

ဆိုက်ကားပေါ် ရှေ့ဘက်ခုံ၌ ခင်ဝတီ တက်ထိုင်လိုက် သည်။

"အက်ဒရက်စ် ပေးဦးလေ ခင်ဝတီ"

"ဘာလုပ်ဖို့လဲ. . . ရန်ကုန်အိမ်ကို ရှင်လာတတ်နေတာပဲ၊ နင်းတော့ ဆရာကြီး"

ဆိုက်ကားဆရာကို ပြောပြီး သူ့အား နှုတ်မဆက်ဘဲ ထွက်ခဲ့သည်။

သူ့ကားသည် မိမိဘေးမှ ဖြတ်ကျော်ကာ ဓာတ်မြေပြာလမ်း အတိုင်း ရှေ့ရှု၍သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိ ဒီမှာ ဆရာမ လုပ်နေကြောင်း မသိစေချင်။ သို့သော် ဆိုက်ကားဆရာက ခေါ်သဖြင့် ဆရာမမှန်း သိကောင်းသိသွားပေလိမ့်မည်။ ကျောင်းကို ရောက်လာမှာစိုးသဖြင့် တမင်မပြောဘဲ နေလိုက်သည်။

"ဒေါက်တာဟာ မဆိုးပါဘူး၊ စိတ်ရင်းသဘော ကောင်းရှာသားပဲ"

"ဒါကတော့ ရယူလိုမှုတစ်ခုအတွက် သဘောကောင်းစွာ ခွင့်လွှတ်နေခြင်း ဖြစ်ပါလိမ့်မယ် ဒေါ်ခွေးမရာ"

ဆိုက်ကားစီးရသည်မှာ ကတ္တရာခင်းလမ်းဖြစ်၍ ငြိမ့်ငြိမ့်ညောင်းညောင်း ရှိသည်။ ချိုင့်များ၊ မညီမညွတ်လမ်းများ ရှိပါက ဂလုံဂလွမ့်နှင့် ခါးပင် နာသွားသည်။

ဒေါက်တာဇော်မြင့်အောင်၏ စပရင်ဒါကားလေးသည် ဝေး၍သွားရာမှ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

သူ့အား ဥပေက္ခာပြုလိုက်ရခြင်းအတွက် သနားသော ဝေဒနာမျိုး၊ နောင်တရခြင်းမျိုး ဘယ်သောအခါမှ ဖြစ်ပေါ်လိမ့်မည် မဟုတ်ပေ။ ဒေါက်တာမြင့်ဇော်အောင်နည်းတူ တော်တော်များများသော ယောကျ်ားများအားလည်း ဤသို့သာတည်း။

သို့သော် ညစောင့်နှင့် ပတ်သက်၍ကတော့ ခင်ဝတီ မိမိကိုယ်မိမိ လွန်သည်ဟု ထင်လာခြင်းမှာ ဘာကြောင့်နည်း။

"ရောက်ပြီ. . . ပြန်စောင့်ရဦးမှာလား ဆရာမ"

မြို့စွန်လိုနေရာမျိုး၌ ဆိတ်ငြိမ်စွာ တည်ရှိနေသော ဘိုးဘွားရိပ်သာတွင် လူမှ ရှိပါလေစဟု ထင်လိုက်ရသည်။

ပန်းခြံနှင့် ဓမ္မာရုံအဆောက်အဦးများနှင့် ၎င်းကို တစ်ဆောင်မှတစ်ဆောင်အကူးတွင် စင်္ကြံများ ရှိနေသည်။





"စောင့်နိုင်ရင် စောင့်လေ. . . သိပ်မကြာပါဘူး၊ ဝင်ကြည့်လို့ ရမလား"

"ရပါတယ်. . . အဲ့ဒီက လိုက်ပြပေးလိမ့်မယ်"

"ကျေးဇူးပါပဲ ဦး"

ဆိုက်ကားသမားသည် သစ်ပင်အရိပ်အောက်၌ ဆိုက်ကားကို ရပ်ထားလိုက်သည်။ ရေလောင်းပေါင်းသင် လုပ်နေသော ဥယျာဉ်မှူးက. . .

"ဝင်သွားလိုက်ပါ ဆရာမ. . . ရှိကြပါတယ်"

ဪ. . . ဘိုးဘွားရိပ်သာမှ ဥယျာဉ်မှူးတောင် မိမိအား ဆရာမဟု သိနေပြန်ပြီဆိုတော့ ဆရာ့သိက္ခာထိန်းသိမ်းရေး၌ မိမိတွင် တာဝန်ပိုရှိလာပြီဟု နားလည်သဘောပေါက်လိုက်သည်။

အသက်အရွယ်ကြီးပြီဖြစ်သော ဘိုးဘွားတို့အတွက် စာကြည့်တိုက်၊ ဆေးပေးခန်း၊ ထမင်းစားခန်း၊ ရေချိုးခန်း၊ အိမ်သာစသည်တို့သည် သူ့နေရာနှင့်သူ ရှိနေသည်။

အဆောင်တစ်ဆောင်မှ တစ်ဆောင်အကူးတွင် စင်္ကြံများ ရှိနေခြင်းကပင် မိုးဒဏ်နေဒဏ်မှ အကာအကွယ်ရသည်။

"ဓမ္မာရုံမှာ ဝတ်တက်ကြတာလေ"

ဘုရားရှိခိုးသံ ကြားလိုက်ရသဖြင့် ခင်ဝတီ မေးရန် ပါးစပ်ဖွင့်လိုက်သည်ကို လိုက်လံပြသပေးနေသော အဘိုးအိုက ကြိုတင်အဖြေပေးနေသဖြင့် ခင်ဝတီ မေးရန်မလိုတော့။

လူအိုရုံ ခေါ် ဘိုးဘွားရိပ်သာကို တည်ထောင်ခဲ့သူ ဒေါ်ဦးဆွမ်း၏စေတနာနှင့် အကြောင်းကောင်းများကို ခင်ဝတီ လေးစားသွားသည်။

ရင်ထဲက တလှုပ်လှုပ်နှင့် ကြေကွဲဝမ်းနည်းသလို ခံစားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ခိုကိုးရာမဲ့နေသော အဘိုးအဘွားများအတွက် မှီခိုရာကွန်းရိပ်သာသည် စေတနာရှင်တို့ဖြင့် သန့်ရှင်းသပ်ရပ်ကာ တရားဓမ္မရိပ်သာတစ်ခုနှင့် တူနေသည်။

"ဆေးပေးခန်းမှာ ဆရာဝန်ကော ရှိရဲ့လား"

"တစ်ပတ်မှာ တစ်ရက်တော့ လာတယ်၊ ကျန်းမာရေးအတွက် ဆေးစစ်ပေးတယ်"

"ဒီကြားထဲ ဖျားရင်ကော"

"နီးရာဆေးခန်းကို ပို့ပေးကြပါတယ်"

ခင်ဝတီ စိတ်ထဲ ကြေကွဲသလိုလိုပင် ဖြစ်နေမိသည်။ သားသမီးများ မရှိကြတော့ဘူးလား၊ ဘယ်တဘယ်လို ရောက်လာကြသနည်း။

"မှီခိုရာ သားသမီးဆွေမျိုးတွေ မရှိကြလို့ ရောက်လာတာပေါ့နော် အဘိုး"

"လူအိုတော့ ကျောင်းကြီးကျောင်းကြားဆိုသလိုပေါ့ကွယ်၊ လူ့လောကကြီးရဲ့အလှည့်အပြောင်းမှာ ဒုက္ခပင်လယ်ထဲ နစ်နေကြသူ သက်ကြီးရွယ်အိုတွေအတွက် ဘိုးဘွားရိပ်သာဟာ တကယ့်ဘုံနိဗ္ဗာန်ပါကွယ်"

"တရားကော အားထုတ်ကြရဲ့လား"

"ထုတ်တဲ့လူလည်း ထုတ်ပါတယ်၊ သူငယ်ပြန်တဲ့သူတွေကလည်း ပြန်ပေါ့ကွယ်"

"ဩော်. . ."

ခင်ဝတီရင်ထဲ လောကသံသရာနှင့် ကံအကျိုးမပေးခြင်းကို နှိုင်းယှဉ်မိသည်။





ဘွားဘွား၏အကျိုးပေးကောင်းပုံနှင့် ရိပ်သာ၌ အဝတ်အစား ခပ်နွမ်းနွမ်းနှင့် အဘွားအဘိုးများကို ကြည့်ပြီး သနားစိတ် သဒ္ဓါစိတ်များ ယိုဖိတ်လာသည်။

"ဒီမှာ အလှူအတန်း ကျွေးချင်ရင် လက်ခံသလား"

"လက်ခံပါတယ်. . . မနေ့ကတောင် ကျွေးပြီးသွားပြီ၊ ဒါပေမယ့် လူအိုလူမင်းတွေ မဟုတ်လား၊ သိပ်ပြီးမစားနိုင်ကြတော့ပါဘူး၊ ဝါးလို့မပြတ်တာနဲ့ဘာနဲ့ ရိပ်သာကလည်း ကျွေးနေတော့ အစားအသောက် သိပ်အာရုံမရှိကြတော့ဘူး"

"ဒါဖြင့် ဘာအာရုံရှိကြသလဲ"

"သူတို့မှာ ငွေဆိုရင်သူများ လှူဒါန်းမှ ရကြတာ၊ ဆေးလိပ်လေး၊ ချိုချဉ်လေး စားချင် ဝယ်နိုင်အောင် ကိုယ်ပိုင် ပိုက်ဆံရှိတော့ ကောင်းတာပေါ့၊ ဥပုသ်စောင့်တော့ သီလပွဲလေးမှာလည်း လှူနိုင်ကြတာပေါ့လေ"

"ဒါဖြင့် ကျွန်မ တစ်ယောက်ငါးထောင်စီ လှူချင်တယ်၊ ဘယ်နှစ်ယောက် ရှိသလဲဟင်"

"သုံးဆယ့်ရှစ်ယောက်"

"ဘယ်လိုလှူရမလဲ"

"အဘိုး စီစဉ်ပေးမယ်"

အဆောင်မှာ ကြီးကြပ်လုပ်ကိုင်နေသော အုပ်ချုပ်သူ ဖြစ်ဟန်တူသည့်လူကြီးက နာမည်စာရင်းနှင့် ခေါ်ပေးသည်။ အမည်ခေါ်ခံရသူ အဘိုးအဘွားလက်ထဲသို့ ခင်ဝတီကိုယ်တိုင် ငွေငါးထောင်စီ ထည့်ပေးလိုက်သည်။

ငွေငါးထောင်ရသော အဘိုးအဘွားတို့၏ပီတိမျက်နှာဖြာနေပုံ တုန်တုန်ယင်ယင်နှင့် ဝမ်းသာပုံကို ကြည့်ကာ ခင်ဝတီ ငိုချင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို မျိုသိပ်လိုက်ရသည်။ ဒေါ်ခွေးမက မျက်ရည်ဝိုင်းနေသည်။ သူသည်လည်း အပျိုကြီး တစ်ကိုယ်တည်းဘဝနှင့် မိမိတို့အိမ်၌ တစ်သက်လုံး နေခွင့်မရှိမှာကို စိုးရိမ်နေဟန်တူသည်။

ခင်ဝတီ ဆင်ခြင်ရမည်။ ဒေါ်ခွေးမ အသက်ကြီးလာ၍ အိုမင်းမစွမ်း ဖြစ်လာသည့်အခါ ပြန်လည်ကျွေးမွေးစောင့်ရှောက်ထားနိုင်ရန် ဖြစ်သည်။

သူ့ထံမှ လုပ်အားမရတော့သည်နှင့် ဘိုးဘွားရိပ်သာကို ပို့ပစ်ရသည့်အဖြစ်မျိုးသည် အင်မတန်မှ ကျေးဇူးကန်းရာ ရောက်ပေမည်။

ဘိုးဘွားတို့က သူတို့ရိပ်သာအရ အလှူရှင်ကို ဆုတောင်းမေတ္တာပို့သ,သံကို ကြားရသောအခါ ခင်ဝတီ မျက်ရည်မကျစေရန် မနည်းထိန်းချုပ်ရသည့်ကြားက မျက်လုံးအိမ်သည် ပူစပ်ပူလောင်ဖြစ်လာသည်။

သနားတတ်သောစိတ်သည် ခင်ဝတီ နှလုံးအိမ်၌ သန္ဓေတည်လျက် ရှိနေပါလား။

"မှောင်ရီတောင် သန်းနေပြီ. . . ပြန်ခွင့်ပြုပါဦးနော်"

အားလုံးကို ခြိုင့်နှုတ်ဆက်ကာ ပြန်ခဲ့သည်။ ပန်းပင်များနှင့် စနစ်တကျရှိကာ အေးချမ်းသော ဘိုးဘွားရိပ်သာမှ ခင်ဝတီတို့ ထွက်ခဲ့ကြသည်။

"ဒေါ်ခွေးမ"

"အင်. ."

"သနားပါတယ်နော်"

"အင်း. . . ကျုပ်လည်း ဘယ်တော့ အဲဒီလို အလှူရှင်တွေကို မေတ္တာပို့ စားသောက်ရတဲ့ဘဝ ရောက်မလဲ မသိဘူးနော်"





"အို. . . ဒေါ်ခွေးမကလည်း၊ ဒေါ်ခင်ခင်ကြီးရဲ့သားသမီးမြေးမြစ်တွေဟာ ဒေါ်ခင်ခင်ကြီးလိုပဲ ဖြစ်ရမှာပေါ့၊ ခင်ဝတီ ပစ်မထားပါဘူး"

စောစောက မိမိထံအိကို ဖွင့်ကူလျှော်ပေးသောအဖြစ်မျိုးကို နောက် လက်မခံတော့ဘူးဟု ဆုံးဖြတ်လိုက်သည်။

"ဆရာမ ဘယ်ကို ပို့ပေးရမလဲ. . . အိမ်အထိလား"

"ဟုတ်ကဲ့. . . အိမ်အထိပါပဲ"

မိမိအိမ်ကိုတောင် သိနေပါလား။

"အေးလေကွယ်. . . ကျုပ်က ဘိုးဘွားရိပ်သာတော့ မသွားဘူး၊ အမေလှူထားတဲ့ စစ်ကိုင်းက ကျောင်းဇရပ်တွေမှာ သွားပြီး ယောဂီဝတ်နေလိုက်မယ်၊ တရားအားထုတ်ရင်း သေခြင်းတရားကို စောင့်ဆိုင်းနေလိုက်တော့မယ်"

"သာဓုပါ. . . သာဓု. . . သာဓု၊ ခုလည်း ခင်ဝတီတို့ကို မငဲ့နဲ့နော်၊ ဥပုသ်နေ့တွေမှာ ဘုန်းကြီးကျောင်း သွားပြီး ဥပုသ်စောင့်ပါ"

"အေးကွယ်. . . သွားတာပေါ့"

အချိန်ကာလအားဖြင့် လပင် မကူးတတ်သေးသောကာလ၌ ခင်ဝတီအတွက် အတွေ့အကြုံသစ်များ၊ အမြင်သစ်များ ရရှိနေသည်။

ပျော်ရွှင်မှုကို ငွေ၊ ရွှေ၊ စိန်၊ တိုက်တာကားတို့နှင့် ဖန်တီးမှ ရနိုင်မည်ဟု ထင်ခဲ့မိသော ခင်ဝတီ အထင်အမြင်သည် တကယ်တက်စင်အောင် မှားယွင်းနေလေပြီ။

လောကကြီး၌ ငွေနှင့် ဖန်တီး၍မရနိုင်သောအရာများစွာ ရှိနေသည်။

ဖေဖေ့အား ကျေးဇူးတင်သွားသည်။



www.burmeseclassic.com

ဖေဖေသည် မိမိအား အလုပ်လုပ်ရန် တိုက်တွန်း၍ အလုပ်လုပ်ခြင်းဖြစ်သည်။ လူ့လောကသို့ ရောက်အောင် တွန်းပို့ပေးလိုက်သည့်နှယ် ဖြစ်သွားသည်။

လော်ကကြီး၌ လူသားရယ်ဟု အမည်ခံယူပြီးမှ စိန်၊ ရွှေတိုက်၊ ကားနှင့် စတိုးဆိုင်လောက်ကိုသာ မိမိကမ္ဘာဟု မှတ်ယူနေသော ပကာသန ခြယ်မှုန်းထားသည့်လူမှ လူဟု ထင်နေတတ်သော လူကုံထံ လူတန်းစားမှ လွတ်မြောက်ခွင့် ရခြင်းသည် ခင်ဝတီအတွက် အလွန်အဖိုးတန်သော ရလဒ်တစ်ခုထင့်။

ဇော်ဝင်း
VIDEO & စာပေ







ရေနှင့်ချစ်ခြင်းကို ဖြတ်တောက်၍ ရနိုင်မည် မဟုတ်ပေ။

# အခန်း(၁၈)

"ဟင်. . . သူပါလား"

ရင်တွင်း၌ အာမေဋိတ်လေး ပွင့်ထွက်သွားသည်။ သူ ရောက်လာပြန်ပြီ။ ဘာအတွက်နည်း။ အိမ်က ကားလည်း မဟုတ်။ ကားတစ်စီးနှင့် ဖြစ်သည်။

ထုံးစံအတိုင်း ချွေတာရေးအပြုံးနှင့် ပြုံးကာ မိမိအား စောင့်ကြိုနေသည်။

"ဘာကိစ္စလဲ"

"အရေးကြီးနေတယ်"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်နွယ်နီ အိမ်က ပျောက်သွားလို့"

"ဟင်. . ." 

သူ့မျက်နှာက အရေးကြီးသောအမူအရာ မပေါ်ဘဲ ပြောလိုက်သောစကား ကြားမှ သိလိုက်ရသဖြင့် ခင်ဝတီ စိုးထိတ်သွားသည်။

"အဲ့ဒါ တောင်ငူဘက် ပြေးတယ် သတင်းရလို့ ကျွန်တော် လိုက်သွားမလို့"

"အဲ့ဒါ ကျွန်မကို စောင့်နေရသလား"

ခင်ဝတီ သူ့အပြောကို စောင့်မနေတော့ဘဲ ကားတံခါးကို ဆွဲဖွင့်ဝင်ထိုင်လိုက်သည်။ သူကပါ ကားပေါ် တက်ပြီး. . .

"မမလေးဆန္ဒကို သိချင်လို့ပါ၊ အခုပဲ ရောက်တယ်"

"ဘာဆန္ဒလဲ"

"မမလေး. . . တောင်ငူလိုက်ခဲ့မလား"

"လိုက်မယ်. . . မြန်မြန်မောင်း၊ ဘယ်နေ့က ပျောက်သွားတာလဲ"

"ဒီနေ့ပဲ"

"ဒုက္ခပါပဲ. . . ဘွားဘွားတို့ကော"

"ရန်ကုန်မှာပဲ. . . လူကြီးတွေ သိမယ်မထင်သေးဘူး ညရောက်မှ သိလိမ့်မယ်"

"ဟယ်. . . ရှင် မပြောခဲ့ဘူးပေါ့"

ခင်ဝတီ ခေါင်း၌ ရှုပ်ထွေးကုန်သည်။

"အူကြောင်ကြောင်နဲ့. . . ရှင်းရှင်းလင်းလင်း ပြောစမ်းပါ"

"ခင်နွယ်နီဟာ ကျွန်တော့်တပည့်တစ်ယောက်နဲ့ ကြိုက်နေတယ်"





"ရှင် မတားဘူးလား"

"အချစ်နဲ့စစ်ကြားမှာ ကြားဝင်တဲ့သူဟာ လူမိုက်တဲ့၊ ကျွန်တော် မမိုက်ချင်ဘူး"

"ဘာ. . ."

"ရှင့်ညီမသားချင်းလို သဘောထားရင် မကောင်းဘူးဆိုရင် တားမြစ်ရမှာပေါ့"

"ကျွန်တော့်တပည့်က မကောင်းတဲ့လူမှ မဟုတ်ဘဲ"

"ဒါဖြင့် ဘယ်သူလဲ. . . ရှင် သိနေသလား"

"သိနေတယ်. . . သိလို့ အစ်မကြီးဖြစ်တဲ့ မမလေးကို တိုင်ပင်ချင်တယ်"

"ရှင် ကြိုတင်သိလျက်နဲ့ ဖေဖေတို့ကို ပြောမပြထားဘူးလား"

"အန်ကယ်ဟာ ကျွန်တော်နဲ့ အလှမ်းကွာဝေးနေပါတယ်"

"အန်တီတို့ ဘွားဘွားတို့ကိုကော ရှင် မတိုင်ပင်ဘူးလား"

"ကျွန်တော် ကြားမဝင်ချင်ဘူး၊ ခင်နွယ်နီကိုတော့ မိဘစိတ်ဆင်းရဲအောင် မလုပ်ဖို့နဲ့ ပညာဆုံးခန်းတိုင်ပြီးမှ စဉ်းစားဖို့ အမြဲဆုံးမပါတယ်၊ ဆုံးမနေတဲ့ကြားက လစ်သွားတော့ ကျွန်တော် ဘာလုပ်ရမှန်း မသိဘူး၊

ဒါကလည်း အိမ်က သိဦးမှာ မဟုတ်ဘူး၊ ကျွန်တော့်တပည့်တစ်ယောက် သတင်းပေးလို့ တောင်ငူကို သွားကြတယ်လို့ သိသိချင်း လိုက်လာတာ"

"ဒါဖြင့် မြန်မြန်မောင်းပါ၊ အချိန်မီ ပြန်သိမ်းရအောင်"

ခင်ဝတီ၌ ပူပန်သောကများဖြင့် ထူပူနေသည်။ ဖေဖေ သိလျှင် မိုးမီးလောင်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ ကျွန်တော်ပြောချင်တယ်"

"ပြော. ."

"စိုင်းဝေယံဟာ ဘိန်းဖြူသမား ဆေးသမားတော့ မဟုတ်ဘူးဆိုတာ ကျွန်တော် အသေအချာ သိတယ်၊ ကုန်သည်ပွဲစားဆိုတာ မှန်ပါတယ်"

"ဖေဖေက ကုန်သည်ယောင်ယောင် ပွဲစားယောင်ယောင်လို့ ပြောတယ်"

"ခေတ်လူငယ်ပီပီ ထောင့်မကျိုးတာ ဖြစ်ကောင်းဖြစ်မယ်၊ လူပုံက ဖြူဖြူနွဲ့နွဲ့ဆိုတော့ ကျားကျားလျားလျားရှိတဲ့ အန်ကယ့်မျက်လုံးမှာ ကြည့်မရတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်"

"ဆင်းရဲလို့လား"

"မဆင်းရဲပါဘူး. . . ဒီကောင်လေးအဖေကတော့ မိန်းမများတယ်၊ မယားပြိုင်တွေ တော်တော်များတယ်၊ ဒါကို အန်ကယ်တစိုးရိမ်တာ ပါ,ပါလိမ့်မယ်၊ မျိုးရိုးဗီဇဆိုတာ ဖျောက်ခဲနိုင်တယ်ဆိုတဲ့ အစွဲအလမ်းမျိုးကို လှေနံဓါးထစ် တစ်ထစ်ချ သတ်မှတ်လို့ မရနိုင်ဘူးလို့ ကျွန်တော်ယူဆတယ်"

မိမိအား ဘယ်သောအခါမှ စကားရှည်ရှည်ဝေးဝေး မပြောဖူးသောသူသည် ယခုပြောနေသည်။

သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီးမှ. . .

"ဥပမာ. . . ကျွန်တော့်ကိုယ်ကျွန်တော်ပဲ နမူနာပြပါရစေ"

ခင်ဝတီ သူ့အား အမှတ်မထင်ငေးကြည့်လိုက်မိသည်။ သူ့မျက်နှာသည် ရင်တွင်းခံစားချက်ကို သိုဝှက်နိုင်စွမ်း ရှိသည်။ မျိုသိပ်ထိန်းချုပ်မှုစွမ်းအား ကြီးမားပုံရသည်။

"ဖေဖေဆို အရက်ရဲ့ကျေးကျွန်ဘဝနဲ့ လူ့လောကကြီးကို





ဖိုးသမားကြီး အမည်ခံပြီး မူးနေတဲ့အခါ ရန်ဖြစ်လိုဖြစ်၊

နောက်ဆုံး အလုပ်ပြုတ်ပြီး အန်ကယ့်ရဲ့ကျေးဇူးနဲ့ မမလေးတို့အိမ်မှာ ညစောင့်ဖြစ်တော့မှ သူ့ဘဝ တည်ငြိမ်သွားတယ်၊ ဒါကလည်း အန်ကယ်ဟာ ဆရာသမားကောင်း ဝိသစ္စာနဲ့ အရက်သောက်တတ်တာကလွဲပြီး သစ္စာစောင့်သိတတ်တဲ့ ဖေဖေ့ဘဝကို တာမင်တာဝန်ပေးပြီး ကယ်တင်လိုက်တာ၊

အန်ကယ်ဟာ အမျှော်အမြင်ကြီးတယ်၊ ဖေဖေဟာ လူမှန်းသူမှန်း မသိအောင် အလွန်အကျွံ မသောက်တော့ဘဲ မမလေးတို့အသက်နဲ့ ပစ္စည်းဥစ္စာ လုံခြုံရေးအတွက် သူ့တာဝန်ပဲလို့ ခံယူပြီး အသောက်လျှော့သွားခဲ့တာ သေတဲ့အထိပါပဲ"

ခင်ဝတီရင်ထဲ နင့်နင့်သီးသီးလေး ခံစားလိုက်ရသည်။ ဦးမောင်စံအား အလုပ်ဖြုတ်ရန် တိုက်တွန်းခဲ့ဖူးသည်ကို သတိရမိသဖြင့် စိတ်ထိခိုက်သွားသည်။

"ကျွန်တော့်အတွက် ဖေဖေ့ကို သင်ခန်းစာယူပြီး အရက်ကို အနံ့တောင် မခံချင်အောင် မုန်းတီးသွားခဲ့တယ်၊ ဆေးဖြစ်ဝါးဖြစ်တောင် မမှီဝဲချင်တော့ဘူး၊ ဒါကြောင့် အရက်သမားသားဟာ အရက်သမားပဲဆိုတာ မျိုးရိုးဗီဇအရ အရက်သောက်မှာပဲဆိုတာမျိုး ကျွန်တော် လက်မခံနိုင်ဘူး"

"ကျွန်မကို ရှင်ပြန်လည်ချေပတာပေါ့လေ"

"မမလေးက ကျွန်တော့်ကို အဲဒီစကားမျိုး ပြောခဲ့လို့လား"

ကိုယ့်ရှူးကိုယ်ပြန်ပတ်နေလေပြီ။ ကြောင်အမ်းအမ်း ဖြစ်မိတာ မျက်နှာကို ဘယ်သို့ ထားရမှန်း မသိအောင်ဖြစ်သွားသည်။

"ထားပါတော့လေ. . . သမားရိုးကျ တွက်ရင် ချောင်းရိုးမြောင်းရိုးသာ တိမ်ကောမယ်၊ လူမျိုးရိုးဗီဇဆိုတာ မတိမ်ကောနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုသလို အရက်သမားသားဟာ အရက်သမားပဲ ဖြစ်ရမယ်လို့ ကျွန်တော့်ကို တွက်ကြမှာပဲ၊

မမလေးကိုယ်တိုင်လည်း လူထဲက လူတစ်ယောက်အနေနဲ့ ကျွန်တော့်ကို ဒီအတိုင်းပဲ တွက်ခဲ့မယ်ဆိုတာ ကျွန်တော်မှန်းဆနိုင်ပါတယ်"

ခင်ဝတီသည် နားထောင်သမားသက်သက်ဖြစ်သွားသည်။

"ဒီလိုပါပဲ. . . စိုင်းဝေယံအဖေက မိန်းမများလို့ သားမိန်းမများရမယ်ဆိုတဲ့အစွဲနဲ့ သဘောမတူနိုင်တာ ဖြစ်တာမျိုးမှာတော့ တစ်ဖက်သတ် စွဲချက်လို့ ဆိုချင်တယ်၊ ဒီတော့ မမလေး စဉ်းစားပါ၊

စိုင်းဝေယံဘက်က အကျင့်စာရိတ္တပိုင်းနဲ့ စီးပွားဥစ္စာပိုင်းမှာကော ကြိုးစားပိုင်းမှာပါ ကျွန်တော် တာဝန်ယူပါတယ်၊ လူငယ်တွေရဲ့ချစ်ခြင်းဟာလည်း ခုမြင်ခုကြိုက် မဟုတ်ကြပါဘူး၊ ငယ်သူငယ်ချင်းဘဝကနေ ပြောင်းလဲလာတဲ့ ချစ်သူတွေဆိုတော့ ချစ်ခြင်းမှာလည်း အခြေခိုင်တယ်လို့လည်း ပြောနိုင်ပါတယ်"

"အာမခံ ရဲတင်းလှချည်လား ဆရာကြီးရဲ့၊ တပည့်မကောင်း ဆရာ့ခေါင်း ဖြစ်မှာ မစိုးရိမ်ဘူးလား"

"ဆရာ့ခေါင်း ဖြစ်လာတဲ့အခါမျိုးမှာတော့ ဆရာ ခေါင်းမရှောင်ဘူးဆိုရင် မမလေး ကျေနပ်မှာလား"

"ခင်နွယ်နီအိမ်ထောင်ရေးမှာ ကျွန်မသဘောတစ်ခုတည်းနဲ့ ပြီးမယ်ဆိုရင် ရှင့်လျှောက်လဲချက် ကောင်းတာနဲ့ပဲ ကျေအေးသဘောတူလိုက်ချင်ပါပြီ"

"ဒါဖြင့် ကျွန်တော်တို့ ဆက်လိုက်သွားဦးမလား"

"လိုက်သွားပါလေ. . . အခြေအနေတွေ မလွန်သေးရင်





ကျောင်းပြီးမှ အိမ်ထောင်ရေး တည်ဆောက်နိုင်ရင် ပိုကောင်းမယ်ထင်တယ်"

"အသက်အပိုင်းအခြားအရ ကြည့်ရင် ခင်နွယ်နီဟာ မငယ်တော့ဘူး၊ နှစ်ဆယ့်လေးနှစ်ဆိုတာ အိမ်ထောင်ပြုသင့်တဲ့ အရွယ်ပဲ"

"ရှေ့နေလိုက်ခ ဘယ်လောက်ရထားသလဲ ဆရာကြီးရဲ့"

ခင်ဝတီ ခပ်ရွဲ့ရွဲ့ မေးလိုက်သည်။

"အများအကျိုးဆောင်ရင် ကိုယ့်အကျိုးအောင်တယ်ဆိုတဲ့ ယုံကြည်ချက်နဲ့လေ"

ခင်ဝတီ မျက်စောင်းထိုးလိုက်မိသည်။ မိန်းမဆန်သော အပြုအမူတို့ကို ပြုမူမိသွားပြီ။ မှားသွားပြီ။ တရင်းတနှီးလည်း ပြောဆိုဆက်ဆံနေမိပြန်ပြီ။

"အို. . . ကြည့်စမ်း၊ အခုမှ သတိရတယ်၊ ဒေါ်ခွေးမကို မပြောခဲ့ရဘူး၊ စိတ်ပူနေမလားပဲ"

"ကျွန်တော် ဝင်ပြောခဲ့တယ်"

"ဘယ်လိုပြောခဲ့သလဲ"

"အန်ကယ်က အရေးတကြီးခိုင်းထားတဲ့ကိစ္စရှိလို့ တောင်ငူခေါ်သွားမယ်၊ ချက်ချင်းပြန်လာမယ်လို့ပါ"

"သြော်. . . တော်သေးတာပေါ့၊ ကျွန်မက စိတ်ပူနေမှာစိုးလို့"

ဆင်ခြင်တုံတရားသည် ယခုမှ အဘယ်ကြောင့် ပေါ်ပေါက်လာရပါသနည်း။

စောစောက သူ့ကို မြင်ကာ ပူထူပြီး လိုက်လာခဲ့မိသည်။ ယခုမှ ကျောင်းဝတ်စုံ ဝင်လဲရင်း ဒေါ်ခွေးမကို အကျိုးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့လျှင်. . သို့တည်းမဟုတ် ဒေါ်ခွေးကိုပါ ခေါ်ခဲ့လျှင် ကောင်းမည်ဟု စဉ်းစားမိသည်။

သူ အလေးသုံးဆယ် ပြောခြင်းကြောင့် မိမိမှာ ကိုယ်ပိုင်စဉ်းစားဉာဏ်ပင် ပျောက်ဆုံးသွားခြင်း ဖြစ်မည်ထင်သည်။

"အိမ်ထောင်တစ်ခု တည်ထောင်တဲ့နေရာမှာ အထူးအရေးကြီးဆုံးက ချစ်ခြင်းမေတ္တာနဲ့ သစ္စာတရားပဲလို့ ကျွန်တော်ယူဆတယ်"

"ခင်နွယ်နီနဲ့ စိုင်းဝေယံတို့ရဲ့ချစ်ခြင်းမေတ္တာဟာ ခိုင်မြဲတယ်လို့ ဆိုလိုတာလား"

"ဟုတ်ပါတယ်"

"ရှင်ပဲ အောင်သွယ်ပေးခဲ့တာလား"

"အောင်သွယ်ဆိုတာ အလုပ်မရှိ အလုပ်ရှာနေတဲ့လူတွေအလုပ်ပါ၊ ကျွန်တော့်အမြင်နဲ့အထင်ကို ပြောတာပါ၊ မှားချင်လည်းမှားမယ်၊ မှန်ချင်လည်း မှန်မယ်၊ တရားသေတော့ တွက်လို့မရဘူးပေါ့ဗျာ"

ယခင်က ဇိုးသမားဟု ထင်ထားခဲ့မိသမျှတို့ မှားလေပြီဟု ခင်ဝတီ သိလိုက်သည်။

သူသည် အရမ်းကို စကားတွေ ပြောနေလေပြီ။ ခင်ဝတီပင် *အရှုံးပေးနေရသည်။*

ယခင်က သွက်လက်ဖျတ်လတ်ပြီး ထင်ရာကို စွတ်ရွတ်ပြောတတ်သော ခင်ဝတီသည် ယခု ပြောစရာစကားစ ရှာမရသကဲ့သို့ ဖြစ်နေသည်။

"သင်ကြားရေး အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့. . . ဆရာကောင်းတပည့် ပန်းကောင်းပန်လျက်





ပါပဲ"

"ဟာ. . . သိပ်မမြှောက်ပါနဲ့၊ အရူးဘုံမြှောက် ဟိုဟာကောက်စားနေလို့ ခင်နွယ်နီတို့ကို မျက်ခြည်ပြတ်သွားပါ့မယ်"

သူက ပြုံးလျက် ပြောလိုက်သည်။ ဝင်းပကြည်လင်သွားသော သူ့မျက်နှာသည် ပို၍ကြည့်ကောင်းနေသည်။ တွေ့စက ခြံထဲ၌ မိမိက မောက်မောက်မာမာ ဆက်ဆံစဉ်က မသိနားမလည်ဟန်နှင့် အသည်းယားစရာကောင်းလှသည်။ ယခုတော့လည်း ဟာသလေး နှောကာ ဆိုတတ်သည်ပဲ။

ထို့ကြောင့် လူ့အကြောင်းကို ပေါင်းကြည့်မှ သိနိုင်သည်ဟု ပြောခြင်းဖြစ်ပေမည်။

ခင်ဝတီ သူ့အား အထင်မသေးတော့။ ဘာဖြစ်၍ အထင်မသေးသနည်း။ သူ၏စွမ်းရည်ကြောင့်လား. . .။

အထင်မသေးမိသောယောကျ်ားတွင် သူသည် ပထမဦးဆုံးဖြစ်သည်။ အထင်မသေးခြင်းမှသည် အထင်မကြီးဖို့သာ အရေးကြီးသည်။ အထင်ကြီးမိပါက. . .

"မမလေး. ."

"ဘာလဲ"

"ခင်နွယ်နီတို့ကို သဘောတူလား"

"သူတို့ချင်း ကျေနပ်ရင် ပြီးတာပါပဲ"

ရေနှင့်ချစ်ခြင်းကို ဖြတ်တောက်၍ ရနိုင်မည်မဟုတ်ဟု ခင်ဝတီ ယုံကြည်သည်။





www.burmeseclassic.com

www.burmeseclassic.com






## အခန်း(၁၉)

"ဟင်. . ."

တောင်ထိပ်တက်လာသူ၏ ရင်ဝကို ဆီးကြိုအကန်ခံရသည့်နှယ် ဖြစ်သွားသည်။

"ဟော့ကောင်. . . ဟုတ်ရဲ့လား၊ သေသေချာချာ ပြောကွာ"

"သေချာပါတယ် ဆရာရဲ့. . . ရောက်မလာသေးပါဘူး၊ ကျွန်တော်လည်း စောင့်နေတာပဲ"

ခင်နွယ်နီတို့နှင့် ရွယ်တူဖြစ်ဟန်တူသောလူငယ်က ပြောလိုက်သည်။





"မမလေး ထိုင်ပါဦး"

သူက အရုပ်ကြိုးပြတ်မတတ်ဖြစ်နေသော ခင်ဝတီကို ကရုဏာမျက်လုံးများနှင့် ကြည့်ကာ နေရာပေးလိုက်သည်။

ခင်ဝတီ ခေါင်းထူပူနေသည်။ ဘာဆက်လုပ်ရမှန်းမသိ။

"စားစရာ တစ်ခုခုလုပ်ကွာ၊ ခဏတော့ စောင့်ကြည့်တာပေါ့. . . မင်းမိဘတွေကော"

"ခရီးထွက်သွားကြတယ်"

"ဩော်. ."

သူ တစ်ခုခု စဉ်းစားသည့်အလား ငြိမ်သက်နေသည်။ သူ့တပည့်က. . .

"ဆရာ. . ထမင်းပွဲ ပြင်ပြီးပြီ"

"ဘာ. ."

သူက မကြားဟန်ဖြင့် ထပ်မေးလိုက်သည်။

"ထမင်းပွဲ ပြင်ထားပြီးပါပြီ၊ ထမင်းစားချိန် ရောက်နေလို့ ထမင်းပွဲပဲ ပြင်ထားလိုက်တာပါ"

"ကိုင်း. . . ဒါဖြင့် မမလေး ထမင်းစားရအောင်"

ငယ်ထိပ် မြွေပေါက်ထားသည့်နှယ် ထူပူသောက ရောက်နေသောသူသည် ထမင်းစားသောက်နိုင်ပါ့မလား။

ခင်ဝတီ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး မမလေးညီမ ယောက်ျားနောက်လိုက်သွားတာနဲ့ အစ်မမှာ မစားနိုင် မသောက်နိုင် ဖြစ်ရပြီး ကျန်းမာရေးထိခိုက်တာမျိုး မဖြစ်စေချင်ဘူး၊ မမလေးဟာ အစားအသောက်ကို ခဏခဏ စားတတ်တယ်ဆိုတာ ကျွန်တော်သိတယ်၊ နည်းနည်းဖြစ်ဖြစ် စားလိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မစားချင်ပါဘူး"

"လုပ်ပါ. . . နည်းနည်းပဲ၊ အစာဝင်သွားတော့ ပက်ပ်စီသောက်တာပေါ့၊ ပြီးရင် ရန်ကုန်ကို ဖုန်းဆက်ကြည့်မယ်၊ အခုလောက်ဆိုရင် သူတို့ အခြေအနေ သိလောက်ပြီ"

ခင်ဝတီ ဘာဆက်လုပ်ရမှန်းမသိ။ သူ့ဦးဆောင်မှုဝယ်လိုက်ပါသွားရန်သာ ရှိတော့သည်။

"လာပါ. . . စိတ်ညစ်နေလို့လည်း ဘာမှအကျိုးရှိမှာမဟုတ်ဘူး"

ခင်ဝတီ လေးတွဲ့စွာ ထလိုက်သည်။ ကျောင်းဝတ်စုံနှင့်ဖြစ်နေသောမိမိ အနေအထိုင် ပို၍ကျဉ်းကျပ်သလို ဖြစ်မိတာလည်းပါသည်။

"မောင်မောင်လေး"

"ဗျာ. . . ဆရာ"

"ရော့. . . ပိုက်ဆံယူ၊ မြန်မြန် ဈေးကိုပြေး၊ ရယ်ဒီမိတ်မိန်းမဝတ်တစ်ထည်နဲ့ ပါတိတ်လုံချည်တစ်ထည်ပါ ဝယ်ပြီးတော့ချုပ်ခဲ့"

"ဟုတ်ကဲ့. . . ကားမရှိ"

"ငါ့ကားယူသွား"

"ဘာလုပ်ဖို့လဲ"

ခင်ဝတီက သူတို့ဆရာတပည့်ကြားတွင် မနေသာတော့ဘဲဝင်မေးလိုက်သည်။

"မမလေးအတွက်လေ"

"ဟင်. . . ဒါဖြင့် မဝယ်ပါနဲ့၊ ခု ဖုန်းဆက်မယ်၊ ပြီးတာနဲ့ပြန်မယ်၊ နေပါစေတော့. . . သူ့ထိုက်နဲ့သူ့ကံပဲ"





ခင်ဝတီ စိတ်ကို ဒိုးဒိုးချထားလိုက်တော့သည်။ မောင်မောင်လေးသည် ဘာဆက်လုပ်ရမှန်း မသိလို့ ကြောင်တောင်တောင်နှင့် သူ့ဆရာကို ကြည့်လိုက်၊ မိမိကို ကြည့်လိုက်နှင့် ဖြစ်နေသည်။

"ဒါဖြင့်လည်း မဝယ်နဲ့တော့"

"ကျွန်မ ထမင်းမစားချင်လို့ပါ ကိုမြတ်ဘုန်း. . . ဖုန်းဆက်ရအောင်"

"သဘောပါပဲ"

သူသည် မိမိဆန္ဒကို လိုက်လျောပါသည်။ သူ့အားညစောင့်ဟုသောနာမ်စားမှ ကိုမြတ်ဘုန်းဟု ပထမဦးဆုံးအကြိမ်အဖြစ် ပြောင်းလဲခေါ်လိုက်မိသည်။

သူလည်း မစားတော့ဘဲ တယ်လီဖုန်း ရှိရာသို့ ပို့ဆောင်ပေးသည်။

မောင်မောင်လေးက ခေါင်းကုတ်သည်။

"ဆရာတို့ကလည်းဗျာ. . . ချက်ထားတာတွေ အလကားဖြစ်ကုန်ပြီ"

"ဟင်. . ."

ခင်ဝတီ သံသယစိတ် ဝင်သွားသည်။ သူ့မျက်နှာကို လှမ်းကြည့်လိုက်သည်။ သူသည်လည်း မိမိအား အကဲခတ်အကြည့်ဖြင့်အကြည့်မျက်လုံးချင်း ထိပ်တိုက်ရင်ဆိုင်လိုက်ရသည်။

ရုတ်ချည်းဆိုသလို သူက ချွေတာသောအပြုံးနှင့် ပြုံးပြပြီးမောင်မောင်လေးဘက် လှည့်ကာ. . .

"မင်းကို ဘယ်သူက ချက်ခိုင်းထားလို့လဲ"

"ဟိုကောင် ဝေယံပါ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ဝတီ သက်ပြင်းသူခိုး ချလိုက်သည်။ သံသယစိတ်လေး ပျက်ပြယ်သွားရသည်။

"မမလေး. . . ဆက်လေ၊ ခင်နွယ်နီအကြောင်း သိတဲ့အနေနဲ့ မဟုတ်ဘဲ ဖြူးကနေပြီး သတိရလို့ ဆက်တဲ့အနေမျိုးနဲ့သာ ဆတ်ပါ၊ သူတို့ပြောလာမှ အကျိုးအကြောင်း ရှင်းပြလိုက်ရင် ပိုကောင်းမယ် ထင်တယ်"

ခင်ဝတီ ခေါင်းညိတ်လိုက်သည်။ သူပြောတာကို ခင်ဝတီ လက်ခံနိုင်ပါသည်။

"ဟဲလို"

"ဟုတ်ကဲ့. . . ပြောပါ"

အန်တီ့အသံမှန်း ခင်ဝတီ သိသဖြင့်. . .

"အန်တီ. . . ခင်ဝတီပါ"

"ခင်ဝတီ အတော်ပဲဟယ်. . . ဒီမှာ မိုးမီးလောင်နေပြီ"

"ဘာဖြစ်လို့လဲ အန်တီ"

ခင်ဝတီက မသိဟန်ပြု၍ မေးလိုက်ရသည်။

"ခင်နွယ်နီပေါ့. . . ခွေးဇာတ်ခင်းသွားပြီ"

ငိုအားထက် ရယ်အားသန်ရမလို ဖြစ်သွားသဖြင့် ခင်ဝတီ ပြုံးမိသည်။

အန်တီ၏ ပျာလောင်ခတ်နေမည့်အသွင်ကို မြင်ယောင်လာသည်။

"ဟုတ်လား. . . ဘယ်လိုဇာတ်ခင်းသွားတာလဲ"

"လင်နောက် လိုက်သွားတာလေ၊ ငါတော့ ကိုကိုကြီးကို မျက်နှာဘယ်လိုပြရမှန်းတောင် မသိဘူး"

"ဘယ်သူနဲ့လဲ"





"ဘယ်သူနဲ့ရမှာလဲ. . . မြတ်ဘုန်းနဲ့ပေါ့"

"ဟင်. . ."

ခင်ဝတီ မျက်လုံးပြူးသွားသည်။

တယ်လီဖုန်း စကားပြောခွက်ကို လက်နှင့် အသာအုပ်ကာ သူ့အား ကြည့်၍. . .

"ရှင်နဲ့ အထင်လွဲနေကြပြီ"

"ဗျာ. . ."

သူ့မျက်နှာ နီရဲသွားသည်။ အမယ်. . . သူကပဲ ပြန်ပြီး ရှက်ဒေါသ ဖြစ်ရတယ်လို့။

"သေချာလား"

"သေချာတယ်. . . အချိန်တန်လို့ အိမ်ပြန်မလာတော့ ကျုပ်လည်း ဟိုရှာဒီရှာနဲ့ ရှာရတာပေါ့၊ သူ့ခေါင်းအုံးအောက်မှာ စာရွက်ခေါက် တွေ့တယ်"

"ဘာတဲ့လဲ"

ခင်ဝတီ သိလိုဇောဖြင့် ရင်ခုန်လာသည်။

"ချစ်သူနောက် လိုက်သွားပါပြီ. . . လိုက်မရှာပါနဲ့တဲ့လေ"

"ချစ်သူဆိုတာနဲ့ မောင်ဘုန်းဖြစ်ရရောလား"

"ဖြစ်ရတာပေါ့. . . တိုင်ပင်ရအောင် ဝိုင်းရှာဖွေရအောင် ဆိုပြီး အမေက သူ့ကို သွားခေါ်ခိုင်းတော့ ဘသားချောက မနက်အစောကြီး အိမ်ဘေးက ကားတစ်စီးကို ငှားပြီး မပြောမဆို ပျောက်သွားလိုက်တာ ခုထက်ထိ ပြန်မလာသေးဘူးတဲ့လေ၊

အဲဒီတော့ ဒင်းကလွဲပြီး ဘယ်ကောင်ဖြစ်ရမလဲ၊ တော်ပါ တော်လုနဲ့ ယောက်မမြင်းစီး ထွက်သွားတာလေ၊ သဘောတူပါတယ် ဆိုမှ ခွေးဇာတ်ခင်းသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ. ."
"ဘာလဲ"
"ဘွားဘွားကော ရှိလား"
"ရှိတယ်. . . ပြောမလို့လား"
"အင်း"
"မြေးလားဟေ့"
"ဟုတ်တယ် ဘွား၊ ခု ဘွားဘွားတို့ ဘာဆက်လုပ်ကြမလဲ"
"ဘာဆက်လုပ်ရမလဲ. . . သူ့အဖေကို လှမ်းအကြောင်းကြားလိုက်ပြီလေ"
"ဒုက္ခပါပဲ"
"ဘာဒုက္ခလဲ"
"အဲဒီတော့ ဖေဖေက ဘာပြောလဲ"
"မတွေ့ဘူး. . . ရန်ကုန်ဆင်းလာကြတယ်တဲ့၊ ညည်းဆီကို အရင်ဝင်လိမ့်မယ်တဲ့"
"ဟင်. . ."
ခင်ဝတီ မျက်လုံးပြူးသွားပြီ။ အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်ပြီ။
"မရောက်သေးဘူးလား ခင်ဝတီ"
"မရောက်သေးဘူး. . . ဒါပဲ ဘွားဘွား၊ ဘာမှ စိတ်ပူမနေနဲ့တော့၊ အရှယ်ရောက်ပြီပဲဟာ"
"အေးပါ. . . မောင်ဘုန်းနဲ့ဆို ဘာပြောစရာရှိသလဲ၊ ပြန်ရှာပြီး ပေးစားလိုက်ရုံပေါ့"
ခင်ဝတီ စိတ်ပျက်စွာဖြင့်. . .
"ဟုတ်ကဲ့. . . ဒါပဲနော် ဘွားဘွား"





"အေး. . အေး. . ကျောင်းပိတ်ရက် များရင် ပြန်လာခဲ့ဦးနော် မြေး"
"ဟုတ်ကဲ့"
ခင်ဝတီ ဖုန်းချလိုက်သည်။ သူက. . .
"ရှင်းမပြလိုက်ဘူးလား"
"အကုန်ရှုပ်ကုန်ပြီ. . . ရှင်းလို့မရအောင် ဖြစ်နေပြီ"
"ဘာတွေဖြစ်ကုန်လို့လဲ"
"လာ. . . ပြန်ကြရအောင်၊ မြန်မြန်ပြန်မှဖြစ်မယ်၊ ဖေဖေတို့ ဖြူးကို ရောက်နေလောက်ပြီ"
"ဟင်. ."
သူလည်း မျက်နှာပျက်သွားသည်။
"မြန်တော့မယ် မောင်မောင်လေး၊ ခင်နွယ်နီတို့ ရောက်လာရင် အကျိုးအကြောင်း ပြောပြပြီး ဖြူးအိမ်ကို လိုက်ခဲ့ဖို့ ပြောလိုက်ပါ၊ ဆရာက မှာတယ်လို့ အားလုံးအဆင်ပြေစေရမယ်လို့သာ ပြောပြီး ရအောင်လွှတ်လိုက်ပါ၊ မင်းလက်ခံမထားနဲ့နော်၊ လက်ခံထားရင် ဆရာ့တပည့်စာရင်းက ပယ်ဖျက်လိုက်တော့မယ်"
"ဟုတ်ကဲ့. . . စိတ်ချပါ ဆရာ"
"လာ. . မမလေး. . သွားရအောင်၊ ဩော်. . အပြင်လေး ဘာလေး ထွက်ဦးမလား"
"အင်း. . ."
အန္တရာယ် လွယ်ထားသည့်အနေးသည် ယခုမှ သတိရလာသည်။ မေးကာမှ ဆီးစပ်က တင်းကာ အပေါ့သွားချင်နေသည့် အဖြစ်ကို သတိရ၍ ခေါင်းညိတ်လိုက်သည်။ သူ့ကို ရှက်မနေအားတော့။ အလိုက်တသိ မေးသည့် သူ့ကိုပင် ကျေးဇူးတင်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အပေါ့သွား၊ ခြေလက်ဆေးပြီး တောင်ငူက ပြန်လည်ထွက်ခွာလာခဲ့ကြသည်။

လမ်း၌ ဘွားဘွားနှင့်အန်တီလေးတို့ စကားများကို သူ့အား ပြန်ပြောလိုက်သည်။

"မမလေး အဏ်မျိုးအကြောင်းကို ရှင်းပြလိုက်ဖို့ ကောင်းပါတယ်"

"အချိန်တန်ရင် အဖြေပေါ်မှာပဲဟာ"

"ဒါပေမယ့် ရန်ကုန်ပတ်ဝန်းကျင်မှာ ကျွန်တော့်နာမည် ပျက်နေရောပေါ့"

"ကောက်ညှင်းက မစေးဘဲ ဆန်ကြမ်းက စေးနေပြန်ပြီ"

"ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် နာမည်ပျက် မရှိရင် စိုးအဖိုးတန်တာပေါ့. . . မဟုတ်ဘူးလား၊ ကျွန်တော်က စိတ်ကူးယဉ် ဆန်တယ်ပြောပြော ဘာပြောပြောဗျာ၊ အချစ်ကို တန်ဖိုးထားတယ် ချစ်သူနဲ့ လက်ထပ်သူဟာ တစ်ယောက်တည်းပဲ ဖြစ်ရမယ်၊ ပြီးတော့ ကျွန်တော်တန်ဖိုးအထားဆုံး မိန်းမလည်း ဖြစ်ရမယ်၊ ပြီးတော့ ကျွန်တော့်ချစ်သူဟာ ပြစ်မျိုးမှဲ့မထင် မိန်းမမျိုး ဖြစ်ရမယ့်အပြင် ကျွန်တော်ကိုယ်တိုင်ကလည်း ကျွန်တော့်ချစ်သူ အပေါ် အပြစ်အနာအဆာ ကင်းစင်တဲ့ ယောကျ်ားတစ်ယောက် အဖြစ်နဲ့သာ ကျွန်တော့်ဘဝကို ပေးအပ်ချင်တယ်ဗျာ"

ခင်ဝတီ၏နှလုံးခုန်သံသည် ဖွာ့ယ်လောင်စွာ မြည်ဟည်းလာသည်။ ရင်ဝယ် စိုးထိတ်သွားသည်။ မိမိ၏နှလုံးသား စည်းချက်ကျစွာ တုန်ခါခြင်းကို ကြားနေရခြင်းကို ရင်ခုန်ခြင်းဟု ခေါ်သလား ခင်ဝတီ နားမလည်။

ရင်တွင်း ခံစားချက်ကို ထိန်းချုပ်ပြီး. . .





"ဒါဆိုရင် ရှင်နဲ့ ရတဲ့မိန်းကလေးက မယ်ကံကောင်းပေါ့ ဟုတ်လား"

ခပ်ရွဲ့ရွဲ့လေး ပြောလိုက်သည်။

ထိုသို့ပြောလိုက်ခြင်းက ခင်ဝတီအမှား ဖြစ်သွားသည်။

"ဟုတ်တယ်. . . ယောကျ်ားတစ်ဦးဆီက မြတ်နိုးတန်ဖိုးထား လေးစားစွာချစ်ခင် သစ္စာထားခြင်း ခံရတဲ့မိန်းမဟာ ကံအကောင်းဆုံးသောမိန်းမပဲဆိုရင် မမလေးဟာ ကံကောင်းတဲ့သူပဲ"

"ဘာ. . ."

"ကျွန်တော်ပြောတာ. . 'မ' သဘောပေါက်မှာပါ"

"ရှင်. . ရှင်. ."

ကျောချမ့် ဓါးပြမှန်း သိရသည့်အဖြစ်ကို ခင်ဝတီ ရင်ဆိုင်လိုက်ရသည်။

မျှော်လင့်မထားသောစကားကြောင့် ခင်ဝတီ တုန်လှုပ်သွားသည်။ ဒေါ်တင်တင်စိုးတို့နှင့် စကားနိုင်လုခြင်းလိုလည်း မဟုတ်။ ဘွားဘွားနှင့် ချစ်စနိုး စကားပြိုင်ခြင်းလိုလည်း မဟုတ်။

ခံရခက်သော အမျိုးအမည် မသိသော ဝေဒနာတစ်ရပ်၏ ကြီးစိုးခြင်းကြောင့် နတ်ဝင်သည့်နှယ် တဆတ်ဆတ် တုန်ယင်လာသည်။

"ဟုတ်တယ် 'မ'၊ 'မ'ကို ကျွန်တော်အရွယ်ရောက်စ အချစ်ကို သိတတ်နားလည်ခံစားတတ်စ အရွယ်မှာကတည်းက စတင်ချစ်ခဲ့တယ်"

"ရှင်ဘာတွေပြောနေတာလဲ"

"အမှန်အတိုင်း ကိုယ့်စွဲလမ်းချက်ကို စွဲလမ်းတဲ့အတိုင်း ဝန်ခံနေတာပါ 'မ'. ."



www.burmeseclassic.com

www.burmeseclassic.com



ခင်ဝတီ အံ့ဩခြင်းနှင့်အတူ ဆွံ့အသွားသည်။ ပြောစရာစကားကို ရင်တွင်းမှ မတူးဖော်တတ်အောင်ပင်ဖြစ်သွားသည်။

"ကျွန်တော် ကိုးတန်းနှစ်လောက်မှာ ခင်ဝတီတို့ မန္တလေးအိမ်ကို ဖေဖေနဲ့အတူ ကိစ္စတစ်ခုနဲ့ ရောက်လာပါတယ်၊ အဲဒီအချိန်မှာ ခင်ဝတီဟာ သူငယ်ချင်းတွေနဲ့ ခြံထဲမှာ ကြက်တောင်ရိုက်နေကြတယ်၊

ကျွန်တော့်ကိုတော့ မမြင်ကြပါဘူး၊ ကျွန်တော်ကတော့ မြင်တယ်၊ အဲ့ဒီအမြင်ဟာ နှလုံးသားကို ထိထိရောက်ရောက် ဝင်ရောက်လာတယ်"

ခင်ဝတီ ပြန်စဉ်းစားသည်။ ကျောင်းပိတ်ရက်များတွင်တော့ မန္တလေးသို့ ပြန်လည်တတ်သည်။ ပိတ်ရက်များထဲက တစ်နှစ်နှစ်က တစ်ရက်ရက်ဖြစ်ပေမည်။

"အဲ့ဒီအချိန်မှာ ဖေဖေပြောလိုက်တဲ့စကားတစ်ခွန်းကို ကျွန်တော့်နှလုံးသားထဲ စွဲနေအောင် မှတ်သားလိုက်မိတယ်"

ခင်ဝတီ စိတ်ဝင်စားစွာ သူ့အား ကြည့်မိသည်။

သူက ငဲ့စောင်းအကြည့် အကြည့်ချင်း ခလုတ်တိုက်မိကြသည်။

ခင်ဝတီ အူစုံအသည်းစုံတို့သည် ရင်တွင်းမှာ ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်ပြီလား။ ကတုန်ကယင်ကြီး ဖြစ်သွားသည်။

သူ့အကြည့်က ခင်ဝတီ၏တုန်လှုပ်မှုကို ဖမ်းစားသွားနိုင်ပါလား။

"ဟော့ကောင်. . . မင်းက တူတန်လို့လား၊ ဆရာ့သမီးကို သွားငမ်းနေတာလား၊ ကိုယ့်ဘဝကိုယ် သိစမ်းပါ၊ တုံးခုလို့လည်း မလှမ်းနိုင်ဘူး၊ တံချူနဲ့လည်း ချူလို့မမီနိုင်တဲ့ အလုပ်ပန်းကို လှမ်းမနေနဲ့ အပိုပဲတဲ့ဗျာ၊





အဟင်း. . ဟင်း. . ကျွန်တော့်ကို ဖေဖေက မူးမူးနဲ့ ပြောလိုက်ပေမယ့် ကျွန်တော့်နှလုံးသားကို နက်ရှိုင်းစွာ စိုက်ဝင်သွားခဲ့တဲ့ စကားတွေ ဖြစ်သွားတယ်၊

လောကကြီးမှာ လူလူချင်း မတူမတန်ဘူးဆိုပြီး ဘယ်လိုတိုင်းတာကြသလဲ၊ လိုအပ်တယ်ဆိုရင် တုံးခုပြီး လှမ်းတန်လှမ်းရမယ်၊ တံချူနဲ့ ခူးသင့်ရင်လည်း ခူးရမှာပဲလို့ ကျွန်တော် စိတ်ထဲက ပိုင်းဖြတ်ခဲ့တယ်၊

ဆုံးဖြတ်ချက်အရ ကျွန်တော့်ဘဝကို မြင့်မားအောင် ကြိုးစားခဲ့ပါတယ်၊ အနိုကယ့်မိသားစုနဲ့ ကျွန်တော်တို့မိသားစု အဆက်အသွယ် မပြတ်ခဲ့ပါဘူး၊ 'မ' အကြောင်းတွေကို မျက်ခြည်မပြတ် လေ့လာနေခဲ့ပါတယ်၊

ယောကျ်ားတွေကို အထင်မကြီးတတ်တဲ့ 'မ' ကို စိတ်ချလက်ချနဲ့ အချိန်အခါကို စောင့်စားရင်း အဝေးကသာ စောင့်ကြည့်နေခဲ့တဲ့သူပါ"

သူက စကားအရှည်ကြီးကို မမောနိုင် မပန်းနိုင် ပြောသွားသည်။ အံ့အားသင့်စရာ ကောင်းလွန်းလှသည်။ မိမိကို နှစ်ရှည်လများ စောင့်ဆိုင်းပြီး ချစ်နေခဲ့သော လူတစ်ယောက် ကမ္ဘာ၌ ရှိနေပါလား။ ဂုဏ်ယူရမှာလား၊ စိတ်ဆိုးရမှာလား။

"ချစ်ခြင်းဆိုတဲ့အစွဲအလမ်းဟာ ဘဝတစ်ခုလုံးကို ဦးဆောင်သွားနိုင်တယ်ဆိုတာ ယုံကြည်ချင်မှ ယုံကြည်ကြပေလိမ့်မယ်၊ ဒါပေမယ့် ကိုယ်တွေ့ခံစားဖူးသူတွေကတော့ သိကြမှာပဲ. . . လက်ခံကြမှာပဲ၊

ဆယ်တန်းအောင်တော့ ကျွန်တော် ခြောက်ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ထူးထွက်ခဲ့တယ်၊ ဆရာဝန်ကလည်း ဝါသနာမပါ၊ ဒါပေမယ့် ဘာလုပ်ရကောင်းမလဲဆိုတဲ့အတွေးနဲ့ Guide study လုပ်ရင်းက စာသင်ပေးရတာ ဝါသနာပါလာတယ်၊

ကျူရှင်ဆရာ လုပ်ရတာ ဝင်ငွေကလည်း ကောင်းဆိုတော့ ကျွန်တော့်ဘဝတက်လမ်းအတွက် Chemistry မေဂျာကို ယူပြီး ကျွန်ဘာသာရပ်တွေကို လေ့လာရင်းနဲ့ ဆယ်တန်းဆင့် သိပ္ပံဘာသာ တွဲကို ပြပေးနိုင်ပြီး တက္ကသိုလ်ဆင့်တွေကတော့ Chemistry ကို သင်ပေးနိုင်ခဲ့တယ်၊

ကျွန်တော် ဆယ်တန်းအောင်ကတည်းက ကြိုးစားခဲ့တဲ့ငွေနဲ့ အခုဆိုရင် ကျွန်တော်ချစ်တဲ့ 'မ' ကို ကာလပေါက်ဈေးအရ သိန်းနှစ်ရာတန်တဲ့ တိုက်နဲ့ ခြံဝန်းနဲ့ ကားနဲ့ ထားနိုင်ပြီဖြစ်လို့ ကျွန်တော် 'မ' ကို လက်ထပ်ချင်ပြီ၊ 'မ' သဘောကို သိချင်တယ်"

ခင်ဝတီ ခြေဖျားလက်ဖျားတို့ အေးစက်ကုန်သည်။

ရည်းစားစကား အပြောခံခဲ့ရပေါင်းမှာ မရေမတွက်နိုင်အောင် ခံခဲ့ရသည်။

ယခုလို သွေးအေးအေးနှင့် ပြောသော ချစ်စကားမျိုး တစ်ခါမှ မခံဖူးရခဲ့။

ခင်ဝတီ မျက်နှာတစ်ပြင်လုံး မီးအဟပ်ခံရသည့်နှယ် ပူစပ်ပူလောင်ကြီးဖြစ်နေသည်။

ရင်ခုန်ခြင်းဟူသော သံစဉ်အောက်ဝယ် စကားပြောခြင်း အတတ်ပါ ပျောက်ဆုံးနေလေပြီ ထင်ပါသည်။

ချစ်ခြင်းဟူသောတရွေသည် လူအား တုန်လှုပ်ချောက်ခြားအောင် ဤမျှအထိ ဖမ်းစားနိုင်လိမ့်မည်ဟု မိမိမသိခဲ့ပါလား။

ထိုစဉ် ကားသည် ထိုးရပ်သွားသည်။ ဇေယျဝတီပင်





မရောက်သေး။

"ဒုက္ခပဲ. . . ကား ဘာများဖြစ်ပါလိမ့်"

သူက ကားပေါ်မှ ကပျာကသီ ဆင်းလိုက်သည်။

ခင်ဝတီအပါးမှ သူ ခေတ္တကင်းကွာ အာရုံပြောင်းသွားခြင်းတိုပင် အသက်ရှူချောင်သွားသယောင်ယောင် ခံစားလိုက်ရသည်။

ခင်ဝတီ လိုက်ဆင်းလိုက်သည်။ သို့သော် ကားအဖုံးဖွင့်ကာ ဟိုစမ်းသည်စမ်း လုပ်နေသော သူနှင့် ဆန့်ကျင်ရာ ကားအမြီးပိုင်းဘက်သို့ ဖြည်းညင်းစွာ လျှောက်လှမ်းလိုက်သည်။

ဂနာမငြိမ်ဖြစ်ခြင်းသည် စိတ်လှုပ်ရှားခြင်း၏သင်္ကေတများ ဖြစ်လိမ့်မည်ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ချစ်ခြင်းဟူသောတရွေ့ကို
ထိတ်ထိတ်ပန်ပန်နှင့်
လှုပ်ရှားခိုင်းရင်ဆိုင်ခဲ့ရသည့်
ဝေဝပ်ပါသည်...

# အခန်း(၂၀)

"ဘယ်လိုလုပ်ကြမလဲ"

မှောင်ရိပ်ပျိုးလာသည်နှင့် ခင်ဝတီ၏ပူပန်မှုက အထွတ်အထိပ်သို့ ရောက်လာသည်။

ခင်နွယ်နီအတွက် ပူပန်မှု လုံးဝမရှိတော့။ မိမိအတွက် ပူပန်မှုသာ ရှိတော့သည်။

"ကားတစ်စီးစီး လာရင် တားကြည့်တာပေါ့"

ကားတွေကတော့ လာပါသည်။ သို့သော်. . .

"ကားအကြောင်း မကျွမ်းကျင်လို့ပါ"





"ကားစက်နားမလည်လို့ပါ"

"မက္ကင်းနစ် မဟုတ်လို့ပါ"

နှင့် ရှောင်လွှဲသွားတတ်သည်။

"လိုင်းကားနဲ့ စီးသွားမလား"

ဆီချေးပေးနေသောလက်ကို အဝတ်စုတ်နှင့် သုတ်ရင်း သူ မေးလိုက်သည်။

"ကား ဘယ်လိုလုပ် ထားခဲ့မလဲ"

"ဇေယျဝတီအထိ သွားပြီး ကျွန်တော့်သူငယ်ချင်း ဝပ်ရှော့ဆိုင်ကို လူလွှတ်ပြီး ယူခိုင်းလိုက်မယ်"

သူ့၌ အကြံဉာဏ်ကောင်းများ လျှပ်တပြက် ပေါ်လာတတ်သည်ပင်။

"ကောင်းမယ်ထင်သလိုသာ လုပ်ကြတာပေါ့"

ဟု ပြောပြီး လိုင်းကားစောင့်နေစဉ် သူက. . .

"ရော့. . .'မ' အေးနေပြီ"

ဟု သူ့ဂျာကင်လေး ချွတ်ကာ မိမိအား လွှမ်းခြုံပေးသည်ကို မငြင်းပယ်မိ။ အမှန်တကယ်လည်း အေးနေပြီ။ ပဲခူးရိုးမအနီးတောအုပ်ကိုတစ်သွယ်၊ လယ်ကွင်းကိုတစ်လီ ဖြတ်သန်းတိုက်ခတ်လာသော ဆောင်းလေအေးတို့သည် မိမိအား အနိုင်ယူနေလေပြီ။

သူက ပခုံးထက် ခြုံပေးလိုက်မှုကို ငြိမ်သက်စွာ ခံယူရင်းမှ သူ့အား ကြည့်လိုက်မိသည်။ သူလည်း ရယ်ဒီမိတ် မာတင်အပြာလေးနှင့်ဆိုတော့ ချမ်းရှာမည်လော။

စာနာစိတ်ဖြင့် သူ့အပေါ် ကရုဏာသက်သွားသည်။

"ရှင်အေးနေမှာပေါ့"

"သိပ်မအေးလှပါဘူး၊ ယောကျ်ားပဲ. . . ခံနိုင်ရည် ရှိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်”

သူ ခံနိုင်ရည် ရှိသည် မှန်သော်လည်း သူချမ်းတုန်နေမှာကို ကိုယ်ချင်းစာမိသည်။ မိမိတစ်ဦးတည်း နွေးထွေးစွာ နေရပြီး သူ ချမ်းအေးနေမှာကို မလိုလားချေ။ သူ့ကိုလည်း နွေးထွေးစေချင်သည်။ မိမိတို့နှစ်ဦးစလုံး နွေးနွေးထွေးထွေး ရှိပါက အဘယ်မျှ ကောင်းမည်နည်း။

ဟင်. . . မုန်းတီးပါသည်ဆိုသော ညစောင့်အပေါ် မိမိ သဘောထားများသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပြောင်းလဲနေပါလား။

ကြက်သီးဖြာ တုန်လှုပ်သွားမှုကို မိမိအား မျက်တောင် မခတ်တမ်း ကြည့်နေသောသူက မြင်တွေ့သွားဟန်တူသည်။

“ချမ်းနေရင် ဝတ်လိုက်ပါလား. . . ပွနေလို့လား၊ ဘာဖြစ်လဲ. . . ဟော့ရှော့ပေါ့”

“ရပါတယ်. . . လိုင်းကားတွေ ရှိပါဦးတော့မလား”

“ရှိမယ်ထင်တာပဲ၊ ခြောက်နာရီ နောက်ဆုံးခေါက်ဆိုတော့ ရှိမှာပါ”

မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်မျှော်လိုက်သည်။

နာရီက ခြောက်နာရီနှင့် ဆယ်မိနစ်စွန်းကို ညွှန်ပြနေလေပြီ။

ဆူးကျလည်းဖက်၊ ဖက်ကျလည်းဖက်ဟူသော မိန်းမသားဘဝကို ခင်ဝတီ သဘောပေါက်မိသည်။

“မ. . ကားကို စောင့်ထားနော်၊ ကျွန်တော် ကြိုးစားပြင်ကြည့်ဦးမယ်၊ လူက စာသင်ဖို့ကိုသာ ကျွမ်းတာ၊ ကားစက်အကြောင်း မသိဘူး”





ဟိုဟာလုပ် သည်ဟာနှိုက်ချွတ်နှင့် သူကြိုးစားနေသည်။

ခင်ဝတီက အဝေးပြေးလမ်းမကြီးပေါ် ဖြတ်သန်းလာသည့် လိုင်းကားကို စောင့်မျှော်နေမိသည်။

“မာဇဒါ ဂျစ်တစ်စီး လာတယ်. . . တားလိုက်ရမလား”

“တားလိုက်. . . တားလိုက်”

သစ်တောတံဆိပ် ပါသော မာဇဒါဂျစ်တစ်စီးကို တားလိုက်သည်။

တော်သေးသည်။ ရပ်ပေး၏။ ကံကောင်းခြင်းတရားသည် ခင်ဝတီတို့ဘက်၌ ရပ်တည်ပေးနေသေးသည်။

“ဘာဖြစ်လို့လဲ”

“ကားပျက်သွားလို့ပါ အန်ကယ်၊ ကျွန်တော်တို့ မြို့အထိ လိုက်ပါရစေ”

သဘောကောင်းပုံရသော သစ်တောဘက်ဆိုင်ရာ အရာရှိကြီးဖြစ်ဟန်တူသောပုဂ္ဂိုလ်က ဒရိုင်ဘာကို ကျော်လွန်ကာ မေးလိုက်သည်။

“ကား ဒီအတိုင်း ထားခဲ့မလား”

“ဟုတ်ကဲ့. . . မြို့ရောက်မှ မက္ကင်းနစ်ကို ခေါ်ပြီး လာပြင်ပါမယ် အန်ကယ်”

“ကိုင်း. . . ဒါဖြင့်လည်း တက်ကြ”

ရှောရှောရှူရှူပင် ခွင့်ပြုသဖြင့် ခင်ဝတီနှင့်သူ နောက်ခန်း တက်ထိုင်လိုက်သည်။ ခင်ဝတီ ခြင်းတောင်းလေးကို သူ မမေ့မလျော့ ယူလာခဲ့သည်။

ကြည့်. . . ခင်ဝတီသည် အရာရာကို မေ့လျော့နေခဲ့ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကားက ဘယ်လိုဖြစ်တာလဲ"

"မသိပါဘူး အန်ကယ်၊ မောင်းနေရင်း ထိုးရပ်သွားတာပဲ၊ သော့တောင် လုံးဝဖွင့်လို့မရတော့ဘူး"

"ဖြစ်တတ်တယ်. . . တို့တွေလည်း ကားသာ စီးတတ်ကြတယ်၊ ကားစက်အကြောင်း နားမလည်ကြဘူး"

ထိုမျှလောက်နှင့် စကားစ ပြတ်သွားသည်။ ဇေယျာဝတီ ရောက်ပြီး ဖြူးသို့ ခရီးဆက်ခဲ့သည်။

"ဇေယျာဝတီမှာဆိုရင် မ အိမ်အပြန် သိပ်မိုးချုပ်သွားမှာစိုးလို့ ဖြူးအထိ သွားပြီးမှ ကြည့်စီစဉ်တော့မယ်"

ခင်ဝတီ ဘာမှမပြောချင်တော့။

သူကြိုးဆွဲရာ ကနေသော ရုပ်သေးရုပ်တစ်ရုပ်နှယ် ဖြစ်နေသည်။ မာဇဒါဂျစ်က မြန်လှသည်။

ဖြူးသို့ ခုနစ်နာရီခန့်တွင် ရောက်လာသည်။

"ဘယ်နား ချပေးရမလဲ"

"မြို့ထဲသာ ချပေးပါ အန်ကယ်"

"အိုကေ"

မြို့မဈေးကြီးရှေ့ ပန်းခြံအနီးတွင် ကားကို ရပ်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် အန်ကယ်. . . ခွင့်ပြုပါဦး"

"မလိုပါဘူးကွယ်. . . အပန်းမကြီးပါဘူး၊ ထမ်းခေါ်လာရတာမှ မဟုတ်တဲ့"

ခင်ဝတီက အပြုံးနှင့်သာ ကျေးဇူးတင်ကြောင်း ပြလိုက်စဉ်မှာပင် ကားလေး ထွက်သွားသည်။

"မ. . သွားနှင့်မလား"





မိမိအား သူသည် 'မ' ဟု ရဲတင်းစွာ ခေါ်နေသည်ကို ဟန့်တားရန် မေ့လျော့နေသည်။

ခင်ဝတီ စဉ်းစားလိုက်သည်။

သွားနှင့်ရကောင်းမလား၊ ဖေဖေတို့ ရောက်နေပါက ခုချိန်ထိ ပြန်မရောက်သေးသော မိမိအတွက် စိတ်ပူနေလိမ့်မည်။ ခေါ်ခွေးမ ပြောသဖြင့် သူ ယုံကြည်စိတ်ချသော မောင်ဘုန်းနှင့် သွားကြောင်း သိလျှင် မည်သို့ ရှိမည်နည်း။

"သွားနှင့်မယ်"

"နေဦးဗျာ. . . ကျွန်တော်နဲ့ ရှေ့နားက ဝပ်ရှော့ကို ခဏလိုက်ခဲ့ပြီးမှ သွားတာပေါ့၊

ရှင်းစရာရှိရင် ကျွန်တော်ပဲ ရှင်းပေးပါ့မယ်၊ 'မ' သိပ်ပင်ပန်းနေပြီ"

သိပ်မဝေးလှသောနေရာမှ ဝပ်ရှော့သို့ သူတို့ လျှောက်လာကြသည်။

သူက သူငယ်ချင်းအား အကျိုးအကြောင်း ပြောပြပြီး ကားသော့ပေးလိုက်သည်။

"စက်ဘီးတစ်စီး လွယ်ရင် ပေးလိုက်စမ်းကွာ"

"ယူသွားလေ"

"အိုကေ. . . ကားအတွက် စိတ်ချထားမယ်နော်"

"စိတ်သာချ. . . မနက်ရောက်ရင် သံရည်ကျိုတဲ့ဆီ ပို့ဖို့သာ ပြင်ထားတော့"

သူငယ်ချင်းကလည်း ပျော်တတ်ပုံ ရသည်။ သူ့အား ခနောက်လိုက်သည်။

စက်ဘီးကို တွန်းကာ ယူခဲ့ပြီး မလှမ်းမကမ်းရောက်မှ. . .



www.burmeseclassic.com

www.burmeseclassic.com



“မ. . နောက်က စီးရဲသလား”

“စီးရဲပါတယ်. . . ဒါပေမယ့် သူများတွေလို ပြေးခုန်ပြီး မတက်တတ်ဘူးနော်”

“ရတယ်လေ. . ကိုင်ထားပေးမယ်. . တက်”

“ဩော်. . . အန္တေးထည် ဝတ်လိုက်ဦး”

ခြုံထားသောအန္တေးထည်ကို ထိန်းထားရတာတစ်ဖက်၊ စက်ဘီးကို ကိုင်ထားရတာ တစ်ဖက်ဖြစ်မှာစိုး၍ သူပြောလိုက်ခြင်း ဖြစ်မည်။ ခင်ဝတီ သူ့စကားကို နာခံလိုက်သည်။

သူကိုင်ထားသော စက်ဘီးနောက်ကိုင် ကယ်ရီယာပေါ် သို့ တင်ပါးလွှဲ တင်ကာ ထိုင်လိုက်သည်။

“ခြင်းတောင်းပေးလေ”

“ရတယ်. . ကျွန်တော်ပဲ ကိုင်မယ်”

“စက်ဘီးလည်း နင်းရသေးတယ်၊ ခြင်းတောင်းလည်း ကိုင် ရသေးတယ်ဆိုတော့ ကျွန်မ တော်တော် မတရားရာ ရောက်နေ မလား”

“ကိစ္စမရှိပါဘူး. . . အဲဒီမတရားမှုကိုပဲ ကျွန်တော်က လိုလိုချင်ချင် ခံယူချင်နေပါတယ်ဆိုပါတော့”

ကျောခိုင်းထားသောကျောပြင်ကြီးကိုသာ မြှောတင်လိုက် ချင်သည်။

လောကကြီး၌ တစ်ယောက်တည်း နေခြင်းထက် ပို၍ အဆင်ပြေ ကောင်းမွန်သော နေထိုင်မှုမျိုးတွင် ဘဝအဖော်ဆိုသည် မှာ လိုအပ်သည် ထင်ပါသည်။

တကယ်တမ်း အရေးအကြောင်း ကြုံလာသောအခါ ယောက်ျားများသည် မိန်းမသားများရှေ့တွင် မားမားရပ်တည်ပေး





တတ်သည် ထင်ပါသည်။

ယောက်ျားတိုင်းတော့ ဟုတ်မည် မထင်ပါ။ သူလိုလူမျိုး တစ်ရာမှာ တစ်ယောက်တော့ ရှိနိုင်ပါ့မလား။

ခြံထဲ ရောက်သည်နှင့် အိမ်ဝ၌ တမျှော်မျှော် ဖြစ်နေသော ဖေဖေ့ကို အလျှင် ရင်ဆိုင်တွေ့လိုက်ရသည်။

“ဘယ်လိုဖြစ်တာလဲ သမီး”

ဖေဖေသည် ဆီးကြိုကာ မေးလိုက်သည်။ ပူပန်ခြင်းအရေး အကြောင်းတို့သည် ဖေဖေ့မျက်နှာ၌ အထင်းသား ပေါ်လွင်နေ သည်။

“မောလိုက်တာ ဖေဖေရာ. . . ကားပျက်နေလို့”

“ဒါဖြင့် နားကြဦး၊ မောင်ဘုန်းကော. . . လာလေ၊ ထိုင်ကြ ဦး”

“မေမေကော ပါလား”

“ပါပ့ါတော်. . . ဘယ့်နှယ့် ငါ့သမီးကြီး တော်လှတော်လှနဲ့ ယောက်မငြင်းစီး ထွက်နေတာပဲ၊ ယောက်ျားတစ်ယောက်နဲ့ အချိန် တော်အထိ သွားလာနေတယ်ဆိုတာ”

“မသဉ္ဇာ. . . မင်းပါးစပ်ပိတ်ထားစမ်း၊ ကလေးတွေ မော လာရတဲ့အထဲ”

“ဟွန်း. . . ပြောလိုက်ရင် သူ့သမီးကြီးဘက်က”

မေမေကြောင့် ခက်သည်။ ခင်ဝတီ မျက်နှာထူပူသွား သည်။

“ဆာလိုက်တာ ဒေါ်ခွေးမရာ၊ ထမင်းပွဲ ပြင်တော့၊ ခြေ သက်တွေ ဆေးလိုက်ဦးမယ်”

ခင်ဝတီ မာမင်ထွက်ခဲ့သည်။ ဖေဖေ့အား သူ့ အကျိုး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ရှင်းပြနေသံကို မကြားတစ်ဝက် ကြားတစ်ဝက်နှင့် ရှိနေသည်။

"သူ့ဇာတ် သူနိုင်မယ်ထင်လို့ က,သွားတဲ့ကိစ္စကို ဘာမှ လိုက်ရှာဖွေနေစရာ မလိုတော့ဘူး၊ နေပါစေ . . ပေယျာလကန်ခဲ့ သဘောထားလိုက်တာပေါ့။

ကိုင်း . . ကိုင်း . . မင်းတို့လည်း ပင်ပန်းလာကြတယ် ထမင်းစားလိုက်ကြဦး၊ သမီးရေ . . မောင်ဘုန်းပါ တစ်ခါတည်း ခေါ်ကျွေးနော်"

"ဟုတ်ကဲ့ ဖေဖေ"

"အန်ကယ်တို့ မြို့ထဲ လမ်းလျှောက်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

မေမေကတော့ ဖေဖေ့ကို ကြောက်ရသဖြင့် ဘာမှမပြော သော်လည်း မျက်စောင်းတခဲခဲနှင့် ရှိနေသည်။

သူ ရေချိုးနေသည်ကို ဆာလျက်နှင့် ခင်ဝတီ စောင့်နေမိ သည်။ ဒုက္ခအတူခံကာ ခရီးတစ်ခုကို အတူတကွ သွားခဲ့ပြီးမှ သာ တောင့်သာယာ ရှိချိန်ကျမှ လက်တွဲဖြုတ်ရသည့်အနေမျိုး မရောက် စေချင်တော့ပါ။

သူ ရေချိုးပြီးချိန်တွင် သူ ယူလာပြီး ဒေါ်ခွေးမထံ အပ်ခဲ့ သောအိတ်မှ အဝတ်အစား လဲပြီး . . .

"မ . . ထမင်းမစားသေးဘူးလား"

"ရှင့်ကို စောင့်နေတာ"

မလိုအပ်သောမေးခွန်းအတွက် သူ့အား မျက်စောင်းထိုး ပစ်လိုက်သည်။ အမှန်ဆို သူ့အပေါ် လိုက်လျောခြင်းအပေါ် မသိ ဟန်ဆောင်နေလျှင် အဘယ်မျှ ကောင်းမည်နည်း။ တစ်ဖက်သား





ရှက်စရာ မလိုဘူးပေါ့။ ယခုတော့ ရှက်ရှက်နှင့် မှန်သောစကားကို ပြောလိုက်ရသည်။

"ဒီလိုမှန်း စောစောက သိရင် ရေတောင် အရင်မချိုးပါ ဘူး"

ပြောပြောဆိုဆို ရုပ်အင်္ကျီ ကြယ်သီးတပ်ရင်း သူ ဝင်ထိုင် လိုက်သည်။

ခုမှ ခွကျသည်။ ခင်ဝတီ သူနှင့် ပထမဦးဆုံးအကြိမ် ထမင်းလက်ဆုံ စားမိခြင်းဖြစ်သည်။

ဟင်းတွေ သူ့ပန်းကန်ထဲ ဦးချပေးရကောင်းမလား၊ မလို ဘူး ထင်ပါသည်။ မိမိနှင့်သူသည် ဘာမှမဆိုင်ဘဲ။ သို့ဆိုလျှင် သူက ဧည့်သည်ပေပဲ။ ဧည့်သည်ကို ဦးချသည့်သဘောနှင့် ထည့်ပေးလိုက် လျှင် ကောင်းမည်လား။

"ဟဲ့ . . . ဟင်းတွေဟာ စားဖို့နော်"

ဒေါ်ခွေးမအသံကြောင့် လန့်ကာ ငါးဖယ်ဆီပြန်ပန်းကန်သို့ လက်လှမ်းလိုက်သည်။ သူကလည်း လက်အလှမ်းနှင့် လက်ချင်း ဆုံကြသည်။ လက်ချင်းဆုံလျှင် ဧည့်သည်လာတတ်သည်ဟု စကား ရှိသည်။ ဘယ်သူများ လာဦးမလဲ စိုးထိတ်သွားသည်။

မထူးတော့ပါဘူး ဟူသောသဘောဖြင့် လက်ပြန်ရုပ်သိမ်း သွားသူ သူ့ပန်းကန်ထဲသို့ ငါးဖယ်ဆီပြန်ဟင်းကို ခပ်ကာ ဦးချလိုက် သည်။

"စား . . . ကိုမြတ်ဘုန်း"

"မ . . စားပါ၊ ကျွန်တော် ဧည့်သည်မဟုတ်ဘူး"

ဧည့်သည်မဟုတ်ဘူးဆိုလျှင် အိမ်သည်ပေါ့။ ခင်ဝတီ ဆာ လောင်နေသော်လည်း စားရသောက်ရတာ အရသာ မတွေ့သကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

သူလည်း ထိုနည်းအတူ ထင်ပါသည်။ တို့ကနန်း ဆိတ်ကနန်းနှင့်။

"ဒီနှစ်ယောက်ဟာ အစားအသောက် နည်းလိုက်တာ၊ ထည့်စားစမ်းပါဟယ်"

ဒေါ်ခွေးမက အားမလိုအားမရ ခူးခပ်ပေးပြန်သည်။

"ရတယ် ဒေါ်ခွေးမ. . . အဆာလွန်သွားလို့ပါ"

"အေးပေါ့. . လွန်ကုန်ရောပေါ့၊ တော်သေးတယ်၊ ရှစ်နာရီကျော်လို့မှ ပြန်မလာရင် ဆရာကတော်က ရဲစခန်း တိုင်တော့မယ်တဲ့၊ ဆရာ ပါလာပေလို့၊ ဆရာသာ မပါရင် ဟိုတိုင်ဒီတိုင်နဲ့ ခင်ဝတီသက်သက်မဲ့ အရှက်ကွဲပြီသာမှတ်"

ယုံပါသည်။ ထိုကဲ့သို့ ဖြစ်လိမ့်မည်ကို။

"ကျွန်တော်စဉ်းစားမိတာ တစ်ခုတော့ ရှိတယ်"

"ဘာများလဲ"

"ကျောက်တံတားမှာလည်း ကျွန်တော်တပည့်သူငယ်ချင်း တစ်ယောက် ရှိသေးတယ်၊ အဲ့ဒီများ သွားလား မသိဘူး"

"နေပါစေတော့. . . ဘာဖြစ်လို့ လိုက်ဒုက္ခခံနေတော့မလဲ"

"မဟုတ်ဘူးလေ. . . ဆရာတို့က သမီးရှင် မဟုတ်လား ရှက်ရှာမှာပေါ့၊ နှစ်နာစရာရှိရင် မိန်းကလေးရှင်ဘက်ကပဲ နစ်နာတာပေါ့၊ ကျွန်တော့်မှာ တပည့်တွေအတွက် တာဝန်ရှိတယ်၊

တွေ့ပြီး မင်္ဂလာကိစ္စဘာညာ ဆောင်ရွက်ပေးဖို့က ဆရာတို့ထံ ပြန်အပ်ပြီး စီစဉ်ပေးဖို့ လုပ်ဆောင်ပေးသင့်တယ်လို့ ထင်လို့ပါ"

"ဖေဖေတို့က လက်ခံပါ့မလား"





"စိတ်ဆိုး ခဏပဲပေါ့၊ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတယ်၊ သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမှ မရှိဘဲ၊ ဆရာ့မျက်နှာမှာ ဒေါသ ကရုဏာအရိပ်တွေ သန်းနေတယ်. . . အဆင်ပြေသွားမှာပါ"

"သူက အာမခံရဲနေလိုက်တာ"

သူဟု သုံးလိုက်ပြီးမှ ကန့်ကလျနိုင်သွားပြီဟု သိလိုက်ရသည်။

"အချစ်နဲ့ ပတ်သက်လာရင် ကိုယ့်ချင်းစာတရားနဲ့ အာမခံရဲတတ်ပါတယ်"

ဒေါ်ခွေးမသည် အပျိုကြီးဖြစ်သော်လည်း ငယ်ရာမှ ကြီးလာသူပီပီ အလိုက်တသိ ရှောင်ထွက်သွားလေပြီ။

ထိုအခါ သူသည် ဇွန်းခက်ရင်းကို ချကာ ခင်ဝတီမျက်နှာအား မေးထောက်ကြည့်ကာ. . .

"ပွဲလန့်တုန်း ဖျာခင်းတဲ့သဘောလို့ပဲထင်ထင် 'မ' ဆီက အဖြေလိုချင်ပြီ"

"ရက်စ်အော်နီးပေါ့နော်"

ရင်ခုန်ခြင်းနှင့်အတူ အရင်လို မဟုတ်တော့ဘဲ ရဲရင့်ခြင်းတို့ ပျောက်ဆုံးလာသည်။

ချစ်ခြင်းဟူသောတဖွေကို ထိတ်ထိတ်လန့်လန့်နှင့် လူတိုင်းရင်ဆိုင်ခဲ့ရသည် ထင်ပါသည်။

အပြောကြီးခဲ့သော ခင်ဝတီသည် ထိုအချစ်တဖွေကို ရင်ဆိုင်ရသည့်အတွက် ခြေဖျားလက်ဖျား အေးစက်ကာ ထိတ်ထိတ်သန့်လန့် ရှိနေသည်။ ရင်ခုန်လှိုက်မောခြင်းတို့ ဖြစ်နေသည်။

သူ့မျက်နှာကို မဝံ့မရဲ ရင်ဆိုင်လိုက်ရသည်တွင် မိမိက



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင် မျက်လွှာချမိသည်။

"ထမင်းဆက်စားလေ"

"တော်ပြီ . . . မျှော်လင့်ခြင်းတွေနဲ့ ရင်တွေမှာ ခုန်နေတယ်"

ယခင်ကလို ရင့်ရင့်သီးသီး ပြောလိုက်ချင်သည်။ သို့သော် ပြော၍မထွက်တော့။ ဘာကြောင့်နည်း။

"ချစ်ရင် ချစ်တဲ့အကြောင်း ပြောဖို့များ ခက်ခဲနေသလားမ"

သူ ထမင်းတစ်ပန်းကန်ကို ပြောင်တန်းအောင် မစားနိုင်သကဲ့သို့ မိမိလည်း မစားနိုင်တော့။

သူက လိမ္မော်သီးတစ်လုံး ယူကာ နွှာလေသည်။ ခင်ဝတီက ငှက်ပျောသီး ခွာစားလိုက်သည်။ ဘာဖြစ်၍များ သူ့အား ထားခဲ့ကာ မိမိအိပ်ခန်းထဲသို့ ဝင်ကာ အနားမယူနိုင်ရသေးပါသနည်း။ ကိုယ့်ကိုယ်ကို ဒေါသဖြစ်မိသည်။

"မုန်းရင်မုန်းကြောင်းတော့ ပြောရမလား"

ခင်ဝတီ သွေးတိုးစမ်းမိသည်။

"ဒါလောက်တော့ မကျီစယ်ပါနဲ့ဗျာ၊ မာဒင်ထုံး နှလုံးမူပြီး နှစ်ရှည်လများ ကြိုးစားခဲ့ရတဲ့သူပါဗျာ၊ ချစ်သက်တမ်းကို အမှတ်ပေး စနစ်နဲ့သာ ပေးရင် ကျွန်တော့်ကို ရာနှုန်းပြည့် ဂွဲဆုချသင့်ပြီထင်ပါတယ်"

ဒေါ်တင်တင်စိုးနှင့် တွေ့ဆုံလာရမည့်အရေးကို ဝန်လေးသွားသည်။

အိမ်ထောင်သားမွေးကိစ္စတစ်ခုတည်းနဲ့ လူသားတာဝန်ထမ်းဆောင်ခြင်းဆိုတာ မှီခိုသူအဖြစ် ရပ်တည်နေတဲ့ အားနွဲ့တဲ့





အိမ်ရှင်မဆိုတဲ့ မိန်းမသားတွေ ပြောတဲ့စကားမျိုး ဖြစ်ပါလိမ့်မယ်ဟု မိမိပြောခဲ့သောစကားကို ပြန်၍သတိရမိသည်။

အိမ်ထောင်သားမွေးကိစ္စအတွက် ချစ်ခြင်းသည် အဓိကဖြစ်ကြောင်း မိမိ ထိုစဉ်အခါက မသိခဲ့။ တကယ်တမ်း အရေးအကြောင်း ကြုံလာသောအခါ ယောကျ်ားများသည် မိန်းမသားများ၏ရှေ့၌ မားမားမတ်မတ် ရပ်တည်တတ်ပြီး မိန်းမသားများသည် အလိုအလျောက် မှီခိုသူဘဝသို့ ရောက်ရှိသွားတတ်ကြောင်း ကိုယ်တွေ့ အတွေ့အကြုံအရ ခင်ဝတီ သဘောပေါက်မိသည်။

ယောကျ်ားတိုင်းသည် တစ်မျိုးတစ်စားတည်း မဟုတ်နိုင်ဟု သူ့ကို ကြည့်၍ မှတ်ချက်ချမိသည်။ သို့ဆိုလျှင် သူတောင်းသောအဖြေကို ပေးသင့်သည်လော။

"သူက ချစ်သက်တမ်း ကြာခဲ့ပေမယ့် ခင်ဝတီက အခုမှ ပူပူနွေးနွေးဆိုတော့ စဉ်းစားရဦးမယ်"

သူက ပြုံးကာ အမျှင်သတ်ပြီးသား လိမ္မော်သီးမြွှာလေးများကို မိမိအား ကမ်းပေးသည်။

ချစ်ခြင်း၌ ယုယကြင်နာခြင်းတို့ ပါဝင်ကြသည်လား။ သူခွာပေးသော လိမ္မော်မြွှာကို ကျေနပ်စွာပင် ယူ၍စားမိသည်။ မိမိအားသာ လုပ်ဆောင်နိုင်သော အသေးအမွှားကိစ္စလေးကို အားကြောင့်များ မငြင်းပယ်မိပါလိမ့်။

မငြင်းပယ်နိုင်သည့်အပြင် ယုယမှုအပေါ် သာယာမှု ဖြစ်ပေါ်သွားသည်။ ဤသည်ကို အချစ်ဟု ခေါ်ပါသလား။

"ရက်ချိန်းယူရဦးမလား"

"အနည်းဆုံး တစ်နှစ်လောက်တော့ အချိန်ယူရဦးမှာပေါ့။ ခင်နွယ်နီတို့ မင်္ဂလာကိစ္စကလည်း ရှိသေးတယ် မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်တည်း မင်္ဂလာနှစ်ခု လုပ်လို့မကောင်းဘူးလို့ ပြောကြတယ်"

"သုံးခုဆိုရင် ပိုပြီးမင်္ဂလာရှိတယ်လို့ ဆိုကြတယ်၊ ကိစ္စတော့ မရှိပါဘူး၊ အိမ်တက်မင်္ဂလာပါ လုပ်လိုက်ရင် သုံးခုဖြစ်သွားတာပေါ့၊ အန်ကယ်တို့ကို ပြောဖို့ကိစ္စ ကျွန်တော့်တာဝန်ထားပါ၊ 'မ' က ကျွန်တော့်ကို ချစ်ရင်ချစ်ကြောင်းပဲ ပြောဖို့လိုတယ်"

"ကုန်ရှုံးရင်တစ်ခေါက် လင်ကုန်ရှုံးတော့ တစ်သက်လုံး မှောက် ဆိုတဲ့စကား ရှိတယ်မဟုတ်လား၊ ဒါကြောင့် စဉ်းစားရဦးမယ်၊ တစ်သက်တာအရေးအတွက် တစ်နှစ်လောက်တော့ အချိန်ယူသင့်တယ်လို့ ထင်တယ်လေ၊ မစောင့်နိုင်ရင် ကြိုက်တဲ့လူကို ယူနိုင်တယ်"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်မိသည်။

တကယ်တော့ ခင်ဝတီ တင်းနိုင်ပြီ။ သူ၏အချစ်အပေါ် ယုံကြည်မှုဖြင့် ခပ်တင်းတင်း နေနိုင်သည်။

ဒေါ်တင်တင်စိုးတို့အပြော မခံနိုင်သေးဘူး။

ဘက်ကီ ပြောသလို 'မင်းက အချစ်နဲ့မှ မတွေ့သေးဘဲကိုး အချစ်နဲ့ တွေ့လာရင် အပြောမကြီးနိုင်တော့ပါဘူး' ဟု ပြောခဲ့ဖူးသလို ခင်ဝတီ အပြောမကြီးနိုင်တော့ပေ။

သူစိမ်းယောကျာ်းတစ်ဦးအပေါ် အထင်ကြီးလာခြင်း ယုံစားလာခြင်းတို့သည် အချစ်၏ရှေ့တော်ပြေး ထင်ပါသည်။

ခင်ဝတီ သူ့ကို ချစ်လျှင်တော့ ချစ်ကြောင်းပြောဖို့ရာ ဝန်မလေးပါ။ သို့သော် ခင်ဝတီကိုယ်တိုင် ချစ်နေသလား မချစ်ဘူးလားကို နားမလည်ပေ။

အချစ်သည် အရွယ်မရွေး ပေါ်ပေါက်လာတတ်သည် ထင်ပါသည်။





"ကံကြမ္မာဆိုတာ မပြောနိုင်ဘူး 'မ'၊ ချစ်လျက်နဲ့ ကွေကွင်းရတဲ့ချစ်သူတွေဟာ ဒုနဲ့ဒေး၊ တစ်ခါတစ်ရံလည်း အချစ်ဆိုတာ ဖွင့်ဟ မဝန့်ခံရခင်မှာ ကွေကွင်းသွားတဲ့သူတွေလည်း ရှိတယ်၊

မချစ်ဘဲနဲ့ ညားလိုက်ရတဲ့သူတွေလည်း ရှိနေတတ်တယ်၊ ဒီတော့ ချစ်ခြင်းအပေါ် စိတ်ချချင်ရင် လက်ထပ်ခြင်းဆိုတဲ့ ဓလေ့ထုံးတမ်းနဲ့ အခြေအနေ ပေးတာနဲ့ တရားဝင် ဖွင့်ဟကြေငြာ ပိုင်ဆိုင်လိုက်ခြင်းသာ စိတ်အချရဆုံးဖြစ်တယ်"

ခင်ဝတီ ပြုံးလိုက်မိသည်။

"ဆရာဟာ အချစ်ဆိုတဲ့ဘာသာရပ်တစ်ခု တိုးပြီး ဆက်ရှင်တစ်ခု ထပ်ဖွင့်လို့ ရမယ်ထင်တယ်"

"အဲဒါဆို ရှုံးမှာပဲ၊ ခု တပည့်တစ်ယောက်ကို စည်းရုံးနေတာတောင် မရသေးလို့လေ"

ခင်ဝတီ ပြုံးလိုက်မိသည်။

သူနှင့် စကားပြောနေခြင်း၌ စိတ်ချမ်းသာစွာ ကြည်မွေ့နေခြင်းသည် ချစ်ခြင်းကို ပျိုးထောင်နေခြင်းပေလား။

"ကိုင်း. . . အချိန်ရတော့ ကျန်တဲ့သင်ခန်းစာလေးတွေ ဆက်ပြခဲ့ဦးမယ်"

လူနာ အမဲခြောက်တောင်းသလို မိမိထံမှ ချစ်အဖြေကို မတောင်းတော့ဘဲ စကားလမ်းကြောင်းကို သူကပင် စတင်လွှဲသွားသည်။

စာကို ရှင်းပြနေစဉ်ကာလ၌ အချစ်နှင့် ပတ်သက်၍ လုံးဝ မဟတော့။ ချစ်ရည်ရွှန်းသောမျက်လုံးများဖြင့်လည်း မကြည့်။ သိက္ခာသမာဓိ ရှိသော ကျောင်းဆရာတစ်ဦး၏စိတ်စေတနာ အပြည့်နှင့် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအပြုအမူမျိုးသည် စိတ်ဓါတ်ကြံ့ခိုင်သော ယောကျာ်းမျိုး၏ အထင်ကြီးဖွယ်ရာစိတ်ဓါတ်မျိုး ထင်ပါသည်။


ဪ. . . သူက တည်ငြိမ်နေသလောက် မိမိက စိတ်လှုပ်ရှားနေပါလား။

မိန်းမသားများသည် ယောကျာ်းများထက် ပို၍စိတ်ထိန်းချုပ်မှု စွမ်းအား နည်းသည်ထင်ပါသည်။









ချစ်ခြင်းစင်နောက်ကွယ်၌
ခွဲခွာခြင်းသည့်
ကပ်ငြိလိုက်ပါလာတတ်ပါလားဟု..

# အခန်း(၂၁)

"ဘာ. . ဘာရယ်. . "

"ခင်နွယ်နီတို့ ကားမှောက်လို့ ပဲနွယ်ကုန်းဆေးရုံမှာ ရောက်နေတယ်တဲ့"

နောက်နေ့မှ ကိုလှမြင့် ပျာယီးပျာယာ ရောက်လာကာ သတင်းပေးသည်။

"နေပါဦး. . . သေသေချာချာ ရှင်းစမ်းပါ ကိုလှမြင့်ရာ"

ကိုလှမြင့် ပျာနေသလောက် သူက သွေးအေးအေးနှင့်ပင် သူ့သူငယ်ချင်းကို ဆွဲထိုင်ခိုင်းပြီး စတင်၍မေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သွားသေးလဲ"

"အတွင်းလူနာအဖြစ် ကုထားရတယ်တဲ့"

"ဘယ်သူဆက်တာလဲ"

"ဆရာမအဒေါ် ဆက်တာ၊ သူတို့ ဒီမနက်ပဲ ကားနဲ့ ထွက်လာမယ်တဲ့၊ အဲဒါ ဆရာမကို အကြောင်းကြားထားပေးပါဆိုလို့ အကြောင်းကြားထားတာ"

"ဘယ်တုန်းက ကားမှောက်တာလဲ"

"မနေ့က ညနေဘက်တဲ့"

"ဪ. . . ငါတို့ တောင်ငူလိုက်သွားတုန်း ဖြစ်လိမ့်မယ်"

"ခင်နွယ်နီ မှတ်ပုံတင်က မန္တလေးလိပ်စာနဲ့ဆိုတော့ မန္တလေးကို အကြောင်းကြားတယ်၊ ဖုန်းကိုင်မယ့်လူ မရှိဘူးတဲ့"

"အိမ်စောင့်ထားခဲ့ရဲ့သားနဲ့"

ခင်ဝတီက မကျေမနပ်ဖြစ်သွားသည်။

"သွားကြရအောင်"

"အဝတ်လဲလေ. . . အန်ကယ်တို့ နိုးပြီလား"

"နိုးပြီဟေ့. . သေပါစေ. . ပစ်ထားလိုက်"

ဖေဖေ့အသံကြောင့် ခင်ဝတီ ဇက်ပုသွားသော်လည်း ဘိုသီဘတ်သီနှင့် မေမေ ထွက်လာပြီး. . .

"ဘယ်ဖြစ်မလဲ. ... ကျုပ်ဝမ်းနဲ့ လွယ်မွေးထားရတာ၊ သွားမယ် မောင်ဘုန်း. . ကားစီစဉ်"

"ဟုတ်ကဲ့"

ခင်ဝတီလည်း အံမေအားကိုးနှင့် အဝတ်ထလဲလိုက်သည်။

"ငါ့ကားယူလာခဲ့တယ်၊ ငါပါ လိုက်မယ်"

"အေး. . . လိုက်ခဲ့တော့ ပိုကောင်းတာပေါ့"





ဖေဖေ အသံတိတ်နေသည်။ အိပ်ရာထဲမှာ ငြိမ်သက်နေပုံရသည်။ ဘယ်သူ့ကိုမှ မလိုက်သွားနဲ့ဟု မဟန့်တား။ သူ မလိုက်သည်ကလွဲ၍ ဘယ်သူသွားသွား သူ အရေးမလုပ်သည်ဆိုတော့ အခြေအနေကောင်းသည်ဟု ဆိုနိုင်သည်။

ဒေါ်ခွေးမကို အန်တီတို့ လာမည့်အကြောင်းနှင့် ဖေဖေ ရှိနေသည့်အတွက် စားရေးသောက်ရေးအတွက် ဖေဖေတို့အကြိုက် ချက်ပြုတ်ဖို့ မှာထားပြီး ဒီနေ့ကျောင်းအတွက် ခွင့်စာတင်ရန် ပြောသောအခါ. . .

"ဟေ့. . . သမီးကြီး၊ အမိုက်မတစ်ယောက်အတွက် ငါ့သမီး အဖိုးတန်တဲ့အချိန်တွေ အပျက်မခံနဲ့. . . ကျောင်းတက်"

"ဟုတ်ကဲ့ ဖေဖေ၊ ကျောင်းချိန်အမီ ပြန်ခဲ့ပါ့မယ်"

ကျောင်းက ကိုးနာရီခွဲ တက်သည်။ ယခုမှ ခြောက်နာရီဆိုသဖြင့် မီနိုင်သည်။ ကိုမြတ်ဘုန်းကလည်း ဘယ်နည်းနှင့်မဆို ရောက်အောင်ပို့ပေးလိမ့်မည်ဟု ယုံကြည်သည်။

"မေမေ. . ပြီးပြီလား၊ သွားရအောင်"

ခင်ဝတီ ကားပေါ် ရောက်မှ မေမေ ဆင်းလာသည်။ မိတ်ကပ် အဖွေးသား၊ ဇာအင်္ကျီအနီကို အောက်ခံ ဇာဘော်ဘီအနက်နှင့် လုံချည်အနက်ပြောင် ဝတ်ထားသော မေမေ့ကို ကြည့်ပြီး စိတ်ပျက်မိသည်။

လှတာတော့ လှသည်။ ဘီဟိုက်ဆံပင်နှင့်။ ဒီလောက် အချိန်တိုတိုလေး၌ မေမေ ရအောင်ပြင်လိုက်နိုင်သည်။

ရွှေများကလည်း အတုံးလိုက် အတစ်လိုက် ညွတ်အိကျနေသည်မှာ ရိုင်းလှသည်။ ဘယ်လောက်ခေတ်မီယဉ်ကျေးအောင် ဝတ်စားဆင်ယင်ရန် ဖေဖေက သင်သင် မေမေ၏တော့ဟန်မှာ



www.burmeseclassic.com

www.burmeseclassic.com



မပျောက်ချေ။

ရွှေဆိုလျှင် လက်ကောက်တွေက တချွမ်းချွမ်း မြည်နေမှ သဘောကျသည်ဖြစ်၍ တစ်ဖက်၌ မောင်းနှံခုနစ်ဖော်၊ တစ်ဖက်က စိန်လက်ကောက်။ မေမေ့ကို ကြည့်ကာ စိတ်ခါတ်ကျသည်။ သို့သော် သမီးအတွက် ပူပန်သောမျက်နှာတော့ ရှိနေပါသေးသည်။

"မြန်မြန်မောင်းပါ မောင်ဘယ်သူ"

"မောင်လှမြင့်ပါ"

ကိုလှမြင့်၏ဂျစ်ကားလေးဝယ် မေမေသည် ရှေ့ခန်းမှ ထိုင်ပြီး လာနေသည်။

ခင်ဝတီနှင့်သူသည် နောက်ဘက်ခန်း၌ ဖြစ်သည်။

ပဲခွယ်ကုန်းဆေးရုံသည် ကားလမ်းဘေး၌ ရှိသည်။ ဖြူးသို့ ပြောင်းလာစဉ်က မြင်ခဲ့ရသောဆေးရုံလေးဖြစ်သည်။ လမ်းဘေး၌ ဖောက်ထိုးကျနေသော ပတ်ဘလစ်ကားတစ်စီး ရှိနေဆဲဖြစ်သည်။

ဆေးရုံဝင်း၌ ကားနှစ်စီးမျှ တွေ့ရသည်။

"စိုင်းဝေယံဘက်က ရောက်နေပြီ"

ခင်ဝတီ စိတ်လှုပ်ရှားနေသည်။ မေမေကတော့ မည်ကဲ့သို့ ရှိမည် မသိ။

ဖေဖေ လိုက်မလာတာပဲ ကောင်းပေလိမ့်မည်။

"မနေ့က ကားအက်ဆီးဒင့်ကေ့စ်လူနာ"

"ဟိုအခန်း"

ကိုမြတ်ဘုန်းအမေးကို အနီဝတ်ဆရာမက လက်ညှိုးညွှန်ပြပြီး ဆက်ထွက်သွားသည်။

သူ ညွှန်ပြရာအခန်းသို့ ဝင်လိုက်သောအခါ. . .

"ဟင်. ."





အဝတ်ဖြူ ဖုံးလွှမ်းထားသော အလောင်းတစ်လောင်းကို တွေ့ရသဖြင့် မျက်စိပြာဝေသွားသည်။

ကိုလှမြင့်နှင့်သူက အလောင်းနား ကပ်ကာ လှန်လိုက်သည်။

"တောက်. ."

သူ တောက်တစ်ချက် ခေါက်ကာ မျက်နှာကြီး နီရဲကာ မေးကြောများ ထောင်ထသွားသည်။ ကြေကွဲမှု အရိပ်အယောင်က သူ့မျက်နှာပြင်၌ ဖြစ်ပေါ်နေသည်။

"ဘယ်သူလဲ. . . ဟိုကောင်လေးပါလား၊ သမီးကော"

မေမေက အလောင်းကို ငုံ့ကြည့်လိုက်ပြီး ထွက်သွားသည်။

ခင်ဝတီ နားထင်၌ သွေးကြောများ ပြင်းပြင်းထန်ထန် ရန်စမှုကြောင့် တဒိတ်ဒိတ် မြည်ဟည်းနေသည်။

"မ. . လာကြည့်ပါဦး၊ အကြွေစောသွားတဲ့ ကျွန်တော့် တပည့်တစ်ဦး"

စိုင်းဝေယံဟု သိလိုက်ရသည်။

မကြည့်ရက်ပါသော်လည်း ညီမ၏ အသက်တမျှ ချစ်ရသောသူကို နောက်ဆုံးအနေဖြင့် ကြည့်လိုက်သည်။ ပတ်တီးစည်း နှောင်ထားသည့်ကြားက ဝိညာဉ်ကင်းမဲ့နေသော ရုပ်ကလာပ်မှာ ချောမောနေသည်။

သူ့အား မော့ကြည့်လိုက်သည်။

သူ့မျက်နှာမှာ ကြေကွဲရိပ်များဖြင့် ယှက်သန်းနေသည်။

"ဆရာ. . . အမယ်လေး. . . ဆရာရယ်၊ ဆရာ့တပည့်ကို မကာယ်နိုင်တော့ဘူးလား ဆရာရဲ့"

ရှမ်းသွေးပါဟန်တူသော အမျိုးသမီးကြီးနှင့် လူငယ်နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားကြီးတစ်ဦး ဝင်ရောက်လာသည်။

အမျိုးသမီးကြီးက ကိုမြတ်ဘုန်းလက်မောင်းကို လှုပ်ရင်း မေးသည်။

"စိတ်ထိန်းပါ အန်တီ၊ သေခြင်းတရားကို လူတိုင်း ရင်ဆိုင်ရမှာပါ၊ အသက်အရွယ်မှ မကန့်သတ်ထားကြဘဲ"

သူက ဖျောင်းဖျစကား ပြောသည်။

"ခု စိုင်းဝေယံကို သယ်ခွင့်ရသလား"

"ရပါတယ် ဆရာ"

"ကျွန်တော်ပါ လိုက်ခဲ့ပါ့မယ်"

ခင်ဝတီ အားလျော့သွားသလို ခံစားလိုက်ရသည်။

"ဒါ နွယ်နီ့အစ်မ ဒေါ်ခင်ဝတီပါ. . . ဆရာမပါ၊ ဒါ ကျွန်တော့်သူငယ်ချင်း ဦးလှမြင့်ပါ"

"အကူအညီလိုရင် ပြောပါ အန်ကယ်၊ ကားတွေဘာတွေ လိုသေးလား"

"မလိုတော့ဘူး. . . လာကတည်းက ကားနှစ်စင်းနဲ့ လာမိတာ သားအလောင်း လာသယ်သလို ဖြစ်သွားတယ်ကွယ်"

အဘိုးကြီးကတော့ ခံနိုင်ရည်ရှိပုံရသည်။

"ခဏနော် အန်ကယ်၊ ကျွန်တော် နွယ်နီ့ကို မကြည့်ရသေးဘူး၊ ချက်ချင်းလာခဲ့မယ်"

"လုပ်ပါ ဆရာ. . . သွားပါ"

"လာ. . မ. ."

သူ့ဦးဆောင်မှုဝယ် ခင်ဝတီ လိုက်ပါခဲ့သည်။

အမျိုးသမီးအဆောင် ဖြစ်ဟန်တူသော အဆောင်၏ အခန်းဝယ် ပိုက်တန်းလန်းနှင့် ခင်နွယ်နီကို တွေ့လိုက်ရသည်။





သတိမရသေး။

"ကံကောင်းတယ်. . . ပရက်က ဘာမှမဖြစ်သွားဘူး"

"ရှင်. . "

ခင်ဝတီ တစ်ကိုယ်လုံး ပူထူသွားသည်။ သူနှင့်ကိုလှမြင့်ကို မကြည့်ဝံ့တော့။

မေမေကတော့ နားမလည်ဟန်ဖြင့်. . .

"ဘာတဲ့လဲ သမီး"

"နောက်တော့ ပြောပြမယ် မေမေ"

"ကျွန်တော် စိုင်းဝေယံတို့နဲ့ လိုက်သွားလိုက်မယ်၊ နွယ်နီတို့ ကိစ္စ ပြန်လာမှ စဉ်းစားဆုံးဖြတ်ကြတာပေါ့၊ ဘာမှ သောကရောက်မနေနဲ့နော်၊ ဖြစ်ပြီးမှတော့ ဘာမှမတတ်နိုင်တော့ဘူး"

ကျောင်းပြီးအောင် မစောင့်နိုင်ကြဘဲ လိုက်ပြေးခြင်းကိစ္စတို့ အခုမှ သဘောပေါက်မိသည်။ လူနာမှတ်တမ်းလေးကို ယူကြည့်လိုက်သည်။ ကိုယ်ဝန်သုံးလတောင် ရှိနေပြီပဲ။ ဖြစ်ရလေတယ် ခင်နွယ်နီရယ်။

"မေမေ စောင့်နေခဲ့မယ် မဟုတ်လား၊ ခင်ဝတီ ပြန်မယ်၊ သမင်းပို့ပေးဖို့ စီစဉ်လိုက်ဦးမယ်"

"သမီးပြန်တာက ဟုတ်ပါပြီ၊ မောင်ဘုန်းက ဘာကိစ္စ ဟိုကောင့်နောက် လိုက်သွားရမှာလဲ၊ ဒီမှာလည်း ကိစ္စရှိနေတဲ့ဟာ"

"စိုင်းဝေယံလည်း ကျွန်တော့်တပည့်၊ ခင်နွယ်နီလည်း ကျွန်တော့်တပည့်ပါပဲ၊ တပည့်ချင်းအတူတူမှာ သေဆုံးသူရဲ့နောက်ဆုံးခရီးဟာ ပိုအရေးကြီးလို့ လိုက်ပို့ပေးပြီး မြေချပေးပြီးရင် ပြန်လာခဲ့မယ်၊ လှမြင့်. . . မင်း ငါ့ကိုယ်စား ကူညီပေးနော်၊ မောင်မောင်သေးကိုလည်း ငါဝင်ပြောပြီး ဒီကိုပဲ လွှတ်လိုက်မယ်"

www.burmeseclassic.com



"အေးပါ. . . စိတ်ချလက်ချ သွားပါ"

သူ၏ရွေးချယ်မှု မှန်ကန်သည်ဟု ခင်ဝတီ ထင်သည်။

စိုင်းဝေယံတို့ဘက်ကလည်း သောကနှင့် ခရီးဆက်ရမည် ဖြစ်သဖြင့် သူ ကူညီဖေးမလိုက်ပါသင့်သည်ဟု ထင်သည်။

လူနာတင်ကား ရောက်လာသည်။ ထိုကားနှင့် စိုင်းဝေယံ အလောင်းကိုအတင်၌ ငိုကြွေးသံတို့ကြောင့် ခင်ဝတီ မျက်ရည် ပေါက်များ တလိမ့်လိမ့် ကျဆင်းလာသည်။

မတော်လိုက်ရသော မတ်တော်မောင်၏နောက်ဆုံးခရီးပါ လား။

ချစ်ခြင်း၏နောက်ကွယ်၌ ခွဲခွာခြင်းသည် ကပ်ငြိပါလာ တတ်ပါလားဟုလည်း ဆင်ခြင်မိပြန်သည်။

"သွားမယ်. . မ၊ အားမငယ်နဲ့နော်၊ အလွန်ဆုံး သုံးရက်ပါ ပဲ"

သူက မိမိနား ကပ်ကာ ဖြေသိမ့်စကားဖြင့် အားပေးစကား ပြောသွားသေးသည်။

ကားသုံးစီး မြင်ကွင်းမှ ပျောက်ကွယ်သွားသည်နှင့် ခင်ဝတီ ရင်၌ လစ်ဟာကျန်ရစ်ခဲ့သည်။

စိုင်းဝေယံ၏မိဘများသည် သူတို့သား၏မျိုးဆက်သစ် ကလေး ခင်နွယ်နီရင်တွင်း၌ ကျန်ရစ်ခဲ့သည်ကို သိရှိသွားကြဟန် မတူ။

မေမေ့ကို မည်သို့ပြောရမည်နည်း။ မေမေ သိလျှင် ဖေဖေ သိမည်။ ဖေဖေ သိပါက ပို၍ပေါက်ကွဲမည်လား။

ခင်ဝတီစိတ်သည် တစ်ခဏအတွင်း ချုံးချုံးကျ ညစ်ထေး သွားသည်။





ခင်နွယ်နီကား သတိမရသေး။

အိပ်ဆေးအရှိန်များဖြင့် အိပ်ပျော်နေခြင်းလည်း ဖြစ် ကောင်းဖြစ်မည်။ သူမ သတိရလာပါက စိုင်းဝေယံ သေဆုံးသွား ကြောင်း သိလျှင် အဘယ်မျှ ပူပင်သောက ရောက်ရှာမည်နည်း။

"မေမေ. . . ခင်နွယ်နီ နိုးလာရင် သူ့ကောင်လေး သေ သွားကြောင်း လုံးဝအသိမပေးနဲ့၊ မေမေ့သမီး ရှော့ခ်ဖြစ်ပြီး သေ သွားလိမ့်မယ်"

မေမေ့ကို ညာရသည်မှာ လွယ်ကူသည်။ သူ့အညာဖြစ် သော ခင်နွယ်နီနှင့်သာ ကိုင်ပေါက်ရသည်။

"ဟုတ်လား. . . ဘာဖြစ်လို့လဲ"

"ဆေးမှတ်တမ်းမှာ ပါတယ်. . . စိတ်ထိခိုက်ရင် ဟတ် အတက်ခ် ထပ်ရပြီး သေဆုံးသွားနိုင်တယ်တဲ့၊ စိတ်ညစ်စရာစကား မပြောမိဖို့ သတိထားနော်"

"အေးပါ. . . ကျုပ်နားလည်ပါတယ်"

"ဒါဖြင့် သွားမယ်နော်"

"စောစောပြန်လွှတ်လိုက်နော်. . . ကျုပ်ညောင်းတယ်"

"အင်းပါ"

ကိုလှမြင့်နှင့်အတူ ပြန်လာခဲ့သည်။ အိမ်ရောက်တော့ မနေ့က လမ်း၌ ပျက်ခဲ့သောကား ပြန်ရောက်နေလေပြီ။ စိတ်ပင်ပန်း သူပင်ပန်းခြင်းကြောင့် ခင်ဝတီမျက်နှာသည် အိုကျနေပြီ။

"မောင်ဘုန်း ကားလာပို့သွားတယ်၊ ပြင်ဆင်ခ ဘယ် လောက် ပေးရမလဲ မေးတာ ပေးစရာမလိုဘူးဆိုပြီး ပြန်သွားတယ်"

ဖေဖေက အိမ်ရှေ့ခန်းတွင် ရေနွေးကြမ်းတစ်အိုးနှင့်ဖာ ထိုင်ဖတ်နေရာမှ လှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်အမေကော ကျန်ခဲ့သလား"

"ဟုတ်ကဲ့ ဖေဖေ"

"မောင်ဘုန်းကော"

"စိုင်းဝေယံအလောင်းကို မန္တလေး လိုက်ပို့တယ် ဖေဖေ"

"ကောင်လေး သေသွားသလား"

သည်လိုတော့ ဖေဖေ စိတ်ထိခိုက်သွားပုံရသည်။

"ဟုတ်တယ် ဖေဖေ၊ ခင်နွယ်နီကတော့ ခုထိ သတိမရသေးဘူး၊ အခြေအနေကတော့ ကောင်းပါတယ်"

"အေးလေ. . . သတ္တဝါတစ်ခု ကံတစ်ခုပေါ့၊ ဖေဖေ ရှစ်နာရီခွဲလက်မှတ် ဝယ်ထားတယ်၊ သမီးတို့အဘွားက ဟိုမှာ စောင့်နေလိမ့်မယ်"

"အချိန်နီးနေပြီပဲ. . . သမီးလိုက်ပို့ပေးမယ်၊ ကိုမြတ်ဘုန်းကားရှိနေတာပဲ"

ခင်ဝတီ စိတ်ထဲမှာ တဒင်္ဂတော့ လွတ်လပ်ပေါ့ပါးသွားသည်။ ဖေဖေ အဝေးမှာ ရှိနေခြင်းက ပိုကောင်းမည်ဟု ယုံကြည်သည်။

ခင်နွယ်နီကိစ္စက သည်လောက်နှင့် ပြီးပြတ်သွားမည်မဟုတ်ဘဲ၊ သံသရာရှည်ရမည့်ကိစ္စဖြစ်သည်။

ကိုလှမြင့်က ခင်ဝတီကို ချပေးပြီးသည်နှင့် ထွက်သွားသည်။ ဆယ်နာရီခွဲလောက် ထမင်းမို့ပေးရန် အသင့်လုပ်ထားဖို့မှာသွားသည်။

တော်သေးသည်။ ရင်းနှီးသော ဒေသခံတွေ၏ အကူအညီရ၍ အစစအရာရာ အဆင်ပြေနေရသည်။

"ခင်ဝတီ"





"ရှင်. . ဖေဖေ"

"ရန်ကုန်မှာ ဆက်ကုဖို့ ခွင့်ပြုရင် ရန်ကုန်ကိုသာ လွှတ်လိုက်၊ ဒီမှာဆိုရင် သမီးပင်ပန်းတယ်၊ သမီးခေါင်း ဖြစ်နေတယ်"

"ဟုတ်ကဲ့ ဖေဖေ၊ ခရီးထွက်နိုင်တယ်ရင် လွှတ်လိုက်မယ်"

"ဖေဖေက ရန်ကုန်မှာ နှစ်ညအိပ်လောက်ပဲ ကြာမယ်၊ ပြီးရင် အမြန်ရထားနဲ့ပဲ တန်းပြန်လိုက်တော့မယ်၊ သမီးဆီ မဝင်တော့ဘူးနော်၊ အစစအရာရာ အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ် ဖေဖေ၊ ကိုမြတ်ဘုန်း အကုန်လုံး စီစဉ်ပေးသွားပါတယ်"

"သင်ကြားရေးကော"

"အဆင်ပြေပါတယ်. . . အဲ့ဒါလည်း ကိုမြတ်ဘုန်းကျေးဇူးကြောင့်ပါပဲ"

ဖေဖေ့အား အမှန်တိုင်း ဝန်ခံရင်းမှ သူ့အား သတိရမိသည်။ သူ့ခမျာ ပင်ပန်းရှာလိမ့်မည်။ သည်ကြားထဲ ခင်နွယ်နီကိစ္စရပ်က သူ့ခေါင်းထဲ လိုက်ပါသွားသည်ဆိုတော့ စိတ်ပါ ပင်ပန်းနေလိမ့်မည်။

"ဘာတွေ တွေးနေသလဲ သမီး၊ ဘူတာလဲ လိုက်မပို့နဲ့တော့၊ ဖေဖေ့ဘာသာ သွားမယ်၊ ကျောင်းချိန်နီးနေပြီ. . . ပြန်တော့"

"ဟုတ်ကဲ့ ဖေဖေ"

"လိုအပ်တာရှိရင် ဖေဖေ့ကို ဖုန်းဆက်"

"ဟုတ်ကဲ့"

"သွားမယ်"

ဖေဖေသည် ခပ်ပြတ်ပြတ်ပင် ပြောပြီး ဘူတာရုံဆီသို့ ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဝတီ ကားကို ပြန်လှည့်ခဲ့လိုက်သည်။ ခေါင်းထဲ၌ ခင်နွယ်နီ၏ပရက်ကိစ္စက ဝင်ရောက်နေလေပြီဖြစ်သည့်အတွက် လုံးဝမရှင်ပျနိုင်တော့ချေ။

အချစ်နှင့်သွေးသားကိစ္စသည် ဒွန်တွဲ၍နေတတ်သလား။ လွတ်လပ်မှုကို အရမ်းခုံမင်ကာ လွတ်လွတ်လပ်လပ် နှစ်ယောက်တည်း နေခဲ့ကြလျှင်တော့ မှားယွင်းမိကြမှာပဲ ဖြစ်သည်ထင်သည်။

ယောကျ်ားလေးများသည် ပေးသမျှ အခွင့်အရေးကို အပြည့်အဝ အသုံးချတတ်ကြသည်လား။

ခင်ဝတီ ယောကျ်ားများကို ပြန်လည်အထင်သေးမိသွားသည်။ လက်ခုပ်သည် နှစ်ဖက်တီးမှ မြည်သည်ဆိုသော်ငြားလည်း အခွင့်အရေးကို ရတိုင်း မယူသင့်ဘဲ ကိုယ့်ချစ်သူမိန်းကလေးအပေါ် သစ္စာတရားနှင့် မြတ်နိုးတန်ဖိုးထားသင့်သည်ဟု ထင်ပါသည်။

ယခုတော့ သေသူကတော့ ဝဋ်ကျွတ်သွားလေပြီ။

မသေဘဲ ကျန်ရစ်သူ ခင်နွယ်နီမှာတော့ သောကနှင့်အတူ ရှက်ပင်လယ်ဝေနေရမည့်အဖြစ်ကို ရင်ဆိုင်နေရပြီ။


တော်ပါပြီ အချစ်။

အပျိုကြီးလုပ်တာပဲ အကောင်းဆုံးသောအေးချမ်းမှု ဖြစ်လိမ့်မည် ထင်ပါသည်။









တစ်ခါတစ်ရံ မှသာပါမှ
ဘဝအသက်က ချောမောရမည့်
ကံစွမ်းမျိုးပြွမ်း၍ မှသာသုံးလိုက်ရသည့်
အခါမျိုးလည်း ရှိတတ်သည်ပင်...။

## အခန်း(၂၂)

သမီးယောက်မနှစ်ယောက် တည့်နေကြသည်။ ကြိတ်ကြိတ်,ကြိတ်ကြိတ်နှင့် ဘာတွေ တိုင်ပင်နေကြသည်မသိ။

စိုင်းဝေယံ၏နာရေးသတင်းကို ဖတ်ပြီး သူတို့အနား ထသွားခဲ့သည်။

"ဘာတွေ တိုင်ပင်နေတာလဲ၊ ခင်ဝတီကော မသိရဘူးလား"

"ညည်းညီမရဲ့ဗိုက်ကိစ္စပေါ့"

မေမေ့ပါးစပ်က ထိုသို့ ပွင့်ပွင့်လင်းလင်း ထွက်သော့ အပျို



www.burmeseclassic.com

www.burmeseclassic.com



ကြီး အန်တီက မျက်နှာရဲသွားသည်။ သို့သော် ဘာမှဝင်မပြောဘဲ ခပ်မဆိတ်ပင် နေလေသည်။

"ခင်ဝတီလည်း စဉ်းစားနေတာပဲ"

"ညည်းစဉ်းစားတော့ ဘာအကြံဉာဏ်ကောင်းတွေများ ရသလဲ"

"ဝတ္ထုတွေထဲကလို နည်းအရ စဉ်းစားရင် တစ်နေရာရာမှာ သွားမွေး၊ ပြီးရင် တောက မိဘမဲ့ကလေး မွေးစားတယ်ဆိုပြီး ပြန်ယူလာခဲ့ပေါ့၊ အဲဒါက တစ်နည်း"

"နောက်တစ်နည်းကကော"

"တစ်ယောက်ယောက်နဲ့ ပေးစားလိုက်ပေါ့"

"ပေးစားတာက ဟုတ်ပါပြီ၊ ဟိုးလေးတကျော်ဖြစ်နေတဲ့ ကိစ္စကို ဘယ်သူက သူ့ကို တာဝန်ယူမှာလဲ"

"ယူရမှာပေါ့"

မေမေက ဖွတ်ပင် ပြောလိုက်သည်။ ခင်ဝတီရင်ထဲက အဖြေကို အလိုလို သိနေသည်။ နှလုံးသား၌ စူးရှနေသော ဝေဒနာ ရပ်ဖြင့် နင့်နင့်သီးသီး ဖြစ်လာသည်။

"ဘယ်သူလဲ"

"မောင်ဘုန်းနဲ့ပဲပေါ့. . . အဲဒီကိစ္စကို ညည်းအန်တီနဲ့ တိုင်ပင်နေတာ"

"သူလက်ခံပါ့မလား"

"ညည်းအဖေ ပြောရင် လက်ခံလိမ့်မယ် ထင်တယ်"

ခင်ဝတီ သက်ပြင်းချလိုက်သည်။ ရင်တွင်း မီးတောက် သွားလေပြီ။ ထိုသို့သာ စီမံလိမ့်မည်ဟု ကြိုသိထားသောကိစ္စ ဖြစ်သော်လည်း တကယ်တမ်း ကြားရသောအခါ တုန်လှုပ်ခြင်းနှင့်အတူ





ဆောက်တည်ရာ မဲ့သကဲ့သို့ ခံစားလိုက်ရသည်။

သူ့ကို နှမြောတသ,သကဲ့သို့ ခံစားရသည်။

သူပြန်မရောက်သေး။ ခင်နွယ်နီ သတိရကတည်းက စိုင်း ဝေယံကို တမေးမေးနှင့် ရှိနေရာ မန္တလေးဆေးရုံသို့ ခေါ်ဆောင် သွားသည်ဟုသာ ပြောထားရသည်။

သူတို့ချစ်ခြင်းကို မခွဲရန် ပြောသည်။

"မခွဲပါဘူး. . . နေကောင်းလာတာနဲ့ မင်္ဂလာကိစ္စကို အမြန်ဆုံး စီစဉ်ပေးမယ်"

ဟုသာ ညာထားလိုက်ရသည်။

ကျောင်းပိတ်ရက် ဖြစ်သဖြင့် ခင်ဝတီ အိမ်မှာ ရှိနေသည်။

"မေမေ ဆေးရုံသွားမယ်၊ ဒီနေ့ ဆရာဝန်ကြီးတွေ ရောင်း လှည့်လို့ နွယ်နီ့ကို ပြောင်းခွင့်ပေးရင် ရန်ကုန်ကို ခေါ်သွားမယ်၊ အဆင်သင့် ပြင်ထားကြ၊ မောင်စိုး. . . သွားမယ်ဟေ့"

မောင်စိုးနှင့်မေမေ ထွက်သွားကြသည်ကို ငေးရင်း ဒီနေ့ ဆိုလျှင် သုံးရက်မြောက်ပြီ။ သူပြန်လာတော့မည်လား။ စိုင်းဝေယံ အသုဘ မနေ့က ချပြီးပြီဆိုတော့ ရောက်လာနိုင်လိမ့်မည်ဟု ထင် သည်။

ခြံထဲ ဆင်းကာ မာလကာပင်အောက် ထိုင်ရင်း ငေးမော နေမိသည်။ မာလကာသီးပွပွကြီးများ၏ဖိတ်ခေါ် နေမှုကို ထမခူးနိုင် သေး။

မာလကာသီး အလွန်ကြိုက်သော်လည်း သောက,က ရင် မှာ ဆို့နင့်နေသောအခါ ဘာမှမစားချင်။

"မ. . "

သူ မိမိအား ငယ်စဉ်ကတည်းက စွဲလမ်းခဲ့ပါသည်ဟုဆိုသည်၊



www.burmeseclassic.com

www.burmeseclassic.com



မှာ ဖြစ်နိုင်သလား။ လျှာအရိုးမရှိတိုင်း လျှောက်ပြောသောစကား များလား။ ယောကျ်ားပရိယာယ်ကြွယ်ကြွယ်ဖြင့် မိမိထံမှ အချစ်ရယူနိုင်ရေးအတွက် လှည့်ဖျားမှု နည်းဗျူဟာတစ်ရပ်ပေလား။

ရန်ကုန်အိမ် မြက်ခင်းစိမ်းစိမ်းပေါ်၌ တရုတ်စကားပွင့်လေးများဖြင့် "အမ်အေ" ဟူသော စာလုံးရှင်မှာ မိမိဖြစ်နေပါလား။

အချစ်သည် မစမိလျှင် အကောင်းဆုံးသော အေးချမ်းမှုဖြစ်သည်။ စမိပါက မဆုံးနိုင်အောင် သံသရာ ရှည်လွန်းလှပါသလား။ မိသားစုအတွက် မိမိ၏ခံစားမှုကို ရင်ဝယ် မျိုသိပ်ကာ သိမ်းဆည်းထားလိုက်တော့သည်။

"မ. ."

"သြော်. . . ကိုမြတ်ဘုန်း၊ ဘာနဲ့ လာသလဲ"

"ရထားနဲ့. . . ထိုးမုန့်နဲ့ အရီးတောင်း ကြက်ခြေနီ လက်ဖက်တွေ ပါလာသေးတယ်"

"ဘာဖြစ်လို့ ဝယ်လာတာလဲ"

"စိုင်းဝေယံ အစ်မတွေက ထည့်ပေးလိုက်တာပါဗျာ"

"သြော်. . အပူနဲ့ကြားက"

"ဘာထိုင်လုပ်နေတာလဲ"

"စဉ်းစားနေတာ. . လာလေ. . အိမ်ပေါ် သွားရအောင်"

ခရီးရောက်မဆိုက် ပြန်လာသော သူ့ကို သောကဝန် မပိစေချင်သေးသဖြင့် အိမ်ပေါ်မှ ခေါ်ခဲ့သည်။

"နေဦး. . . မာလကာသီးပွပွကြီးတွေ မမြင်ဘူးလား"

သူက ဖျတ်. . ဖျတ်ဆို ခုန်ခူးလိုက်သည်။ ဖုန်ကို လက်နှင့်သုတ်ကာ မိမိအား လှမ်းပေးသည်။

သူကိုယ်တိုင်လည်း တဂျွမ်းဂျွမ်းနှင့် ကိုက်စားလေသည်။





သူသည် အရာရာကို ခေါင်းအေးအေးနှင့် စဉ်းစားတတ်ပုံရသည်။

"ဒီမှာ အဆင်ပြေရဲ့လား"

"ပြေပါတယ်. . . ဒီနေ့တောင် ခရီးသွားခွင့်ရရင် ရန်ကုန်ဆက်သွားမယ်တဲ့"

"ဟုတ်လား. . . ဟိုက အသုဘလည်း စည်စည်ကားကားပဲ၊ ဒါထက် စိုင်းဝေယံကိစ္စ ခင်နွယ်နီ သိသွားပြီးပြီလား"

"မသိသေးပါဘူး"

"ရန်ကုန်ရောက်ပြီးတော့ ပြောပြလိုက်ပေါ့၊ နောင်လည်းသိရမယ့်အတူတူ ဖြစ်စရာရှိ ဆေးရုံမှာ ဖြစ်တော့ ပိုကောင်းမယ်ထင်တယ်"

"ရန်ကုန်ကို လိုက်သွားဦးမလား"

အမှန်တကယ် မလိုလားအပ်သောမေးခွန်းကို မိမိ မေးလိုက်မိချေပြီ။

သူက ဖျတ်ခနဲ မိမိအား ကြည့်သည်။ မျက်လုံးချင်း အဆုံမခံချင်၍ မျက်နှာလွှဲလိုက်သည်။

"နေမကောင်းဘူးလား မ"

"ကောင်းပါတယ်"

ခင်နွယ်နီကိစ္စအတွက် ရောက်လာသူသည် ခင်နွယ်နီကိစ္စနှင့်အတူ ပြန်လည်လိုက်ပါသွားမှ သဘာဝကျပေမည်။ ဤသည်ကို မေးလိုက်မိခြင်းအတွက် မလုံမလဲဖြစ်သွားသည်။ အန်တီက ထမင်းချိုင့် ပြင်နေရာမှ လှမ်းကြည့်သည်။

"မောင်ဘုန်းလည်း ခရီးပန်းလာပါတယ်၊ မောင်မောင်လေး လိုက်ပို့မယ်လို့ စီစဉ်ပြီးသားပဲ၊ မောင်ဘုန်း နေခဲ့ဦးပေါ့၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



နေ့မှ ပြန်ခဲ့တော့"

အန်တီလေးက ကြားမှ ဝင်၍ဆုံးဖြတ်ပေးလိုက်သည်။

"ဟုတ်ကဲ့ အန်တီ"

သူက တလေးတစားပင် လိုက်နာသည်။ ဝမ်းသာသွားပုံလည်း ရသည်။ သူ့မျက်နှာ ဝင်းပသွားသည်။

"အိပ်ပျက်တဲ့ညတွေက များလို့ ရေချိုးပြီး တစ်ရေးလောက် အိပ်လိုက်ဦးမယ်"

မာလကာသီး တစ်လုံးကုန်အောင် စားပြီး သူ ဧည့်ခန်းမှ ထသွားသည်။

သူ ခူးပေးသော မာလကာသီးကို တစိမ့်စိမ့် စားရင်း ငြိမ်သက်နေသော မိမိနားသို့ အန်တီလေး ကပ်ကာ ထိုင်လိုက်ပြီး နှစ်ကိုယ်ကြား မေးသည်။

"ညည်းနဲ့မောင်ဘုန်းကော ဘယ်အခြေအနေရောက်ပြီလဲ"

ခင်ဝတီ ရှက်သွားသည်။ အပြောကြီးခဲ့မိသောမိမိ အထိနာနေလေပြီ။

"အမုန်းကြီးမုန်းရင် မုန်းစရာတွေ ကုန်သွားပြီး အချစ်ကြီးချစ်သွားတတ်တယ်"

ဟု အန်တီ ကြုံနိုမိတ်ဖတ်ခဲ့သလို ဖြစ်နေပြီ။

သို့သော် မိမိနှုတ်မှ ဘာကိုမှ တရားဝင် ဖွင့်ဟဝန်မခံရ သေးသည့်အတွက် တစ်ပန်းသာနေသည်။

"ဘာမှမဖြစ်ပါဘူး. . . သူ့ဘက်ကသာ"

ပြောင်ပင် ငြင်းပယ်လိုက်သည်။

"သူ့ဘက်က ဖြစ်နေတာတော့ ကျုပ်သိတာပေါ့၊ ခက်ပါတယ်ကွယ်. . . ကိုယ့်တူမအတွက် သူတစ်ဖက်သား ဒုက္ခရောက်





မယ့် ကိစ္စအတွက် အန်တီစိတ်မကောင်းဘူး၊ ကိုကိုကြီး သိရင် ဘယ်လိုဆုံးဖြတ်ဦးမယ် မသိဘူး"

"သူတို့အချင်းချင်း ကျေနပ်ရင် ကိစ္စပြီးနေတာပဲ"

"မောင်ဘုန်းက အခရာပါပဲလေ၊ ခင်နွယ်နီက သူ့ဆရာ အမိန့်ကို လွန်ဆန်မှာမဟုတ်ဘူး၊ ညည်းတို့ချင်း ဘာမှမဖြစ်ရင် ပြီးတာပါပဲ၊ သမီးပဲ မောင်ဘုန်းကို အကျိုးအကြောင်း ပြောပြထားလိုက်ပေါ့"

"ဟုတ်ကဲ့"

ခင်ဝတီ စိတ်ကို ဒုံးဒုံးချထားလိုက်သည်။ ဖြစ်သမျှ အကြောင်း အကောင်းဆုံးပါပဲဟု မှတ်ယူထားလိုက်ရုံသာ ရှိတော့ သည်။

သူ ရေချိုးပြီး အိမ်ပေါ် တက်လာသည်နှင့် စကားစ ပြတ် သွားသည်။

"မောင်ဘုန်း. . . ဘာစားခဲ့သလဲ၊ တစ်ခုခု စားပြီးမှ အိပ် လိုက်ပါလား"

"တော်ပြီ အန်တီ. . ဘာမှမစားချင်ဘူး၊ အိပ်ပဲ အိပ်ချင် တယ်"

သူသည် ပြောပြောဆိုဆို အင်္ကျီဝတ် လုံချည်လဲပြီး ဖျာ တစ်ချပ်ဆွဲကာ အိပ်စရာနေရာ ရှာသောအခါ ခင်ဝတီ မနေသာဘဲ

"ခေါင်းရင်းခန်းမှာ ဝင်အိပ်ပါလား ကိုမြတ်ဘုန်း"

"ဟုတ်သားပဲ. . . အန်တီတို့လည်း ပြန်တော့မှာဆိုတော့ ပစ္စည်းတွေ ထုတ်ရဦးမယ်ပဲ"

"နေပါစေ. . . အိပ်ခန်းထဲက လှောင်တယ်၊ ဒီနားမှာ လေ လေး တဟူးဟူးနဲ့ အိပ်လို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရင်းဘက် နံရံထောင့်နားတွင် ဖျာခင်းချလိုက်သည်။ ခင်ဝတီ ခေါင်းအုံးနှင့် စောင်တစ်ထည် ထုတ်ယူလာပေးသည်။

သူက ခွေ့တာရေးအပြုံးလေး ပြုံးပြပြီး ခေါင်းအုံးနှင့် စောင် လှမ်းယူကာ လှဲချလိုက်သည်။

"နေကောင်းရဲ့လား"

စိုးထိတ်သောအမေးဖြင့် မေးမိသည်။

"ခေါင်းတော့ အုံနေတာပဲ"

"ဆေးသောက်လိုက်ပါလား. . . ကော်ဖီ ဖျော်လိုက်မယ်"

စေတနာတွေ သူ့အပေါ် အလိုလို ယိုဖိတ်လာတတ်သည်။

"နေပါစေ. . . အိပ်ပျက်လို့ ထင်တယ်"

သူသည် ပြော၍ရလိမ့်မည် မဟုတ်။ နံရံဘက် စောင်းလှဲကာ အိပ်သွားသဖြင့် ခင်ဝတီ ဘာမှမပြောတော့ဘဲ အန်တီတို့ ပစ္စည်းများကို ဝိုင်းဝန်းသိမ်းပေးလိုက်သည်။

ဘာလုပ်လုပ် ညင်ညင်သာသာ တိုးတိုးတိတ်တိတ် ဖြစ်သည်။ သူ နိုးသွားမှာစိုး၍ဖြစ်သည်။ သူ့အပေါ် အမိက သားငယ် အပေါ် ကြင်နာခြင်းဖြင့် ကြင်နာမိသောစိတ်တို့ အလိုအလျောက် ဖြစ်ပေါ်နေတတ်ပါလား။

မောင်မောင်လေး ရောက်လာသည်။

"ဆရာဝန်ကြီး ခွင့်ပြုလိုက်တယ်၊ အဲ့ဒါ အန်တီတို့ကို ကြို ခိုင်းလိုက်လို့ ဪ. . . ဆရာပါ ရောက်နေတယ်လား"

"အင်း. . . အိပ်ပျော်နေတယ်"

"ဆရာလည်း ပင်ပန်းသွားတယ်နဲ့ တူတယ်"

"ဟုတ်တယ်. . . အိပ်ပျက်ခံတယ်လို့ ပြောတယ်"

"ဆရာပါ လိုက်မှာလား"





"နောက်နေ့မှ လိုက်လာလိမ့်မယ်"

"ဒါဖြင့် ကျွန်တော် ဆရာ့ကို စာပေးခဲ့မယ်"

"ပေးလေ"

ထူးထူးဆန်းဆန်းဟု စိတ်ထဲ၌ ထင်မိသော်လည်း လူမှုရေး စည်းဖြစ်သဖြင့် ဘာစာလဲဟု မမေးမိတော့။ အန်တီနှင့်အတူ ပစ္စည်း ဝိုင်းတင်ပေးအပြီးတွင် အန်တီက အနားနား ကပ်ကာ. . .

"ငါ့တူမကြီးစိတ်ထဲမှာ မောင်ဘုန်းနဲ့ ပတ်သက်ပြီး ဘာမှ ခံစားချက် မရှိဘူးဆိုတာ သေချာရဲ့လား"

"သေချာပါတယ် အန်တီ၊ ဘာဖြစ်လို့ မေးတာလဲ"

တစ်ခါတစ်ရံ မှသားပါမှ ဘဝအလကား ချောမောရမည့် ကိစ္စမျိုးဖြစ်၍ မှသားသုံးလိုက်ရသည့်အခါမျိုးလည်း ရှိတတ်သည် ပင်။

"ဪ. . . အမိုက်မတစ်ယောက်အတွက် ငါ့တူမကြီး စိတ်ဆင်းရဲရမယ့်အဖြစ်ဆိုရင် ငါကိုယ်တိုင် ကန့်ကွက်မယ်"

"မိသားစု အရှက်မကွဲရမယ့်ကိစ္စအတွက်ပဲ၊ ခင်ဝတီ ဘာဖြစ်လို့ စိတ်ဆင်းရဲရမှာလဲ"

တစ်ခါတစ်ရံ ဟန်ကိုယ့်ဖို့ဆိုသောစကားသည် မှန်လွန်း အားကြီးသည်။ ရင်တွင်းဝေဒနာရပ် မပေါ်ပေါက်ရေးအတွက် ခင်ဝတီ ဟန်ဆောင်ပြောဆိုလိုက်သည်။

"ဒါဖြင့်လည်း ပြီးတာပါပဲ၊ သွားမယ်နော်၊ ညရောက်ရင် မောင်လှမြင့်တို့အိမ်ကို ဖုန်းဆက်မယ်၊ ရှစ်နာရီလောက် လာစောင့် နေကြ"

"အင်း. . . သေချာတယ်နော်"

"သေချာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အန်တီနှင့်မောင်မောင်လေး ကားပေါ် တက်၍ နှုတ်ဆက်ထွက်ခွာသွားသည်။

မောင်မောင်လေးသည် အစအဆုံး သူ့ခြေသူ့လက်ချည်း ဖြစ်နေသည်။ သူ့ဆရာ တာဝန်ပေးအပ်ထားသည့်အတိုင်း ကျေကျေပွန်ပွန် တာဝန်ထမ်းဆောင်သည် ထင်ပါသည်။

ကားလေး ဝေးသွားသောအခါမှ မောင်မောင်လေး ပေးထားသောစာအိတ်ကလေး ကိုင်ကာ အိမ်ပေါ် တက်ခဲ့သည်။

"ခင်ဝတီ. . . မောင်ဘုန်း ဖျားနေပြီထင်တယ်"

"ဟင်. . . ဟုတ်လား"

စိုးရိမ်စိတ်ဖြင့် ထူပူသွားသည်။

သူ့ကို ကြည့်လိုက်သော်လည်း သူသည် ငြိမ်သက်စွာ လဲလျောင်းအိပ်စက်လျက် ရှိသည်။

"ဘယ်လိုလုပ် ဒေါ်ခွေးမက ပြောနိုင်သလဲ"

"တစ်ချက်တစ်ချက် ညည်းသံကြားလို့"

"ဟုတ်လား. . . ထင်တော့ထင်သား၊ အချိန်မဟုတ် အိပ်ချင်တယ်ဆိုကတည်းက တစ်ခုခုတော့ ဖြစ်ပြီလို့ ထင်သား၊ ဒီကြားထဲ ရေချိုးလိုက်သေးတယ်"

ခင်ဝတီ ပြောပြီး သူ့အနား၌ အသာဒူးထောက်ထိုင်လိုက်သည်။

နီစပ်စပ်ဖြစ်နေသော သူ့အသားအရည်နှင့် တဟင်းဟင်း ညည်းသံ သဲ့သဲ့ကြောင့် ရင်တွင်း ကရုဏာတရားတို့ တားမရဆီးမရ ယိုဖိတ်လာသည်။

သင့်တော်၏မသင့်တော်၏ကို စဉ်းစားမနေတော့ဘဲ သူ့နဖူးသို့ အသာအယာ ဖွဖွကလေး စမ်းလိုက်မိသည်။





"အို. . . ချစ်ချစ်တောက် ပူနေပါလား ဒေါ်ခွေးမရယ်"

ဒေါ်ခွေးမပါ လာစမ်းသည်။

"ဖြည်းဖြည်းလုပ်ပါ. . . နိုးသွားပါ့မယ်"

"ဟုတ်ပါရဲ့. . . ပူချစ်လို့ ဒါကြောင့် စကားများများမပြောနိုင်ဘဲ ဒေါင်းသွားတာကိုး"

"ဘာလုပ်ရမလဲ"

"ဆေးခန်းသွားပေါ့"

"သူ့ခန္ဓာကိုယ်ကြီး ဘယ်တွဲနိုင်မလဲ၊ ဆရာဝန် ပင့်လို့ ရမလား မသိဘူး၊ ကိုလှမြင့်ကို သွားပြောလိုက်ပြီး ဆရာဝန် ပင့်ခဲ့မယ်၊ ရေနွေးသာ အဆင်သင့် တည်ထားလိုက်နော်"

"အေးပါ"

"သြော်. . . ဒေါ်ခွေးမ၊ လူနာအနားလည်း နေဦးနော်"

"အေးပါဟဲ့. . . အေးပါ၊ စိတ်ချလက်ချသာ သွားစမ်းပါ ခင်ဝတီရယ်၊ နင့်ကြည့်ရတာ လူနာကြည့်ရတာထက်တောင် ပိုသောကရောက်သေးတယ်"

ခင်ဝတီ ဒေါ်ခွေးမကို ဘာမှပြန်လည်မချေပတော့ဘဲ ကားသော့ယူကာ ဆင်းခဲ့လိုက်သည်။ ကားသည် သူငှားလာခဲ့သည် ဆိုပါက အဘယ်မျှ ကားခတွေ တက်နေမည်မသိ။

ခင်ဝတီ ကားမောင်းရင်း စဉ်းစားနေမိသည်။ သူ့ကို ခင်ဝတီ ချစ်နေမိပြီ ထင်ပါသည်။ ခင်ဝတီ သူနဲ့ ပတ်သက်ပြီး ခံစားနေရသည့်ဝေဒနာမှာ မျိုးစုံလှပြီ။

ထိုမျိုးစုံသောဝေဒနာများ ဖြစ်ပွားခြင်းသည် အချစ်မရှိဘဲ ဖြစ်ပေါ်လာလိမ့်မည်မဟုတ်ဟု ထင်သည်။

သို့သော် အချစ်ပန်း မပွင့်မီ ကြွေလွင့်ခြင်းနှင့်သာ နိဂုံး



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ရတော့မည် ထင်ပါသည်။

ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချလိုက်သည်။ အားလုံးအတွက် မိမိ၏ဖူးငုံလာသော အချစ်ပန်းကို ပွင့်လန်းခွင့် မပေးတော့ပါဘူးဟု. . .။

ဆုံးဖြတ်ချက်နှင့်အတူ ရင်မှာ နင့်နင့်သီးသီးလေး ခံစားလိုက်ရသည်။ ကြေကွဲသော နှလုံးသားမျက်ရည်စက်တို့ မျက်ခွံတံခါးတွန်းဖွင့်ခြင်းကို မာနဖြင့် တွန်းလှန်လိုက်သည်။

မိမိသည် သူ့အား ဖွင့်ဟဝန်ခံထားခြင်းမှ မရှိလေပဲ။

သူ နာကြည်းမုန်းတီးသွားပါစေတော့။ သို့မှသာ ခင်နွယ်နီရဲ့အရှက်ကို သူကာကွယ်ပေးနိုင်လိမ့်မည် ထင်ပါသည်။







ချစ်ခြင်းမေတ္တာ၏
ခဝန်းကြယ်နက်ရှိုင်းမှုကို
လူသားတွေမှ
တွေ့ရှိဖော်ထုတ်နိုင်ပါ့မလား

# အခန်း(၂၃)

"သက်သာရဲ့လား"

"သက်သာပါတယ်. . . မကို အရမ်းကျေးဇူးတင်တာပဲကွာ"

"ဝတ္တရား ရှိတယ်လေ"

တတ်နိုင်သမျှ အစိမ်းရောင် တောက်မည့်စကားများကို ရွေးချယ်လိုက်သည်။

ဝရန်တာသို့ တိုးဝှေ့လာသော လေခြည်နုလေးက ညနေခင်းကို လန်းဆန်းနေစေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် မိမိထိုင်နေရာ ပက်လက်ကုလားထိုင်နှင့် မနီးမဝေး ဝရန်တာ လက်တန်းဘောင်ပေါ်တွင် လာထိုင်သည်။

"ကိုမြတ်ဘုန်း သက်သာရင် ကျွန်မ စကားပြောချင်တယ်"

"မသက်သာလည်း ပြောလို့ရပါတယ်၊ ကိုယ် ခံနိုင်ရည်ရှိပါတယ်"

သူ့ကိုယ်သူ 'ကိုယ်' ဟု ပြောင်းလဲသုံးလိုက်သည်။ ခင်ဝတီ ရင်တွင်း ဆို့နေသောသောကကို ဖယ်ရှားပစ်လိုက်ပြီး . . .

"ခင်နွယ်နီကိစ္စ ကိုမြတ်ဘုန်း သိတယ်နော်"

"သိပါတယ် . . . အန်ကယ်ကော သိသွားပြီလား"

"မသိသေးပါဘူး . . . ခုလောက်ဆိုရင် ဖေဖေ မန္တလေး ပြန်ရောက်နေရောပေါ့"

"မန္တလေး ပြန်ရောက်ရင် မလွယ်ဘူး . . . သိသွားမှာပဲ"

"ဘာကိုလဲ"

"ခင်နွယ်နီကိစ္စကိုပါ"

"ဟင် . ."

"ဟုတ်တယ် . . . ဒီလိုပါ မ၊ စိုင်းဝေယံက ခင်နွယ်နီ အသက်ကို ကယ်လိုက်တာ"

"ဟုတ်တယ် . . . ခင်နွယ်နီ ပြောတယ်၊ ကားဘရိတ်ပေါက်ပြီး လမ်းဘေး ထိုးအကျမှာ စိုင်းဝေယံက သတိကောင်းစွာနဲ့ ခင်နွယ်နီကို တွန်းထုတ်လိုက်တယ်၊ သူကတော့ ထွက်ချိန်မရလိုက်ဘူး ကားနဲ့အတူ ကျသွားခဲ့တယ်၊

အသည်းကွဲပြီး သေတယ်ဆိုတာ စိုင်းဝေယံလို လူမျိုးလည်း ပါတယ်၊ ဆေးမှတ်တမ်းမှာ အသည်းကွဲသွားတယ်၊ အတွင်းကြေကြေသွားပြီး ဆေးရုံပေါ်မှာ မသေသေးဘဲ သူ့အဖေကို စောင့်နေ





နိုင်သေးတယ်"

ခင်ဝတီ ပက်လက်ကုလားထိုင်ပေါ်မှ ထလိုက်သည်။ ကိန္နရာကိန္နရီမောင်နှံတို့၏ချစ်ခြင်းမျိုးပေလော။

"သူ့အဖေ လာတော့ စကားပြောသွားနိုင်သေးတယ်၊ ခင်နွယ်နီမှာ သူ့ရင်သွေး ရှိနေတဲ့အကြောင်းနဲ့ ခင်နွယ်နီနဲ့သူ လက်ထပ်ပြီးတဲ့အကြောင်း၊ သူ့ရင်သွေးကို မြေးအဖြစ် အသိအမှတ်ပြုဖို့ ခင်နွယ်နီကို စောင့်ရှောက်ဖို့ မှာရင်း အသက်ထွက်သွားရှာတာတဲ့"

"ဩော် . . . တော်တော်သစ္စာကြီးရှာသားပဲနော်"

"ဒါကြောင့် မိန်းမသားတွေပဲ အချစ်ကြီးပြီး စွဲလမ်းတတ်တာ မဟုတ်ပါဘူး၊ အချို့ယောကျ်ားတွေဟာလည်း မိန်းမသားတွေထက် ပိုပြီးခံစားစေတတ်၊ ချစ်တတ်၊ သစ္စာထားတတ်ကြပါတယ်"

ခင်ဝတီ ဘယ်ကဘယ်လို စပြောရမှန်း မသိ၍ ဝရန်တာမှ ဆင်းခဲ့ကာ မာလကာပင်လေးအောက် သွားထိုင်နေမိသည်။ စိတ်လှုပ်ရှားခြင်းက ပြောသင့်ပြောထိုက်သော စကားစတို့ ပျောက်ဆုံးစေတတ်သလား။

"မ . . ဘာဖြစ်နေတာလဲ"

"ခင်နွယ်နီကိစ္စအတွက် ကိုမြတ်ဘုန်း တာဝန်ယူနိုင်မလား"

"ဘာ . . ဘယ်လို . ."

"မေမေတို့က ခင်နွယ်နီအရှက်ကို ကာကွယ်တဲ့အနေနဲ့ ကိုမြတ်ဘုန်းနဲ့ခင်နွယ်နီကို လက်ထပ်ပေးချင်တဲ့ဆန္ဒ ရှိနေတယ်"

"ကလေးအဖေဟာ စိုင်းဝေယံပါလို့ လူတိုင်းသိနေတဲ့ကိစ္စကို ဘာတွေ ရှုပ်ထွေးကုန်အောင် လျှောက်စဉ်းစားနေရတာလဲ"

သူက မျက်နှာနီနီနှင့် ဒေါသစွက်၍ အသံမာမာ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် တာဝန်မယူချင်လို့ ပြောလိုက်တဲ့စကားလား" ထိုမေးခွန်းကို ရင်နာစွာနှင့် မေးလိုက်မိသည်။

"မ. . ဘယ်လိုမေးလိုက်တာလဲ"

သူက ယူကျုံးမရသောလေသံနှင့် ပြန်မေးသည်။

"ကိုယ့်ကို ကယ်တင်ရှင်ကြီး လုပ်ခိုင်းနေတာလား. . . ဟုတ်လား၊ ခင်နွယ်နီကို အရှက်တကွဲ ဖြစ်အောင် ကိုယ်က စာနာကင်းမဲ့စွာ တာဝန်မယူတဲ့ ကျောခိုင်းတဲ့လူစားလို့ မ,က စွပ်စွဲလိုက်တာလား. . မ. . ဟုတ်လား"

"ဟုတ်တယ်. . . ရှင်ဟာ ယောကျ်ားမပီသဘူး၊ မိန်းကလေးတစ်ယောက် အရှက်တကွဲ ဖြစ်ရမယ့်ကိစ္စ ရှင်ငြင်းရက်တယ်"

"ကျွန်တော်ငြင်းတယ်၊ ဘာဖြစ်လို့ ငြင်းလဲဆိုတော့ ခင်နွယ်နီ ရင်သွေးရဲ့ဖခင်အမည်ဟာ စိုင်းဝေယံပဲ ဖြစ်ရမယ်၊ သူတို့လက်ထပ်ခဲ့တာ အခုမှ မဟုတ်ဘူး၊ လွန်ခဲ့တဲ့ သုံးလကတည်းက"

"ဟင်. . . ဒါတွေ ရှင်သိနေရဲ့နဲ့ ဘာလို့ မပြောသလဲ"

"ခုမှ သိတာပါ၊ စိုင်းဝေယံရဲ့ဒိုင်ယာရီနဲ့ လက်ထပ်စာချုပ်ကို တွေ့ခဲ့ရလို့ပဲ၊ အဲဒီတော့ စိုင်းဝေယံဘက်က ခင်နွယ်နီဟာ သူတို့ချွေးမပါ၊ ခင်နွယ်နီ့ရင်သွေးဟာ သူတို့ မျိုးဆက်သစ်ပါဆိုပြီး အရှမ်းမျှော်လင့်နေကြတယ်"

"ဖေဖေက သူတို့နဲ့မှ မပတ်သက်ချင်တာ. . . ဘယ်လက်ခံမလဲ"

"အန်ကယ်ဟာ မ,တို့လောက် အသိခေါက်ခက် အဝင်နက်မယ့်လူစား မဟုတ်ပါဘူး၊ ကိုယ်ရှင်းပြလိုက်မယ်"

"ကျွန်မကို ရှင်ဘာပြောတာလဲ"

"ဒီမှာ မ. ."





သူ့မျက်လုံး၌ ခင်ဝတီ အမည်မဖော်နိုင်သော အရောင်များ ဖိတ်ဖိတ်တောက်လျက်ရှိသည်။

"မဆိုင်ရာ ဆီမလူးနဲ့ မ၊ ခင်နွယ်နီကိစ္စ ဘာမှ ဆင်ဝန်တတော် ကြောင့်ကြကြီးနေစရာ မလိုဘူး၊ ခင်နွယ်နီရဲ့ရင်သွေးဟာ စိုင်းဝေယံရဲ့ရင်သွေးဆိုတာ စိုင်းဝေယံဘက်က အသိအမှတ်ပြုတယ်၊ ခင်နွယ်နီဘက်ကလည်း သိတယ်၊ ခင်နွယ်နီရဲ့သူငယ်ချင်းရောင်းရင်းတွေကလည်းသိတယ်၊ ဒါဆို ဒီကိစ္စပြတ်နေပြီပဲ၊

ချစ်ခြင်းမေတ္တာကြားက လူဖြစ်လာမယ့်ရင်သွေးအပေါ် ဘာမှ လှည့်ဖြားစရာလည်း မလိုဘူး၊ သူ့ဖခင်ဟာ စိုင်းဝေယံပဲဖြစ်ပါစေ၊ ဒါ အမှန်တရားပဲ၊ သစ္စာတရားပဲ၊ ဂုဏ်ပကာသနအတွက် လိမ်ညာဟန်ဆောင်မှုတွေ လျှောက်လုပ်ဖို့ မလိုဘူးလို့ ကိုယ်ယူဆတယ်"

ခင်ဝတီ သူ့စကားကို နားမလည်တော့။

"ဒါဖြင့်လည်း ရှင့်ဟာရှင် မေမေတို့နဲ့ရှင်း"

"ရှင်းမယ်. . . တစ်ခါတည်းလည်း ပြောလိုက်မယ်၊ ကျွန်တော် ခင်ဝတီကလွဲရင် ဘယ်မိန်းမမှ လက်မထပ်နိုင်ဘူးလို့ပဲ ဖွင့်ဟကြေငြာလိုက်မယ်"

"ရှင်နော်. . . ရှင့်ကို ဘယ်သူက လက်ခံလို့လဲ"

ခင်ဝတီ စိတ်လှုပ်ရှားလွန်းအားကြီး၍ သူ့အား ထုရိုက်ချင်စိတ် ပေါက်လာသည်။

"ခုထက်ထိ လက်မခံသေးဘူးလား"

"ဘယ်တော့မှ လက်မခံနိုင်ဘူး၊ ခင်နွယ်နီကိစ္စမှာ တာဝန်မှ မယူနိုင်ဘဲ"

"ယူစရာမလိုဘူး ထင်လို့ မယူတာ"

www.burmeseclassic.com

www.burmeseclassic.com



"ယူစရာလိုတယ်ဆိုရင် ယူပါလား"

"လိုမှမလိုဘဲဗျာ. . . ကိုယ်ချစ်တဲ့မိန်းကလေးအတွက် ကိုယ့်ဘဝကို လုံးဝအမည်းစက် တင်မခံနိုင်ဘူး၊ မ,ဟာ လည်မလိုလို မာနကြီးမလိုလိုနဲ့ အရိုးခံသက်သက်ပါလား မ,ရာ၊ ကိုယ့်ဘက်က နည်းနည်းလေးများ ငဲ့ညှာစဉ်းစားပေးပါဦးလား"

"မ. . မစဉ်းစားတတ်တော့ဘူး"

"မစဉ်းစားတတ်ရင် မစဉ်းစားနဲ့တော့၊ အေးအေးဆေးဆေးပဲ ကိုယ့်ကို ပြန်ချစ်နိုင်ဖို့ လက်ထပ်နိုင်ဖို့ကို စဉ်းစားတော့. . . ဟုတ်လား"

ခင်ဝတီ စိတ်ရှုပ်စွာ ခေါင်းကို ဖွလိုက်မိသည်။ သူ့နား ကြာကြာမနေချင်တော့။ ရင်ခုန်လိုက်မောလာသည်။ ကြာလျှင် သူသည် မိမိရင်တွင်းမှ အချစ်သူခိုးကို ဖမ်းမိသွားနိုင်သည်။

"ဪ. . . မောင်မောင်လေး စာပေးထားတယ်၊ အိမ်ရှေ့ စားပွဲပေါ်မှာ. ."

"အရေးမကြီးပါဘူး. . . အရေးကြီးတာ မ ကိုယ့်အပေါ်မှာ အမြင်ကြည်လင်ဖို့ပဲ"

"မသိဘူး. . . ကျွန်မ ဘာမှမနားမလည်တော့ဘူး၊ ကိုလှမြင့်တို့အိမ် ဖုန်းသွားစောင့်ဦးမယ်"

"သွားလေ. . . ကိုယ်ပါ လိုက်ခဲ့မယ်"

"နေမကောင်းဘဲနဲ့"

"ရတယ်. . . ကြေးအိုးလိုက်သောက်ရင်းပေါ့"

"ဒါဖြင့် သွားမယ်"

"ဒေါ်ခွေးမပါ လိုက်ခဲ့ပါလား၊ ကြေးအိုးသောက်ရအောင်"

"သွားကြ. . . ဘုရားပန်းလဲပြီး ဝတ်ပြုလိုက်ဦးမယ်၊ ကြေး





အိုးလည်း မကြိုက်ပေါင်တော်"

ခင်ဝတီ ကားသော့ယူနေစဉ် သူက မောင်မောင်လေး စာကို ဖတ်နေသဖြင့် ခေတ္တစောင့်ဆိုင်းလိုက်သည်။

စာဖတ်ပြီး ပြုံးယောင်သန်းကာ ခင်ဝတီအား စာလှမ်းပေးလိုက်သည်။

"ဘာလဲ"

"ဖတ်ကြည့်"

ခင်ဝတီ ယူဖတ်လိုက်သည်။

လေးစားရပါသောဆရာ. . .

ကျွန်တော် စိုင်းဝေယံအတွက် ယူကျုံးမရ ခံစားရပါတယ်။ ပြိုင်ဘက်ရယ်လို့ မနာလို မရှိခဲ့သလို သူ ဆုံးရှုံးမှုအတွက်လည်း ဘယ်နည်းမှ ဝမ်းမသာနိုင်ဘဲ စိတ်ထိခိုက်နေတုန်းပါ ဆရာ။

ဒီကြားထဲ နွယ်နီ့ကိစ္စကို သိရတော့ ကျွန်တော် ပိုထိခိုက်ရတယ်၊ အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ဟာ ဘယ်တုန်းကမှ စိတ်ဝမ်းမကွဲခဲ့တာ ဆရာအသိပါ။

ခုလည်း စိုင်းဝေယံရဲ့ပြဿနာကို ကျွန်တော် ဆက်လက်တာဝန်ယူသွားချင်ပါတယ်။ ခင်နွယ်နီကို ကျွန်တော် လက်ထပ်ယူလိုတဲ့အကြောင်း ဆရာကပဲ ကမကထ လုပ်ပြီး လူကြီးတွေကို နားဖောက်ပေးပါ ဆရာ။

ကျွန်တော့်အမေက သိတဲ့အတိုင်းပါပဲ၊ တရားသမားဆိုတော့ ကျွန်တော့်သဘောတစ်ခုတည်းပါပဲ။ ဒါပါပဲ ဆရာ။

ရိုသေအားကိုးလျက်



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လေး

ခင်ဝတီ သက်ပြင်းသူခိုးလေး ချလိုက်မိသည်။ လောကကြီး၌ မယုံကြည်နိုင်လောက်သောသူများ ရှိကြသည်ပဲ။

"စိုင်းဝေယံနဲ့ မောင်မောင်လေးက အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်လေ၊ ကျွန်တော်တို့က သူတို့နှစ်ယောက်ကို ချက်ကြိုးတစ်ချောင်းတည်း နှစ်ကောင်လို့ ခေါ်ခဲ့တယ်၊ အရွယ်ရောက်လာတော့လည်း မိန်းမတစ်ယောက်တည်းကို နှစ်ယောက်စလုံး သွားကြိုက်ကြတယ်"

"ခင်နွယ်နီကိုလား"

"ဒါပေါ့"

"တကယ်တမ်း စိုင်းဝေယံက ရသွားတော့လည်း မောင်မောင်လေးက မနာလို မဖြစ်၊ အခင်အမင် မပျက်ရှာပါဘူး"

"တော်တယ်နော်"

"ဒါကြောင့် ချစ်ခြင်းမေတ္တာမှာ ယောကျ်ားနဲ့မိန်းမ ပြိုင်ရင် ယောကျ်ားတွေက နိုင်တယ်လို့ ပြောရမလို ဖြစ်နေပြီ"

"အမယ်. . . တစ်သန်းမှာတစ်ယောက် ရှိနိုင်ခဲ့ပါတယ်၊ တိုက်ဆိုင်လို့ ဖြစ်မှာပါ"

ခင်ဝတီ ဖွတ်ပင် ပြောလိုက်သည်။ သူကတော့ ချွေတာအပြုံးနှင့် ခွင့်လွှတ်သည့်သဘော။

"ထားပါတော့. . ပေး. . ကားသော့၊ ကိုယ်မောင်းမယ်"

"ရတယ်. . . ခင်ဝတီပဲ မောင်းမယ်"

စောစောကလို မဟုတ်တော့။ ခင်ဝတီရင်ဝယ် နွေးနွေးထွေးထွေးလေး ခံစားလာရသည်။

ချစ်ခြင်းမေတ္တာ၏ဆန်းကြယ်နက်ရှိုင်းမှုကို လူသားတွေမှ




ရှာဖွေဖော်ထုတ်နိုင်ပါ့မလား။

ရန်ကုန်ရောက်လျှင် ဒေါ်တင်တင်ဖိုးကို ရှောင်ရတော့မည် ထင်ပါသည်။





www.burmeseclassic.com



အချစ်မှာ
သည်းခံခြင်း
ခွင့်လွှတ်ခြင်း
လိုက်လျောခြင်း တွေနဲ့
ပြည့်နှက်နေတာတတ်တယ်။

# အခန်း(၂၄)

"ဟုတ်ရဲ့လား အန်တီရယ်၊ သေသေချာချာ ပြောပြပါဦး၊ မောင်မောင်လေးက ပရိုပို့စ်လုပ်တဲ့အကြောင်းကော ပြောပြပြီးပြီလား"

"ပြောပြပြီးပါပြီ ခင်ဝတီရယ်၊ မောင်မောင်လေး လမ်းမှာကတည်းက ကျူပ်ကို ခွင့်တောင်းလို့ ကျူပ် သူ့ကို သေသေချာချာ ရှင်းပြတယ်၊ ဒါကို မရဘူး၊ ခေါင်းမာလိုက်တာ လွန်ရော"

ခင်ဝတီ ကိုယ့်နားကိုယ် မယုံကြည်နိုင်သကဲ့သို့ ဖြစ်နေသည်။





ခင်နွယ်နီသည် ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ ဘယ်အရာကိုမှ အလေးအနက် မထားတတ်ဘဲ ရည်းစားခပ်များများ မိန်းကလေးဟု ထင်ထားခဲ့သည်။

ယခု ခင်နွယ်နီက ထိုသို့မဟုတ်။

ဘယ်သူ့ကိုမှ ထပ်မံလက်မထပ်နိုင်ပါ။ စိုင်းဝေယံ သေသွားပေမယ့် စိုင်းဝေယံရင်သွေးကို လူသိရှင်ကြား ဆက်လက်တာဝန်ယူ မွေးဖွားမည်တဲ့။ စိုင်းဝေယံသားသည် စိုင်းဝေယံ့သားသာ ဖြစ်ရမည်။ မိဘတွေ သဘောမတူလျှင် စိုင်းဝေယံမိဘများနှင့် သွားရောက်နေထိုင်မည်ဟု ခေါင်းမာစွာ ဆိုနေသည်တဲ့။

ခင်ဝတီသာဆိုလျှင် ထိုသို့ ဆုံးဖြတ်ချက် ချရဲပါ့မလား။

ခင်နွယ်နီကို အထင်မသေးရဲတော့။

မိမိထက် ဝါကြီးသွားပြီ။ ချစ်သူအပေါ် သစ္စာအပြည့်ထားနိုင်သည်။ မိခင်စိတ် အပြည့်ရှိနေသည်။

ခင်ဝတီ မျက်ရည်များ ရစ်သိုင်းလာသည်။

"အန်တီ"

"ပြော. ."

"ဖေဖေ သိသွားပြီလား"

"သိသွားပြီ. . . မေမေကိုယ်တိုင် ရှင်းပြလို့ ကိုကိုကြီးက လက်ခံတယ်၊ သူ့သမီးဆန္ဒအတိုင်း ဖြစ်ပါစေတဲ့"

ဟူးခနဲ သက်ပြင်းချလိုက်မိသည်။ အသက်ရှူချောင်သွားသည်။ ဝန်ထုပ်ဝန်ပိုးကြီး လျော့ပါးသွားပြီ။

"ခင်ဝတီ. ."

"ရှင်. ."

"မောင်ဘုန်းလာရင် ခြသေ့်မင်း မြေပဲယိုလေး ဝယ်ထည့်

www.burmeseclassic.com



ပေးလိုက်ပါဦး၊ သူ ဘယ်တော့ ပြန်လာမလဲ”

“သူဖျားနေတယ်”

“ဟုတ်လား. . . ပြုစုလိုက်ပါအေ၊ အမုန်းကြီး မုန်းတယ် ဆိုပြီး ပစ်မထားလိုက်ပါနဲ့”

“အန်တီနော်”

ခင်ဝတီ ရှက်မျက်နှာနှင့် ပန်းနုရောင်ပြေးသွားသည်။ သူ့အား မလုံမလဲ လှမ်းကြည့်လိုက်သည်။

အပြုံးကော်တစ်ရာက မပြုံး၏သို့ ပြုံး၏သို့နှင့် ရှိနေသည်။ မုန်းလိုက်ချင်ပါသည်။

“ကျောင်းပိတ်ခါနီးပြီ မဟုတ်လား၊ စောင့်ပြီး အတူတူ ပြန်ခဲ့ကြ၊ ခင်နွယ်နီလိုတော့ မမိုက်ကြနဲ့”

“အန်တီကလည်း. . . ဒါပဲနော်”

လူကြီးတွေသည် လူငယ်တို့၏ခြေလှမ်းကို ဖွင့်ဟပြောဆိုစရာ မလိုဘဲ အလိုလို သိနေတတ်ကြသည်။

တယ်လီဖုန်းခွက် ချလိုက်ပြီး သူ့အား ပြုံးပြလိုက်သည်။

ထိုအပြုံးသည် သူ့အတွက် အားဆေးတစ်ခွက်များ ဖြစ်သွားလေသလား မသိ။ သူ့မျက်နှာ ဝင်းပသွားသည်။ သူသည် သူတစ်ပါး၏အပြုံး အနက်အဓိပ္ပါယ်ကိုပါ ဖွင့်လှစ်နိုင်သော အတတ်ပညာကိုပါ တတ်မြောက်နေပြီ ထင်ပါသည်။

နေပါစေ. . . တမင်ညှဉ်းထားလိုက်ဦးမည်။ အန်တီ ဖုန်းထဲက ပြောတာတွေကို သူကြားသည်မှ မဟုတ်ပေဘဲ။

ကိုလှမြင့်တို့မိသားစုကို နှုတ်ဆက်ကာ အိမ်သို့ တန်းပြန်ခဲ့ကြသည်။

“ဘာထဲ့လဲ”





“ရှင်နဲ့ ဆွေးနွေးချင်တယ်တဲ့၊ အဖျားပျောက်ရင် အမြန်လွှတ်လိုက်ပါတဲ့”

“သွားတာပေါ့လေ”

သူကတော့ ဘယ်သောအခါမှ အရှုံးပေးတတ်ပုံ မပေါ်။

“ရှင် ဒီလောက်စကားတတ် ပြောတတ် ဆိုတတ်ရဲ့သားနဲ့ အရင် ကျွန်မကို ဘာမှပြန်မပြောဘဲ သည်းခံခဲ့တာလဲ”

“အဲ့ဒါ အချစ်ကြောင့်ပေါ့၊ အချစ်မှာ သည်းခံခွင့်လွှတ်ခြင်း၊ လိုက်လျောခြင်းတွေနဲ့ ပြည့်နှက်နေတတ်တယ်”

မေးမိတာ မှားသွားလေပြီ။ တော်ကြာ အချစ်စွမ်းအားကြီးသော ဆွဲငင်အားကို မလွန်ဆန်နိုင်ဘဲ ဖြစ်သွားလိမ့်မည်။

ကားသည် ချက်ချင်း အိမ်သို့ ရောက်လာသည်။ ခြံတံခါးကို သူပင် ဆင်းပိတ်သည်။

“မ. . ကိုယ့်အတွက် စဉ်းစားပြီးပြီလား”

“မစဉ်းစားနိုင်သေးဘူး. . . ခင်နွယ်နီကိစ္စ ခေါင်းထဲမှာ ရှိနေသေးတယ်”

“ဪ. . . ညောင်ဦးကမ်းပါးပြိုတာနဲ့ စမ္ဗူဂိုက နွားမ ပေါင်ကျိုးရတဲ့အဖြစ်မျိုး ဖြစ်နေပြီ”

ခင်ဝတီ မကြားဟန်ပြုနေလိုက်သည်။

“မမလေးရေ”

“ဘာလဲ”

“ကျွန်တော့်ရင်ထဲ အရမ်းခံစားနေရလို့ ချစ်မိုးကြီးသီချင်း ဆိုခွင့်ပြုပါ”

“ရှင့်သဘောပါ”

ခင်ဝတီရင်၌ ပျော်ရွှင်ကြည်နူးမှု ဟူသော ခံစားမှု ဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်တို့သည် ဝိုင်းကြီးပတ်ပတ် ကစားသည့်နှယ် လှည့်ပတ်ခုန်ပေါက်လျက်ရှိသည်။

"ညိုရောင်မှိုင်းပို့ . . မိုးတိမ်ယံကဆိုင်း . . ဆိုင်းခဲ့လေပြီ သက်ထား ဘယ်သောအခါမျှား . . . အချစ်ပွားရပါမည့် . . .

ချစ်မေတ္တာ သာစေကြောင်း . . . ဆုတောင်းပေမယ့် တာရှည်ခဲ့သည့် . . စကြာဝဠာကွာနေပြား . . စိတ်မှာသာပင် . . ကြိတ်ကာပဲ စွဲမိသည့် . . . မတတ်သာ ခပ်ခွာခွာ နေကြဦးစို့ မုန်းလို့တော့ မဟုတ်ဘူး၊ အသည်းဘဝင်မှာ အတည့် . . မခွဲချင်ပါသည်"

"ဝါး . . အိပ်ချင်ပြီ . . အိပ်တော့မယ်"

"နေပါဦး"

"သီချင်းထဲမှာ နေပါဦး ပါသလား"

"ပါတယ်"

ခင်ဝတီ ရယ်လိုက်သည်။ ဒေါ်ခွေးမက ပြုံးဖြီးဖြီးနှင့် . . .

"သုမောင်အသံအတိုင်းပဲဟေ့ . . . ဆက်ဆို၊ တကယ် အိပ်ရာဝင်တေးသွားပဲ၊ ကျုပ်တော့ အိပ်ရင်း နားထောင်တော့မယ်"

ပြောပြောဆိုဆို အိပ်ခန်းထဲ ဝင်သွားသည်။

ခင်ဝတီလည်း ဒေါ်ခွေးမ သံယောင်လိုက်ကာ . .

"ကျုပ်လည်း အိပ်တော့မယ်၊ အိပ်ရင်း နားထောင်တော့မယ်"

"မလုပ်ပါနဲ့ မမလေးရယ်၊ ချစ်ရင် အားပေးပါ"

"အမယ် . . . သီချင်းပြောင်းဆိုဦးမလို့လား"

သူက ခေါင်းခါယမ်းကာ ဂစ်တာဆက်တီးသည်။

သောက်ရှူးကြယ်ရောင်အလား လင်းလက်နေသော သူ၏ ချစ်မိုးရွာသွန်းနေသည့် မျက်လုံးကို ခင်ဝတီ မျက်စောင်းထိုးပစ်





လိုက်သည်။

ဦးမောင်စံကို သတိရလာသည်။ စိတ်တွင်း ကြိတ်၍ အမှ ဝေလိုက်သည်။

မိမိအထင်သေးခဲ့သောသူ၏မျိုးဆက်ကိုမှ အထင်ကြီးကာ ချစ်မိုးစွေနေမိသည်။ သံသရာစက်ဝန်းသည် ဘယ်သောအခါမှ ကုန်ဆုံးနိုင်ပါအံ့နည်း။

"ထာဝစဉ်အမြဲပဲ . . . မမေ့နိုင်သည့် . . . နေ့စဉ် ခင်မင် စွဲလမ်းသည် မြစန္ဒာ မြူနှင်းမှုန်တွေ ဆိုင်းလို့ရယ် နှစ်ယောက်ချင်း လည်း သဘောတူညီ၊ ချစ်တင်းလည်း ဖွဲ့ရှာခဲ့သည့် . . .

သဇ္ဇာဝေလီ . . လူခြေတိတ်တောင် . . အိပ်လို့မရပေါင် ရောင်ခြည်ထွန်းအောင် အလင်းရောင် ပေါ်ခဲ့သည့် . . . "

"ကိုင်း . . . မနက်အထိ ဆိုနိုင်ရင် ဆိုတော့၊ ဝတီတော့ အိပ်ပြီ"

"မ . . "

ခင်ဝတီ တကယ်ထလိုက်သည်။

ဂစ်တာချသံနှင့်အတူ သူပါ ထရပ်လိုက်သည်။ နှုတ်မှ လည်း သူတစ်ဦးတည်း မူပိုင်သတ်မှတ်ထားသောနာမ်စားကို တွင် တွင်ခေါ်လျက်ရှိသည်။

"မ . . "

"ဘာလဲ . . "

"ခင်နွယ်နီကို မယူနိုင်ဘူး၊ ငယ်စဉ်ကတည်းက တန်းတန်း စွဲပြီး မျှော်လင့်ချက်ကြီးစွာနဲ့ ချစ်ခဲ့ရတဲ့ မကိုပဲ ယူမယ်"

"ခင်နွယ်နီကို ယူဖို့ အားလုံးဝိုင်းတိုက်တွန်းရင်တော့"

"အစိပ္ပါယ်မဲ့တဲ့ တောင်းဆိုတိုက်တွန်းချက်မို့ ငြင်းတယ်၊

www.burmeseclassic.com



ပြီးတော့ ကျွန်တော်လက်ထပ်နိုင်မယ့်မိန်းမဟာ ခင်ဝတီကလွဲရင် ဘယ်သူမှ မဖြစ်စေရဘူးလို့ ကြေငြာပြီး အားလုံးကို စိန်ခေါ်ပစ်လိုက်မယ်"

"ဘယ်သူ့အားကိုးနဲ့ ဒီလောက်မိုက်နေရတာလဲ"

"အချစ်အားကိုးနဲ့လေ"

သူ ဂစ်တာပြန်ကောက်ကိုင်လိုက်ပြန်သည်။

"လွမ်းအောင် ပြုရက်နိုင်လေ အနေခက်အောင်. . . သွေ့ကွက်ခဲ့လေပြီ. . . သတ္တာဘာဂီ. . . မောင့်ဘဝင်မှာ မပစ်နိုင်တော့ပြီ. . . အချစ်ဆုံးမို့ မမုန်းရက်နိုင်သည်၊ ဘယ်တော့မှ မမုန်းရက်တော့သည်. . . ကိုင်း. . . ကျုပ်ကို ချစ်မလား. . မုန်းမလား ပြော. . ."

ဂစ်တာ တဒေါင်ဒေါင် လုပ်ရင်း သူသည် သီချင်းသံနှင့် ရောကာ ပြောလိုက်ရာ ခင်ဝတီ မျက်လုံးပြူးသွားသည်။

ဒေါ်ခွေးမ ရယ်သံထွက်လာသည်။

"ဒီသီချင်းက တစ်မျိုးပါလားဟေ့၊ အရင်ခေတ်ဟောင်းနဲ့ မတူဘူး၊ နည်းနည်းဆန်းသစ်သွားတယ်ထင်တယ် မောင်ဘုန်းရေ. . ဟုတ်လား"

"ဟုတ်တယ်. . ဒေါ်ခွေးမရေ. . ဟုတ်တယ်"

ရွှင်မြူးသောရယ်သံများသည် တိတ်ဆိတ်သောညချမ်းကို ဖောက်ထွင်းလျက်ရှိသည်။ သူပြန်သွားလျှင် သတိရနေအောင်များ တမင်ဖန်တီးနေရှာသလား။

"ကိုင်း. . . ညစောင့်ရေ၊ ချစ်မိုးကြီးကို အခေါက်တစ်ရာ တီးတီး. . ညစောင့်အိပ်ဖန်စောင့် လုပ်နေပေတော့"

"အစောကြီး ရှိသေးတာ"





"ရှိရှိပေါ့. . . ဒီညစောင့်က အရင်လို ငြိမ်မခံတော့ဘူး၊ ပြန်ပြောနေတယ်၊ ဘွားဘွားကို ပြောပြီး အလုပ်ဖြုတ်ပစ်လိုက်မယ်"

"ဘွားဘွားက အလုပ်မဖြုတ်တဲ့အပြင် ရာထူးတောင် တိုးပေးချင်နေတာတဲ့ဗျာ"

"ဟုတ်လား. . . ဘာရာထူးလဲ"

"မြေးကြီးသမက်ရာထူးတဲ့"

"လိပ်ကြီး"

"ကဲပါ. . မရယ်၊ ကိုယ့်ကို မညှဉ်းပါနဲ့"

ခင်ဝတီ သနားသွားပြီး. . .

"ရှင်ဟာ အ,မလိုလိုနဲ့ တော်တော်ထူတာပဲ"

"အရိုးခံသက်သက်လေးပါ၊ တစ်ယောက်ဆိုတစ်ယောက်ပဲ ချစ်တတ်ပါတယ်"

"ဒီလို ကိုမြတ်ဘုန်း. . . ဖုန်းဆက်တော့"

ဟု အစချီကာ ခင်နွယ်နီ ခံယူချက်သဘောထားကို ပြောပြလိုက်သည်။ ဖေဖေကလည်း ခင်နွယ်နီဆန္ဒကို ခွင့်ပြုသည်ဟု ပြောပြလိုက်သည်။

"ဒီလိုပဲ ဖြစ်ရမယ်၊ ဒါ အမှန်ဆုံးပဲ၊ ချစ်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ကောင်းမွေဆိုးမွေကို ကြံ့ကြံ့ရင်ဆိုင်နိုင်တဲ့သူတွေကိုသာ ချစ်သူအဖြစ် ခေါ်ဆိုထိုက်တယ်လို့ ကိုယ်တော့ ယူဆတယ်၊ 'မ' ကော. . ."

"ခင်ဝတီ ဘာမှမပြောတတ်တော့ဘူး"

"တစ်ခုခုတော့ ပြောတတ်ရမယ်"

"ဘာလဲ"

"ကိုယ့်ကို ချစ်နေရင် ချစ်တဲ့အကြောင်းတော့ ပြောတတ်ရ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့"

"အဲ့ဒါလည်း မလိုဘူး"

"ဘာကြောင့်လဲ"

"မိန်းကလေးတွေဟာ ချစ်ရင်ချစ်ကြောင်း ပြောပြဖို့ မလိုဘဲနဲ့ကို အမူအယာ ပေါ်လွင်နေတတ်တယ်၊ ယောကျ်ားလေးတွေက အလိုလို နားလည်သင့်တယ်"

"ကိုယ့်လိုရာကို ဆွဲတွေးပြီး နားလည်သွားကြမှာပဲ၊ ဝမ်းသာလိုက်တာ မရယ်၊ ကိုယ် အနက်ကယ့်ကို ဖွင့်ပြောလိုက်တော့မယ်"

"ဟင်. ."

"မဟင်နဲ့လေ. . .'မ' မျက်လုံးလေးတွေက ချစ်တဲ့ အကြောင်း ကိုယ့်ကို ပြောနေတယ်"

"လိပ်ကြီး"

ခင်ဝတီ ကျောခိုင်းကာ ဒေါ်ခွေးမနှင့်အတူ အိပ်စက်ရာ အခန်းသို့ ဝင်ခဲ့လိုက်သည်။ သူ၏ကြည်မွေ့သောရယ်သံက လွင့်ပျံ့ကျန်ခဲ့သည်။

အချစ်သည် အင်မတန် ဖမ်းစားနိုင်သော တန်ခိုးရှင်ကြီးပါလားဟု ခင်ဝတီ နားလည်သဘောပေါက်လိုက်သည်။

ပွဲစားကြီး ဒေါ်တင်တင်စိုး၏ အရာရှိကတော်ဘဝကို မယှဉ်နိုင်သော်လည်း ချစ်ခြင်းမေတ္တာတရားချင်း ယှဉ်ပြိုင်လိုက်တော့မည်ဟု. . .။

BURMESE CLASSIC

မြူမှုလဲခင်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com